


Scanned by CamScanner

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ (၂၀၁၆၊ မတ်လ) |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ်(၃၃)၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်(၃၃)၊ ကျိုတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | – | ၁၅၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

ရ၉၅. ၈၃

မယ်နိုင်

ရေဝတီ. . . နကွတ် / မယ်နိုင် – ရန်ကုန်၊

ရွှေပဒေသာစာပေ၊ ၂၀၁၆။

၂၄၇ – စာ၊ ၁၂. ၃ × ၁၈ စင်တီ။

(၁) ရေဝတီ. . . နကွတ်


Book Sharing

Scanned by CamScanner

သူသည် ကျွန်မတာဝရဲ့ . . .
အရှင်သခင်
ပျော်စရာ နေ့စွဲကိုရေးဖွဲ့သူ . . .

သူသည် ကျွန်မတာဝရဲ့ . . .
ပွဲကိုင်ရှင်
လှပတဲ့ နေ့သစ်တွေကို ခြယ်မှုန်းသူ . . .

သူသည် ကျွန်မတာဝရဲ့ . . .
လမ်းပြကြယ်
အပြုံးတွေကို ဖန်တီးနိုင်သူ . . .

သူသည် အချစ်ရဲ့
ပြဿဒ်တစ်ခု
သူသာလျှင် ကျွန်မရဲ့ ရင်ခုန်သံကို ကြားနိုင်သူပါ။



Scanned by CamScanner

## အခန်း (၁)

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊*
*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊*
*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။*

သံရှည်ဆွဲသော ဘုရားရှိခိုးသံသည် ဧည့်ခန်းကိုကျော်လွန်ပြီး သူ့အခန်းတွင်းသို့ လွင့်ပျံ့လာသောအခါ ပန်းတွေပွင့်နေကြသော အိပ်မက်သည် ရုတ်ခြင်း မီးလောင်ပြင်အဖြစ် ပြောင်းလဲသွားလေသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ထပ်မံထွက်ပေါ်လာသည့် အချိန်မှာတော့ ပေါင်နှစ်လုံးကြား မှေးစက်နေရရှာသော ခေါင်းအုံးကို ဆွဲယူကာ ခေါင်းကို ဖိထားလိုက်လေသည်။

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ထပ်၍ ကြားရချိန်မှာတော့ ခေါင်းပေါ်မှ ခေါင်းအုံးကိုဆွဲယူပြီး အခန်းထောင့်စွန်းရောက်အောင် ပစ်ပေါက်လိုက်တော့၏။





"ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" ကုတင်ပေါ်ထိုင်နေမိရာမှ သတ်ခနဲ ထရပ်လိုက်လေသည်။ ဘယ်လို လုပ်ရမလဲ။ ဘုရားရှိခိုးတာကို အသံတိတ် မရွတ်ဆိုတတ်တဲ့ အဲဒီ အဘွားမ အသံတိတ်သွားအောင် သူဘာလုပ်ရမလဲ . . .။

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"

အိပ်ရေးမဝ၍ ဒေါသဖြစ်မိသော်ငြား ခေါက်တုံ့ခေါက်ပြန် လျှောက်၍ အိပ်ချင်စိတ် ပျောက်သွားလေသောအခါ ထိုအသံက နား ဝင်ချိုသလို ရှိလာပြန်သည်။

အသံပြကြောင့် ဆက်အိပ်၍ရတော့မည် မဟုတ်တော့သည့် အဆုံး လိုက်ကာကို ဆွဲလှန်လိုက်မိသည်။

"ဟင် . . ."

မိုးစင်စင်လင်းပြီဟု ထင်ထားသော်လည်း ပတ်ဝန်းကျင်သည် မှောင်မိုက်ဆဲ ဖြစ်လေ၏။ သူ့မျက်စိ သူမယုံသည်နှင့် နာရီကိုအပြေး အလွှား လှမ်းကြည့်လေသောအခါ လက်တံတို့သည် ငါးဆိုသော နံပါတ် ကိုညွှန်ပြနေလေ၏။

သူသိလိုက်သည်က မနက်(၅)နာရီထိုးရန် ဆယ့်ငါးမိနစ် လိုနေသေးသည်ဖြစ်၏။ ကုတင်ပေါ် ပြန်ပြေးတက်ရကောင်းနိုး၊ အား ကစားဝတ်စုံပဲ ပြေးဝတ်ရကောင်းနိုး၊ ဖြစ်သွားလေ၏။

ကုတင်ပေါ် ပြေးတက်တော့လည်း သူဆက်၍အိပ်ပျော်နိုင်



Scanned by CamScanner

လိမ့်မည်မဟုတ်တော့ပေ။ ဆူညံသံဆို၍ အိမ်ပြောင်စုတ်ထိုးသံ ကြားလျှင်ပင် အိပ်ရာမှဆတ်ခနဲ လန့်နိုးတတ်သည့်သူက ခုနစ်သံချီသော ထိုဘုရားရှိခိုးသံကို အိပ်ချင်စိတ်က ဥပက္ခာပြုနိုင်မည် မဟုတ်ပေ။

လူလေးကြည့်တော့မြင့် ဝိုးဟပ်ဖြူပုံစံဖြင့် အသံက မာမာအေး ရှုံးလောက်အောင် စူးရှလှပေ၏။ ထိုအသံပြိုကြီးနှင့် တရားစာကို အော်ကြီးဟစ်ကျယ် ဆိုတာမျိုး၊ သူရှက်လှပါသည်။

"ဒီတော့ သူမနဲ့တော့ ဒုက္ခပဲ"

တစ်အိမ်တည်းမှာ အတူရှိနေကြ၍လားမသိ ဘုရားရှိခိုးနေသောအသံသည် တပြည်းပြည်း ပိုကျယ်လာသည်ဟု ထင်မိသည်။ သရဏဂုံတင်ပြီး၊ ဂုဏ်တော်တွေရွတ်ဆိုကာ နတ်ဗိတ်ဘုရားပင့်နှင့် တပြည်းပြည်း၊ အရှိန်တက်လာကာ မေတ္တာတွေပွားပြီး ပရိတ်တော်ပါ ရွတ်နေသဖြင့် သူတပြည်းပြည်း အံ့ဩစပြုလာလေသည်။

အသက်နှစ်ဆယ့်ကျော် မိန်းကလေးတစ်ယောက်သည် ထိုတရားစာများကို အလွတ်မရလောက်ဘူးဟု ထင်သည်။ ပဋ္ဌာန်းခံပြီးသားဖြစ်တဲ့ သူလိုလူငယ်ပင်လျှင် တရားစာများကို စာအုပ်ကြည့်ရွတ်လျှင်ပင် အ,ထစ်ထစ်ရှိလှ၏။

သို့သော် ထိုမိန်းကလေး၊ ရွတ်ဆိုပုံမှာ စာအုပ်ကြည့်ရွတ်နေပုံမျိုးမရှိပေ။ ထို့ကြောင့် အမှန်တရားကို သိချင်စိတ် ရင်ထဲပျံ့နှံ့သွားလေ၏။ ထိုအခါ မယောင်မလည်ဖြင့် ဘုရားခန်းဘက် ကူးလာမိပြန်သည်။ ပြီးနောက် လိုက်ကာစကို အသာလေးဆွဲပြီး ကြည့်လိုက်လေသည်။





"ဟင့် . . "

သူ . . အံ့အားသင့်သွား၏။ ယောဂီဝတ်စုံနှင့် မိန်းကလေးသည် မျက်ဝန်းကိုမှိတ်ပြီး၊ နှုတ်မှတတွတ်တွတ် ရွတ်ဆိုနေလေ၏။ ထိုမိန်းကလေးကို အထင်ကြီးချင်လာမိသည်။ ပါဠိဆိုပါက ဂုဏ်တော်ကိုးပါးကိုပင် အထစ်တတ်သောသူသည် ပါဠိအရာမှာ သူ့ထက်သာနေသော ထိုတောသူကို အထင်ကြီးချင်လာမိသည်မှာ အဆန်းတကျယ် တော့မဟုတ်လှပါ။

ထိုတောသူသည် လောကမှာ သူတစ်ဦးတည်းနေထိုင်တယ်ဟုထင်နေရှာသည်လား မသိ။ စိတ်ရှိလက်ရှိပင် ခရားရေရွတ် ရွတ်ဆိုနေလေတော့သည်။

ဘုရား။ တရားနဲ့ကိုင်ပေါက်တော့လည်း ဗုဒ္ဓဘာသာဝင်ဖြစ်သည့်သူကသာ အလဲပြုပြုရလေတော့သည်။ ထို့ကြောင့် အားကစားဝတ်စုံကို အပြည့်အစုံဝတ်ဆင်ပြီး လေ့ကျင့်ခန်း၊ လုပ်ရန်ဆင်းခဲ့လေသည်။

အိပ်ခန်းထဲမှ လိုက်ကာစလှန်ပြီး ကြည့်ခဲ့စဉ်က မှောင်နေသော်လည်း၊ ယခုလို မြေပြင်ပေါ်ခြေချမိသောအခါ ပတ်ဝန်းကျင်သည် ထင်သလောက် မှောင်မနေတော့ပေ။

မိုးအကုန် ဆောင်းအကူးမို့ တပ်ဆုတ်ပြန်ပြေး ကြသော မုတ်သုန်တို့သည် သူ့အား ကျီစယ်၍နေပေသည်။ သူသည် သွေးပူလေ့ကျင့်ခန်းကို ချွေးပြန်သည်အထိ လုပ်ပြီးမှ အိမ်ယာဖုန်းကို နား တွင်ထိုးပြီး စတင်ပြေးလေတော့၏။



Scanned by CamScanner

လမ်းတစ်ဖက်ချက်စီ၌ အိမ်ပြန်လာကြသော ညလုပ်သားများကို ထူးထူးခြားခြား တွေ့ရလေ၏။ အိပ်ရေးပျက်ထားကြသည်လားမသိ၊ မျက်လုံးလေးများ ချောင်ကျနေပြီး လမ်းလျှောက်ပုံမှာ သွက်သွက်လက်လက်မရှိလှပေ။

"ပဲပြုတ်"

နှီးတောင်းလေးကိုရွက်ပြီး တကြော်ကြော် အော်နေသော ပဲပြုတ်သည်နှင့် အိမ်မှတောသူမတို့ မည်သူ့အသံပို အောင်/မအောင်ကို ပြိုင်နိုင်းလိုက်စမ်းချင်သည်။

"ပဲပြုတ် . . . "

ပဲပြုတ်သည်သည် သူ့ကိုယ်သူ နှီးဇက်ဟု ထင်နေလေသလားမသိ။ ဟိုကြည့်ဒီကြည့် အသံပေးသည်။ အိမ်ကြည့်အသံပေး ဖြင့် တစ်လှမ်းချင်း ခရီးဆက်နေလေသည်။

"ဝေါ့ . . . "

ထိုစဉ် သူ့ဘေးမှ ကားတစ်စီးသည် အရှိန်ပြင်းစွာ မောင်းနှင်သွားလေသည်။ လုပ်ထားပေါ့ဗျာ။ သည်အချိန် လမ်းရှင်းတုန်းလေး မောင်းရတာ။ မောင်းထားပေါ့။ သူ့ . . . မဆီမဆိုင်ပင် မချိတင်ကဲလေးအားပေးအားမြှောက် လုပ်မိပြန်သေး၏။ ပြေးရင်းလွှားရင်းပင် အင်းလျားသို့ရောက်လာခဲ့လေသည်။ မနက်အစောကြီးထ လေ့မရှိပေ။ တောသူမကြောင့် အသံကိုမလွန်ဆန်နိုင်၍ ထခဲ့ရသော်လည်း အိပ်ရေးမဝ၍ အလိုမပြည့်ခြင်းများ ရင်ထဲအလျဉ်းမရှိဘဲ ထူးဆန်းစွာ ကြည်လင်နေ





ပေ၏။ သူနှင့်နည်းတူစွာ လေ့ကျင့်ခန်းလုပ်သူများစွာကို တွေ့ရလေသောအခါ အသံကျယ်နှင့် ထိုမိန်းကလေးကိုပဲ ကျေးဇူးတင်ရမလိုဖြစ်သွားလေ၏။

လေ့ကျင့်ခန်းလုပ်သူများ၏ မျက်နှာများသည် ကြည်လင်၍နေလေသည်။ များသောအားဖြင့် သက်ကြီးပိုင်းများကို မြင်ရလေသောအခါ မေမေ့ကို သတိရမိပြန်သည်။

မေမေသည် အသက်ကြီးပြီဖြစ်၏။ ကျန်းမာရေးလိုက်စားရမည့်အရွယ်ရောက်နေပြီဖြစ်သည်။ သို့သော် သူဒါကို ဘာလို့ သတိမပြုမိခဲ့ပါလိမ့်။ "ညနေခင်းဘက်မှာ မေမေ့ဆီဝင်ပြီး ကျန်းမာရေးလိုက်စားရန် သတိပေးရဦးမည်ဟု ရင်ထဲတွေးထားလိုက်မိသည်။

ကန်ဘောင်တစ်လျှောက် ခပ်ဖြည်းဖြည်းပြေးရင်း လေထုကို တဝကြီးရှူမိပြန်သည်။ မနက်ခင်းမို့လားမသိ။ လေထုသည် ညော်နံ့ကင်းပြီး အထူးသန့်ရှင်းလတ်ဆတ်နေလေသည်။

"နေထွက်လာပြီဟေ့ . . . နေထွက်လာပြီ"

ခပ်လှမ်းလှမ်းမှ ကောင်မလေးက အေရိုးဗစ်လုပ်ရင်း အော်လိုက်သောအခါ ကျန်းမာရေး လိုက်စားသူများအားလုံးသည် အလိုလိုနေရင်း နေထွက်ရာအရပ်သို့ ကြည့်မိလျက်သားဖြစ်သွား ကြပြန်သည်။ နေမင်းသည် ဦးစွာရောင်ခြည်လေးပြေးပြီး တိုက်တာအဆောက်အဦးများကြားမှတစ်ဆင့် ဘုရင်တစ်ပါးနှယ် တခမ်းတနား ထွက်ပေါ်လာလေသည်။

ထိုမြင်ကွင်းကို သူသည် မှင်တက်စွာကြည့်နေမိလေသည်။

နေမင်းထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဖြူနေသော တိမ်စိုင်များသည် အနီရောင်အဖြစ် ပြောင်းလဲသွားရလေသည်။ ပြီးနောက် ဝအိပ်တန်းဝင်ငှက်တို့သည် သူတို့အတောင်များကို အညောင်းဆန့် ကြလေပြီဖြစ်၏။

တစ်ချက်တစ်ချက် လွင့်ပျံ့လာသော ချိုးကူသံသည် မနက်၏ သာယာမှုကို ပံ့ပိုးနေသယောင်ရှိ၏။ ချိုးနှင့်အပြိုင်အသံပေးနေသော ကျီးကန်းတို့သည် တအာ. . . အာနှင့် ဖြတ်ပြေးသွားကြပြန်သည်။

"အရမ်းလှတာပဲနော်။ ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး"

သူ့နည်းတူစွာ ငေးကြည့်နေသူအချို့က ဆိုပြန်သည်။

"ဒါ. . . . ပထမဆုံးမြင်ဖူးတာပဲ။ နောက်လည်း မနက်တိုင်း ဒီလိုပဲ ထကြည့်ရမယ်"

ဟူသော အသံကို ကြားရသောအခါ သူ့အတွက် မေးခွန်းများစွာရောက်ရှိလာလေသည်။ သူ့ဘဝမှာလည်း ဒါက ပထမဆုံးပဲ ဖြစ်လေ၏။ အလုပ်များသော ဖေဖေနှင့် မေမေကြောင့် ပျော်ပွဲစားဆိုတာမသိခဲ့သော သူသည် နေထွက်ချိန်ဆိုတာလည်း မေ့လျော့၍ နေလေ၏။ သင်ခန်းစာတွေထဲမှာသာ နေထွက်ချိန်ဆိုတာမျိုးကို ကျက်မှတ်ခဲ့ရဖူးသော်လည်း မခံစားရဖူးခဲ့ပေ။ ခံစားရမှန်းလည်း မသိခဲ့ပါ။ သူအိပ်ရာထသောအချိန်သည် နေကအမြင့်နေရာတွင် ရှိနေပြီဖြစ်လေသောကြောင့် နေထွက်ချိန်သည် သူအိပ်ရာထချိန်ဖြစ်၏။

တစ်နေ့တာ စတင်ဖို့ နေဘယ်လိုထွက်လာတယ်ဆိုတာကို သူမသိပေ။ သိလည်းမသိချင်ခဲ့သလို သိဖို့လည်း မကြိုးစားခဲ့ပါ။





ထို့ကြောင့် ကုန်လွန်ခဲ့သော အချိန်များကို သူ နှမြောလှပါသည်။ ဒီလိုမှန်းသာ သိခဲ့လျှင် သူအိပ်ရာစောစောထကာ နေထွက်ချိန်ကို စောင့်ကြည့်ခဲ့မည် ဖြစ်၏။ ဘာလို့လဲဆိုတော့ သူသည် ရှုခင်းကောင်းကောင်းကို အင်မတန် ရူးသွပ်သူဖြစ်နေသောကြောင့် ပင်တည်း။

သူကြည့်နေဆဲမှာပင် နေသည် တဖြည်းဖြည်း ကောင်းကောင်း ပေါ်ပြေးတက် သွားလေ၏။ ထိုအခါ အပူကြောက်သော သူသည် အရိပ်ကို ရှာရတော့မည် ဖြစ်သည်။

ဒီ့ထက် ပူမလာခင် အိမ်ပြန်ရောက်မှဖြစ်မည်ကို သဘောတားမိ၏။ ထို့ကြောင့် အငှားကားတစ်စီးကို တားကာလာရာလမ်းသို့ ပြန်လာမိ၏။

အိမ်ကနီးသော်ငြား ထောင့်ငါးရာတောင်းနေသောကြောင့် ဈေးမဆစ်တတ်သောသူက အလွယ်တကူ ထုတ်ပေးမိပြန်သည်။ သို့သော် နီးသောခရီးကို မတန်တဆ တောင်းသောကြောင့် ကားသမားကိုတော့ သိပ်မကျေနပ်ချင်ပါ။

"ရှင်. . . အစောကြီး နိုးနေတာပဲ"

အိမ်ထဲဝင်ဝင်ချင်း ဆီးကြိုနေသူကြောင့် မြို့သိပ်ထားသော စကားလုံးများ ပွင့်အန်ကျချင်လာသည်။

"နိုးမှာပေါ့။ ဒီလောက် အသံပြုကြီးနဲ့ ရွတ်ဆိုနေတာ ဘယ်လိုအိပ်လို့ရတော့မလဲ"

ဟုပြောပြောဆိုဆိုပင် ဘွတ်ဖိနပ်ကြိုးကို ဖြုတ်ဖို့ကြရွယ်



Book Sharing

Scanned by CamScanner

သည်။ သို့သော် သူ့လက်က ဖိနပ်ကြိုးပေါ် မရောက်ခင်မှာပင် အခြား လက်က ဖိနပ်ကြိုးကို ဖြုတ်ဖြေနေသဖြင့် သူ့လက်သည် လေထဲမှာ ရပ်တန့်သွားလေသည်။

“ရှင့် . . . မအိပ်တတ်ရင်လည်း ကျွန်မ ပြင်ပါ့မယ်။ ဒါပေမယ့် အကျင့်ပါနေပြီဖြစ်လို့ ခဏတော့ သည်းခံပေးပါ။ ဒါပေမယ့်လည်း အတတ်နိုင်ဆုံး သတိထားပါ့မယ်”

သူ့ကိုမကြည့်ဘဲ ဖိနပ်ချွတ်ရင်းပင် ပြောနေသော မိန်းကလေး ကြောင့် သူ့မှာအနေရ အထိုင်ရခက်သွားလေသည်။

“ရှင် . . . ရေမိုးချိုးပြီး ဆင်းလာလေ။ ကျွန်မ မနက်စာ အဆင်သင့် ပြင်ထားပါ့မယ်”

ဟုဆိုကာ ပြောစရာရှိတာကို တန်းစီပြောပြီး သူ့ရှေ့မှထွက် သွားသော တောသူမကြောင့် သူ့မှာပါးစပ်အဟောင်းသား ငေးကြည့် မိလေသည်။

“ဘယ်လို မိန်းကလေးလဲ”

မကျေမလည်ပင် တီးတိုးရေရွတ်လိုက်မိသော်လည်း ရင်ထဲ ကျေနပ်သလိုတော့ ရှိသားပင်။ ဖိနပ်စင်ပေါ် စနစ်တကျ နေရာယူနေ သော အားကစားဖိနပ်ကို ကြည့်ပြီး ပြုံးချင်လာသည်။

အများပြောသလိုပဲ တကယ် ကျွန်တစ်ယောက် ကောက်ရ လိုက်သလားဟု ထင်ရသည်။

“စွပ်မငြင်းပါနဲ့ မြေးရယ်။ အဘွားစကား နားထောင်ပါ။ မယားတောသူဆိုတာလည်း ငါ့မြေး ကြားဖူးတယ် မဟုတ်လား”



ဟု အဘွားပြောခဲ့စဉ်က ထိုတောသူမကို ဘာလုပ်ရမလဲဟု မကျေမနပ် တွေးခဲ့ဖူးသည်။ လူကြီးတွေကို မလွန်ဆန်နိုင်၍ လက်ထပ် ခဲ့ရသော်ငြား ထိုတောသူမကို လက်ထပ်လိုစိတ် အလျဉ်းမရှိပေ။ တော သူမဆိုသောကြောင့် သနပ်ခါး ပါးကွက်ကြားနှင့် ဇာတောင်းကြီးခေါင်း မှာရွက်ကာ ဖျင်ထည်လေးကို ကျိုးတို့ကျဲတဲဝတ်လာသည့် အသား ညိုစိမ့်စိမ့် မိန်းကလေးဟု သူထင်ခဲ့သည်။

သို့သော် တကယ်တမ်း သူ့ရှေ့ရောက်လာတော့ တောသူမ သည် အသားဖြူဖြူ ကိုယ်လုံးအဆစ်အပေါက် ပြောင့်ပြောင့်နှင့် ဣန္ဒြေ ရှင်လေးမှန်း သိရသောအခါ သူ့မှာမငြင်းသာတော့ပေ။ ငြင်းဖို့လည်း သူ့ထံအခွင့်အရေး မရှိပေ။

ထို့ကြောင့် လက်သီးကိုဆုပ်ကာ အံကိုကြိတ်ပြီး ဖွတ်ဖိုတ် လက်ထပ်ခဲ့ရခြင်းဖြစ်လေသည်။ မြို့ဆန်သော တောသူဟုထင်ခဲ့ သော်လည်း တောသူဆိုသော ဇာတိကို မနက်ငါးနာရီ၌ ပြသလိုက် ပြီဖြစ်လေ၏။ တစ်သက်လုံးပုံးသမျှ ကုန်းတော့မှပေါ် ဆိုတာမျိုး ဖြစ် နေလေသည်။

သို့သော် ထိုကိစ္စကို အပြစ်ပြောဖို့ကြံသော်လည်း “ဟုတ်ကဲ့ ကျွန်မ ပြင်ပါ့မယ်”ဆိုတော့ ဆက်အပြစ်ပြောနေလျှင်လည်း သူပဲ ရိုင်း ရာကျတော့မှာမို့ ငြိမ်သိပ်၍သာ နေလိုက်ရသည်။

ဟွန်း. . . မနက်စာမှ ပြဿနာရှာတော့မည်ဟု ရင်ထဲတေးမှတ် ထားကာ ရေကို ကပျာကယာချိုးပြီး မနက်စာဝိုင်းသို့ ဆင်းလာခဲ့ ပြန်သည်။

Scanned by CamScanner

သို့သော် မှန့်များကို စားပွဲကျိုးကျမတတ် ပြင်ဆင်ထား သော တောသူမကြောင့် သူမှင်တက်သွားရပြန်သည်။ မနက်စာကို မုန့်အစုံ အသီးအစုံနှင့် စိတ်ကြိုက်စားရမှ ကျေနပ်သည့် သူ့အကျင့်ကို အဘွား ကများ ပြောပြထားလေရောသလား မသိပေ။

ဘာပဲဖြစ်ဖြစ် အိမ်ထောင်သည့် ဘဝ၏ပထမဆုံးနေ့သည် သူ့အတွက် အ,မင်္ဂလာမဖြစ်ခဲ့သည်မှာ အမှန်ပါ။ မိုးမလင်းခင် ပဌာန်း တရား နာခဲ့ရပြီးပါပြီ။ ဒါ့အပြင် အနှစ်နှစ်ဆယ်ကျော်လုံး မသိခဲ့သည့် နေထွက်ချိန်ကို ကြည့်ခဲ့ရပြီးပါပြီ။ ထို့အပြင် သူနှစ်သက်သည့် မနက်စာ အပြင်အဆင်များနှင့်ပါ ဆီးကြိုနေသဖြင့် တောသူမကို အမြင်မကြည် လင်သော်လည်း အမှတ်ပေးချင်သလိုရှိလာ၏။ သို့သော် ဒါသည် ဘွားအေ၏ စနက်ဆိုတာ အတတ်သိသည်မို့ ယိုင်နဲ့နေသောစိတ်ကို တင်းခံထားရလေသည်။

"ရှင့် . . . ဘာကြိုက်တတ်မှန်းမသိလို့ မှန်းဆပြီး ပြင်ရင်း ဒီလိုဖြစ်သွားတာပါ။ ရှင် ကြိုက်တာကို ကြိုပြောရင်တော့ မီးဖိုချောင် စရိတ် ခုလောက်အထိ မယိုတော့ဘူးပေါ့။

သူထိုင်ရန် ထိုင်ခုံကို စားပွဲအောက်မှ ဆွဲထုတ်ပေးရင်း ဆိုသဖြင့် ဆွတ်ပျံ့နေသော ကြည်နူးစိတ်လေး ဘယ်ဆီပြေးကောက်ရ မှန်းမသိနိုင်တော့ပါ။

ဘယ်လိုဖြစ်တာလဲ။ ဒါဆို . . . အဘွားရဲ့စနက် မဟုတ်ပြန် ဘူးပေါ့။

"ရှင်တို့ မြို့သားတွေက ကော်ဖီခါးခါး သောက်လေ့ရှိတာလို့



ဝတ္ထုတွေထဲမှာ ဖတ်ဖူးပါတယ်။ ဒါကြောင့် ကော်ဖီကို နို့ဆီမထည့်ဘဲ နှပ်ထားတယ်။ ရှင့် . . . အဆင်ပြေပါ့မလား"

ဟုဆိုကာ ခရားထဲမှကော်ဖီကို ပန်းကန်ထဲ လောင်းထည့်ရင်း ဆိုလေ၏။ လူကြီးတွေသဘောကျ မလွဲသာမရှောင်သာ ဤတောသူမ နှင့်လက်ထပ်လိုက်ရသော်လည်း၊ တစ်နေ့နေ့တော့ မဖြစ်ဖြစ်အောင် ကွာရှင်းမယ်ဟု သူ့ရင်ထဲ အသင့်တွေးပြီးသား ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ရေး ကာလတိုစေရန် နေ့စဉ်နေ့တိုင်း ပြဿနာတစ်မျိုး မဟုတ်တစ်မျိုး လုပ်ဖို့က တာဝန်ရှိပြန်သည်။

ထို့ကြောင့် ပြဿနာရှာရန် အခြေအနေကို ချောင်းမြောင်း ကြည့်သော်လည်း ဤတောသူမသည် ယိုပေါက်မရှိအောင် အကွက် စေ့လှသောကြောင့် သူ့မှာတော့ အထိုင်ရခက်၊ အထရခက် . . . ။

"ခါးလိုက်တာကွာ။ ဒီလောက်ခါးတာကြီးက ကော်ဖီလား ကွာ"

"သကြားကြိုက်လား။ နို့ဆီကြိုက်လား။ ကျွန်မ ထပ်ဖျော် ပေးပါ့မယ်"

ဟု မညည်းမညူ ဆိုလာသောအခါ သူသည် အံကြိတ်လိုက် မိပြန်သည်။ ဟွန်း . . . မင်းကပဲ စိတ်ရှည်နိုင်ဦးမလား၊ ငါကပဲ ရစ်နိုင်ဦး မလား။ ပြိုင်ကြတာပေါ့ ဆိုသည့် ညစ်ကျယ်ကျယ် အပြုံးမျိုးဖြစ်၏။

"သကြားကွာ . . . သကြားနည်းနည်းထည့်လိုက်"

အမှန်တကယ် ရစ်ချင်၍ ပြောလိုက်ခြင်းဖြစ်သည်။ နှိုင်ဖျော် ပေးထားသော ကော်ဖီသည် သူ့လျှာနှင့်အနေတော်လေး ဖြစ်လေသည်။

"တစ်ခွန်းလောက်ပဲ ထပ်ထည့်လိုက်မယ်နော်။ အရမ်းချို သွားမှာစိုးလို့ပါ"

ဟုဆိုကာ သကြားတစ်ခွန်းကို ခပ်ထည့်ပြီးဖျော်ကာ သူ့ထံ ပေးပြန်သည်။ သူကလည်း ဟန်ပြသောက်ကာ. . . .

"ဒီလောက် ချိုတာကြီးကို ငါဘယ်လိုလုပ်သောက်မလဲ။ ဘာလဲ ငါ့ကို မကျေနပ်နေလို့ အသေသတ်မလို့လား"

"အဲဒီလို ကြမ်းတာမျိုးကြီး မပြောပါနဲ့။ ကျွန်မက လူကို မပြောနဲ့ ပုရွက်ဆိတ်လေးတစ်ကောင်တောင် သတ်ဖို့မဝံ့ရဲတဲ့ လူပါ။ ကျွန်မ သိတတ်စအရွယ်ကတည်းက ငါးပါးသီလကို ဦးထိပ်ရွက်ပြီး ကြီးလာခဲ့တာပါရှင်"

မြတ်စွာဘုရား သူလက်ထပ်ခဲ့မိတာက အသက်နှစ်ဆယ်ကျော် မိန်းကလေးမှ ဟုတ်ပါလေစ။ ဒါမှမဟုတ် သီလရှင်လူထွက်လေးလော။

"ရှင် မကြိုက်ရင်ပြောပါ။ ကျွန်မ ထပ်ဖျော်ပေးပါ့မယ်"

"နေ့. . . နေ့. . . နေပစေတော့။ ဆီချိုဝင်လို့ သောကာမှ သေပဲ သောက်ရတော့မှာပဲ"

"သေတကား မပြောပါနဲ့ရှင်ရယ်။ လူ့ဘဝဆိုတာ ရခဲလှ ပါတယ်"

ပန်းကန်ကို ကိုင်နေသော လက်ပင်လျှင် တွန့်သွားရလေသည်။ လေသံက တရားဟော အဘွားအိုနှင့်တူနေ၍ သူက ထိုတော သူမကို မဝံ့မရဲ စိုက်ကြည့်ပြန်၏။





ပြောင်ရှင်းသော မျက်နှာတွင် သနပ်ခါး ပါးကွက်ကြားလေးဖြင့် ကျော့ကျော့ရှင်းရှင်း လှနေသော အိပ်ရှင်မလေးဖြစ်ပေသည်။ နှုတ်ခမ်းကို ဆေးကူမထားပါဘဲ သဘာဝအတိုင်း နီမြန်းနေပုံလေးမှာ ငေးချင်စရာပင် ကောင်းနေလေသည်။

"မင်း. . . စားနေတာ ဘာလဲ"

"ပဲပြုတ် ထမင်းကြော်ပါ"

"တောသူလို့ မပြောရဘူး တောစာပဲ ကြိုက်တယ်"

"ပြောရင်လည်း ခံရမှာပဲ။ ကျွန်မက ဘိုစာတွေမစားတတ်ဘူး။ အဲဒီလို ကော်ဖီမျိုးသောက်လိုက်ရင် တစ်နေ့ကုန် နေလို့မကောင်းဘူး။ တစ်လျှောက်လုံး ရင်တုန်နေတော့တာပါပဲ။ ကိတ်မုန့်၊ ပေါင်မုန့် ဆိုဝေးရောပေါ့"

"ပေါင်မုန့်စားရင် ရင်တုန်တယ်လို့ ငါတစ်ခါမှ မကြားဖူးပါဘူး"

"ရင်တော့ မတုန်ဘူး။ ရင်ချောင်တာလေ။ ခရင်ဆိုတာမျိုးက လည်ချောင်းထဲ ချွဲကျိုကျိုနဲ့ ကျွန်မနဲ့တော့ မကိုက်ပါဘူး"

အများတကာ နှစ်သက်သည့်မုန့်ကို မဲ့ရွဲ့ပြောဆိုနေပြီး ပဲပြုတ်ထမင်းကြော်ကိုတော့ မြိန်ရေယှက်ရေ စားနေသော ထိုတောသူမကြောင့် သူပြုံးမိပြန်သည်။

ထိုသို့ ပြုံးလိုက်မိသောကြောင့်ပင် ပြဿနာရှာဖို့ အစီအစဉ်ကိုမေ့လျော့၍ နေလေ၏။



Scanned by CamScanner

"မင်း . . . နာမည်က ဘာ . . . "

"ရေဝတီပါရှင်။ ရှင်ကလည်း မေ့တတ်ရန်ကော"

ရယ်စရာတော့ အကောင်းသားပင်။ သူမှာ မိန်းမတစ်ယောက်ကိုနှစ်ကြိမ်သာ မြင်ဖူးရုံနှင့် လက်ထပ်ခဲ့ရသည်။ ပထမတစ်ကြိမ်က ကားဂိတ်မှာ သွားပြီးကြို့ချိန်ကဖြစ်သည်။ ဒုတိယတစ်ကြိမ်က စေ့စပ်ပွဲ၌ဖြစ်၏။ လက်ထပ်ခဲ့ရသည့် သူ့အခြေအနေက အိပ်မက်ဆန်လေသည်။ သူ့အတွက် စဉ်းစားချိန်ရခဲ့သည်က တစ်ပတ်ပင်မပြည့်ခဲ့ပါ။ ဇနီးလျာနှင့်လည်း နှစ်ကိုယ်ကြား စကားမပြောဖူးချေ။ ထို့ကြောင့် သူ စိတ်မဝင်စားသော မိန်းကလေးမို့ နာမည်ကိုပင် ရေရေရာရာ မသိချေ။

"ဪ နာမည်တော့ မင်းသိပါတယ်နော်"

"နကွတ်လို့တော့ သိပါတယ်။ ဒါပေမယ့် အခု ရှင်က ကျွန်မရဲ့ဟိုဟာ ဖြစ်နေပြီဆိုတော့ ရှင့်ကို နကွတ်လို့တော့ ခေါ်လို့ ကောင်းမယ် မထင်ဘူး"

သေးသောခေါင်းမှာ ကြီးသွားသလို ခံစားရလေသည်။ အမှန်က သူသည် ရှက်တတ်သူမဟုတ်ချေ။ သို့သော် ယခုတော့ သူ့မျက်နှာကြီး ဘယ်နားထားရမှန်းမသိအောင် အနေခက်လှပါသည်။ သူ့ကို ကျွန်မရဲ့ ဟိုဟာဆိုပါလား။

ထိုတောသူမက တစ်ခုခုပြောလာမှာကို ကြောက်မိသလို၊ ရှက်မိသလို ခံစားရ၏။

"နားနဲ့မနာ ဖဝါးနဲ့နာပါရှင်ရယ်။ ကျွန်မ မနေ့ညက တစ်ညလုံး စဉ်းစားပါတယ်။ ဒါပေမယ့် အဖြေမရဘူး"





ထိုမိန်းကလေး၊ စကားကြောင့် ကြက်သီးထသလို ခံစားရလာသည်။ ဘာတွေများ စဉ်းစားနေပါလိမ့်။ သူ့အပေါ်များ မရိုးမသားတွေးနေရော့သလား။

မနေ့ညကဆိုတော့ သူနဲ့ထိုမိန်းကလေး၊ တစ်ခုခု မဖြစ်နိုင်ပါ။ မနေ့ညက သူငယ်ချင်းများ အရက်တိုက်လွှတ်လိုက်သောကြောင့် သူမူးနေခဲ့သည်။ မူးမူးနှင့်ပင် ကုတင်ပေါ်အိပ်ပျော်သွားခဲ့သည်မှာ ဖိနပ်ပင်မချွတ်မိပေ။ ပြီးနောက် အင်္ကျီ၊ ဘောင်းဘီတို့သည်လည်း ညနေတုန်းက ဝတ်ဆင်ခဲ့သည့်အတိုင်း မချွတ်မယွင်း ရှိနေခဲ့သည်။

"ကျွန်မတို့က တစ်အိမ်တည်း၊ အတူနေရမယ့် ပတ်သက်မှုဆိုတော့ ဟိုဟာလေ ပြောရဆိုရလွယ်ကူအောင် အခေါ်အဝေါ်တော့ တိုင်ပင်ထားကြမှ ထင်တယ်။ ကျွန်မ ရှင့်ကို ဘယ်လိုခေါ်ရမလဲလို့ တစ်ညလုံး၊ ထိုင်တွေးတာ အတွေးမပေါက်ပါဘူး"

ထင်ထားသော စိတ်များပြေလျော့သွားလေသည်။ သူကတော့ ထင်ရာစွတ်တွေးလိုက်ရတာ။ အခုတော့ ဤတောသူမက သူ့ကို ဘယ်လိုခေါ်ရမလဲဟု တွေးခဲ့သည်တဲ့။ သေလိုက်စမ်း နကွတ်။ မင်းတော့ သူနဲ့မကွာရှင်းခင် နလုံးရောဂါ ရပြီးသေမှာပဲ။

"ရပါတယ် ခေါ်ချင်သလို ခေါ်ပါ။ ငါက ပြဿနာမရှိဘူး"

"အဲဒါဆိုရင်တော့ ကျွန်မက ရှင့်ကို ကိုတစ်ပြီး ခေါ်ပါ့မယ်။ အစ်ကို နကွတ်ပေါ့"

သောက်လက်စ ကော်ဖီပင် လည်ချောင်းဝ၌ သီးသွားလေသည်။

''ဟင့် . . . ဘာဖြစ်လို့လဲ။ အဲဒီလို အခေါ်အဝေါ်မျိုး မကြိုက်လို့လား''

''မ . . မ . . . ယုတ်မာတွေ ကြိုက် . . . ဟဲ့ . . ရ . . ရပါတယ်''

''အဲဒါဆိုလည်း ကျွန်မ အဲဒီလိုပဲ ခေါ်လိုက်တော့မယ်။ ပြီးတော့ နောက်တစ်ခုရှိသေးတယ်''

ရှိးတာလား၊ တုံးတာလား၊ ဒါမှမဟုတ် သူနှင့်အကြွေတူ ရှိ သူလားမသိ။ စကားတွေက ပြောဖြစ်မဆုံးနိုင်တော့ပေ။ တောသူမို့သာပဲ။ မြို့သူသာဆို သူ့ကိုနိုင်ငံခြားဆို့ ရောင်းစားလေမလား မသိပေ။

''ရှင်မကြိုက်တာတွေနဲ့ ကျွန်မမကြိုက်တာတွေ ညှိရဦးမယ်။ ကျွန်မတို့က သိပ်မသိကြသေးတဲ့ လူတွေဆိုတော့လေ။ ရှေ့ဆက် အဆင်ပြေအောင်လို့ပါ''

ဟုဆိုသောအခါ သူသည် မျက်နှာကို မဲ့ရွဲ့၍ပြန်သည်။ ကောင်းတာပေါ့။ မင်းမကြိုက်တာတွေ ငါကကြိုသိထားတော့ များများ ပြဿနာ ရှာလို့ရတာပေါ့။

မင်း ဘယ်လောက်အထိ ညှိနိုင်မှာလဲ။ ငါက ကွာရှင်းဖို့ မတောင်းဆိုရသေးခင် မင်းတော ပြန်ပြေးရမယ် မိန်းကလေး။ စိတ်တော့ မကောင်းပါဘူးကွာ။ ဒါပေမယ့် အဘွားကို ငါ . . . အနိုင်ယူကို ယူမှဖြစ်မယ်။

''အဘွားက များများညည်ဆင်ခံနိုးထွက်ဖို့ ပြောနေတယ်''

''အဲဒီတော့ မင်းက ဘာပြန်ပြောလိုက်သလဲ''



''ရှင်က အိမ်ဦးနတ်မို့လို့ . . ရှင့်သဘောပါပဲလို့ ပြောလိုက်ပါတယ်။ ရှင်ပဲ အဘွားကိုအကြောင်း ပြန်လိုက်ပါ''

''ငါ့သဘောကို မင်းကဦးစားပေးမယ်ဆိုတဲ့ သဘောပေါ့လေ ဟုတ်လား''

''လင်ကို ဘုရား၊ သားကို သခင်ဆိုတဲ့ ထုံးကို ကျွန်မ အမြဲနှလုံးမူမှာပါ''

သူသက်ပြင်း ချမိပြန်သည်။ တစ်ဖက်က အလံဖြူပြလေသောအခါ သူက ဘာအလံကို ထုတ်သုံးရမယ် မသိပါ။

သို့သော် သူ့လက်ထဲကိုင်ထားသည်က အလံရောင်စုံ။ အဖြူလား၊ အပြာလား၊ အနီလား၊ အစိမ်းလား၊ အမည်းရောင်လား။

● ● ●

## အခန်း(၂)

"ဟဲ့ . . ဟဲ့ ဒါက ဘာလုပ်နေတာလဲ၊ အမယ်လေး . . . . လေး"

အဘွားကို ရုတ်တရက် တွေ့လိုက်ရသောအခါ ထပြေးရကောင်းနိုး၊ စားပွဲခုံအောက်ထဲ ပြေးပုန်းရကောင်းနိုး ဇဝေဇဝါတွေ ဖြစ်ကုန်သည်။

ပြဿနာပဲ၊ သူ့အလုပ်ကို တစ်နှစ်နေလို့ တစ်ခါလှည့်မလာဘူးတဲ့ အဘွားက သတင်းမပေးဘဲ ယခုလို ရုတ်တရက် ရောက်လာပုံထောက်လျှင် သူ့ကို ချောင်းဖမ်းတာပဲ ဖြစ်လိမ့်မည်ဆိုတာ အလိုလို သဘောပေါက်မိလေ၏။

"ဘာလုပ်နေတာလဲ၊ ကြင်စဦးမှာ ဖေ့ါးသည်ကို အိမ်မှာ တစ်ယောက်တည်း ပစ်ထားရသလား။ လုပ်ရက်ပါပေ့ နက္ခတ်ရယ်၊ လုပ်ရက်ပါပေ့ . . "

"ဟ အဘွားကလည်း"



"အဘွားကမလဲနဲ့၊ မြန် . . အခုမြန် နက္ခတ်ရယ်၊ ဒီအဘွားအိုကြီး သေခါနီး ငရဲမပေးပါနဲ့၊ မျက်နှာပျက်အောင် မလုပ်ပါနဲ့ တောင်းပန်ပါတယ်"

"ဒီအတိုင်းဆို ကျွန်တော် စိတ်ညစ်လာပြီနော် အဘွား၊ ကြင်စဦးဆိုပြီး မြူးတူးပျော်ပါးနေရအောင် သူ့ကိုလည်း ကျွန်တော်က ချစ်လို့ ကြိုက်လို့ ယူထားတာမဟုတ်ဘူး၊ အဘွားကြောင့် မလွဲသာမရှောင်သာ . . .

"တော်စမ်း၊ တော်စမ်း . . . တိတ်၊ အဲ့ဒီပါးစပ် . . . လူကြီးတွေ ကောင်းမယ်ထင်လို့ စီစဉ်တာ၊ မင်းလိုက်နာရမယ်၊ ဘွားအေ စကားကိုနားထောင်လို့ မင်းတို့တွေ ဘယ်တုန်းက ဘေးဖြစ်ခဲ့ဖူးလို့လဲ ဟင်း၊ ကဲပါ ရှည်မနေနဲ့ မြန်၊ ခုပဲ အိမ်ပြန်ပါ"

"ဟာ . . . ဒီမှာအလုပ်တွေနဲ့၊ ဆိုင်က ကျွန်တော်မရှိလို့"

"အေး . . . မင်းမရှိလို့ မင်းဆိုင်အရင်းပြုတ်သွားရင်လည်း ဒီအဘွားက စိုက်လျှော်ပေးမယ် ဟုတ်ပြီလား"

"အလုပ်ဟူသမျှ ဂုဏ်ရှိဖို့လို့ အဘွားပဲ သင်ပေးခဲ့တာ မဟုတ်လား၊ ဂုဏ်ရှိအောင် အခု အလုပ်လုပ်နေတယ်"

"လုပ်ချင်ဦးကွယ်၊ ကဲ့ . . ဟယ့် . . ကဲ့ . . ကဲ"

တဘုန်းဘုန်း ထုရိုက်ပြီး ကောင်တာတွင်ထိုင်နေသော သူ့ကို ဆွဲထကာ သူ့နေရာတွင် အဘွားက ဝင်ထိုင်လေသည်။

"အဘွား . . "

''ဒီတစ်ပတ်လုံး မင်းအစား ဒီဆိုင်မှာ အဘွားကိုယ်တိုင် ထိုင်မယ်''

''ဗျာ. . . ''

''မဗျာနဲ့။ နောက်တစ်ရက် နှစ်ရက်နေရင် ပုဂံဘက် ပျားရည်ဆမ်းခရီးထွက်ဖို့ပြင်''

''ဟန်းနီးမွန်းလို့ ခေတ်မီမီပြောပါ အဘွားရယ်။ အဘွားက ပျားရည်ဆမ်းလို့ပြောတော့ အိမ်ကတောသူပါ ပျားရည်ဆမ်းဖြစ်နေတယ်။ ရင်ထဲ ကလိကလိနဲ့ ကြားရဆိုးတယ်''

''ဘာ. . . တောသူ ဟုတ်လား။ မင်းက ရေဝတီလေးကို တောသူလို့ ခေါ်လိုက်တာပေါ့လေ ဟုတ်လား''

''တောသူမို့ တောသူခေါ်တာ ဆန်းလို့လား''

''ဒီမှာ နကွတ် မပြောချင်လို့ ကြည့်နေတာ။ အကောင်းမှတ်မနေနဲ့။ မင်းလိုလူကို ဟိုကကြည်ကြည်ဖြူဖြူ လက်ထပ်တာကိုက မင်းကိုယ်မင်း ကံကောင်းတယ်လို့ တွေးလိုက်စမ်းပါ''

အဘွားစကားကြောင့် ကိုယ့်ခါးကို ကလိထိုးပြီး ဟားတိုက်ရယ်လိုက်ချင်ပါသည်။

''ငါလို မိန်းမ မင်းအဘွားက ရွှေလိုဥရတဲ့မြေးနဲ့ ပေးစားတယ်ဆိုကတည်းက ဒီမိန်းကလေးက သာမန်မိန်းကလေး ထင်နေသလား''

မှန်ပါသည်။ ထိုအချက်သည် သူ့အတွက် ပဟေဠိဖြစ်နေလေ၏။ စီးပွားရေးလောကတွင် ဒေါ်စိန်ရင်ဆိုပါက မသိသူရှားပါ၊





လောက်အောင် နာမည်ဂုဏ်သတင်းနှင့် ပြည့်စုံသော ဘွားအေဖြစ်သည်။ လူတစ်ယောက်ကို ထိုးဖောက်သိမြင်နိုင်စွမ်းရှိသော အဘွားသည် သူ့ကိုဤတောသူနှင့် ရုတ်တရက်လက်ထပ်ပေးခြင်းကို နားမလည်နိုင်ဖြစ်ခဲ့ရသည်။ သူလိုမြေးတစ်ဦးမပြောနှင့် စီးပွားရေးကို ဦးစီးဦးဆောင်လုပ်နေသော ဖေဖေပင်လျှင် အဘွား၏အမိန့်ကို မလွန်ဆန်နိုင်ပေ။ ထိုမလွန်ဆန်နိုင်ခြင်းကြောင့် သူ့ဘဝက နေ့ချင်းညချင်း ကူးပြောင်းခဲ့ခြင်းဖြစ်လေ၏။

ထိုကူးပြောင်းမှုကို သူသဘောမကျပါ။ သူ့ဘဝကို အခြားသူက စိုးမိုးအုပ်ချုပ်နေတာမျိုးကိုလည်း မကြိုက်ပေ။ သူ့ဘဝကို သူ့အစီအစဉ်အတိုင်းသာ လွတ်လွတ်လပ်လပ် နေထိုင်ချင်သည်။

သို့သော် အုပ်စိုးနေသူသည် သူ့ကိုသိပ်ချစ်သော အဘွားဖြစ်နေ၍ မလွန်ဆန်နိုင်လွန်းသူဖြစ်နေ၍သာ အလိုက်သင့်နေရခြင်းဖြစ်၏။ အကယ်၍ အဘွား၏အလိုကိုသာ မလိုက်ပါက ယခုလက်ရှိဖွင့်ထားသော သူ့ဆိုင်ကလေးက မျက်စိတစ်မှိတ်အတွင်း သူသာန်တစပြင်ဖြစ်သွားနိုင်သည်။ ချက်ခြင်းဆိုသလိုပင် သူလည်းနိုင်ငံခြားသို့ လေတိုက်သလို လွင့်ပါသွားရမည် ဖြစ်၏။ နိုင်ငံခြားတွင်နေရသည်ကို သူမကြိုက်ချေ။ မြန်မာပြည်၌သာ နွေးနွေးထွေးထွေး သိုက်သိုက်ဝန်းဝန်းနေလိုသည်။

''ဘာကြောင့် ကြည့်နေတာလဲ။ ပြန်တော့လေ''

အဘွားက ငေါက်ဆတ်ဆတ် ပြောလာသောအခါ ခွန်းတုန့်မပြန်ရဲတော့ဘဲ စားပွဲမှ ထလာရလေသည်။ ဟွန်း. . . မိုးကောင်းတုန်းရွာထားဦးပေါ့ အဘွားရယ်ဟု ရင်ထဲအံကြိတ်ပြောမိလေသည်။

အဘွားက ကောင်းလှပါချည်ရဲ့ဆိုပြီး အမွှန်းတင်နေတဲ့ ဒီဝိန်းမရဲ့ ဆိုးပြစ်တွေကို တစ်မျိုးပြီးတစ်မျိုးရှာပြီး အဘွား ပါးစပ် အဟောင်းသားဖြစ်သွားအောင်၊ သူ့ကိုအရှုံးပေးသွားအောင် သက်သေပြမယ်ဟုသာ တေးမှတ်ထားလိုက်မိသည်။

ကိုယ်ကလည်း ကိုယ့်အကြံနှင့်ကိုယ်မို့ အဘွားကိုထဝ်ပြီး စေဒကမတက်တော့ဘဲ လွယ်နေကျ ဂျင်းလွယ်အိတ်ကိုသာ ဆွဲယူပြီးထွက်လာခဲ့လေသည်။

"ကဲ . . . အားလုံးကို မှာထားမယ်နော်။ ဒီနေ့ကနေ ရေတွက်လို့ တစ်ပတ်အတွင်း ဒီနေရာကို နကွတ်ကို အဝင်မခံပါနဲ့။ အဝင်ခံခဲ့ရင် မင်းတို့ကိုပါ အလုပ်ထုတ်ပစ်မယ်"

အဘွားက သူကြားအောင် တမင်ပြောနေသလားဟု ထင်ရသည်။ မလာပါဘူး စိတ်ချ။ အဲဒီအစား သူမရှိချိန် သူ့ဆိုင်မှာသာ ပြဿနာ တစ်စုံတစ်ခုရှိခဲ့ပါက အဘွားကို နိုင်ကွက်တွေ့ပြီဖြစ်၏။ ပြဿနာ ဖြစ်ပါစေ။ ရောင်းအား ကျပါစေဟုသာ အတန်တန် ဆုတောင်းရတော့မည်ဖြစ်၏။

သို့သော် အလုပ်လုပ်ရာတွင် ထိုင်နေရင်းပင် ကီလိုမီတာ တစ်သောင်းအထိ သိမြင်နိုင်သော အဘွားအကြောင်းသိနေ၍ သူ့ဆုတောင်းပြည့်လိမ့်မည်ဟုလည်း မယုံကြည်ပေ။ အဘွားသည် ရသော အခွင့်အရေးကို အပြည့်အဝ အသုံးချပြီး သူ့ဆိုင်ကို သူရှိသည်ကထက် ပိုကောင်းအောင် စီမံမည်ဖြစ်ကြောင်း သူကလည်း အဘွားမြေးပီပီ ကောင်းစွာ သိနေလေ၏။



အဘွားသည် နေရာတကာ လက်မထောင်ချင်သူ ဖြစ်လေသည်။ သို့သော် မြေးဖြစ်သောသူက ထောင်နေသော အဘွား၏ လက်မကို လက်ချောင်းထဲဆုပ်မိသွားအောင် လုပ်လိုက်ချင်သူ။ မဖြစ်နိုင်တာကို စိတ်ကူးယဉ်မိမှန်းလည်း သိသည်။ ယခုတောင် အဘွားကိုအရှုံးပေးခဲ့ရပြန်ပြီ မဟုတ်ပါလား။ ဘယ်တတ်နိုင်မလဲ။ ရှယ်ယာအများဆုံးပိုင်ရှင်။ ကိုယ်ပိုင်ဆိုင်လေးရဲ့ နာယကကြီး မဟုတ်ပါလား။

ကောင်းပါတယ်။ အဘွားက အခုလို အနားပေးတော့လည်း လွတ်လွတ်လပ်လပ် နေရတာပေါ့ဟု ရှာကြံအကောင်းမြင်လိုက်ရလေ၏။ ကားစတီယာရင်ကို ကိုင်ထားသော သူ့ထံတွင် သွားစရာ နေရာ မရှိပါချေ။ ထို့ကြောင့် အားလပ်မည်ထင်သော သူ့သူငယ်ချင်းများထံ ဖုန်းဆက်မိသည်။

"ဟော့ကောင် ငါ Meeting ရှိသေးလို့ ခဏနေမှ ပြန်ဆက်လိုက်မယ်"

ဟုဆိုကာ သူကဘာမှမပြောရသေးခင်မှာ မိုးမင်းကချည်း တရစပ်ပြောကာ ဖုန်းချသွားသဖြင့် သူ့မှာလေပူကိုသာ မှုတ်ထုတ်မိပြန်သည်။

မိုးမင်း မရတော့လည်း အရေးလား။ အောင်ကောင်းကျော်ကိုဆက်မှာပေါ့ဟုဆိုကာ Contacts ထဲမှ နံပါတ်တစ်ဆယ်တွင်ရှိသော တက်တူးကို နှိပ်လိုက်ပြန်၏။

တက်တူးဟုဆိုခြင်းမှာ အောင်ကောင်းကျော်သည် တစ်ကိုယ်လုံး တက်တူးတွေပြည့်နေခြင်းကြောင့် ဖြစ်သည်။

"ဟလို . . တက်ဘူ . . "

"ဟော့ကောင် ဖုန်းလိုင်းမမိဘူး။ နောက်မှ ငါပြန်ဆက်လိုက်မယ်။ အခု ငါနယ်ကို ရောက်နေတယ်"

သေလိုက်စမ်း။ လောကမှာ အားယားနေတာ သူတစ်ယောက်တည်းလား။ အောင်ကောင်းကျော်ကလည်း (၃၆၅)ရက်လုံး ခရီးချည်းသွားနေတော့မှာတဲ့လား။ အားကိုးလို့ မရတဲ့ သူငယ်ချင်းတွေဟု မှတ်ယူသည်။ ဘာလုပ်ရင် ကောင်းမလဲ။

ရေကူးရမလားဟု စဉ်းစားပြန်တော့လည်း နေကပူလောင်လှသည်။ ရုပ်ရှင်သွားကြည့်ရင် ကောင်းမလား စဉ်းစားမိပြန်တော့လည်း တစ်ယောက်တည်း ကြောင်စီစီ နိုင်လွန်းပြန်သည်။

အိမ်မပြန်ချင်သေး၍ ကားလျှောက်မောင်းပြန်တော့လည်း လမ်းကပိတ်သိပ်ကြပ်ညှပ်နေပြန်သည်။ ဘာလုပ်၍ လုပ်ရမှန်း မသိသည့် အဆုံးတွင် အမြဲတမ်း အလုပ်များနေသည့် နေယံဆီ ရောက်လာမိသည်။ နေယံကို သူမတည့်ချေ။ ကမ္ဘာ့တစ်ရှု၌ မန်နေဂျာဆိုသော် ငြား ရာထူးထက်ပိုပြီး ဆရာလုပ်သည်ဟု ထင်ပါသည်။

သို့သော် နေယံသည် သူ့ကားကိုမြင်မြင်ချင်းပင် ခြေလှမ်းကို နောက်ပြန်ဆုတ်ကာ ထွက်ပြေးသွားသဖြင့် သူအံ့အားသင့်ရပြန်သည်။ သူကလည်း ပဟေဠိကို အဖြေညှိတတ်သူမို့ နေယံ နောက်သို့ပြေးလိုက်ပြီး ဆွဲခေါ်မိသည်။

"ငါ မင်းနဲ့ စကားပြောလို့ မဖြစ်ဘူး နက္ခတ်။ မင်းရဲ့ မဂ်လာဦးကာလ တစ်လလုံး မင်းနဲ့အဖော်လုပ်နေရင် မင်းအဘွားက ငါ့ကို



အလုပ်ပြုတ်အောင် လုပ်ပစ်မယ်လို့ ပြောထားတယ်။ ပြန်ပါကွာ။ ငါ့ဆီမလာပါနဲ့"

ဟုပင် ခါးခါးသီးသီးပြောကာ ထွက်သွားသော နေယံကို သူဘာမျှ မပြောလိုက်နိုင်တော့ချေ။ နဂိုကတည်းကမှ မတတ်အားပိုပြီး ဖိုတတ်အားနည်းနေတဲ့ နေယံ့ကို အဘွားက ဘယ်လောက်များ ချုပ်လိုက်ပါလိမ့်ဟု သူဆက်မတွေးချင်တော့ပေ။ စိတ်လည်း ကုန်သွားပြီဖြစ်၏။

ထို့ကြောင့်ပင် City Mart ထဲဝင်ပြီး ကျွတ်ကျွတ်အိတ်တစ်ထုပ်ထဲ ပစ္စည်းများဝယ်ကာ မပြန်ချင်သော မင်္ဂလာဦးအိမ်သို့သာ အားတင်းပြီး ပြန်လာခဲ့ရလေတော့၏။

တံခါးကို ကိုယ့်ဘာသာကို ဖွင့်ကာ ကားမောင်းဝင်ရသဖြင့် အမြင်တော့ မကြည်ချင်လှပေ။ သို့သော် ကားဟွန်းကို တတီတီပေးပြီးဖွင့်နိုင်းရအောင်ကလည်း ထိုမိန်းမသည် အိမ်အကူ မဟုတ်ပေ။

"ဘာလုပ်နေသလဲ မသိဘူး"

မရှင်းနီးလှသူမို့ ရင်ထဲတော့ ခြောက်ကပ်ကပ်နိုင်လှပါသည်။ ကားတစ်စီးလုံး ဝင်လာတာကို မသိရအောင် ဘာများလုပ်နေသလဲဟုလည်း စိတ်ဝင်စားမိသည်။

သို့ကြောင့် ကားပေါ်မှဆင်းကာ သော့ခတ်ထားသော အိမ်တံခါးကို ကိုယ့်သော့နှင့်ကိုယ်ဖွင့်ပြီး ဝင်လာလေ၏။ ပထမဆုံး သူမြင်လိုက်ရသည်က ပြောင်ရှင်းသော ဧည့်ခန်းဖြစ်လေသည်။ အိမ်အသစ်မို့တောက်ပြောင်နေသည်ဟု ထင်သည်။ ဆိုဖာပေါ်တွင် ခဏဆက်ထိုင်လိုက်လေ၏။

သို့သော် အိမ်ထဲမှာ တစ်စုံတစ်ယောက် ရှိနေသည်ကို သိနေသဖြင့် မျက်လုံးတော့ ဝေကြည့်မိတာအမှန်ပါ။ သို့သော် အရိပ်အယောင်ကိုမမြင်ရသဖြင့် ငါးမိနစ်ပြည့်အောင် မထိုင်နိုင်ချေ။ မီးဖိုခန်းထဲမှာလားဟု ယူဆမိပြန်သည်။ ထို့ကြောင့် မီးဖိုခန်းထဲ ဂဏန်းသွားလျှောက်ကာ ကြည့်မိပြန်၏။ သူထင်သည်က တောသူမပိပိ ရေတံဆုံကို တခုန်ခုန်ထောင်းပြီး ညှော်နံ့လှိုင်အောင် ချက်ပြုတ်နေမည်ဟု ဖြစ်သည်။

သို့သော် ပြောင်ရှင်းသော မီးဖိုခန်းကို လူမရှိသူမရှိ မြင်ရလေသောအခါ သံသယက ပွားလာလေ၏

''ဘယ်သွားနေတာလဲ။ အိမ်မှာမရှိဘူးလား''

တဒင်္ဂတော့ ပျင်းသလို ခံစားမိသော်လည်း အဘွားမျက်နှာကြီး၊ ရုတ်တရက် မြင်ယောင်မိသောအခါ ပါးစပ်နားရွက်ချိတ် ပြုံးမိပြန်သည်။

မိန်းမ ဝိသာလုပ်ချည်ရဲ့ဆိုတဲ့ တောသူ၊ သေဖို့သာပြင်ဟု ဆိုကာ လေကိုချွန်ပြီး ရေသောက်ရန် ရေခဲသေတ္တာကို အဖွင့်တွင်–

''ဟင်''

သူမှင်တက်သွားလေသည်။ လိမ္မော်သီး၊ ပန်းသစ်တော်သီးများကို စနစ်တကျ အခွံနွာကာ ပလတ်စတစ်နှင့် ခပ်တင်းတင်းဆွဲအုပ်ထားသော အသီးပန်းကန်ကို အအေးခံထားခြင်း ဖြစ်လေသည်။

ပြင်ဆင်ထားပုံမှာ ထမင်းစားပြီးပါက အချိုတည်းရန်ဆိုသည့်အဓိပ္ပာယ်မျိုး ပါဝင်နေလေသည်။ ထို့ကြောင့် သူရေဘူးကို လှမ်းမဆွဲနိုင်တော့ဘဲ ထမင်းစားပွဲပေါ်တွင် အုပ်ထားသော အုပ်ဆောင်းကိုဆွဲဖွင့်လိုက်လေ၏။



''ဟင်''

ဆီပြန်ဟင်း၊ အသားကြော်၊ အသီးအရွက်၊ ဟင်းချိုနှင့် ဟင်းအမျိုးအမည် စုံစုံလင်လင်ကို တွေ့လိုက်ရလေသည်။ အုပ်ဆောင်းကိုနေရာတကျ ပြန်အုပ်လိုက်ပြီး ထမင်းအိုးကိုဖွင့်လိုက်ရာ ပေါ်ဆန်းမွှေးနံ့သင်းသင်းကို ရှူလိုက်ရလေ၏။ ထမင်းအိုးမှာ နွေးနေသေးသဖြင့် ထမင်းကျက်သည်မှာ မကြာသေးဟု သူခန့်မှန်းမိလေသည်။

ဒါဆို . . . အဲဒီတောသူ အိမ်ထဲမှာရှိနေတာပေါ့။ အပြင် မသွားဘူးပေါ့ ။ ထိုအသိကြောင့် မီးဖိုခန်းထဲမှ ထွက်ကာအပေါ်ထပ်သို့ တဘုန်းဘုန်းတက်လာပြန်သည်။ သူနှင့်တောသူမတို့အတွက် ပြင်ထားသော မင်္ဂလာခန်းထဲ သူမဝင်ရဲပြန်ပါ။ မဝင်၍လည်း မဖြစ်ပါ။ အိမ်ထဲရှိနေမှတော့ အိပ်ခန်းထဲတွင် တရေးတမော အိပ်ချင်အိပ်နေနိုင်သည့် ဖြစ်သည်။ အကယ်၍ တောသူမက အိပ်နေလျှင် . . .

ဟုတွေးမိပြီး တံခါးဘုကိုဆွဲမလှည့်ရဲချေ။ မဖြစ်ပါ။ မိန်းကလေးတစ်ယောက်အိပ်နေသည်ကို သူယောကျ်ားတစ်ယောက်က . . . တွေးကြည့်တာနှင့်ပင် ရှက်လှသည်။

ထို့ကြောင့် တံခါးရွက်ကိုမှီပြီးရပ်နေမိပြန်သည်။ ငါးမိနစ်ခန့်ရပ်နေမိသောအခါ ဘာဖြစ်သလဲ၊ သူက အခုငါ့မိန်းမပဲဟု မိုက်စိတ်ကိုမွေးကာ တံခါးပင်မခေါက်တော့ဘဲ တွန်းဝင်လိုက်၏။

Book Sharing

Scanned by CamScanner

"ဟင်"

သူမျှော်လင့်ထားသလိုမဟုတ်ပေ။ တောသူမသည် ကုတင်ပေါ်၌ မရှိချေ။ သူအပြင်သွားချိန်က အဝတ်အစားများကို ဖရိုဖရဲ ပစ်ထားခဲ့၏။ သို့သော် ယခုမူကား ပြောင်ရှင်းသော အိပ်ခန်းက သူ့ကိုမျက်လှည့်ပြနေသည်ဟု ထင်မှတ်ရပါသည်။

ရေချိုးနေသလားဟု ယူဆကာ ရေချိုးခန်းကို နားစွင့်ပြန်တော့လည်း ရေသံကိုမကြားရချေ။ ထို့ကြောင့် ပိုသေချာသွားရန် ရေချိုးခန်းတံခါးကို ဖွင့်ကြည့်သည်။ မရှိပေ။

"ဘယ်သွားနေတာလဲ။ ငါနဲ့များ တူတူပုန်းတမ်း ဆော့နေသလား"

ထိုသို့တွေးမိပြန်သောအခါ ဘီရိုကြီးများကို ဖွင့်လိုက်ပြန်သည်။ သို့သော် စနစ်တကျ ချိတ်ထားသော အကျီများမှလွဲ၍ သက်ရှိဆို၍ ခွေးတစ်ကောင်၊ ကြောင်တပြီးမှ မတွေ့ချေ။

"တူတူပုန်းရအောင် သူက ကလေးမှမဟုတ်တာ"

အိမ်ကြီးသည် သာမန်ထက် တိတ်ဆိတ်နေသည်ဟု ထင်သည်။

"သူ ဘယ်သွားနေသလဲ"

ဦးနောက်ကို ဖျစ်ညှစ် စဉ်းစားမိသည်။ သူသည် တောသူမကို မယူချင်ဘဲ ယူခဲ့ရသည်။ ထို့အတူ တောသူမသည် သူ့ကိုမယူချင်ဘဲ ယူခဲ့ရခြင်းလည်း ဖြစ်နိုင်ပေသည်။





ထို့ကြောင့် သူမရှိချိန် ထွက်ပြေးတာမျိုးလည်း ဖြစ်နိုင်သည်။ ထွက်ပြေးတယ်ဆိုလည်း အဲဒီလောက် ဟင်းအမယ်စုံစုံကို ချက်သွားမည်မဟုတ်ပါချေ။ ပြီးနောက် စကားပြောပုံက တုံးတုံး။ မျက်နှာထားက ခပ်ရိုရို . .

မဖြစ်နိုင်ဘူး ဒါ့ ..... ဘယ်သွားတာလဲ။ ကြော့ . . သိပြီ။

လွန်ခဲ့သောညက ထိုတောသူမ ဘယ်မှာအိပ်သလဲ။ သူ့အနားမှာ မအိပ်တာတော့ သေချာလှသည်။ ထိုသို့အတွေးတွေကို ဖြန့်ကျက်မိသောအခါ ဤအိမ်ကြီး၏ တည်နေရာ၊ အနေအထား၊ အကျယ်အဝန်းဖွဲ့စည်းပုံကို စိတ်ဝင်စားလာမိသည်။

သူနှင့်အတူ မအိပ်နိုင်မှတော့ အခြားအခန်းတစ်ခုမှာ အိပ်မည်ဟုတွေးမိသည်။ ထိုအတွေးသည် မာနကို နှိုးဆွသလို ခံစားရ၏။ သူက ငါနဲ့တောင် အတူလာမအိပ်ရအောင် ဘာလဲပေါ့။ သို့သော် ထိုသို့ဒေါသဖြင့် ဟန်ဆောင်ပြန်တော့လည်း ရင်ထဲ မလုံမလဲဖြစ်ရပြန်၏။

မွေးကတည်းက တစ်ယောက်တည်း မနေတတ်သည့်လူမို့ ယခုလို တစ်ယောက်တည်း ရှိနေချိန်ဆိုပါက အထီးကျန်သလို ခံစားရလေ၏။ မဖြစ်ပါ။ ဒီတောသူမနှင့်သာ တစ်အိမ်တည်း နှစ်ယောက်နေရပါက တောသူမ ရှုးလျှင်ရှူး မရှူးလျှင် သူရှူးရပေလိမ့်မည် ဖြစ်၏။

ညနေကျလျှင် အကြောင်းမရှိ အကြောင်းရှာကာ ရွှေတောင်ကြားမှအိမ်ကို အလည်သွားမှဖြစ်လိမ့်မည်။ ပြီးနောက် တောသူမက အလုပ်မလုပ်တတ်ဘူးဟုဆိုကာ ခြံစောင့်နှင့်အိမ်အကူ ဖြည့်နိုင်းရမည်ဟုတွေးထားမိသည်။



Scanned by CamScanner

''ရေဝတီ''

ဟု နှုတ်မှစမ်းခေါ်ကြည့်သည်။ သို့သော် စိမ်းတဲ့နာမည်မို့ လျှာဖျားက ရုတ်တရက် လက်မခံပေ။ ဒီအိမ်ထဲမှာ ထိုတောသူမ ရှိနေမှန်းလည်း သိသည်။ ခေါ်မရဘဲ နာမည်စိမ်းကို ကြိုးစားခေါ်နေမည့်အစား ရှာဖွေဖို့သာ စိတ်ကူးမိတော့၏။ နာမည်ကို ဘကြော်ကြော်အော်ခေါ်နေပါက တောသူမ မာန်တက်မှာ စိုးရိမ်သောကြောင့်လည်း ဖြစ်၏။

ထို့ကြောင့်ပင် ထိုင်နေရာမှ ဆတ်ခနဲရပ်ပြီး အိပ်ခန်းအပြင်ဘက်ထွက်ကာ အပေါ်ထပ်ရှိ အခန်းသုံးခန်းလုံးမှ တံခါးကိုဖွင့်ရှာသည်။ သို့သော် မရှိချေ။ နောက်ဆုံးအနေနှင့် လေးခန်းမြောက် တံခါးကိုဖွင့်လိုက်ချိန်တွင် လူအိပ်ထားသော ကုတင်အနေအထားကို တွေ့ရလေသည်။

သူ့စိတ်ထဲ မှတ်ထားလိုက်၏။ ထိုအခန်းသည် ရေဝတီ၏ အခန်းဖြစ်သည်ဟု....

''ရှင်. . . ကျွန်မကို ရှာနေတာလား''

''အယ်ဆလေး. . . ''

သတိလက်လွတ် ငေးပြီးတွေးချင်ရာတွေးနေမိချိန်တွင် သူ့နောက်နားဆီမှ ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် လန့်ဖျပ်တုန်ယင်သွားလေသည်။ သို့သော် လှည့်ကြည့်ကြည့်ခြင်းမှာပင် မြင်ရသော ယောဂီဝတ်စုံကြောင့် ပြုံးချင်မိသွားသည်။ သို့သော် အားနာပါးနာနှင့်ပင် အံကြိတ်ထားလိုက်ရ၏။





''မရှာပါဘူး။ ဘာလို့ ရှာမှာလဲ''

''ရှင်. . . အလုပ်ကပြန်လာတာလား။ အစောကြီးပဲနော်။ ကျွန်မကြားဖူးတာတော့ မြို့သားတွေ အလုပ်သွားရင် နေဝင်မှပြန်တယ် ဆိုလားပဲ''

''ငါက အလုပ်သမားမဟုတ်ဘူး။ အလုပ်ရှင် ပြန်ချင်တဲ့အချိန် ပြန်မှာပေါ့''

''ရှေ့ကနွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်တယ်တဲ့။ ရှင်ကစပြီး စည်းနဲ့ကမ်းနဲ့နေမှ ရှင့်အလုပ်သမားတွေက ရှင့်ကိုလေးစားမှာပေါ့။ ကဲပါ. . . ခုအိမ်ပြန်ရောက်လာပြီဆိုတော့လည်း ထမင်းစားရမှာပေါ့။ ရှင် အဝတ်စားလဲပြီး ဆင်းလာခဲ့လေ။ ကျွန်မ ဟင်းနွှေးထားလိုက်မယ်'' ဟုဆိုသဖြင့် သူ့မှာကြောင်စီစီပင် အခန်းထဲသို့ ဝင်လာရတော့သည်။

ဒီတောသူမ ဘာဒီဖိုင်းလဲ။ ဘာကိစ္စနဲ့ ဟာကွက်မရှိအောင်လုပ်ရသလဲ။ စားပွဲပေါ်မှ ဟင်းအတိုင်းသာ သူ့ကိုကျွေးမည်ဆိုပါက သူက ပြဿနာလုပ်၍ ရနိုင်သည်။ ခုတော့ သူ့ကိုဆုံးမသွားလိုက်သေး၏။

မဖြစ်တော့ပါ။ သူသာ ဒီပုံစံအတိုင်း ဆက်နေပါက တောသူမ သူ့ဘဝကို ထိုးမိုးအုပ်ချုပ်သွားလိမ့်မည် ဖြစ်၏။ သူဘာလုပ်လျှင်ကောင်းမလဲ။ ရန်တကျက်ကျက်ဖြစ်ပြီး ကွဲသွားအောင် ဘာလုပ်ရလဲ ကြံဖန်ကာ စဉ်းစားရပြန်သည်။ ထိုအခါ သူ့ဦးနှောက်ထဲ ဝင်လာသည်က ပန့်စ်ကီတ ဖြစ်၏။



Scanned by CamScanner

သူရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။ အင်တာနက်ထဲတွင် ဆူဆူညံညံသီချင်းများကို ရှာဖွေကာ ဒေါင်းလုဒ်ဆွဲသည်။ ပြီးနောက် ဆောင်းဘောက်ဆင်သည်။ ပြီးနောက် အခန်းတံခါးကိုဖွင့်ပြီး ညံအောင် စတင်ထုတ်လွှင့်တော့၏။

ဂုဂုဂါးဂါး အုအုအားအား သရဲသံတွေက ခဏအတွင်း ဆူညံသွားလေသည်။ သူပျော်ရွှင်စွာပင် ကခုန်နေမိ၏။ ဘီရိုထဲမှ အဝတ်များကိုလည်း တစ်ထည်ပြီးတစ်ထည် ဆွဲထုတ်ကာ ဝတ်နေသည်။

အကျီများ ရှာဖွေနေဆဲမှာပင် သီချင်းအပေါ် သံယောင်လိုက်ကာ ဆိုညည်းမိသေး၏။ နောက်ဆုံးတွင် သူရွေးချယ် ဝတ်ဆင်လိုက်သည်က စွပ်ကျယ်အကျီအဖြူနှင့် ဒူးခေါင်းအထက်ကပ် ဘောင်းဘီလေး ဖြစ်တော့သည်။ တစ်နာရီခန့် သရဲသံတွေနားထောင်ပြီးသောအခါ နား လည်းအူနေပြီဖြစ်၏။ တောသူမကာ နားငြီးမငြီးမသေချာသော်လည်း သူတော့ တိတ်တိတ်ဆိတ်ဆိတ် အနားယူချင်လှပြီ ဖြစ်သည်။

ထို့ကြောင့် ဆောင်းလောက်ခလုတ်ကို ပိတ်လိုက်၏။ လောကကြီးတစ်ခုလုံး အေးချမ်းသွားသလားဟု ထင်ရလေသည်။ ရှုပ်ပွ နေသော အခန်းကို ကျောခိုင်းကာ လှေကားလက်ရန်းမှ တွဲလျောင်း လျှောဆင်းလာခဲ့သည်။ တက်တက်ကြွကြွပင် မီးဖိုခန်းထဲသို့ ဝင်မိသော အခါ စားပွဲကို ယပ်တောင်ခတ်နေသော တောသူမကို ကျောက်ရုပ်ပမာ တွေ့ရလေ၏။

သူကတော့ ဒုက္ခပေးခဲ့သူမို့ မလုံမလဲ ပြုံးစိစိ လုပ်နေရပြား တောသူမကတော့ သူ့ကိုပြင်ပြင်ချင်းပင် ပန်းကန်ပြားကို နေသားတကျ ချကာ ထမင်းအုပ်ဆောင်းထဲမှ ထမင်းကို ပန်းကန်ပြားထဲထည့်ပေး လေသည်။



"ဟင့် . . ထမင်းကလည်း ရေခဲတုံး မှတ်ရတယ်"

"ဟင်းရည်က ပူနေလို့ပါ။ ဟင်းရည်ပူနဲ့ ထမင်းအေးက ပန်သင့်ပါတယ်"

အသံက အနိမ့်အမြင့် မှန်လှသည်။ သူကတော့ ဒီတောသူမ နားငြီးပြီး သူ့ကိုစိတ်ပျက်မှာပဲဟု ထင်ခဲ့သည်။ ခုတော့ ပကတိ အေးချမ်း ပုံနှင့် တောသူမကို သူရယ်ချင်မိသည်။ ဘယ်လောက်အထိ ဟန်ဆောင် နိုင်ဦးမှာလဲ။ ဒီမိန်းမ မာယာလေးတော့ မဆိုးဘူးဟု အမှတ်ပေးမိ သည်။

"ဒီလောက် ဆီများတဲ့ ဟင်းမျိုး ငါမစားဘူး"

ဟု ဆိုပြန်ဟင်းကို ရည်ရွယ်ပြီးပြောလျှင် တောသူမသည် ထိုဆီပြန်ဟင်းကို သိမ်းလိုက်လေ၏။

"ဘာလို့ သိမ်းတာလဲ။ ငါကို ရွဲ့တာလား"

"မဟုတ်ပါဘူး။ ဆီဟင်းမကြိုက်တဲ့လူက ဆီနံ့ကို မခံနိုင် ဘူး။ ရှင့်အတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ" ဟုဆိုပြီး ဟင်း ခွက်ကို ဒန်အိုးထဲထည့်ကာ ဖုံးလိုက်သည်။ ပြီးနောက် အပြင်ထွက် သွားလေ၏။ အထီးကျန်သလို ခံစားရလေ၏။

ငါတော့ မှားပြီနဲ့တူတယ်။ ဒါမှန်းသိရင် အသွားကို ကလန် ကဆန်လုပ် နိုင်ငံခြားသွားလိုက်ပါတယ်ဟု စဉ်းစားမိပြန်သည်။ ထမင်း ကို ဆက်မစားချင်တော့ပေ။ သို့သော် အရည်ဟင်းကြိုက်သည့်သူက ဟင်းချိုရည်ကို တစ်ဇွန်းခပ်သောက်လိုက်သောအခါ ဆက်စားချင် စိတ်ကို ထိန်းမရတော့ပေ။

Scanned by CamScanner

ဘာနဲ့ချက်ထားသလဲဟု သိချင်လာသောအခါ ဟင်းရည်ခွက်ကိုသူ့အနီးဆွဲယူပြီး ပါဝင်သည့် ပစ္စည်းများ မွှေနှောက်လိုက်လေသည်။ ကြက်သား၊ ဂေါ်ရခါးသီးနှင့် မှန်ညင်း၊ ခါကျက်ဥတို့ကို ဆတူရော ချက်ထားတဲ့ ဟင်း။

သူ့ဆိုင်မှာ ဒီလိုဟင်းမျိုး နေ့လည်စာရောင်းချပါက အဆင်ပြေနိုင်လိမ့်မည်ဟု တွေးမိလေသည်။

"အဲဒီဟင်းက အဆင်မပြေလို့လား"

ဟုဆိုကာ သူ့အနီးပြန်ရောက်လာပြန်သဖြင့် သူကကြောက်အားလန့်အားပင် ဟင်းခွက်ကိုတွန်းလိုက်ရာ ရုတ်တရက် မှောက်ဖိတ်သွားလေသည်။

"ဟယ် . . . ဒုက္ခပါပဲ။ ခဏ . . . ခဏလေး ရှုပ်မလှုပ်နဲ့ ငြိမ်ငြိမ်ကလေးနေ။ ရှင့်အပေါ် အရည်တွေစီးကျကုန်မယ်။ ကျွန်မပဲ လုပ်လိုက်မယ်"

ဟုဆိုပြီး အမှိုက်ဂေါ်နှင့် ဖျော့ဖတ်ကို ယူကာ ကျွမ်းကျွမ်းကျင်ကျင် သိမ်းဆည်းလေသည်။ သူအံ့အား သင့်သွားလေ၏။ သူ့ဆိုင်မှ ကျွမ်းကျင် ဝန်ထမ်းများပင် တောသူမလောက် စနစ်မကျဘူးဟု ထင်ပါသည်။

"ခဏလေးနော်။ ကျွန်မ အသစ်ထပ်ခပ်ပေးမယ်"

"ရတယ်။ ရတယ် နေပစေတော့ မစားတော့ဘူး။ ဟင်းရည်ကို ဘယ်လိုပန်းကန်မျိုးနဲ့ ကော်ထားမှန်းမသိဘူး။ ဒီလိုပန်းကန်မျိုးနဲ့ဆို ဟင်းရည်ထည့်ရင် ဖိတ်စင်ကုန်မယ်ဆိုတာ မသိဘူးလား"



"တောင်းပန်ပါတယ်ရှင်။ နောက်ဆို ကျွန်မ ဆင်ခြင်ပါ့မယ်"

အမှန်က သူစားချင်တုန်း ဖြစ်သည်။ သို့သော် အလျှော့ပေးနေသော တောသူမအပေါ် အနိုင်လိုချင်၍သာ အော်ငေါက်ခြင်း ဖြစ်လေ၏။ စိတ်ဆိုးချင်ယောင်ဆောင်ပြီး စားပွဲမှဝုန်းခနဲ ထလာခဲ့ရသော်လည်း အခန်းပြင်ရောက်သောအခါ ချောင်းကြည့်မိလေသည်။

ထိုမိန်းကလေးသည် သူစားထားသော ပန်းကန်များကို သိမ်းဆည်းရင်း ငူငိုင်နေရှာသည်။ သူ့ . . . လွန်သွားပြီလား။ တဒင်္ဂတော့ စိတ်မကောင်းဖြစ်မိပေမယ့် ဆက်ပြီးပြဿနာ ရှာမည်က သူ့တာဝန်ဖြစ်သည်။ မရှိသည့် ပြဿနာကို ရှိအောင်ဖန်တီးရမည်က အဘွားကို အနိုင်ရမည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပေ၏။

"လာပြီးရင် ငါ့အခန်းထဲ အသီးဖျော်ရည်လာပို့ပါ။ တောသား ပုံစံမျိုး ချိုရဲကြီး ဖျော်မလာနဲ့"

ခပ်တည်တည်ပင် မှင်နှင့်မောင်းနှင့်ပြောကာ ထွက်လာခဲ့ရသော်လည်း ရင်ထဲ ညစ်နွမ်း၍နေလေသည်။ သို့သော် စိတ်မကောင်းစွာပင် ပြဿနာကို ဖန်တီးရဦးမည် ဖြစ်၏။ အသီးဖျော်ရည် ယူလာပါက ချိုရင်လည်း ပြဿနာရှာမည်၊ သကြားထည့်မထားလျှင်လည်း ပြဿနာရှာမည်ဟု တွေးနေမိစဉ် တံခါးခေါက်သံ ကြားရသောအခါ နီးရာစာအုပ်ကို ဆွဲဖတ်လိုက်လေသည်။

တောသူမ လက်ထဲအသီးဖျော်ရည် ပါလာမည်ဟု မျှော်လင့်ထားသော်လည်း စာအုပ်တစ်အုပ်နှင့်ရောက်လာသော တောသူမကြောင့် နှင်သွားသည်မှာ အမှန်ပါ။

''ရှင်နဲ့ ကျွန်မနဲ့ နည်းနည်းဆွေးနွေးကြရင် ကောင်းမယ် ထင်တယ် ကိုနကွတ်''

''ရတယ်လေ . . . ရတယ်။ မင်းက တောင်းဆိုလာတော့ လည်း ငါက လိုက်လျောရမှာပေါ့''

''ကျွန်မ ညည်းခံနေက စောင့်နေမယ်''

''ဒီမှာပြောရင် ကျားကိုက်မှာ စိုးလို့လား''

''မိန်းကလေးတစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက် ဒီလိုအိပ်ခန်းထဲမှာ ပြောဆိုတာတော့ မသင့်တော်ဘူးလို့ ထင်လို့ပါ။ ရှင့်ကို ကျွန်မ စောင့်နေပါ့မယ်''

ဟုဆိုကာ အခန်းဝ၌ရပ်ပြီး လှည့်ထွက်သွားသော တောသူမ ကြောင့် အောင့်သက်သက်ကြီး ဖြစ်သွားလေသည်။ မိန်းကလေးတစ် ယောက်နဲ့ ယောက်ျားလေးတစ်ယောက်ဆိုပါလား။ အဲဒီနှစ်ယောက်က လင်မယားဆိုတာ အဲဒီတောသူမ သတိမှုရပါရဲ့လား။

ရတယ်လေ။ သူကစိမ်းစိမ်းဆိုတော့လည်း ကိုယ်ကလည်း စိမ်းစိမ်းပဲပေါ့ဟု အဆင်ပြေသလိုတွေးပြီး တောသူမနောက်မှ လိုက် လာခဲ့လေတော့သည်။

''ရှင် ကျွန်မကို မနှစ်သက်ဘူးဆိုတာ ကျွန်မ သိပါတယ်''

ဆိုဖာခုံပေါ် မျက်နှာချင်းဆိုင်ထိုင်ပြီး ခပ်ရဲရဲပြောလာသော စကားမို့ သူက မျက်ခုံးလေးပင့်၍ပင် သိတယ်ဆိုလည်း ပြီးတာပဲ ဆိုသည့် သဘောမျိုးနှင့် နေလိုက်လေသည်။



''ဒါပေမယ့် ရှင်ကကျွန်မရဲ့ အိမ်ဦးနတ်ဖြစ်နေပြီဆိုတော့ သူကြင်မှကိုယ်ကြင်မယ်ဆိုပြီး ကျွန်မက နေလို့မရဘူး''

နည်းနည်းတော့ ထူးဆန်းလာပြီဖြစ်၏။ ဘာများဆက်ပြော လာဦးမလဲဟု ပို၍သိချင်လာလေသည်။

''ရှင့်ရဲ့နေရေး ထိုင်ရေးကို ကျွန်မလျစ်လျူရှုလို့မရဘူး။ အိမ် ရှေ့မှ အိမ်နောက်မချမ်းသာတဲ့''

လာပြန်ပြီ ဒီလိုရှေးဆန်တဲ့ ဆိုရိုးစကားတွေနဲ့. . . .

''ရှင် ကျွန်မကို မမြင်ချင်ရင် ဒီလောက်ကျယ်တဲ့ အိမ်ကြီး ထဲမှာ ရှင်မမြင်နိုင်အောင် ပုန်းနေပေးလို့ရတယ်။ ဒါပေမယ့် ရှင့်ကျန်း မာရေးကိုတော့ ရှင်ဂရုမစိုက်လို့ မရဘူး''

မြတ်စွာဘုရား၊ သူ့ကျန်းမာရေးဆိုပါလား။ သူက ဘာဖြစ် နေလို့လဲ။ ထိုတောသူ့ အမြင်မှာ သူက ကျန်းမာရေးအားနည်းသူ ဖြစ်နေပြီလား။

''မနက်ကျရင် မနက်စာကို ပုံမှန်စားရမယ်။ နေ့လည်ရောက် ရင် နေ့လည်စာကို ပုံမှန်စားရမယ်။ ညနေရောက်ရင် ညနေစာကို ပုံ မှန်စားရမယ်''

အဲဒါ သူပြောမှလား။ ရူးနေသလား။

''ကျွန်မကို ရွဲ့ချင်တိုင်းနဲ့တော့ ကလေးဆန်မနေပါနဲ့''

''ဘာ . . . ဘာ . . . ငါ့ကို ကလေးဆန်တယ်ဟုတ်လား''

Book Sharing

Scanned by CamScanner

"ရှင်. . . ဘာကြိုက်တယ်၊ မကြိုက်ဘူးဆိုတာတော့ ပြောထားပေါ့။ ရှင့် ခံတွင်းနဲ့အနီးစပ်ဆုံး ညီအောင်တော့ ကျွန်မ ချက်ကျွေးပါ့မယ်"

"ကျွန်မ ချက်ကျွေးပါ့မယ် ဟုတ်လား။ ရေဘူး အမှန်တော့ ရေဝတီဟု ခေါ်လိုက်ခြင်းဖြစ်သည်။ ဘယ်ကဘယ်လို ရေဘူးဆိုတဲ့ အသံထွက်သွားမှန်း မသိပေ။ ထွက်ချင်ရာထွက်ပြီးကာမှ သူ့ကိုကြောင်စိစွာကြည့်နေသော တောသူမကြောင့် အားတုံ့အားနာ ဖြစ်သွားလေသည်။

"အဟမ်း. . . မင်းနာမည်က မင်းနဲ့မှမလိုက်တာကို။ ဒါကထားပါ။ ကျွန်မ ချက်ကျွေးပါ့မယ်လို့ ပြောရအောင် မင်းကို ငါကအိမ်ဖော်ငှားထားတာ မဟုတ်ဘူး။ မင်းကို ယူထားတာ။ မင်းက ငါ့မိန်းမကွ နားလည်လား"

ပြောချင်ရာကို လျှာခလုတ်တိုက် ပြောချလိုက်မိသည်။ သူ့ကိုယ်သူပင် ဘာပြောမှန်းပင် မသိပါ။

"သော့ခပ်ထားတဲ့ အိမ်တံခါးကို ငါ့ဘာသာ ငါဖွင့်ဝင်ရတဲ့အချိန်လောက် ငါမုန်းတာမရှိဘူးကွ။ အိမ်မှာလူတစ်ယောက်ရှိနေပြီး အသေကောင်လို ငြိမ်နေတာမျိုးလည်း ငါမကြိုက်ဘူး။ ဘာလဲ မင်းက စက်ရုပ်လား"

"အဲဒါကြောင့် ရှင်. . . . ကျွန်မကို မကျေမနပ် ဖြစ်နေတာလား"



"ဘာကိစ္စ ငါက မင်းကိုမကျေမနပ် ဖြစ်ရမှာလဲ။ ငါ့ပုံက မင်းကို မကျေမနပ်တဲ့ပုံ ပေါက်နေလို့လား"

"သီချင်းကို အကျယ်ကြီးဖွင့်တယ်။ စားတောင်မစားရသေးတဲ့ဟင်းကို မကြိုက်ဘူးငြင်းတယ်။ ဟင်းရည်ပန်းကန်ကို သွန်မှောက်လိုက်တယ်။ အဲဒါတွေက ကျွန်မကို မကျေနပ်လို့ မဟုတ်ဘူးလား"

သူဘာပြန်ဖြေရမှန်း မသိချေ။ သူ့ကိုမျက်လုံးချင်းဆုံအောင်မကြည့်ဘဲ မျက်လွှာကိုချကာ အေးအေးဆေးဆေး ပြောနေသောတောသူမကို သူကအသားလွတ်ကြီး နိုင်စားနေပုံမျိုး ဖြစ်နေသည်။

"ဟုတ်တယ်ကွာ မကျေနပ်ဘူး။ ဘာလဲ မင်းက ငါ့ကိုတောင်ခွင့်ပြုချက်မတောင်းဘဲ မင်းဟာမင်း အခန်းခွဲနေတာက ဘာသဘောလဲ။

"ဟို. . . ဟို အဲဒါက ရှင်အနေခက်မှာ စိုးလို့ပါ။ မနေ့ညက ရှင်က တစ်ယောက်တည်း ကုတင်တစ်လုံး ပြည့်အောင်အိပ်ထားတယ်။ အဲဒါ. . . . . ပြီးတော့ တစ်ခန်းလုံး ရှင်အနံထားတွေလည်း နံ့နေတာပဲ။ ကြမ်းခင်းကို တိုက်ချွတ်ဆေးကြောရတော့ ကုတင်အောက်မှာ အိပ်ဖို့ကျတော့လည်း. . ."

"တော်ပြီ . . တော်ပြီ ဆင်ခြေတွေရှည်းပဲ။ ကဲ. . . အဲဒါကထားပါ။ မင်းကို ငါက အသီးဖျော်ရည် ဖျော်ခိုင်းလိုက်တယ်မဟုတ်လား"

"ဖျော်ထားပါတယ်။ ရှင်မတွေ့လို့ပါ။ ရှင်ကြိုက်တဲ့အချိန်သောက်လို့ရအောင် ရေခဲသေတ္တာထဲ ထည့်ထားတယ်"

"ဩော် . . . သောက်ချင်ရင် ယူသောက်ပေါ့လေ ဟုတ်လား"

"ယူပေးဆိုလည်း အခုသွားယူပေးပါ့မယ်။ ကျွန်မက ကျွန်မကိုစိတ်ဆိုးပြီး ပြောသွားတယ် မှတ်လို့ပါ"

"တော်ပြီ . . . တော်ပြီ။ အတွန့်တက်မနေနဲ့တော့။ မင်းပြောချင်တာ ဒါပဲမဟုတ်လား"

"ကျွန်မ ဘာမှ မပြောရသေးပါဘူး"

"ဘာ . . . ဘာမှမပြောရသေးဘူး ဟုတ်လား"

ဟု သူကဆိုသောအခါ တောသူမက စာအုပ်ကြားတွင် ညှပ်ထားသော စာရွက်တစ်ရွက်ကို သူ့ထံပေးလေ၏။

"အဲဒါ ကျွန်မရဲ့ အချိန်ဇယားပါ။ ရှင် မကြိုက်တဲ့အချက်ကို ပြောပါ။ ညှိနှိုင်းလို့ရပါတယ်။ ကျွန်မကိုလည်း ရှင်ရဲ့အချိန်ဇယား ပေးထားပေါ့။ စာရွက်နဲ့မလုပ်ချင်ဘူးဆိုလည်း ပြောပါ။ ကျွန်မ လိုက်ရေးပါ့မယ်။ ခုတော့ ကျွန်မက ရှင်သောက်ဖို့ အအေးသွားယူခဲ့ပါ့မယ်" ဟုဆိုကာ ထွက်သွားသဖြင့် သူကစိတ်လွတ်ကိုယ်လွတ်ပင် ထိုစာရွက်ကိုဖြန့်ကြည့်လိုက်လေသည်။

"မနက်လေးနာရီ အိပ်ရာထ၊ ဆွမ်းချက်၊ ဆွမ်းတော်ကပ်၊ ဘုရားရှိခိုး။ အိမ်သန့်ရှင်း။ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး ရေချိုး။ ဈေးသွား။ မီးပူတိုက်၊ စာဖတ်၊ တရားထိုင်၊ အိမ်သန့်ရှင်းရေး။ ညစာချက်၊ ပန်းကန်ဆေး။ တရားထိုင်၊ ညဆယ်နာရီတွင် အိပ်ရာဝင်။ ဟွန်း . . . ဘယ်လိုမိန်းမလဲ။ မျက်မှောင်တွန့်ပြီး နေလိုက်သည်။ ရိုးရှင်းသော ထိုဖြတ်သန်းမှုကို မကြိုက်ချေ။





"ရှင် . . . ဖတ်ပြီးပြီလား" ဟုဆိုကာ အအေးခွက်ကို သူ့ရှေ့ချလာသောအခါ သူသည် တောသူမကို စေ့စေ့ကြည့်လိုက်သည်။ ထိုသို့ကြည့်တော့လည်း ရုပ်ရည်ကမဆိုးလှပေ။ ကျယ်သောနဖူးနှင့် စင်းသော နှာတံသည် မဟာဆန်ချင်သယောင်ရှိလေ၏။ မျက်လုံးများသည် ကြည်စင်ရိုးရှင်းလှသည်။ လည်တိုင်သည် ကျော့ရှင်းနေသောကြောင့် မျက်နှာသည် သန့်စင်သလိုခံစားရသည်။ တောသူမို့လားမသိ ဆံပင်က တင်ပါးအထိ အရှည်ထားထားလေသည်။ ဆံပင်သည် နီမြန်းခြင်း အလျဉ်းမရှိဘဲ သဘာဝအတိုင်း နက်မှောင်နေသဖြင့် သူ့မျက်လုံးထဲ တစ်မျိုးဖြစ်နေသည်တော့ အမှန်ပါ။

"မင်းရဲ့ အချိန်ဇယားကို ငါတစ်ခုမှ မကြိုက်ဘူး"

"ရှင် . . . ဘာဖြစ်လို့လဲ"

"လင်ကို ဘုရား။ သားကို သခင်လို ကိုးကွယ်မယ်လို့ မင်းပြောခဲ့တယ်နော်"

"ဟုတ်ကဲ့"

"ငါက မင်းနဲ့ဘာတော်သလဲ"

"ဟို . . ဟို . . . ခင် . . . ခင်ပွန်းပါ"

"ဒါဆို ငါ့ကို ကိုးကွယ်ရမှာပေါ့"

"ဟုတ်ကဲ့"

"ကိုးကွယ်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို မင်းသိပါတယ်"



Scanned by CamScanner

"ဟုတ်ကဲ့ရှင့်။ ချမှတ်ထားတဲ့ စည်းကမ်းအတိုင်းနေပါ့မယ်"

မျက်လွှာကိုချကာ ဆိုသဖြင့် သူသဘောကျကာ ပြုံးလိုက်လေသည်။ သူ့အပြုံးသည် ညစ်ကျယ်ကျယ် နိုင်လှပါသည်။

"မင်း . . . ငါ့ကို ဘာလို့လက်ထင်ခဲ့တာလဲ"

"ဘွားဘွားက လက်ထပ်ဆိုလို့ပါ"

"ဘာကိစ္စနဲ့ အဘွားစကားကို နားထောင်ရတာလဲ"

"ကျွန်မ အဘွားမဆုံးခင်က ဘွားဘွား ဒေါ်စိန်ရင်စကားကို နားထောင်ရမယ်။ ဘွားဘွားဒေါ်စိန်ရင်ရဲ့ အရိပ်ကသာ ကျွန်မကို လုံခြုံအောင်ထားနိုင်လိမ့်မယ်လို့ မှာခဲ့လို့ပါ"

"မင်း . . . အဘွားရဲ့စကားကို နားထောင်တယ်ပေါ့ ဟုတ်လား။ လူကြီးတွေစကားက မှန်တယ်လို့ မင်းထင်သလား"

"အခု အချိန်အထိတော့ တစ်ခါမှ မမှားခဲ့ဖူးသေးပါဘူး။ ဘွားဘွား ဆုံးတာ သုံးနှစ်ရှိပါပြီ။ ဒါပေမယ့် ဘွားဘွား ဒေါ်စိန်ရင်က ကျွန်မကို စောင့်ရှောက်ခဲ့တယ်"

"ဒါဆို အဘွားနဲ့မင်းနဲ့သိတာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ပါ။ ဘွားဘွားဒေါ်စိန်ရင် အရိပ်က တကယ်ပဲ ကျွန်မကိုလုံခြုံစေပါတယ်။ ဘွားဘွားက ကျွန်မကိုချစ်တယ်။ ဘွားဘွားက ထက်မြက်တယ်။ စေတနာကောင်းတယ်။ ကျွန်မအပေါ် နွေးထွေးတယ်။ ဒါကြောင့် ဘွားဘွားက ကျွန်မကို ဒုက္ခရောက်အောင် မလုပ်ဘူးလို့ ယုံကြည်တယ်"





"ဒါပေမယ့် ငါ့ကအဘွားရဲ့ စက်ရုပ်မဟုတ်ဘူး။ သွေးနဲ့သားနဲ့လူလေ။ မင်းက မိန်းကလေး။ ငါနဲ့လက်ထပ်တဲ့အရေး မင်းငါ့ကို လေ့လာခဲ့ရမှာပေါ့။ ငြင်းသင့်ငြင်းရမှာပေါ့"

"ကျွန်မ မငြင်းပါဘူး။ ရှင်က ငြင်းမယ်ဆိုရင်တော့ ကြည်ဖြူစွာလက်ခံပေးရမှာပေါ့"

သူသက်ပြင်းချမိသည်။ ငြင်းမရလို့ပေါ့။ ငြင်းလို့သာရရင် မင်းနဲ့ခုလို စကားဖိမ်ခံပြီး ပြောနေစရာအကြောင်းကို မရှိဘူးဟု တွေးပစ်မိလေသည်။

"အဘွားက မင်းကို ဒုက္ခမပေးပေမယ့် ငါက မင်းကို ဒုက္ခ ပေးနိုင်တယ်လို့ မင်းမတွေးမိဘူးလား"

"အဲဒါဆိုရင်တော့ ကျွန်မ ကံပေါ့။ ကျွန်မက အိမ်ထောင်ရေး ကံမကောင်းဘူးလို့ပဲ လက်ခံရတော့မှာပေါ့။ ဒါပေမယ့် ရှင်က ကျွန်မကိုဒုက္ခမပေးဘူးလို့ ယုံကြည်နေပါတယ်"

"ဘာလို့လဲ ဘာဖြစ်လို့ ယုံတာလဲ"

အမှန်က ကိုယ့်အပေါ် အကောင်းမြင်နေလို့ ရင်ထဲကျေနပ်မိသည်။ သို့သော် အကြောင်းမသိသေးသော ယောကျ်ားတစ်ယောက်ကိုလွယ်လွယ်နဲ့ ယုံသည့်အတွက်တော့ သဘောမတွေ့လှပေ။

"တကယ် ဒုက္ခပေးမယ့်လူက ဒုက္ခပေးမယ်လို့ ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရှင်ကတော့ ခုလိုဖွင့်ပြောတယ်"



Scanned by CamScanner

ထိုအဖြေစကားသည် ငြိမ့်ပြောင်းသော စန္ဒရားလက်သံပမာ သူ့နှလုံးသားကို ဝင်ဆောင့်သွားလေသည်။

"ပြီးတော့ ရှင်က ကျွန်မရဲ့ ခင်ပွန်းပါ။ ခင်ပွန်းအပေါ် သံသယတွေများနေရင် အဲဒီအိမ်ထောင်ရေးက ဘယ်လိုလုပ် သာယာတော့မလဲ"

"ကျွန်မ ရှင့်အပေါ် ဘာမှသံသယမရှိပါဘူး။ ရှင့်ကို ကျွန်မ ရာနှုန်းပြည့် ယုံကြည်ပါတယ်"

ယုံဖို့ဆုံးဖြတ်ထားတယ်ဟု မပြောဘဲ ယုံကြည်ပါတယ်ဟု ဆိုသဖြင့် ထိုစကားလုံးသည် သူ့အပေါ်တာဝန် ဆင့်လိုက်သလို ခံစားရသည်။ ပြီးတော့ ကျေနပ်မိသည်။ သူ့ဘဝတွင် ယုံကြည်ခြင်းခံရသည်မှာ ဒါ ပထမဆုံးဟုထင်သည်။ သူက စီးပွားရေးလုပ်ချင်သည်ဟု ပြောချိန်က ဖေဖေနှင့်မေမေသည် ဖြစ်ပါ့မလားဆိုသည့် အကြည့်နှင့် ကြည့်ခဲ့ဖူးသည်။

သူကဖြစ်ပါတယ်ဟုပြောပြီး လုပ်ငန်း Plan တွေကို စီကာ ပတ်ကုံး ရှင်းပြချိန်က ပုံပြောနေသော ကလေးကိုကြည့်နေသလို အကြည့်ခံခဲ့ရသည်။

သူက အားကျိုးမာန်တက် ဖြစ်နေသောအခါ သူ့စိတ်ဥူကို အုပ်ထိန်းရန် အဘွားကိုရှယ်ယာ အများဆုံးပေးပြီး နာယကလုပ်စေခဲ့သည်။ ထိုလုပ်ဆောင်ချက်သည် ကလေး၏အလိုကိုဖြည့်ပေးသည့် အယွင်းပြေသဘောမျိုး သက်ရောက်နေ၍ သူမကျေနပ်ခဲ့ပေ။ ထို့ကြောင့် သူဖွင့်သော စားသောက်ဆိုင်ကို စိတ်ကူးစိတ်သန်း ကောင်းကောင်းဖြင့် အောင်မြင်အောင် လုပ်ခဲ့သည်။



သို့သော် လုပ်ငန်းအတွေ့အကြုံ မရှိသည့်အတွက် အခက်အခဲမျိုးစုံ ရင်ဆိုင်ခဲ့ရသည်။ အရှုံးပေါ်ခဲ့သည်။ ယခုချိန်ထိလည်း ရှုံးနေဆဲဖြစ်၏။ သို့သော် တဖြည်းဖြည်းတက်လာသော ရောင်းအားကြောင့် ရောင်နီကိုမြင်နေရပြီ ဖြစ်သည်။ ထို့ကြောင့် အစားအစာအရသာခံသူများကိုပါ ခန့်အပ်ပြီး သုတေသနအဖွဲ့ဖွဲ့ကာ ရုံးခန်းဖွင့်ထားပြီဖြစ်သည်။ ယခုတော့ မေမေနှင့်ဖေဖေက ဖြစ်ပါ့မလားဆိုသည့် မျက်လုံးနှင့်တော့ မကြည့်တော့ပေ။ သို့သော် မေမေတို့ မျက်လုံးထဲတွင် သူ့အပေါ် ယုံကြည်မှုကို ရှာမရနိုင်သေးပေ။ မယုံကြည်၍ တောသူကို လက်မထပ်ပါက ဆိုင်ပြန်သိမ်းမည်။ နိုင်ငံခြားပညာသင် သွားရမည်ဟု ရာဇသံပေးခြင်း ဖြစ်ပေသည်။

ထိုအချက်ကို သူအခံပြင်းဆုံးဖြစ်လေသည်။ အောင်မြင်အောင် လုပ်ကြည့်ချင်သည်။ ထို့ကြောင့် အရှုံးပေါ်နေသော ဆိုင်ကိုလက်မလွှတ်နိုင်ဘဲ ဆုပ်ကိုင်ထားခြင်း ဖြစ်လေ၏။ အောင်မြင်အောင်လုပ်ပြီးမှ အပ်ဆိုလည်း ပြန်အပ်မည်ဖြစ်သည်မှာ အရှုံးမပေးလိုသည့် သူ့မာနဖြစ်လေသည်။ တစ်ခါသာ အရှုံးပေးလိုက်ပါက တစ်သက်လုံး ရှုံးရမည့် အဖြစ်မျိုးရှိလာနိုင်သည်။

ရလိုမှုကြီးစားလျှင် ပေးဆပ်မှုလည်း ကြီးမားမည့်သဘောသဘာဝကို နောကျေပြီးသားမို့ သူ့ဘဝကို တောသူထံ ရင်းနှီးလိုက်ရပြီဖြစ်၏။ သို့သော် သူမချစ်သော ထိုတောသူမကသာ သူ့ကိုစိတ်ပျက်ပြီး စွန့်ခွာသွားလျှင် အဘွားကိုအနိုင်ရမည် ဖြစ်လေသည်။

တောသူကို စိတ်ပျက်အောင်လုပ်နိုင်မည့် နည်းလမ်းသည် များစွာရှိလေသည်။ ထို့ကြောင့် ထိုတစ်ပွဲကိုတော့ အနိုင်ရလိမ့်မည်ဟု ယုံကြည်ခဲ့လေသည်။ သို့သော် လက်တွေ့တွင်မူကား မြောက်များစွာသောနည်းလမ်းများသည် ဘယ်ဆီလွင့်ကုန်မှန်း မသိပေ။ ချိတ်ချင်း

ချိတ်သာ ချိတ်လို့ရသည်ဆိုသော ဆိုရိုးသည် လွယ်လွယ်နှင့် ဆိုခဲ့သည်တော့ မဖြစ်နိုင်ပါ။ ယခု သူ့ကိုယ်တွေ့ဖြစ်နေပေပြီ။

တစ်ဖက်က ဖြောင့်လွန်းပြန်သောအခါ ကောက်ကြောင်းကို ရှာဖွေရသောသူသည် လူယုတ်မာတစ်ယောက်နီးနီး ဖြစ်ရပေသည်။ အလျော့ပေးလွန်းသူကို အနိုင်ယူခြင်းမှာလည်း ယောက်ျားမသိသသော အကြောင်းအချက်များထဲမှ တစ်ခုဟုထင်သည်။ သို့သော် စည်းမျဉ်းဘောင်အတွင်းမှာတော့ အနိုင်ယူ လိုက်ချင်ပါသည်။

"ငါကတော့ မင်းအပေါ် မယုံကြည်ဘူး"

ဟု သူက ပွင့်ပွင့်လင်းလင်း ခွန်းတုံ့ပြန်သောအခါ သူ့ကို မျက်လုံးချင်းဆုံအောင် မကြည့်တတ်သော တောသူ၏မျက်နှာသည် မော့လာသည်။ ပြီးနောက် သိမ်ငယ်သော မျက်ဝန်းလေးနှင့် ကြည့်နေရှာသည်။

ထိုမျက်လုံးက တစ်ခဏအတွင်း သူ့ကိုစကားများစွာ ပြောလိုက်ပြီးဖြစ်၏။ ထိုစကားများကို သူ့နှလုံးသားက နားလည်လိုက်သော်လည်း ဘာသာမပြန်တတ်ပေ။

"မင်းကို ငါသိလိုက်တာ တစ်လမပြည့်သေးဘူး။ မင်းမျက်နှာကိုတောင် ဒီနေ့မှ ငါကောင်းကောင်း ကြည့်ဖူးတာ။ အဲဒီအတွက် မင်းကို ငါမယုံနိုင်ဘူး"

ဟု သူကစကားရှည်ကြီးနှင့် ရှင်းလင်းသောအခါ သူ့ကို ကြည့်နေသော မျက်ဝန်းက ပြန်လည်ကျသွားပြန်သည်။

"ရှင်. . . ယုံကြည်လာတဲ့အထိ ကျွန်မ စောင့်နိုင်ပါတယ်"



ထိုစကားလုံးအရ သူ၏ ဒိဗ်ထောင်သည်ဘဝ ကြာရှည်ဦးမယ်ဆိုသည့် အဓိပ္ပာယ်မျိုး ဖော်ဆောင်နိုင်လေ၏။

"ငါက လူကို လွယ်လွယ် မယုံတတ်ဘူးနော်"

"ဟုတ်ကဲ့"

သူက မယုံဘူးဟုဆိုပါက မိန်းမမာနကို အရဲကိုးပြီး သူ့အား ရန်တွေ့လိမ့်မည်ဟု ထင်မိသည်။ သို့သော် သူပြန်ရလိုက်သည့် ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိသော မိန်းကလေးတစ်ယောက်၏ သိမ်ငယ်မှုဖြစ်သွားသည်။

"မင်း. . . ငါ့ကို ဘာပြောစရာရှိသေးသလဲ"

"အခုထိ ရှင့်ရဲ့အကြောင်းကို ကျွန်မ မသိသေးပါဘူး"

"ငါ့ အကြောင်း ဟုတ်လား"

"ရှင့်ရဲ့ အချိန်ဇယားနဲ့ ရှင့်ရဲ့အကြိုက်ပါ"

လေသံသည် အားယုတ်နေတယ်ဆိုတာ ပေါ်လွင်လှသည်။ ရှင်နဲ့ကျွန်မ နည်းနည်း ဆွေးနွေးကြရင် ကောင်းမယ်ထင်တယ်ကို နက္ခတ်ဟု ပြောခဲ့ချိန်ကနှင့် လေသံသည် ဆန့်ကျင်ဘက်ဖြစ်သွားပါပြီ။ မှန်တာပြောရလျှင် ယခုလိုသိမ်ငယ်သွားသော လေသံကို သူမကြိုက်ပေ။ မဲတင်းမဲချေ ရန်တွေ့ခံလိုက်ချင်ပါသည်။

"အကြိုက်နဲ့ အချိန်ဇယားတွေက ခဏထား။ အရေးကြီးတာက အခေါ်အဝေါ်ပဲ။ ငါက မင်းရဲ့ခင်ပွန်းပါလို့ နှုတ်ကတဖွဖွ ပြောပြီး ငါ့ကိုတရှင်ရှင်နဲ့ ခေါ်နေတာတော့ ကြားရတာ သိပ်အဆင်မပြေလှဘူး"

Book Sharing

Scanned by CamScanner

"ဟုတ်ကဲ့ ကျွန်မ ဆင်ခြင်ပါ့မယ်။ ကျွန်မ ဘယ်လိုခေါ် ရမလဲ"

"မင်းရည်းစားကို မင်းဘယ်လိုခေါ်သလဲ။ သူ့ကိုခေါ်သလို ခေါ်ပေါ့"

"ကျွန်မမှာ ရည်းစား မရှိပါဘူး"

သူပြုံးလိုက်သည်။ ထိုစကားလုံးသည် သူ့အပေါ် ပြုံစင်ကြောင်း သက်သေထူနေသလို ဖြစ်၏။ သူမယုံပါ။ ယခုခေတ် မိန်းကလေး ဒီအရွယ် ဒီလိုရုပ်မျှနဲ့ ရည်းစားမရှိဘူးဆိုတာ အဆိပ်သောက်ပြောတောင် ယုံမည်မဟုတ်ပါ။

"ရှိတယ်ဆိုလည်း ငါ့ဘာမှ ခံစားရမှာ မဟုတ်ပါဘူး။ အမှန်အတိုင်းပေါ့။ ငါတော့ရှိတယ်။ တစ်ယောက်တည်းတောင် မကဘူး။ တစ်ပြိုင်တည်း သုံးယောက်လောက်ထား ဖူးတယ်။ ပွင့်ပွင့်လင်းလင်းပြောပါ။ ဒါတွေကို ငါနားလည်ပါတယ်"

"ကျွန်မ နေ့တိုင်း ငါးပါးသီလခံယူပါတယ်။ ကျွန်မ မညာပါဘူး"

ဟု အေးဆေးစွာ ဆိုလိုက်သောအခါ သူသည် တေသူကို မယုံနိုင်စွာ စိုက်ကြည့်မိသည်။ ရည်းစားမထားဖူးသူ တစ်ယောက်ကို ဇနီးသည် အဖြစ်ပေါင်းသင်းရခြင်းအပေါ် သာယာသလိုလည်း ဖြစ်သွားမိ၏။

"ထားပါ။ ဒါက အိမ်ထောင်ရေးမှာ ကြီးမားတဲ့ ပြဿနာ မဟုတ်ပါဘူး။ ရှင်းဆိုတာကြီးကလွဲရင် တခြားဟာပြောလို့ရတယ်။ ကဲ မင်းဘာပြောစရာ ရှိသေးသလဲ"





"ခုအချိန်ထိ ရှင့်အချိန်ဇယား မသိရသေးဘူး။ ဒါကိုပဲ တစိုက်စိုက်မတ်မတ် မေးနေသော ထိုတေသူကို စိတ်အချဉ်ပေါက်ချင်လာသည်။

"ငါ့ အချိန်ဇယားကို မင်းဆီ အတိအကျပေးရအောင် မင်းက ငါ့ရဲ့အတွင်းရေးမှူးလား။ နိစ္စဓူဝ ဒါပြီးဒါ ပုံမှန်လုပ်နေရအောင် ငါက စက်ရုပ်လား။ မင်းက ငါ့မိန်းမ။ ငါ့အဖိုးအခြေကို ကြည့်ပြီး အဆင်ပြေသလိုနေပေါ့"

ဟု အော်ပစ်မိသည်။

"ဟုတ်ကဲ့ ဒါဆိုရင်လည်း ရှင်မကြိုက်တဲ့ စားစရာနဲ့ ကြိုက်တဲ့စားစရာပေး"

"ကောင်းရင် ကြိုက်တယ်။ မကောင်းရင် မကြိုက်ဘူး"

"ဟုတ်ကဲ့ ဒါဆို ကျွန်မ အကောင်းဆုံး ချက်ပြုတ်ပေးပါ့မယ်"

ဟုဆိုကာ ထွက်သွားသော မိန်းကလေးကြောင့် သူ့မှာ ဒေါသဖြစ်ရမှာလား။ စိတ်မကောင်း ဖြစ်ရမှာလား ဒွိဟကြီး ခံစားရသည်။

သို့သော် သူ့ရဲ့ ပထမဆုံးအိမ်ထောင်သည်နေ့သည် သူ့ဘဝဖြတ်သန်းမှုရဲ့ သမားရိုးကျမဟုတ်သော နေ့တစ်နေ့ ဖြစ်နေလေသည်ဆိုတာတော့ သူလက်မခံ၍ မရတော့ပေ။ နေ့တစ်နေ့ဆိုတာထက် ထူးဆန်းသော ဇနီးသည်ဆိုတာက ပို၍မှန်လိမ့်မည်ဖြစ်၏။ ထိုအခါ–

● ● ●



Scanned by CamScanner

## အခန်း(၃)

သတိ လက်လွတ်မဖြစ်သော ညမိုးသူ့ကမ္ဘာသည် တိတ်ဆိတ်ခြောက်ကပ်နေသလို ခံစားရသည်။ ညနေ(၆)နာရီမှ (၈)နာရီသို့ ရောက်ရှိရန် မိနစ်ရှုစ်ဆယ်မျှ စောင့်စားလိုက်ရသည်ဟု ထင်သည်။

ကုတင်ပေါ်လှဲအိပ်သည်။ တီဗီကြည့်သည်။ သီချင်းနားထောင်သည်။ ဂိမ်းဆော့သည်။ သို့သော် အချိန်သည် ကုန်ခဲလှပါသည်။ သူခါတိုင်း ဒီလိုအချိန်တွေမှာ ဘာလုပ်နေသလဲဟု ထိုင်စဉ်းစားမိသည်။

လက်မထပ်ခင် တစ်ရက်အလို၌ သူသည် ဒီလိုအချိန်တွင် အင်မတန် အလုပ်များသူဖြစ်၏။ တက်တူး မိုးမင်းနှင့် နေယံတို့ ကြောင့် အိမ်ကပ်တယ်ဆိုသော အချိန်ကမရှိသလောက် ရှားပါးသည်။ သူ၏ဆိုင်၌လည်း အလုပ်တွေ ရှုပ်လေသည်။ စားပိုမှုများနှင့် ဟင်းလျာအသစ်များတီထွင်သည်။ ဝန်ထမ်းများ၏ အခြေအနေကို ကြည့်ရှုသည်။ ဝင်ငွေထွက်ငွေစာရင်းကို ပြုစုသည်။ လာရောက်အားပေးသော ကာစတန်မာများ၏ အခြေအနေကို လေ့လာသည်။ ဆိုင်မှအိမ်သို့ ပြန်ရောက်ချိန်သည် ည(၁၀)နာရီထိုးခန့် ဖြစ်၏။



သီချင်းနားထောင်ဖို့ပင် အချိန်မပေးနိုင်တော့ပါဘဲ ရေချိုးပြီး တန်း၍အိပ်ရာဝင်ဖြစ်သည်က များသည်။ ထိုအချိန်က သူဘာသီချင်းတွေ နားထောင်ချင်ခဲ့ပါလိမ့် စဉ်းစားပြန်သည်။ သို့သော် အတွေးမပေါ်ချေ။ အကယ်၍ သူနားထောင်ချင်ခဲ့လျှင်လည်း ပန့်စ်သီချင်း မဟုတ်မှာ သေချာလှ၏။ ဘာကြောင့်လဲဆိုတော့ သူသည် ဆူဆူညံညံ အသံမျိုးကိုမကြိုက်သောသူ ဖြစ်သည်။ သူသည် ဖုန်းကိုကောက်ကိုင်မိပြန်သည်။

သို့သော် ဘယ်သူ့ထံဆက်ရမှန်းမသိပေ။ အင်တာနက်သုံးရန် ကွန်ပျူတာကိုဖွင့်သော်လည်း စိတ်မပါသောကြောင့် ပြန်ပိတ်လိုက်ပြန်သည်။

"ဒါ . . . ဘာဖြစ်နေတာလဲ"

ထိုမေးခွန်းမျိုးကို သူ့ကိုယ်သူ ပထမဆုံးမေးမှုခြင်း ဖြစ်လေသည်။ သို့သော် အဖြေမသိ၍ အချည်းအနှီးဖြစ်ရပြန်သည်။ ထို့ကြောင့် အခန်းပြင်သို့ ထွက်လာခဲ့ပြန်၏။

"ဘာလုပ်နေသလဲ မသိဘူး"

တိတ်ဆိတ်နေသဖြင့် စိတ်ဝင်စားမိသည်မှာ အမှန်ပင်။ ညတစ်ကြိမ် ဘုရားရှိခိုးသည်ဆိုသောအခါ ဘုရားခန်းဘက်သို့ နားစွင့်ပြန်သည်။ သို့သော် ဘာသံမှမကြားရပေ။

ဘုရားရှိခိုးလျှင် အသံပြုကြီးနှင့်ဆိုတတ်သော လူမို့ထိုသို့ တိတ်ဆိတ်နေသောအခါ ဘုရားခန်း၌ မရှိဘူးဟု ယူဆမိလေ၏။ ဘုရားခန်း၌ မရှိလျှင် အိပ်ခန်းမဟုတ်လျှင် မီးဖိုခန်း ဖြစ်လိမ့်မည်။ သို့သော် ဤအချိန်ကြီး မီးဖိုချောင်မှာ မရှိနိုင်ပါ။

Scanned by CamScanner

ဒါဆို. . . . အိပ်ခန်းပေါ့။ စကားပြောရအောင်ဟု အဖော်ညှိရအောင်လည်း သူနှင့်ထိုတောသူသည် မရင်းနှီးလှပေ။ ပြဿနာရှာရအောင်လည်း ပြဿနာကို ဘယ်လိုဖန်တီးရမှန်းမသိပေ။

အထီးကျန်လှသည်မှာ အမှန်ပင်။ အကယ်၍ ဗိန်းကလေးက ဆတ်ဆတ်ထိ မခံလေးဖြစ်ခဲ့ပါလျှင် အနည်းဆုံးတော့ ရန်ဖြစ်နေရဦးမည်ဖြစ်၏။ ယခုတော့ ပုတ်သင်ညိုနှင့် တောမိအမျိုးစပ်ထားသလားဟု ထင်ရပါသည်။

"အဟင်း. . . အဟင်း"

အခန်းတံခါးဝတွင် ရစ်သီရစ်သီလုပ်ကာ ချောင်းဆံပေးသောလည်း ငြိမ်သက်နေသဖြင့် သူစိတ်မရှည်နိုင်ပါ။ အရိုင်းသုံးပါ၊ နားမလည်တာလား။ တုံးတာလား။

"အဟင်း. . . "

နောက်တစ်ကြိမ် ချောင်းဆံပြုသော်လည်း အခန်းတံခါးက ပွင့်မလာပါချေ။ ဘာတွေများ လုပ်နေတာပါလိမ့်။ အိပ်ပြီလား။ မဖြစ်နိုင်ပါ။ စာထဲမှာတော့ ည(၁၀)နာရီမှ အိပ်ရာဝင်သည်ဟု ရေးသားထားသည်။ ယခုမှ ရှစ်နာရီရှိသေး၏။ ထို့ကြောင့် တံခါးကို နားနှင့်ကပ်ကာနားထောင်လေသည်။ သို့သော် မည်သည့်လှုပ်ရှားသံကိုမှ မကြားရချေ။

"ကိုနကွတ် ကျွန်မကိုဘာ ပြောစရာ ရှိလို့လဲ"

ဟူသောအသံထွက်ပေါ်လာသောအခါ တံခါးကိုသာ အာရုံ



ရောက်နေသောသူသည် တွန့်လိမ်သွားရလေသည်။ သူ့ခိုး လူမိသွားသည့်အဖြစ်မို့ နောက်လှည့်ကာ မကြည့်ရဲပေ။

ဗိန်းကလေးအခန်းတွင် လိုက်ချောင်းနေသည့် ပုံမျိုးတွေ့သွားသောကြောင့် သူ့ကိုနာဘူးဟု ထင်သွားမလားဆိုသည့် စိုးရိမ်စိတ်က ရင်ထဲမှာ ပျံ့နှံ့နေသည်။

"ကျွန်မကို တစ်ခုခုများ ခိုင်းမလို့လား"

ဟုဆက်၍ ထွက်ပေါ်လာသောအခါ ရုတ်တရက် ရပ်သွားသော သူ့အသက်ရှူလမ်းကြောင်းမှာ ပြန်ပွင့်သွားရလေ၏။ ဘယ်တုန်းကမှ သူ့ကို မျက်နှာချိုမသွေးခဲ့ဖူးသော်လည်း ထိုတောသူကိုတော့ မျက်နှာချိုသွေးလိုက်မိသည်။

"ဟဲ့. . . ဟဲ့. . . ဘာရယ်မဟုတ်ပါဘူး။ တစ်ယောက်တည်း ပျင်းလို့ပါ။ ဒါနဲ့ မင်းက ဘယ်သွားနေတာလဲ"

ဟုဆိုပြီးကာမှ တောသူကို ခေါင်းစခြေဆုံး မြင့်ကြည့်လိုက်မိသည်။ ယောဂီဝတ်စုံနဲ့ပါလား။

"ဘုရားဝတ်ပြုနေတာပါ"

"အသံလည်း မကြားရဘူးကော။ မင်းက မနက်ပိုင်းမှ အာပြုတာလား"

"ရှင်. . . အဲ့. . . ကိုနကွတ်နိုးအောင်လို့ တမင်ဆိုတာ မဟုတ်ပါဘူး။ ပရိတ်တော်ဆိုတော့ အသံထွက်ရွတ်ဆိုမိတာပါ။ ဒါပေမယ့် ကိုနကွတ်အတွက် အဆင်မပြေဘူးဆိုတော့ အခု အသံတိတ်ရွတ်ဖတ်တတ်အောင် ကြိုးစားနေပါတယ်။ ဒါကြောင့် အသံတိတ်နေတာပါ"

Scanned by CamScanner

ဟု ပြုပြင်ပါ့မယ်ဆိုတဲ့ အကြောင်းကို အပြောနဲ့မဟုတ်ဘဲ လက်တွေ့ သက်သေပြနေသဖြင့် သူ့မှာအားတုံ့အားနာ ဖြစ်ရပြန်သည်။ စိတ်မကောင်းလည်း ဖြစ်ရသည်။ သူလည်း ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်သည်မို့ ဘုရားရှိခိုးခြင်းကို ဝေဖန်မိခြင်းအပေါ် အပြစ်မကင်းသလို ခံစားရလေသည်။

"ငါ့ စကားကို ဒီလောက်ကြီး နားထောင်နေဖို့ မလိုပါဘူး"

"တကယ်တော့လည်း ရှင့်. . . အဲ့ . . . ကိုနကွတ် ပြောတာ မှန်ပါတယ်။ ဘုရားရှိခိုးတယ်ဆိုတာ အများကိုလည်း အနှောင်အယှက် မဖြစ်စေရဘူးလေ။ ကုသိုလ်မဖြစ်ဘဲ ငရဲဖြစ်တာပေါ့။ ကိုယ့်ဘက်က မေတ္တာအားကောင်းရင် တီးတိုးရွတ်ဆိုလည်း သူတို့တွေ ကြားနိုင်မှာပါ"

"သူတို့ ဟုတ်လား။ ဘယ်သူတွေလဲ"

"မြင်အပ် မမြင်အပ် သတ္တဝါတွေပေါ့"

နဂိုကတည်းက သရဲကြောက်တတ်သူမို့ ထိုစကားကို ကြားရသောအခါ ထိတ်လန့်သွားလေသည်။ အိမ်ထဲမှာ မည်မျှပင် လင်းစေသော်ငြား အပြင်မှာတော့ မှောင်နေပြီဖြစ်သည်။

"ဒါနဲ့ ကျွန်မကို တစ်ခုခုများ ပြောစရာရှိလို့လား"

"အင်း . . . ရှိ . . . ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ"

"ရပါပြီ။ ဘုရားရှိခိုး နေတယ်ဆိုတော့လည်း ရှိခိုးပါ။ နောက်မှပဲပြောတော့မယ်"





"ရပါတယ် ပြောပါ။ ပြီး. . . သွားပါပြီ"

"အဲ့ . . . ဘာရယ် မဟုတ်ပါဘူး။ မင်းအသံတိတ်သွားလို့ပါ။ ဘယ်ကိုထွက်သွားတာလဲလို့ သိချင်ပြီး လှမ်းခေါ်ကြည့်တာပါ။ ဘာပဲ ဖြစ်ဖြစ် အခုက ဒီအိမ်မှာ မင်းနဲ့ငါ နှစ်ယောက်တည်း မဟုတ်လား။ မင်းတစ်ခုခု ဖြစ်သွားရင် ငါ့မှာတာဝန်ရှိတယ်လေ"

"အဲဒါဆိုရင်တော့ ကိုနကွတ် ဘာမှစိတ်မပူပါနဲ့။ ခေါင်းပြား အောင်သာ အိပ်လိုက်ပါ။ ကျွန်မ ဒီရန်ကုန်မြို့ကြီးထဲ ဘယ်ကိုမှ မသွား တတ်ပါဘူး။ မနက်က ဈေးသွားဖို့တောင် ဆိုက်ကားသမားကို မေးမြန်း ပြီး အကူအညီတောင်းခဲ့ရတာပါ။ လမ်းပျောက်မှာစိုးတာနဲ့ပဲ ကျွန်မ ဘယ်ကိုမှသွားမှာ မဟုတ်ပါဘူး"

"တကယ်ပဲ မင်း. . . မသွားတတ်ဘူးလား"

ဟု သူက မယုံသင်္ကာဆက်မေးသောအခါ သူ့ရဲ့ပုတ်သင်ညို မလေးက ခေါင်းသာ ညိတ်ပြလေ၏။ သူ့ရင်ထဲ သနားမိသလို ဖြစ် သွားလေသည်။ အကြမ်းဖျင်း သူသိထားသည်က ရေဝတီသည် ရှမ်း ပြည်နယ် တောရွာလေးတစ်ရွာမှာ နေထိုင်သူလေးဖြစ်ပြီး၊ အဝေးသင် နှင့်ကျောင်းပြီးကာ ရွာ၌မူလတန်းပြ ဆရာမလေး လုပ်နေသူဖြစ်သည်။ ဒါ့အပြင် အခြားသူမသိပေ။

ဆရာမလုပ်တယ်ဆိုတော့ အစိုးရခန့်ဟု ထင်ခဲ့သော်လည်း နောက်ပိုင်းတွင် လုပ်အားပေးဝင်လုပ်သည့် စေတနာဆရာမဆိုတာ သိခဲ့ ရသည်။ သို့သော် အထင်ကြီး စိတ်ရော၊ သနားစိတ်ပါ လုံးလုံးမရှိ ခဲ့ပါ။



Scanned by CamScanner

"ရွှေတိဂုံဘုရားရော ရောက်ဖူးသလား"

"ဟင့်အင့် . . . "

နည်းနည်းတော့ ထူးဆန်းသွားလေသည်။ အဘွားက ထို တောသူကို ချစ်ပုံရသော်လည်း ဘာလို့များ ဘုရားမပို့ပေးသလဲဟု စိတ်ဝင်စားသည်။

"မင်းကို အဘွားက မပို့ပေးဘူးလား"

"အဘွားက အလုပ်များတဲ့လူလေ။ မအားလို့ ဖြစ်မှာပါ"

"သွားချင်သလား"

ဟု သူက မေးသောအခါ တောသူသည် ပြန်မဖြေဘဲ မျက်လွှာကိုချပြီး ငြိမ်နေလေ၏။ သူသဘော ပေါက်လိုက်ပါပြီ။ သွားချင်မှာပေါ့လေ။ ဘုရား တရားကို ရိုသေကိုင်းရှိုင်းသူမို့ တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေတိဂုံဘုရားလို အထင်ကရ ဘုရားမျိုး ဖူးချင်မှာအမှန်ဖြစ်လိမ့်မည်။

"သွား . . . အဝတ်အစား သွားလဲလိုက်။ ငါ . . . လိုက်ပို့ပေးမယ်"

ဟုဆိုသောအခါ သိပ်ငယ်သော မျက်ဝန်းလေးဖြင့် သူ့အား ကျေးဇူးတင်စွာ ကြည့်ပြန်သည်။

"ညကြီး သွားလို့ရရဲ့လား"

"သွားလဲလိုက်ပါ။ ဒါပေမယ့် သိပ်တော့ မကြာစေနဲ့နော်"



"ဟုတ်ကဲ့။ ကျွန်မ အမြန်ဆုံးပြန်လာပါ့မယ်"ဟုဆိုကာ အခန်းထဲဝင်သွားသဖြင့် ဝိတ်သွားသော တံခါးချပ်ကိုသာ သူအဓိပ္ပာယ်မဲ့စွာ ငေးကြည့်မိသွားလေသည်။

သူဘာဖြစ်နေတာလဲ။ သူ . . . ဘာကြောင့် ရန်သူမလေးအပေါ် သဘောကောင်း ချင်နေရတာလဲ။ သူဘာ ဖြစ်နေတာလဲ။

● ● ●

Book Sharing

Scanned by CamScanner

## အခန်း(၄)

ဆည်းလည်းသံသည် ညလေပြည်နှင့်အတူ ဘုရားရင်ပြင်ပေါ် လွင့်ပျံ့၍ နေပေသည်။ လက်အုပ်ချီကာ ဘုရားထီးတော်ကြီးကို ဖူးမျှော်နေရှာသော တောသူကို သူငေးမိသွားလေသည်။

"ဒီအတိုင်းကြီး ရပ်ကြည့်နေတာ မညောင်းဘူးလား"

"ကိုနက္ခတ်ကို ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်။ ရွှေတိဂုံဘုရားကို ကျွန်မ ဖူးရလိမ့်မယ်လို့ စိတ်ကူးတောင် မယဉ်ခဲ့မိပါဘူး။ အခုတော့ ကျွန်မ တကယ်ပဲ ရွှေတိဂုံကို ဖူးမျှော်ခွင့်ရပြီ။ ကျေးဇူးပါပဲ ကိုနက္ခတ်ရယ်"

ရင်ထဲက ဆန္ဒမှန်နှင့် ပြောနေသော စကားမို့ထင်သည် ထိုစကားလုံးများသည် သူ့ရင်ဘတ်ကို ထိခိုက်စေသည်မှာ အမှန်ပါ။

"ငါက မင်းရဲ့ခင်ပွန်းပဲ ဒီလောက်တော့ လုပ်ပေးရမှာပေါ့။ ကျေးဇူးတင်စကား မပြောပါနဲ့"





"ဒါကြောင့် အဘွားကပြောတာ ကိုနက္ခတ်က ထင်သလောက် သဘောဆိုးတဲ့လူ မဟုတ်ဘူးလို့"

သူပြုံးမိသွားလေသည်။ သို့သော် ထိုအပြုံးက တာရှည်မခံပေ။ ထင်သလောက် သဘောဆိုးတဲ့လူ မဟုတ်ဘူးဆိုတော့ သူ့ကို သဘောဆိုးတဲ့လူလို့ ထင်ခဲ့တဲ့သဘောမှာ သက်ရောက်နေ၍ ဖြစ်ပေလိမ့်မည်။

"မင်း . . . ဘာနေ့သမီးလဲ"

"ဗုဒ္ဓဟူး သမီးပါ။ ကိုနက္ခတ်ရောဟင် . . . "

"ငါက . . . စနေ"

"ဘွားဘွားရှိစဉ်ကတော့ စနေနဲ့ ဗုဒ္ဓဟူးက အိမ်ထောင်ဘက် ကောင်းလို့ပြောတာပဲ"

"ကဲ . . . ငါတို့ဘုရားကို တစ်ပတ်ပတ်ရအောင်"

"ဘုရားက အကျယ်ကြီးပဲနော်။ ကြီးလည်းကြီးတယ်။ လူတွေလည်း များတယ်။ ကျွန်မက ညဆိုဘုရားမှာ လူမရှိဘူးလို့တောင် ထင်ထားတာ"

"ခုလို လူရှိနေတော့ ဘယ်လိုခံစားရသလဲ"

"ပျော်တယ်။ ကုသိုလ်လုပ်တဲ့သူတွေများတော့ ကောင်းတာပေါ့"

"နောက်လည်း မင်းလာချင်ရင် ပြောပါ။ ငါ လိုက်ပို့ပေးမယ်"



Scanned by CamScanner

"ရပါတယ်။ ကျွန်မကြောင့် ကိုနကွတ် နားနေချိန်တွေ လျော့သွားပါ့မယ်"

"ကိုနကွတ်ဆိုတာက ငါ့ဘဝမှာ ပထမဆုံးကြားဖူးတဲ့ အခေါ်အဝေါ်ပဲ။ နားထောင်ရတာ တစ်မျိုးကြီးပဲ"

"ဒါဆို ကျွန်မ ဘယ်လိုခေါ်ရမလဲ"

"ဒီလိုပဲ သူများတွေ ခေါ်သလိုခေါ်ပေါ့"

"သူများတွေက ဘယ်လိုခေါ်ကြသလဲ"

"မင်း ရုပ်ရှင်တွေ မကြည့်ဖူးဘူးလား"

"ဟင့်အင်း . . ."

"ဗီဒီယိုတော့ ကြည့်ဖူးပါတယ်"

"အဲဒီ ဗီဒီယိုထဲက မင်းသမီးက မင်းသားကို ဘယ်လိုခေါ်သလဲ။ အဲဒီလို ခေါ်ပေါ့"

ဟု ရှက်ရှက်နှင့်ပင် ရွှေ့မျက်နှာနောက်ထားပြီး ပြောလိုက်လေသောအခါ နဂိုတည်းက ငုံ့နေသော တောသူမျက်နှာသည် မော့မလာတော့ပေ။

သူအံကြိတ် ပြုံးမိပြန်သည်။ ဘာပဲဖြစ်ဖြစ် တောသူက တစ်ချက်တစ်ချက် ရှက်သွားခြင်းကို သူ့စိတ်ထဲ သဘောတွေ့နေသလို ခံစားရလေသည်။

"ကျွန်မ သိဝ်မခေါ်ရဲဘူးထင်တယ်"





"ဘာကြောင့်လဲ"

မှင်တေတေနှင့် ပြောခြင်းဖြစ်သော်လည်း သူ့စိတ်ထဲတွင် လှုပ်ရှားနေတာ အမှန်ပါ။ အကယ်၍ တောသူကခေါ်ရင်လျှင်လည်း သူကြားရဲပါ့မလားဆိုတာ မရေရာပါ။ သူတွဲဖူးသမျှ မိန်းကလေးများနှင့် တောသူသည်မတူ ကွဲပြားလှတာမို့ ကိုကို၊ မောင်မောင် ခေါ်သံတွေက သူ့အတွက် မဆန်းသော်လည်း တောသူ နှုတ်ဖျားမှခေါ်သံကိုတော့ စိတ်ဝင်စားမိသည်။

"ဒါပေမယ့် ကျွန်မ ကြိုးစားပါ့မယ်။ ကိုနကွတ် အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံးနှစ် ပြည့်ပြီးပြီ"

"ဒါဆို ကျွန်မထက် ကြီးတာပေါ့။ ကျွန်မက နှစ်ဆယ့်သုံးနှစ်မပြည့်သေးဘူး"

"ဘယ်တော့ ပြည့်မှာလဲ"

"ဒီဇင်ဘာ ငါးရက်နေ့ပါ"

"ဒါဆို မကြာခင် မွေးနေ့ရောက်တော့မှာပဲ"

"ဟုတ်ကဲ့"

"ဘာလို့ ငါ့အသက်ကို မေးရတာလဲ"

"ကျွန်မ ကိုနကွတ်ကို ကိုကိုလို့ခေါ်ပါ့မယ်"

သူ့ . . . ပြုံးမိသွားလေသည်။ ထိုခေါ်ပုံမျိုးသည် အင်မတန်

ရှိုးတုံးသော်ငြား ကိုနကွတ်ဆိုတာထက်တော့ နည်းနည်းပို၍ နားဝင်ချိုသလားဟု ခံစားရလေသည်။

"အဝင်း . . . ခေါ်ကြည့်လေ"

"ဟို့ . . ကျွန်မ့ . . ခုတော့ နည်းနည်း ရှက်နေသေးတယ်" ဟုဆိုကာ တစ်ဖက်သို့ မျက်နှာလွှဲပြီး ရှည်သောဆံပင်ကြီးနှင့် မျက်နှာကိုကွယ်ဝှက်ရှာသည်။ သူ့ရင်ထဲ ကလိကလိ ဖြစ်သွားရလေသည်။

မလှုပ်တလှုပ်နိုင်သဖြင့် ဆွဲလှုပ်ပစ်လိုက်ချင်မိသည်။ သို့သော် ဣန္ဒြေရှင်လေးမို့ စိတ်ကိုချုပ်တည်း ထားရသည်။

"ကဲ့ . . . ငါတို့ပြန်ရအောင်လေ"

"ဟုတ်ကဲ့"

ပုတ်သင်ညိုမလေးသည် ဟုတ်ကဲ့ ဆိုသော စကားကို တွင်ကျယ်စွာ သုံးတတ်လေ၏။

"မင်းရော့ . . . ငါ့ကို တောင်းဆိုစရာ ဘာမှမရှိဘူးလား"

"ဟင့်အင်း"

မျှော်လင့်ထားသည်က ဟင့်အင်းမဟုတ်ချေ။ ကျွန်မကိုတော့ နာမ်စားခေါ်ခိုင်းပြီ။ ရှင်လည်း ကျွန်မကို နာမည်လေး အဖျားဆွတ်ခေါ်ပါလားဟု တောင်းဆိုချင်သည်။ သို့သော် ယခုတော့ သူ၏တေမိမယ်လေးက ဘာမှစေ့ဒက မတက်ချေ။

"မင်း့ . . . ဗိုက်မဆာဘူးလား"





"ကျွန်မ ညနေစာ စားထားတယ်"

"ညနေစာ စားတာပဲ ဘယ်လောက်ကြာနေပြီလဲ။ ငါတော့ ဆာပြီ"

"အိမ်ကျတော့ ကျွန်မ စီစဉ်ပေးပါ့မယ်"

"အပြင်မှာပဲ စားတော့မှာပေါ့။ တုံးလိုက်တာကွာ"

"ကျွန်မ စီစဉ်ပေးတာ အဆင်မပြေလို့လား"

သူပြန်မဖြေချေ။ ကားနားလည်း ရောက်နေပြီမို့ ကားတံခါးကိုသာ ဖွင့်ပြီး ကားပေါ်တက်လိုက်သည်။

"ငါတို့ ရှိုင်စာ သွားစားရအောင်။ ရေပ်သီးစပ်ပြီး၊ နာရည်တွေမွှန်သွားရင် လူလည်း သွက်လက်ပြီး မြူးကြွသွားတယ်"

"ကျွန်မ အစပ်မစားနိုင်ပေမယ့် ကို . . . ကိုစားတဲ့နားမှာ ကျွန်မ လိုက်စောင့်ပါ့မယ်"

လျှာခလုတ်တိုက်နေသော အခေါ်အဝေါ် အသစ်လေးသည် သူ့နားထဲ ဆန်းနေသည်။ အချိုးမကျသော နာမ်စားမို့ ထပ်ကြားချင်မိသည်။ သို့သော် ရှက်သွားမည်စိုးသောကြောင့် ထပ်ခေါ်ဦးဟု မတောင်းဆိုရက်ပေ။

ထို့ကြောင့်ပင် ထိုခေါ်သံ ထပ်ကြားဖို့အရေး သူကာ . . ကား များများ ပြောရတော့မည်ဖြစ်သည်။

"ငါ့ . . တစ်ယောက်တည်းတော့ မစားပါဘူး။ မင်းကိုလည်း ကျွေးမှာပါ။ ငါတစ်ယောက်တည်း စားရင် မျက်ဆင်ဖူးပေါက်မှာပေါ့"



Scanned by CamScanner

သူက နောက်ပြောင်လေသောအခါ တောသူသည် ပါးချိုင့်လေးခွက်ဝင်အောင် ပြုံးပြန်သည်။

''ကျွန်မက ညကြီးအချိန်မတော် စားစမရှိလို့ပါ''

''မင်း . . . မစားတော့ဘူးဆိုမှတော့ ငါလည်း မစားတော့ဘူးလေ။ ဗိုက်ပဲ တန်းပြန်ကြတာပေါ့''

''ဒါဆို ကိုကို့ . . . ဆာနေမှာပေါ့။ စားပါ ကျွန်မလည်း နည်းနည်းတော့ ကူစားပေးပါ့မယ်''

ရင်ထဲ ဝိတ်လိုင်းတံပိုးလေး ရိုက်ခတ်သွားသည်မှာ အမှန်ပါ။

''မဆိုးဘူးနော်။ ပျော်လို့ကောင်းတယ်။ ငါတို့ညတိုင်း ခုလို အပြင်ထွက်ကြရင် မကောင်းဘူးလား''

''ကိုကို ထွက်ရင်တော့ ကျွန်မ နောက်က လိုက်ပါ့မယ်''

''မင်းရော မပျော်ဘူးလား''

''ကိုကိုနဲ့ ရင်းနှီးခွင့်ရလို့တော့ ကောင်းတယ်လို့ ဆိုရမှာပဲ''

သနားသလို ခံစားရသည်။ ယခုနေချိန် သူသာကားမောင်းမနေ ဆိုပါက တောသူရဲ့မျက်နှာကို အားပါးတရ ငေးကြည့်လိုက်ချင်မိပါသည်။

''ကဲ . . . . ရောက်ပြီ''

''မြန်တယ်နော် ခဏလေးပဲ''



''ညမို့ပါ။ နေ့ခင်းဘက်ဆိုရင်တော့ တစ်နာရီလောက် မောင်းရတယ်''

ဟုပြောကာ ခါးပတ်ကြိုးကိုဖြုတ်ပြီး ကားပေါ်မှဆင်းလိုက်လေသည်။

''ဆိုင်က လူအများကြီးပဲနော်။ မသိရင် အလကား ကျွေးနေသလားလို့တောင် ထင်ရတယ်''

''ရှိုင်စာမှာ မင်းလမ်းမုန့်တီဆိုတာ နာမည်ကြီးပဲလေ။ ကဲ လာ . . . အထဲဝင်ရအောင်''

လှုရှုပ်နေသောကြောင့် သူသည် တောသူလက်ကို မသိမသာ ဆွဲလိုက်သည်။ သို့သော် ဘယ်ဘက်ရင်အုံသည် နွေးခနဲ ခံစားလိုက်ရလေသည်။ သူဘာဖြစ်သွားတာလဲ။ မိန်းကလေး တစ်ယောက်၏ လက်ကိုကိုင်ခြင်းနှင့် ပါးကိုနမ်းခြင်းမှာ သူ့အတွက် အဆန်းမဟုတ်တော့ပေ။

သို့သော် ယခုတော့ သူဘာဖြစ်နေတာလဲ။ တစ်ကိုယ်လုံးလည်း ဓာတ်လိုက်ခံထားရသလို တဆတ်ဆတ် တုန်ယင်၍ နေလေသည်။

''လူတွေ ပြည့်နေတာပဲနော်။ ထိုင်စရာ စားပွဲလွတ်ရော ရှိရဲ့လား''

ဟု တောသူက ဆိုတော့မှ ဆိုင်ထဲသို့ သူမျက်လုံးဝေ့ကြည့်မိသွားသည်။ မှန်ပေသားပဲ။ စားပွဲလွတ် မရှိပေ။ ဒီလောက်လျှင်တဲ့ လူက ဘာလို့များ ဆိုင်ထဲမျက်လုံး ဝေ့မကြည့်မိပါလိမ့်။

"ဟောကောင်း . . နက္ခတ် . . နက္ခတ် . . "

မထင်မှတ်ဘဲ ဝိမိနာမည်ကို ခေါ်သံကြားလိုက်ရ၏။ သူလှည့်ကြည့်လိုက်သောအခါ တက်တူး၊ မိုးမင်းနှင့် နေယံတို့ကို သုံးယောက်ပူးကြီးတွေ့လိုက်ရလေသည်။ သူ ဒေါသဖြစ်သွားသည်။

သူဖုန်းဆက်ချိန်ကတော့ နယ်ရောက်နေတာနှင့် အစည်းအဝေးလုပ်သူနှင့် မအားသူနှင့်။ ခုတော့လည်း အချိန်တွေ သိပ်ပေါ်နေကြပါလား။

"ဟောကောင်လာလေ . . . "

ဟုဆိုသဖြင့် ထိုင်စရာမရှိသော အခြေအနေတွင် ရွေးချယ်စရာကများများမရှိ၍ မိုးမင်းတို့ စားပွဲမှာသာ ဝင်ထိုင်လိုက်ရပေသည်။ သို့သော် တက်တူးဆိုသော ကောင်က သိပ်စည်းကမ်းမရှိလှသူမို့ တောသူကို သူ့ဘေးကပ်လျက်သာ နေရာချပေး၏။

"ဘယ်လို ဖြစ်ရတာလဲ နယ်ရောက်နေတယ်ဆို"

"ပဲခူးပါကွာ၊ ငါတို့အဘွားကို ဘုရားဖူးလိုက်ပို့နေတာ"

"တော်တယ်။ သစ္စာရှိတဲ့ကောင်တွေ။ ငါ့ကိုတော့ ဖုန်းဆက်ဖော် မရဘူး"

"မင်းအဘွားက မင်းရဲ့မဟာလာဦး ကာလကို မနှောင့်ယှက်ဖို့ တားမြစ်ထားလို့ပါကွာ ဆောရီး။ ဒါနဲ့ မင်းတို့စုံတွဲက . . . "

"ငါတို့ ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ အားလုံး မင်းတို့ကို အစီရင်ခံနေရဦးမှာလား"



Book Sharing



"ဟာကွာ ကိုယ့်လူရာ။ ဖြည်းဖြည်းပေါ့။ ဒေါသချည်းပဲ။ ကဲပါ မင်းရဲ့ အသစ်ကျပ်ချွတ်လေးနဲ့ ငါတို့ကို မိတ်ဆက်ပေးပါဦး"

အမှန်က ထိုသုံးယောက်နှင့် တောသူကို မိတ်ဆက်ပေးချင်စိတ်မရှိချေ။ သို့သော် ကြောင်စီစီနှင့် ပြူးကြောင်ကြောင်လေး ကြည့်နေရှာသော ရေဝတီ၊ ဒါ့ထက် ခပ်ကြောင်ကြောင် မဖြစ်စေရန် မိတ်ဆက်ပေးရလိမ့်မည် ဖြစ်၏။

"မင်းတို့တော့ သူ့ကိုသိပြီးသား မဟုတ်လား။ ကဲ . . ရေဝတီ သူက အောင်ကောင်းကျော်တဲ့ ငါ . . . အဲ . . . ကိုယ်ကတော့ သူ့ကို တက်တူးလို့ခေါ်တယ်။ သူက မိုးမင်း။ သူက နေယံ"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်ရှင်"

"ငါတို့လည်း ဝမ်းသာပါတယ်။ အဲ . . . ခုလိုမြင်တော့လည်း တစ်မျိုးပဲနော်"

"ဟုတ်တယ် မိတ်ကပ်တွေ လိမ်းထားတဲ့ မျက်နှာတွေထက် ခုပုံက ပိုချောသလိုပဲ"

"အားတော်ကျလာပြီ။ ဟေ့ကောင် နက္ခတ် မင်းကံကောင်းတယ်။ ငါတို့လည်း မင်းအဘွားကို ကစ်ပေါင်းရမလားမသိဘူး"

"ဟေ့ကောင်တွေ စကားပြောတာ ဆင်ခြင်နော်။ သိပ်ကြည်တာမဟုတ်ဘူး"

"မင်းကလည်း ဆိုတာကွာ။ မျက်နှာပ်တိုင် တက်ပြမနေပါနဲ့။ မင်းပျော့ညံ့မှုန်း ငါတို့အားလုံး သိပါတယ်။ ဟဲ့ . . . ဟဲ့ . . ဘယ်လိုလဲ၊ မဟာလာဦးက ပျော်စရာကောင်းရဲ့လား"



Scanned by CamScanner

ဟု တက်တူးက အဓိပ္ပာယ်ပါပါ အပြုံးနှင့် ရေဝတီကို ငေး စိုက်ကြည့်လေသောအခါ ရေဝတီထက် သူကပါ ရှက်သွားလေသည်။ စိုးလည်း စိုးရိမ်မိ၏။

တက်တူး ဆိုတဲ့ကောင်က ပါးစပ်ပေါ့တာ ခြေလက်ဖော်ပါ လျှိုသာ ရှင်းမှာ ရှက်လျှင် ပိုဖော်လာမည့် လူမျိုးဖြစ်၏။

''ဘယ်လိုလဲကွ။ ငါ့ကောင်ကြီး လူမျိုးဘဝ စွန့်ရတာ တန်ရဲ့ လားကွ''

''ဟော့ကောင်တွေ ဘာတွေလာပြောနေတာလဲ''

''ရှက်မနေပါနဲ့ကွာ။ အချင်းချင်းတွေပဲ မနေ့က မင်းကိုငါတို့ ရဲဆေးတင်ပေးလိုက်တယ်ဆိုရုံလေး တိုက်လိုက်တာပါကွ''

''ဟာ့ .. ဒီကောင်တွေ . . ရေဝတီ . . . သွားတော့၊ ကား နားမှာသွားနေ့ . . . ကိုယ်လိုက်လာခဲ့မယ်။ ကားနားကနေ ဘယ်မှ မသွားနဲ့နော်''

''ဟုတ် . . ''

ရေဝတီလည်း ရှက်နေသည့် ထင်ပါရဲ့။ သူ့အမိန့်ရသည်နှင့် တစ်ပြိုင်နက် ထပြေးလေတော့သည်။

''မင်းတို့တွေက ဘာတွေလျှောက်ပြောနေတာလဲ ဟိုမှာ ရှက်သွားပြီ . . ''

''တစ်ဖက်လူ ရှက်သွားမယ်၊ မရှက်သွားဘူးဆိုတာ မင်းဘယ် တုန်းက စိတ်ဝင်စားဖူးလို့လဲ''





''နက္ခတ် . . . နက္ခတ် မင်းတော့ ညိုသွားပြီထင်တယ်''

''ညိုရင်လည်း ညိုရမှာပဲကွာ။ ပုံစံလေးကြည့်ပါလား။ အဆန်း လေး . . . မင်းမိန်းမကို အဲဒီလိုလေး လုမယ်လို့ လုံးဝမထင်မိဘူး''

''ဟော့ကောင်တွေ မင်းဘာစကားပြောတာလဲ''

''မတိုပါနဲ့ကွာ။ မင်းပိုင်ပစ္စည်းမှန်း ငါတို့သိပါတယ်''

''ငါ့အထင် ပြောရရင်တော့ နက္ခတ် . . . မင်းနဲ့အဲဒီ မိန်းကလေး က ဘာမှမဘာရသေးဘူး မဟုတ်လား''

''ငါ့အထင် မှန်နေပြီနဲ့တူတယ်။ ဟိုကလည်း ရှက်သွား တာများ အမျိုးရှုံးပဲ။ ဒီကောင်ကလည်း ရေမကူးတတ်တဲ့ နွားကြီးလိုပဲ။ ဟော့ကောင် မင်းတကယ် မဘာရသေးဘူးလား။ မှန်မှန်ပြော''

''ကျွတ် . . . ဒီကောင်တွေ ပြဿနာပဲ။ တော်ပြီကွာ သွား တော့မယ်''

''ဟာ့ . . . . ဟော့ကောင် တားမသွားတော့ဘူးလား''

''မတားဘူးကွာ''

''ရပါတယ်၊ တားပွဲပေါ်က ဟာတော့ မစားချင်နေပါ။ ဒါပေမယ့် ကျန်တဲ့ဟာတော့ စားမှဖြစ်မယ်။ လက်နှေးလို့ မစားဘဲနေရင် ဝေ်သွား လိမ့်မယ်။ ဟော့ကောင် . . . ကြားတယ်နော်''

တက်တူးသည် သူကြားအောင် အော်ပြောနေသေး၍ သူသည် ရှက်ရှက်နှင့်ပင် ပြုံးမိပြန်သည်။ ပြုံးစိစိနှင့်ပင် ကားလမ်းဖြတ်ကူးခဲ့ရာ

တစ်ဖက်လမ်းတွင် ရပ်ထားသော သူ၏ကားဘေးတွင် သူ၏တောသူကိုရပ်လျက်သား တွေ့ရလေ၏။

"ကိုကို တစ်ခုခု စားခဲ့ရဲ့လား"

"အစားအသောက်က အရေးမကြီးပါဘူး။ ကားပေါ်တက် အိမ်ပြန်မယ်"

ဟုဆိုကာ ကားပေါ်သို့ သူကဦးဆောင်ပြီး တက်သောအခါ သူ၏တောသူပါ တက်လာပြန်သည်။

"သူတို့က နည်းနည်းပျော်တတ်လို့ပါ။ ဒါပေမယ့် လူပေါ့တော့ မဟုတ်ဘူး"

"ကိုကို့ သူငယ်ချင်းတွေကို ကျွန်မက လူပေါ့လို့ မထင်ပါဘူး။ ကျွန်မက အားလုံး နားလည်တာမို့ ရပါတယ်"

မင်းအားလုံး နားလည်နေတာ မဟုတ်ဘူး ရေဝတီ။ မင်းက ရှက်နေတာကို ဖုံးကွယ်ချင်လို့ သိမ်းကျုံးပြီး နားလည်ချင်ယောင်ဆောင်လိုက်တာပါ။

"ကိုကို ဗိုက်ဆာနေရင် ကျွန်မ အိမ်ကျတော့ တစ်ခုခု စီစဉ်ပေးပါ့မယ်"

"ကောင်းတာပေါ့"

အမှန်က သူဗိုက်မဆာပေ။ သို့သော် တောသူ ၏ စိတ်ရှည်မှုကိုတော့ သိချင်သည်။ ပြီးနောက် အချိန်ခဏအတွင်း ဘာတွေစီစဉ်မလဲဆိုတာလည်း သိချင်လှ၏။



သို့သော် သပ်းဝေနေသော တောသူကိုကြည့်ပြီး အားနာသလိုတော့ရှိလာသည်။ မီးပွိုင့်မိမိုန် လှမ်းပြီးကြည့်မိသောအခါ သင်းချင်စိတ်ကိုထိန်းနေပုံရသည့် တောသူ၏အခြေအနေကို သူမြင်ရလေသည်။

ထို့ကြောင့် မတ်နေသော ကူရှင်ကို အနည်းငယ်စောင်းပေးလိုက်လေ၏။ ပြီးနောက် အဲယားကွန်းကိုပိတ်ကာ မှန်ကိုချလိုက်သည်။ ထိုအခါ တောသူသည် ကူရှင်ကိုမှီပြီး မှိန်းလေသည်။

သူပြုံးမိသည်။ ကုန်ဆွဲရှင်လေး အိပ်ပျော်တော့မည်ထင်ပါရဲ့။ နာရီကို မသိမသာကြည့်လိုက်သောအခါ ဆယ်နာရီခွဲနေပြီ ဖြစ်၏။ ပုံမှန် ဆယ်နာရီအိပ်တတ်သော မျက်ခွံကအချိန်ကို လေးစားလိုက်နာပြီထင်ပါရဲ့။ ကူရှင်ပေါ် မသိမသာ မှီကျသွားသော တောသူကြောင့် သူက ကားကိုအရှိန်လျှော့ပြီး ညင်ညင်သာသာမောင်းလေသည်။ သို့သော် ကားလမ်းရှင်းနေသောကြောင့် အချိန်မကြာဘဲ အိမ်သို့ပြန်ရောက်လေ၏။

ဒီတစ်ကြိမ်တော့ အိမ်တံခါးကို ကိုယ့်ဘာသာ သော့ဖွင့်ပြီး ဝင်ရတော့လည်း စိတ်မတိုမိတော့ပေ။ တံခါးချပ်သည် သံထည်မို့ တွန်းဖွင့်ချိန်တွင် အသံဆူညံလှသည်။ ထို့ကြောင့် တောသူနိုးသွားမည်စိုး၍ အသာအယာ လက်ကလေးနှင့်ဖိပြီး တွန်းလိုက်သည်။

ဘယ်လောက်တောင်များ အိပ်ချင်နေသည် မသိပါ။ တောသူသည် ကူရှင်ကို အိပ်ရာအမှတ်နှင့် အိပ်နေလေ၏။ အိပ်မောကျနေပြီဆိုတာ သိသာသော်လည်း အသက်ရှူနှုန်းမမြန်သော တောသူကို သူ ကားမီးဖွင့်ကာ ငေးကြည့်မိလေ၏။

လှတော့ အတော်လှနိုင်တဲ့ အမျိုးသမီးဖြစ်သည်။ နှုတ်ခမ်းသည် အက်ကြောင်းရာမရှိ ပကတိ ဖူးနုနေလေ၏။ အိပ်စက်နေပုံလေးမှာ ပီဘိကလေးတစ်ယောက်နှယ် အပြစ်ကင်းစင်လှသည်။ ရှင်မတောင်သနပ်ခါးကို ပါးပေါ်တွင်ဖွဲဖွဲလေး လူးထားသောကြောင့် သနပ်ခါးနံ့လေး သင်းသင်းသည် လွင့်ပျံ့၍နေလေသည်။

ကွေးညွတ်ပြီး တစ်ကြောင်းတည်း မို့တက်နေသော မျက်ခုံးနှစ်သွယ်မှာ မျက်ခွံထက်၌ သပ်သပ်ရပ်ရပ်ရှိနေလေသည်။ အမှုအပိန့်အပြစ်အနာအဆာ မရှိသော ပါးပြင်လေးသည် မီးရောင်အောက်၌ဝင်းပြောင်၍နေလေ၏။ နဖူးပြင်သို့ သွယ်ဆင်းနေသော ဆံစနလေးများသည် မျက်နှာပြင်ချောချောတစ်လျှောက် ယိမ်းထိုးနေသောအခါ သူသည် ထိုဆံနုကလေးများကို မျက်နှာမှ ဖယ်ရှားပေးမိလေ၏။

သူ. . . ရင်ခုန်သွားမိသည်။ သူဘာတွေ လုပ်နေမိတာလဲ။ ဘာကြောင့် ငေးမိတာလဲ။ ဘာကိစ္စနဲ့ သူ့နှုတ်ခမ်းတွေက မြူးနေရတာလဲ။ ဘာဖြစ်နေတာလဲ။ ဘာလို့ရင်ထဲ အထူးကြည်လင်နေရတာလဲ။ တစ်ခဏအတွင်း သူ့ကိုယ်သူ မေးခွန်းများစွာ မေးမိသောအခါ သူ့အကြည့်ကို ချက်ခြင်းလမ်းလွှဲပစ်သည်။ သူ . . ဒီတောသူအပေါ် သာယာသွား၍မဖြစ်ပါ။ ပြဿနာ အမျိုးမျိုးရှာရမည်ဖြစ်၏။ သူ၏ပစ်မှတ်က အဘွားဖြစ်သည်။ အဘွားကို ချုပ်နှောင်နိုင်မှသည် သူနှင့်တောသူ ပြဿနာတက်ပြီး တောသူ သူ့ကိုစိတ်ကုန်သွားမှဖြစ်မည်။

ကိုင်းညွတ်ချင်နေသော သူ့စိတ်ကို ပြန်လည်စုစည်းလိုက်လေသည်။ ထိုအခါ ကားဟွန်းသံရှည်ကြီးကို တီးပစ်မိ၏။

"ဟင်. . . အိပ်ရောက်လာပြီလား။ ကန်တော့နော် ကျွန်မ မေးခနဲ အိပ်ပျော်သွားတယ်"





ဟုဆိုကာ ကားပေါ်မှဆင်းပြီး အိပ်တံခါးကို သော့ဖွင့်နေသော တောသူကို သူကဆင်ဝင်အောက်မှ ရပ်ကြည့်နေမိလေသည်။

"အကျီလဲပြီး မီးဖိုခန်းထဲ လာခဲ့မယ်နော်"

ဟု သူ့ကိုလှည့်ကြည့်ပြီးပြောကာ အိပ်ထဲဝင်သွားသဖြင့် သူ့မှာအားနာသွားမိသည်။ မလုပ်နဲ့တော့. . . ငါ ဗိုက်မဆာဘူးဟု နှုတ်မှ ပြောမထွက်ချေ။ ပြောလည်း မပြောချင်ပေ။

တာဝန်အရ နည်းနည်းတော့ ဒုက္ခပေးရမည် မဟုတ်ပါ လား။ အိပ်ပျော်နေသူကို နိုးကာ စားစရာလုပ်ခိုင်းရသည့်အတွက်တော့ နောက်ကျောမလုံပါ။ ဒါ့ထက် တောသူက အိပ်ချင်နေမှန်း သူသိနေသည်။ သူ့အပြုအမူက သက်သက်ညှင်းဆဲရာ ရောက်နေပြီဖြစ်၏။

လိပ်ပြာမလုံပေမယ့် မျက်နှာပြောင်တိုက်ရမည့် အခြေအနေမို့ ခပ်တည်တည်ပင် အဝတ်အစားလဲကာ ဆင်းသွားသောအခါ ချက်ပြုတ်နေသော တောသူကို တွေ့ရလေ၏။

"ခဏလေးနော်. . . ပြီးတော့မယ်"

ဟုဆိုကာ ဒေစင်ကိုပြေးလိုက်၊ အိုးကိုမွှေလိုက် လုပ်နေသဖြင့် ဘာများလုပ်နေသလဲဟု စိတ်ဝင်စားမိသည်။ နဂိုကတည်းက အစားအသောက်များအပေါ် ရူးသွပ်သူမို့ မွှေးကြိုင်သော အနံ့ထွက်လာသောအခါ မစပ်စုဘဲ မနေနိုင်တော့ချေ။

ထို့ကြောင့် ထိုင်နေရာမှ ထရပ်ပြီး တောသူချက်ပြုတ်နေသော နေရာသို့ ရွေခနဲရောက်ရှိသွားသည်။



Scanned by CamScanner

''ဘာလဲ . . အဲဒါ ဘာကြီးလဲ''

''လက်လုပ်ခေါက်ဆွဲပါ။ ညဆိုတော့ အဆာပြေ။ ဒါလေး သင့်တော်မလားလို့ပါ''

ဟုဆိုပြီး မီးခလုတ်ကိုပိတ်ပြီး အိုးထဲမှ ဟင်းရည်ကို ပန်းကန်ထဲ ရှိခေါက်ဆွဲပေါ်သို့ လောင်းချလေသည်။ ထိုအခါ မွှေးရနံ့သည် တစ်ခန်းလုံး လွှင့်ပျံ့သွားလေ၏။ တေသူသည် ထိုခေါက်ဆွဲကို စားပွဲပေါ် တင်ပေးလေသည်။

''ရော့ . . စားလို့ရပြီ''

ဟုဆိုပြီး သူ့ကို ပန်းကန်လုံး နှုတ်ခမ်းပေါ်တင်ပေးသဖြင့် သူက အချိန်ဆိုင်းမနေတော့ဘဲ စားလိုက်၏။ ထိုအရသာကို သူနှစ်သက်သွားလေသည်။

''နေဦး။ ကျွန်မ မှန်ညင်းချဉ် ထည့်ပေးမယ်''

ဟုဆိုပြီး ရေခဲသေတ္တာထဲမှ တစ်စုံတစ်ခုကို ထုတ်ပြန်သည်။ ပြီးနောက် ပန်းကန်ငယ်လေး သူ့ရှေ့ရောက်ရှိလာ၏။

''ဒါကို ဒါနဲ့ရောစားရတာလား''

''အဲ့ဒီပြေအောင်ပေါ့''

ဟုဆိုသဖြင့် သူက မှန်ညင်းချဉ်ဆိုသော အရာကိုတူနှင့် ညှပ်ကာ စားလိုက်ပြန်၏။ ချဉ်ပြုံးပြုံး အရသာမို့ ခေါက်ဆွဲနှင့်လိုက်ဖက်သည်ဟု ထင်သည်။



''ဒါကို ဘယ်လိုချက်ထားတာလဲ။ ဂျုံလား။ ဆန်လား''

''ဆန်ပါ။ ဆန်ကိုနေ့လည်က အချဉ်ဖောက်ထားတာ။ အမှန်က မနက်မှ လုပ်စားဖို့ပါ။ ဒါပေမယ့် အခုက ကြာရာမရလို့ လတ်တလော လုပ်လိုက်ရတာ။ ဆန်က အချဉ်မပေါက်သေးရဲ့လား''

''ကောင်းပါတယ်''

သူက ရုတ်တရက် မှသားလွှတ်ပြောလိုက်သောအခါ ပြုံးသွားသော တေသူနှုတ်ခမ်းလေးသည် လှလွန်း၍ စားလက်စ ခေါက်ဆွဲပင် သီးသွားလေသည်။

''အဟွတ် . . အဟွတ်''

ထိုအခါ တေသူသည် ရေဗူးထဲမှရေကို ဖန်ခွက်ထဲငှဲ့ကာ သူ့ထံပေးလေ၏။

''ဖြည်းဖြည်းစားပါ။ သူက ရှေတ်သီးပါတော့ သီးသွားရင် ခံရခက်တယ်''

သဘောရိုးနှင့် ပြောလေသောအခါ နှုတ်မလုံသော သူသည် စိတ်ထဲ မရိုးမရွ ခံစားရလေသည်။ သို့သော် တေသူပေးတဲ့ရေကို တစ်ကျိုက်ထဲ မော့သောက်မိ၏။

''အိပ်ချင်ရင် သွားအိပ်တော့လေ''

''ရပါတယ်။ အားလုံးသိမ်းပြီးမှ သွားအိပ်တော့မယ်။ ဒါပေမယ့် အရမ်းလည်း မအိပ်ချင်တော့ပါဘူး။ အိပ်ရေး ဝနေသလို ခံစားရတယ်''

"ငါ့ကြောင့် အိပ်ရေးပျက်သွားတဲ့အတွက် စိတ်မကောင်းပါဘူး"

"အို . . . မဟုတ်တာပဲ။ ကိုကို့ကြောင့် ကျွန်မ ရွှေတိဂုံလည်း ဖူးရတယ်။ အဲဒီလို စားသောက်ဆိုင်လည်း ရောက်ဖူးခဲ့တယ်"

ဟုဆိုသောအခါ သူ့ရင်ထဲ ကရုဏာတို့သည် အပြေးအလွှား နေရာယူလာပြန်သည်။ စားသောက်ဆိုင်လည်း ရောက်ဖူးခဲ့တယ် ဆိုပါလား။ တောသူက စားသောက်ဆိုင်ရောက်ဖူးခဲ့သည်ဆိုသည် သူကတော့ တောသူကို ဘာမုန့်မှ မကျွေးခဲ့ရချေ။ တစ်နေ့နေ့တော့ သူ့ဆိုင်ကို တောသူကိုခေါ်သွားရမည်ဟု ရင်ထဲဝေးမှတ်မိသည်။

သို့သော် ထိုတစ်နေ့နေ့ဆိုတာမျိုးကြီးကို အပြစ်မခံနိုင်ပါ။ တစ်နေ့နေ့တော့ အခွင့်အရေးပေးရင် ကွာရှင်းမှာပဲ။ ဘာလို့ သူ့အလုပ် နေရာကို အရေးတယူ ခေါ်ရမှာလဲ . . . ။

"ပြီးတော့ ကိုကို့ သူငယ်ချင်းတွေနဲ့လည်း သိခွင့်ရတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်မက ကိုကို့ ပတ်ဝန်းကျင်မှာ ဝင်ဆံ့လိမ့် မယ်မထင်ခဲ့ပါဘူး။ ပြီးတော့ ကိုကိုက ကျွန်မကို နေရာပေးလိမ့်မယ် လို့လည်း မမျှော်လင့်ခဲ့ဘူး"

မျက်လွှာလေးချကာ ပြောနေသော အသံနိမ့်နိမ့်လေးကြောင့် တူကိုင်ထားသော သူ့လက်များပင် တုန်ယင်သွားရသည်။

"ငါက ထင်သလောက် ဆိုးတဲ့လူလည်း မဟုတ်ပါဘူး။ ငါ့ သူငယ်ချင်းတွေကလည်း မင်းထင်သလို ကောင်းတဲ့လူမျိုး မဟုတ်ဘူး။ မင်းကို စလှတ်ကြတာ ကြည့်ပါလား။ ငါက မင်းကိုတောင် နည်းနည်း အားနာမိသေးတယ်"



"ကျွန်မက ကိုကို့ ဇနီးပါ။ အဲဒီလို အားမနာပါနဲ့ ရပါတယ်"

"သိမ်းလိုက်တော့ ငါဝပြီ"

"မနက်ကျရင်ရော ဒီလိုခေါက်ဆွဲမျိုး စားမလား"

"အင်း . . . စားနိုင်ပါတယ်" ဟုဆိုကာ ထိုင်ရာမှ ထလိုက်၏။ ထမင်းစားခန်းမှ ထွက်လာဟန်ပြုပြီး နောက်သို့လှည့်ကြည့်မိပြန်သည်။

"ဟိုအခန်းထဲမှာ အိပ်ရင်လည်း အိပ်လေ။ မင်း အခုနေတဲ့ အခန်းက အဲယားကွန်း သိပ်မကောင်းဘူး"

ဟုဆိုသောအခါ သိမ်းဆည်းနေသော တောသူလက်သည် လေထဲ၌ ရပ်တန့်သွားလေ၏။ ပြီးနောက် သူ့ကိုပြုံးကြောင်ကြောင် လေး စိုက်ကြည့်နေလေသည်။

ထိုအကြည့်ကြောင့် သူ့စကားမှားသွားပြီဆိုတာကို ရိပ်မိ လိုက်သည်။ အမှန်က သူသည် စေတနာနှင့် ဆိုခြင်းသာဖြစ်၏။

အဲယားကွန်းမပါလျှင် အိပ်မပျော်တတ်သော သူ့အကျင့်နှင့် တောသူအကျင့်သည် ထပ်တူကျမည်ဟု ထင်မှတ်၍ ပြောလိုက်ခြင်း ဖြစ်သည်။ တောသူကတော့ မင်္ဂလာအခန်းထဲမှာအိပ်ပြီး သူကတော့ ဧည့်ခန်းရှိ အဲယားကွန်းအောက်မှာ အိပ်လည်း ပြဿနာမရှိဘူးဟု တွေးမိသောကြောင့် ဖြစ်သည်။

သို့သော် တိုတိုတိစကားကြောင့် တောသူကို သူနှင့်အတူ လာအိပ်စေရန် ပြောနေသယောင် ရှိလေ၏။ မှားသွားမိသည့် စကား အသုံးအနှုန်းကို ရှင်းလင်းချင်သော်လည်း စကားစသည် ဘဲဥအစ ရှာ မရသယောင် ပျောက်ဆုံးနေလေ၏။

Book Sharing

Scanned by CamScanner

"ကျွန်မ အဲယားကွန်း အံရမ်းအေးရင် နှာစေးတယ်"

ဟုဆိုတော့မှ ခေတ္တစကားရပ်သွားသော အသက်ရှူနှုန်းကို ပူးခနဲ မှုတ်ထုတ်လိုက်မိသည်။

"သြော်. . . . . အင်း. . . ကောင်းပါတယ်၊ ကောင်းတယ်၊ ဒါဆို ရင်တော့လည်း ကောင်းတာပေါ့၊ ဟဲ့. . . ဟဲ့. . . ငါကတော့ ပူရင်မအိပ် တတ်ဘူး။ ကောင်းပါတယ်။ အဲဒီအခန်းက အေးတော့ တစ်ယောက် တည်း ကုတင်ကျယ်ကြီးမှာ လွတ်လွတ်လပ်လပ် အိပ်ရတာပေါ့"

ဟု ပါးစပ်ကတွေ့ကရာပြောပြီး ခပ်သွက်သွက် ပြောထွက်လာ မိတော့သည်။ သေလိုက်စမ်း နကွတ်. . . မင်း. . . ဘယ်လိုကောင်လဲ။ သေလိုက်စမ်း။ သေလိုက်. . . သေလိုက်။

ကိုယ့်နဖူးကို ကိုယ်အကြိမ်ကြိမ် ရိုက်မိသော်လည်း ရှက်စိတ် တို့က မပြယ်နိုင်ဖြစ်ရလေတော့၏။

● ● ●



## အခန်း(၅)

"ကိုကို့ ဖုန်းကိုင်ပါ ကိုကို. . . . ဖုန်းကိုင်ပါဆို"

မနက်စောစောစီးစီး စာကလေးသံလို မြည်နေသော ဖုန်းသံ ကြောင့် သူ့အိပ်ချိန်သည် အနှောင့်အယှက် ဖြစ်သွားလေသည်။ အိပ် မှုန်စုန်ဝါးနှင့်မို့ မြည်နေသော ဖုန်းကိုခေါင်းအုံးထဲ ထိုးထည့်လိုက်လေ သည်။

"ဒီ. . . ဒီ. . ." . . .

သို့သော် တုန်နေသောကြောင့် သူ. . . ဒေါသဖြစ်သွားလေ သည်။ ဘာဖြစ်တာလဲ။ ဒီအချိန်ကြီး ဘယ်သူဆက်ရတာလဲ။ ခေါင်းအုံး အောက်မှ ဖုန်းကိုဆွဲယူလိုက်ရတော့သည်။

"ဟလို. . ."

မကြည့်ဘဲ ဖုန်းထူးလိုက်မိသည်။ သို့သော် ဖုန်းခေါ်ဆိုမှုမှာ ပြီးဆုံးသွား၍ သူ့အသံသည် အချည်းနှီးသာ ဖြစ်၏။ ထို့ကြောင့် Miss call ကိုကြည့်လိုက်လေသည်။

Scanned by CamScanner

"ဟင် . . . အဘွားဆီကပါလား၊ ဒီအချိန်ကြီး ဘာကိစ္စလဲ။ တစ်ဖိုင်တည်းနေပြီ ဖုန်းနဲ့ . . . အဲ . . . "

လက်ရှိဘဝကို တဒင်္ဂ မေ့သွားလေသည်။ မျက်လုံးကို ကျယ်အောင်ဖွင့်လိုက်ပြီး နားစွင့်လိုက်၏။ သူဒီနေ့ ဘာလို့ဘုရားရှိခိုးသံ မကြားရတာလဲ။

မနေ့ညက သူနိုဝ်စက်လိုက်၍ ဟိုတောသူ အိပ်ပျော်သွားတာလား။ မဖြစ်နိုင်ပါ။ ခုပဲ ရှစ်နာရီ ထိုးနေပြီဖြစ်၏။ ဒါဆို သူကပဲ ဆူညံသံကို ခံနိုင်ရည်ရှိသွားတာလား။

ဇဝေဇဝါပင် အိပ်ရာမှ ထရပ်လိုက်သည်။ ရှက်စိတ်ကြောင့် သူမနေ့ညက တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဂိမ်းဆော့ရင်း ဖုန်းသံကို ပြောင်းလဲခဲ့သည်။ Country သီချင်းများကို ကြိုက်သောသူသည် မူလ Ringtone သံကိုဖျက်ကာ နားထဲအဆင်ပြေသော ကိုကို့ဆိုသော အသံကိုပြောင်းထားလိုက်ခြင်း ဖြစ်၏။ ထိုစဉ် သူ့နှုတ်ခမ်းသည် ပြုံးနေမိခဲ့သည်ကို သူအမှတ်ရမိသေး၏။

"ကိုကို့ . . . ကိုကို နိုးပြီလား"

အသံတိုးတိုးလေးကို မပီမပီတဝါး ကြားရလေသည်။ သူနားကြားများ လွဲလေရော့သလား။ တောသူက သူ့ကိုခေါ်နေသော အသံဖြစ်သည်။ သို့သော် အခန်းတံခါး ပိတ်ထားသောကြောင့် ဝိုးတဝါးသာ ကြားရသည်။

"ကိုကို့ . . "





မှန်ပါသည်။ သူနားကြားလွဲခြင်း မဟုတ်ပါချေ။ ထို့ကြောင့် ထပ်ပြီး သေချာအောင် နားစွင့်မနေတော့ဘဲ တံခါးကို ဝုန်းခနဲ ဖွင့်လိုက်လေသည်။

ထိုအခါ သူ့အခန်းဝ၌ သိမ်ငယ်စွာ ရပ်နေသော တောသူကို တွေ့လိုက်ရ၏။ တောသူသည် ထိတ်လန့်ဖွယ်ရာ တစ်ခုခုကို ကြုံရပုံမျိုးနှင့် တုန်ယင်နေရှာသည်။

"ငါ့ကို ဘယ်အချိန်တည်းက ခေါ်နေတာလဲ"

"ကြာပြီ။ လွန်ခဲ့တဲ့ နာရီဝက်လောက်တည်းကပဲ"

"မင်း . . . ရူးနေသလား။ မင်းအသံ ဒီလောက်တိုးတိုးလေးကို ငါကကြားပါ့မလား။ တံခါး မထုတတ်ဘူးလား။ မင်းမှာ လက်မပါဘူးလား"

"ကျွန်မ ဘုရားရှိခိုးသံကို ကိုကိုကကြားတော့ ကျွန်မခေါ်သံကိုလည်း ကြားမယ်ထင်လို့ပါ။ ပြီးတော့ တံခါးကိုထုလိုက်ရင် ဆူဆူညံညံကြီး ဖြစ်သွားတော့ ကိုကို့ရဲ့ မနက်ခင်းအတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

သူ့ကိုရွဲ့နေပုံမျိုး မရှိပေ။ ပကာဝီပင် သူ့အပေါ် အားနာသည့် အရိပ်အငွေ့များကို အထင်သားတွေ့မြင်နေရ၏။ ငါတော့ ရူးတော့မှာပဲဟုသာ ကိုယ့်ကိုယ်ကို အပြစ်ပြောမိတော့သည်။

"ကဲ . . . ထားပါတော့။ ဘာဖြစ်နေတာလဲ။ မင်းပုံက သရဲတွေ့လို့လား"

"ဟိုလေ့ . . . ဟို့ . . ဟို့ . . ဘွားဘွားက ဘွားဘွားက . . . အခုဒီကိုလာနေတယ်"

"ဘာ့ . . "

ဘာဆိုသော သူ၏အသံထဲတွင် စိုးရိမ်ခြင်း၊ မလုံမလဲဖြစ်ခြင်း၊ ထိတ်လန့်ခြင်းများနှင့် ရောကာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဖြစ်ခြင်း တွေပါ ရောနှော၍သာ ဝင်နေလေသည်။

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

အဘွားသည် ဓေ့စပ်သေချာသူတစ်ဦး ဖြစ်လေသည်။ သူတို့ ဒီမ်ကို အလကားသက်သက် အလည်လာခြင်းမျိုး မဟုတ်မှန်း။ သူ ရိပ်မိသလို တောသူလည်း စိုးရိမ်လိမ့်မည်ဟု ထင်သည်။

"ဒီလောက် အရေးကြီးတဲ့ကိစ္စကို ဘာကြောင့် ငါ့ကိုမပြော ရတာလဲ၊ ကျတ် . . . ပြဿနာပဲ"

အကြောင်းအရာ မယ်မယ်ရရ မရှိသော်လည်း စိုးရိမ်နေမိ သည်။ သူနှင့်တောသူသာ တစ်ခန်းတည်း အတူမနေမှန်း အဘွား ရိပ်မိသွားခဲ့ပါလျှင် ဆိုတာမျိုးတွေး၍ ပူပန်မိသည်။

"မင်း့ . . . အခန်း့ . . . မင်းအခန်းထဲမှာ အိပ်ရာတွေရော့ . . . "

"ရှင်း . . "

"ရှင် မနေနဲ့ အဲဒါတွေ အခုသွားသိမ်း။ မင်း အင်္ကျီတွေကို အခုချက်ခြင်း ဗီဒိုကိုယူသွဲ့ . . . သွားမြန်မြန် . . . "



"ဟုတ့် . . "

ဟုဆိုကာ လှည့်ထွက်ဖို့ ပြင်နေချိန်တွင် . . .

"တီး . . တောင်"

တံခါး ဘဲလ်မြည်သံသည် သရဲဆိုးတစ်ကောင်၏ အော်သံ အလားပေါ်ထွက်လာလေသည်။ ရေဝတီကလည်း သူ့ကိုကြည့်လိုက် လေသည်။ ရေဝတီကလည်း သူ့ကိုကြည့်သလို၊ သူကလည်း ရေဝတီ ကိုမျက်လုံးပြူးကြီးနှင့် ကြည့်လိုက်လေသည်။

"မိဘတွေနဲ့အတူသာ ပြန်နေဖို့ခေါ်ရင် မင်းရော ငါပါ အနေ ချောင်မှာ မဟုတ်ဘူး"

"ကျွန်မ ဘာလုပ်ရမလဲ"

"ငါတို့ ခုအချိန်အထိ ဘာမှမဟုတ်ကြသေးမှန်း အဘွား သိသွားရင် ဘာဖြစ်မယ်ထင်သလဲ"

"ဟင်အင့် . . . အဲဒါကို့ . . ကျွန်မ့ . . . ကျွန်မ"

"ကဲပါကွာ . . . လာပါ"

ဟုသာ ရေဝတီ၏လက်ကိုဆွဲကာ ရေဝတို့ အခန်းထဲသို့ ဝင်လေသည်။ ပြီးနောက် ပြန့်ပြူးနေသော မွေ့ ယာကို ဖြစ်သလိုဆွဲပုံ လိုက်သည်။ ပြီးနောက် တစ်ထည်တစ်လေ ချိတ်ထားသော အင်္ကျီ များကို ဆွဲယူသည်။ ပြီးနောက် သူ့အခန်းထဲ၌ ချိတ်သည်။

"ကျွန်မ အင်္ကျီက ကိုကိုနဲ့ ဘီရိုတစ်ခုတည်း ထည့်လို့ ကောင်းပါ့မလား"

Scanned by CamScanner

"ငါ့ မေမေနဲ့ ဖေဖေက ဒီလိုပဲ ထည့်တာပဲ။ အခု မင်း ဘာလုပ်နေသလဲ"

"ကိုကို့ရှေ့မှာ ရပ်နေတယ်လေ"

"ကျွတ် . . . ငါ့အခန်းတံခါးဝမှာ မရပ်ခင်က ကွာ"

"ဘုရား ရှိခိုးပြီးလို့ အပြင်ထွက်လာတာ . . . "

"သွား . . . ခုချက်ချင်း ညအိပ်ဝတ် သွားလဲ"

"ဟင့် . . "

"တီးတောင်"

"ပြဿနာပဲကွား ကဲပါ . . . "

သူစိတ်မရှည်နိုင်စွာပင် သန့်ရှင်းနေသော ရေဝတီ၏ ဆံပင်များကို ဖွလိုက်သည်။ ပြီးနောက် ကျော့ရှင်းနေသော ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး . .

"မင်းမှာ နှုတ်ခမ်းနီ မရှိဘူးလား"

"တစ်ခုတော့ ရှိတယ်"

"ဘယ်မှာလဲ"

သူက မေးလိုက်သောအခါ ဘီရိုတံခါးကို ဖွင့်ပြီး ပန်းနုရောင် နှုတ်ခမ်းနီတောင့်ကို ထုတ်ကာ သူ့ထံပေး၏။ သူသည် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ပါဘဲ ထိုနှုတ်ခမ်းနီဗူးကိုဖွင့်ကာ ရေဝတီ နှုတ်ခမ်းတွင် မညီမညာဆိုးပေးလေသည်။ ပြီးနောက် ထိုနှုတ်ခမ်းနီကို သူ့ပါး ပြင်ပေါ်၌ ဟိုတစ်ကြောင်း ဒီတစ်ကြောင်း ခြစ်လိုက်သည်။





ပြီးနောက် နှုတ်ခမ်းနီတောင့်ကို ဘီရိုထဲပင် ပစ်ထည့်ကာ သိပ်မရှုပ်သော အိပ်ရာကို ဆွဲတွန့်လိုက်လေ၏။ သူနှင့် ရေဝတီ၏ပုံမှာ တစ်မျိုးကြီး အဓိပ္ပာယ်ကောက်၍ ရသွားလေသည်။

"အိုကေ အဆင်ပြေပြီ။ သွားရအောင် ခဏ . . . အဘွားရှေ့ မှာ မင်းကိုငါ နည်းနည်းပက်ချင်ပက်မယ်နော် . . . "

ရေဝတီ ခေါင်းငုံ့နေမယ်ဆိုတာ သိသော်လည်း သူကအား မနာနိုင်တော့ဘဲ ရေဝတီလက်ကိုဆွဲပြီး ဆင်းလာခဲ့လေသည်။

"တီးတောင်"

တံခါးဝနား အရောက်တွင် အသက်ကိုဝဝရှူပြီး လိမ်ဖို့အား မွေးကာ တံခါးကိုဆွဲဖွင့်လိုက်လေ၏။

"ဒီလောက် ဘဲလ်တီးနေတာ ကြာနေပြီ ဘာလုပ်နေကြ တာလဲ"

ဘွားဘွားသည် ပြောပြောဆိုဆိုပင် အိမ်ထဲသို့ ဝင်လာလေ၏။

"ဘာလုပ်ရမှာလဲ ညားကာစလင်မယား အိပ်မနက်စောစော စီးစီး ရောက်လာမှတော့ ဒီလို ဒုက္ခမျိုး ခံရမှာပဲလေ"

သူသည် အဘွားကို ပယာယခန့်ပြောကာ ရေဝတီ့ ပခုံးကိုဆွဲ ဖက်လိုက်၏။ ထိုအခါ ရေဝတီသည် တစ်ကိုယ်လုံး တွန့်လိမ်သွား၏။

"ဟယ် . . . မျက်နှာတွေ ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

သူက မသိချင်ယောင်ဆောင်ပြီး ပြောလျှင် ပြုံးစိစိ ဖြစ်သွားသော အဘွားၖ်မျက်နှာကို မြင်လိုက်ရ၏။ သူကျေနပ်သွားသည် အဘွားသည် သူနှင့်ရေဝတီတို့ရဲ့ အိမ်ထောင်ရေးအပေါ် ယုံကြည်သွားသည့် အခြေအနေမျိုး ရှိသွားလေ၏။

"အခုမှ အိမ်ရာထကြတာလား။ ကဲပါ . . . သွားသွား . . . မျက်နှာသွားသစ်ကြဦး။ ဟဲဟဲ . . . ဒါကြောင့် ဘဲလ်တီးနေတာ ထွက်မလာကြတာကိုး။ ဟင်း . . . ဟင်း"

"စောစောစီးစီး ဘာလုပ်မလို့လဲ"

"ငါ့မြေးတော့ အဘွားပေးတဲ့ မိန်းမကို သဘောမကျပေလို့သာပဲ"

"သဘောကျတယ်လို့ ကျွန်တော် မပြောမိပါလား"

သူက မှင်သေသေနှင့်ဆိုသောအခါ ပြုံးနေသော အဘွား၏ မျက်နှာသည် ရုတ်ချည်းတည်သွားလေသည်။

"မင်းတို့ မနေ့ညက ရွှေတိဂုံဘုရား သွားကြတယ်ဆို"

အဘွားက မျက်နှာတည်တည်နှင့် ပြောလေသည်။ သူ့စိတ်ထဲ အဘွား၏ပုံကို သဘောမတွေ့ပေ။

"အဘွား . . . ကျွန်တော်တို့ကို ရှုံ့ချိုးလိုက်နေတာလား"



"ရေဝတီလေးကို အဘွားဘယ်မှ မပို့ဖူးသေးဘူး။ ဘာလို့ မပို့သလဲဆိုတော့ မင်းအပေါ် တာဝန်ပိုပိစေချင်လို့ပဲ။ ကဲ . . . မင်းတို့ရဲ့ မင်္ဂလာဦးခန်းကို ကြည့်မယ်"

"ဟာ . . . မကြည့်ပါနဲ့။ ဘာလိုကြည့်မှာလဲ"

သူသည် အဘွား၏သွားလမ်းတွင် ကန့်လန့်ပိတ်ရပ်မိသည်။ ထိုအခါ အဘွား၏မယုံ သင်္ကာအကြည့်များ သူ့အပေါ်ရောက်ရှိလာလေ၏။ ထိုအကြည့်ထဲတွင် ခြိမ်းခြောက်ခြင်းများ ပါဝင်နေသောကြောင့် သူသည် ခြေလှမ်းကိုနောက်ပြန် ဆုတ်လိုက်လေသည်။

အဘွားသည် အသက်ကြီးသော်ငြား ဒေါက်ဖိနပ်ကို တခွပ်ခွပ်မြည်အောင် စီးဆဲဖြစ်သည်။ လှေကားပေါ် တဒေါက်ဒေါက် တက်သွားသော အဘွား၏ ခြေလှမ်းတိုင်း သူရင်ခုန်မိသည်။

သူနှင့်တစ်နေ့နေ့ ရေဝတီတို့ ကွာရှင်းရလျှင်ပင် သူ့ဘက်မှ အပြစ်လွတ်ကင်းချင်သည်။ သူက ပုံမှန်နေပါလျက် ရေဝတီက သူ့အပေါ် သည်းမခံနိုင်၍ ကွာရှင်းခွင့်တောင်းခြင်းမျိုး ဖြစ်ချင်သည်။ ဒါမှမဟုတ် ရေဝတီနှင့် သူ၏ခြားနားသော စရိုက်လက္ခဏာကို ညှိယူခြင်းလည်းဖြစ်လျှင်ကောင်းမည်ဟု တွေးမိ၏။

သူ့ဘက်က တစ်ဖက်သတ် အလွန်ကြီးမဖြစ်စေဖို့သာ အရေးကြီးပါလိမ့်မည်။ ထိုအဖြစ်မျိုးကို မေမေရော ဖေဖေပါ လက်ခံလိုက်မည် မဟုတ်ပါချေ။ ထို့ကြောင့် သူ့ဘက်က အတတ်နိုင်ဆုံး ဟန်ဆောင်ရလိမ့်မည်ဖြစ်၏။

Book Sharing

Scanned by CamScanner

သူပိပြင်လိမ့်မည်ဟု ထင်သည်။ မင်္ဂလာဦးခန်းကို ကြည့်မယ် ဆိုလည်း ကြည့်ပေါ့။ သူက ပိပြင်အောင် သရုပ်ဖော်ခဲ့ပြီ ဖြစ်သည်။

"ကိုကို. . . ကျွန်မတို့ အဘွားကို ညာသလိုဖြစ်နေပြီ ထင်တယ်"

"ငါတို့က ဘာညာလို့လဲ"

"ဘာပဲဖြစ်ဖြစ် ဒီနှတ်ခမ်းနီကြီးက. . . "

"ဘာလဲ ငါးပါးသီလ ကျိုးမှာစိုးလို့လား။ ဘာမှမပူနဲ့။ ဘာမှ မကျိုးဘူး။ ငါက မင်းကို နှုတ်ခမ်းနီဆိုးပေးတယ်။ အဲဒီတော့ သပ်သပ် ရပ်ရပ် မရှိဘူး။ ပြီးတော့ ငါ့ပါးမှာ ငါ့ဖာသာ နှုတ်ခမ်းနီဆိုးတယ်။ ဒါကိုမြင်ပြီး အဘွားက တလွဲတွေးတယ်။ ငါတို့က မဖြေရှင်းတာပဲ ရှိတယ်။ ညာထားတာ မရှိဘူး။ လိပ်ပြာသန့်သန့် နေစမ်းပါ"

"ဒါပေမယ့်. . . အိမ်ရာက. . ."

"ကျွတ်. . . အဲဒီလောက်ထိ ရှုကြွေတွေးပူ မနေစမ်းပါနဲ့။ အေးဆေးပါ။ ငါတို့ ဘာကိုမှ ညာထားတာ မဟုတ်ဘူး"

"ဒါပေမယ့် ရိုးမှမရိုးသားတာ။ ကျွန်မတို့ အမှန်ကို ပြောကြ ရင်မကောင်းဘူးလား"

"ဘာက အမှန်လဲ။ ဘာလဲ အခုထိ ငါတို့အိပ်ရာခွဲအိပ် နေတာကို ပြောကြမှာလား။ ဘာလဲ မင်းကငါနဲ့ အတူတူ အိပ်ချင်လို့ လား"

"ဟာ. . . မဟုတ်တာ။ မဟုတ်ပါဘူး။ အဲဒီသဘောမျိုး မဟုတ်ဘူး"





"မဟုတ်ဘူးဆိုရင် ငါစိစဉ်တဲ့အတိုင်းနေပါ။ မဟုတ်လို့ ကတော့ ငါတို့အတူနေဖို့ မင်းကအစ ငြင်းတာပါလို့ ပြောလိုက်ရုံပဲ ရှိတာပေါ့"

သူသည် စကားကိုအနိုင်နှင့်ပိုင်းကာ ခပ်တည်တည်ပင် မီးဖိုခန်းထဲဝင်လာမိသည်။ အမှန်က သွားစရာနေရာမရှိ၍ ဝင်လာခြင်း ဖြစ်သည်။ ပြောချင်ရာပြောပြီးတော့လည်း မျက်နှာပူသလို ခံစားရ၍ ဖြစ်လေသည်။

"ပြဿနာပဲ ငါလည်း ဘာတွေလုပ်နေမိမှန်း မသိဘူး။ ကျွတ် ရှက်ဖို့ကောင်းလိုက်တာ"

ဘေစင်မှရေကို လက်ဖဝါးထဲထည့်ကာ ပါးမှနှုတ်ခမ်းနီကို ဖျက်လိုက်လေသည်။

"အင်း. . . အိမ်ကလေးကတော့ မဆိုးပါဘူး။ အိမ်ရှင်မတော် လို့လားမသိဘူး။ ဖုန်ကိုတစ်စက်လေးမှ မရှိဘူး"

အဘွားသည် ပြောပြောဆိုဆိုပင် မီးဖိုခန်းထဲ ရောက်လာလေ သောကြောင့် သူမှာဒယ်အိုးပဲ ပြေးကိုင်ရမလို၊ မီးဖိုခန်းထဲမှပဲ ထွက် ပြေးမရလို ဖြစ်သွားသည်။

"ရေဝတီလေးကတော့ ဘုရား တရားတော့ အတော်ရိုသေ ကိုင်းရှိုင်းပုံရတယ်။ ဘုရားခန်းထဲ ပန်းတွေကို ဝေဆာနေတာပဲ။ ဆွမ်း တော်ကပ်ထားတာတွေလည်း အဖြစ်ကလေး မဟုတ်ဘူး။ အမျိုးအမည် ကိုစုံလို့ပဲ။ မင်းတော့ အိမ်ထောင်ကျ ကံကောင်းသွားပြီ ငါ့မြေးရေ"

"ဘုရားခန်းကို ကြည့်ပြီး ဆုံးဖြတ်တာလား"

"မင်းရဲ့ပုံကို ကြည့်ပြီး ဆုံးဖြတ်တာလေ"

"ဗျာ. . . ကျွန်တော့်ပုံ ဟုတ်လား။ ကျွန်တော်က ဘာဖြစ်လို့လဲ"

"ဘယ်တုန်းက ရွှေတိဂုံဘုရားကို မင်းသဘောနဲ့မင်း သွားဖူးလို့လဲ။ ဒရိုင်ဘာ မအားလို့ မောင်းပို့ပါဆိုတာတောင် ဖင်နာတယ်လေ။ ခေါင်းနာတယ်လေးနဲ့ ဆင်ခြေ ခြေပါသားနဲ့ ငါ့မြေးက. . . ဟင်း. . . ဟင်း"

"သူကောင်းနေသရွေ့တော့ ကျွန်တော့်ဘက်က မချွတ်ယွင်းပါဘူး"

"ဘာ. . . စကားလဲ"

"မိန်းမ မာယာသဲကိုးဖျာတဲ့။ မိန်းမတစ်ယောက်ကို အပေါ်ယံအသွင်ပြင် ကြည့်ပြီး ခုလိုသုံးသပ်နေတာက အဘွား မငိုသသလိုပဲ"

"ထိုင်ခုံနေရာ မရွေ့တာတောင် မိုင်ပေါင်းထောင်သောင်းချီ ပြီးမြင်နိုင်တဲ့ မင်းအဘွားရဲ့ အရည်အချင်းကို မင်း မေ့နေပြီလား ငါ့မြေး"

"ဒါပေမယ့် လူငယ်တွေရဲ့ ရင်ဘတ်ကိုတော့ မမြင်နိုင်ပါဘူး"

"လူငယ်တွေ အားလုံးကို မမြင်နိုင်ဘူး။ ဒါပေမယ့် မင်းရဲ့ ရင်ဘတ်ကိုတော့ မြင်နိုင်တယ်။ ဘာလို့လဲဆိုတော့ မင်းက ငါ့နဲ့ အနှစ်နှစ်ဆယ်ကျော် အတူနေလာတဲ့ ငါ့ရဲ့မြေး ဖြစ်နေလို့ပဲ"

"အဘွား. . . ဘာကြောင့် အဲဒီတော့သူနဲ့ ကျွန်တော့်ကို ဒီလောက်အထိ ပေးစားချင်နေရတာလဲ။ ကျွန်တော် နားမလည်ဘူး"





"နားမလည်ရင် အဲဒီအဖြေကို မင်းကိုယ်တိုင်ရှာပေါ့။ ကိုယ်တိုင်ရှာဖွေတွေ့ရှိတဲ့ အဖြေမှတကယ့်အဖြေမှန် စစ်စစ်ပဲ။ ဒါပေမယ့် အခုမင်းရဲ့အဖြေရှာနည်းက လမ်းမှားနေတယ်"

"ကျွန်တော်တို့ နောက်ကနေ စိုင်လွှတ်ထားတဲ့ အဘွားရဲ့ နည်းလမ်းကလည်း မမှန်ဘူးလို့ ထင်တယ်"

"စောင့်ကြည့်ရုံပါပဲ။ ဒီနေ့ညပဲ ငါ့လူတွေကို ငါပြန်ရုတ်သိမ်းတော့မှာ. . ."

"အဘွားက စကားကို လွယ်လွယ်မပြောသူဆိုတော့ ယုံလိုက်ပါ့မယ်"

"မင်းတို့ကို ဒီအိမ်ကြီးထဲ ဘာလို့ပို့တယ်လို့ ထင်သလဲ"

ထိုအဖြေကို သူလည်း စိတ်ဝင်စားလှပါသည်။ သူကိုယ်၌လည်း လက်ထပ်ပြီးရင် မိဘအရိပ်အောက်မှာပဲ မွန်းကြပ်စွာ နေရလိမ့်မယ်ဟု ထင်ခဲ့မိသည်။

သို့သော် ယခုတော့ သူတို့မင်္ဂလာကား မောင်းပေးသောလူက ထိုအိမ်သို့မောင်းပို့ခဲ့ပြီး ဒါက မင်္ဂလာဦးအိမ်ဟု ဆိုခဲ့ချိန်က အသက်ရှူမှားလောက်အောင် အံ့ဩခဲ့ရသည်။

သူတို့မိသားစုသည် ဘယ်အရာ၊ ဘယ်ကိစ္စမဆို၊ အကြောင်းမဲ့သက်သက် မလုပ်တတ်မှန်း သူသိသည်။ သို့သော် မင်္ဂလာဦးအိမ်ကိစ္စကိုမူ လေးလေးနက်နက် မတွေးချင်တော့၍ ခပ်ပေါ့ပေါ့သာ တွေးပစ်ခဲ့ခြင်းဖြစ်လေသည်။ သို့သော် ယခုလို အစဖော်လာပြန်တော့ သိချင်စိတ်က ဖုံးမနိုင် ဖိမနိုင် ဖြစ်တည်လာပြန်၏။

"ကျွန်တော်လည်း အဲဒီအမြေကို စိတ်ဝင်စားပါတယ်"

"စိတ်ဝင်စားရင် ကိုယ့်ဘာသာကို ရှာပေါ့။ အခု အချိန်မှာ အဘွားဖြေနိုင်တာ တစ်ခုတည်းပဲ။ ရေဝတီအကြောင်းကို မင်းသိချင်တာ အကုန်မေးလို့ရတယ်"

"ဘာကြောင့် မေးရမှာလဲ။ ကျွန်တော် သူ့ကို စိတ်မဝင်စားဘူး"

"မသိချင်ရင်လည်း ပြီးတာပဲလေ။ နောက်ထပ်လည်း မမေးနဲ့။ အခွင့်အရေးဆိုတာ နှစ်ကြိမ်မရဘူး"

ဟုဆိုကာ အဘွားက မီးဖိုခန်းထဲလှည့်လည် စစ်ဆေးနေပြန်သည်။

"ထင်ထားတာထက် ပိုစနစ်ရှိသားပဲ။ ဟွန်း . . . ဒီနားမှာ အနံ့တစ်ခုရတယ်။ မင်းတို့ မနေ့ညက လက်လုပ်ခေါက်ဆွဲ ချက်စားထားကြတာလား"

"ဟွန်း . . . လက်လုပ်ခေါက်ဆွဲကို အဘွားသိတယ် ဟုတ်လား"

ဟုသူက တအံ့တဩဆိုသော်လည်း အဘွားက ပြုံးရုံသာ ပြုံးပြလေသည်။ သို့သော် ထိုအပြုံးထဲ ငါက သိတာကြာပေါ့။ အဲဒီအရသာကို ငါက ကောင်းကောင်းသိတာပေါ့။ မင်းကသာ မသိတာပါ။ ဝေ့ုးရယ်ဆိုသည့် အဓိပ္ပာယ်မျိုး မြုတ်ခဲ့စွာ သီးပွင့်နေရလေသည်။

"ရေဝတီရေ . . . သမီး . . . ရေဝတီ"



"ရှင့် . . . ဘွားဘွား လာပါပြီ"

ရေဝတီသည် လျှပ်စီးလက်သလို ပြေးလွှားရောက်ရှိလာ၏။ တခဏအတွင်း ရောက်လာပုံထောက်လျှင် သူတို့နှင့် မနီးမဝေးတွင် ရေဝတီ ရပ်နေမည် ဖြစ်ကြောင်း ခန့်မှန်းမိသည်။

"သမီးကို ဒီကောင် တောသူလို့များ ခေါ်သလား"

"ရှင်. . . "

ရေဝတီ အံ့သြသလို၊ သူကိုယ်တိုင်လည်း အံ့သြရသည်။ ရေဝတီကို တောသူလို့ ပျစ်ပျစ်နစ်နစ် မခေါ်မိသော်လည်း ရင်ထဲမှာတော့ တောသူချည်း ထပ်နေလေ၏။

ခေါ်ရင်လည်း ခေါ်စရာပင် တင်ပါးပေါ် ဝဲနေသော ဆံပင်ရှည်သည် နက်မှောင်ထူပိန်းနေသဖြင့် တောဆန်လှသည်မှာ အမှန်ပါ။ ပြီးနောက် အင်္ကျီပုံတုံးတုံးကို လည်ပင်းကပ်အောင် ဝတ်ဆင်ထားသေး၏။ ဒါ့အပြင် ရင်ဖုံးကို ပုစဉ်းခေါင်းသီး တပ်ထားသောကြောင့် ပြတိုက်တင်ရမည့် မိန်းကလေးဟု ဆိုရပေလိမ့်မည်။

"ဟိုကောင် မှတ်ထားနော်။ သူ့နာမည်က ရေဝတီ။ တောသူမဟုတ်ဘူး။ ကြမ်းတမ်းတဲ့ အသုံးအနှုန်းက လူတစ်ယောက်ရဲ့အဆင့်အတန်းကို အောက်ဆုံးအထိ ဆွဲချနိုင်တယ်ဆိုတာ ကောင်းကောင်းသဘောပေါက်ပါ"

သူ့မှာ တံတွေးမြိုချချိန်ပင် မရလိုက်ချေ။ အဘွားပြောကာမှ ဖနီးသည်ကို အားနာရမည့်အဖြစ်မျိုး ရှိသွားလေ၏။ တစ်ဆက်တည်း

Scanned by CamScanner

မှာ အဘွားအေး ပါးနပ်မှုကိုလည်း ဩချရလောက်အောင် အံ့အားသင့်သွားမိသည်။

"ကဲပါ . . . နှစ်ယောက်လုံး ကြောင်ကြည့်မနေကြနဲ့။ ပြုံးတဲ့မျက်လုံးတွေ ကျွတ်ထွက်ကုန်ပါဦးမယ်။ ကဲ . . . . မစားရတာ ကြာပြီဖြစ်တဲ့ လက်လုပ်ခေါက်ဆွဲလေး လုပ်ပါဦး"

"ရှင်း . . "

"မြေး ချွေးမ လက်ရာလေး မြည်းရတာပေါ့"

"ဟုတ် . . ဟုတ်ကဲ့ . . . ဘွားဘွား"

"အဘွားက တစ်အိမ်လုံး လှည့်ပတ်စစ်ဆေးနေမှာဆိုတော့ ဟိုအကောင် ရေဝတီလေးကို ဝိုင်းကူလိုက်ပါ"

"ဟာ . . . အဘွားကလည်း"

"ရပါတယ် အဘွား။ ကျွန်မ တစ်ယောက်တည်း လုပ်နိုင်ပါတယ်"

"မင်း တစ်ယောက်တည်း လုပ်နိုင်တာ ငါကမသိလို့ ပြောတယ်များ ထင်နေသလား။ အိမ်ထောင်ဦးကာလဆိုတာ အမှတ်တရ များများ ယူထားရတယ်။ အဝတ်တွေ အတူလျှော်၊ အိမ်သန့်ရှင်းရေး အတူလုပ်၊ ထမင်းအတူချက်မှ အမှတ်တရက များများရှိမှာပေါ့။ အသက်ကြီးရင် အဲဒီအချိန်တွေကို ပြန်ပြန်ရတဲ့ အရသာကို မင်းတို့ အသက်ကြီးမှ သိလာလိမ့်မယ်"



အဘွားသည် ပြောစရာရှိတာပြောပြီး ထွက်သွားလေ၏။

"ငါတို့ အသက်ကြီးတဲ့အထိ အတူနေရလိမ့်မယ်လို့ မင်း ထင်သလား"

"ကိုကိုက ကျွန်မနဲ့နေရတာ စိတ်ပျက်နေလို့လား"

ထိုမေးခွန်းကို သူမဖြေချင်ပါ။ စိတ်ပျက်နေသလားဟုလည်း သူ့ကိုယ်သူ မမေးချင်ပါ။ အဖြေကိုလည်း မသိချင်ပါ။

"ကဲပါ . . . . ငါ ဘာဝိုင်းကူလုပ်ရမလဲ"

"ရပါတယ် ကိုကိုက ထိုင်နေလိုက်ပါ။ ကျွန်မပဲ လုပ်ပါ့မယ်"

"ငါက စားသောက်ဆိုင် ဖွင့်ထားတာပါ။ မီးဖိုချောင်နဲ့ ငါက မစိမ်းပါဘူး။ ပြော . . . ဘာလုပ်ပေးရမလဲ"

"အဲဒါဆို ဆန်ချောင်းလုပ်ပေး"

ဟုဆိုကာ လက်လှည့်ဆုံကို သူ့ထံယူလာပေးပြီး ရေနှင့် ဆတူ ရောနယ်ထားသော ဆန်မှုန့်ပြားကို သူ့ရှေ့ချပေးလေသည်။

"ဘယ်လို လုပ်ရမှာလဲ"

"မခက်ပါဘူး။ ဒီလိုလေးလှည့် လိုက်ရုံပဲ။ အလုံးလေးတွေ ကျလာလိမ့်မယ်".

ဟုဆိုကာ ဦးဆောင်ကာ လုပ်ပြလေသောအခါ သူသည် ထိုဆန်မှုန့် အချောင်းလေးများကို စိတ်ဝင်စားသွားမိသည်။

"ရပြီ။ ငါ့ဘာသာ ဆက်လုပ်တော့မယ်"

ဟုဆိုကာ သူက ထိုလှည့်ဆုံလေးကို အလိုက်သင့် လှည့်လေသည်။

"ရပြီ . . . ရပြီ။ သိပ်ပြီး အားမထည့်နဲ့၊ အားထည့်ရင် အံလုံးလေးတွေ ကွဲသွားလိမ့်မယ်"

ဟုဆိုသဖြင့် သူကဖြည့်ထားသော အားကိုလျော့လိုက်လေ၏။ ထိုအခါ ညီညာသော ဆန်လုံးလေးများသည် အချောင်းလိုက်ထွက်လာလေသည်။ ထွက်လာသော ဆန်ချောင်းလေးများကို ရေဝတီက တစ်မျှင်ချင်း ဆွဲယူကာ အလယ်မှထက်ခြမ်းခြမ်းသည်။

ပြီးနောက် ထိုအချောင်းကလေးများကို ဝတီးစားဖြင့် လေးစိတ်စိတ်လိုက်သောအခါ မုန့်တီနန်းကြီးလုံး အရွယ်အစားခန့် ခေါက်ဆွဲချောင်းများ ရသွားလေသည်။

"ကမိုက်ထ နိုင်ပေမယ့် ခုလိုရတော့လည်း ကြည်နူးသလိုပဲ"

"ဒါကို မင်းဘယ်လို ချက်တာလဲ"

"ကြက်ပေါင်းရည်နဲ့ ချက်တာလေ။ သိပ် မခက်ပါဘူး"

ဟုဆိုကာ ဟင်းရည်အိုးတည်ပြီး ပွက်ပွက်ဆူလာသောအခါ ဆန်ချောင်းလေးများ ထည့်ပြုတ်လေသည်။ ခဏကြာသောအခါ ဆန်ချောင်းလေးများသည် မုန့်လုံးရေပေါ်ပေါ်မှာ ရေမျက်နှာပြင်ပေါ်သို့ ကြွတက်လာ၏။ ထိုအခါ ခေါက်ဆွဲလုံးများကို ဆယ်ယူပြီး ဇကာထဲ ထည့်ကာ ဘေစင်မှရေဖြင့် လောင်းဆေးသည်။





"လက်လုပ်ခေါက်ဆွဲလား။ ခေါက်ဆွဲ မုန့်လုံးရေပေါ်လား"

ဟု သူကနောက်ပြောင်သောအခါ ရေဝတီသည် ပါးချိုင့်လေး ပေါ်အောင် ပြုံးပြန်သည်။

"ပြီးနောက် ရေခဲသေတ္တာထဲမှ ကြက်ပေါင်းရည်ကိုထုတ်ပြီး ပြုတ်အိုးတည်သည်။ ပြီးနောက် ရေတ်ဆီထည့်သည်။ ပြီးနောက် ငါးပယ်ကြော်ကို ပါးပါးလှီးသည်။ ပြီးနောက် ကြက်သွန်မြိတ်၊ ကြက်သွန်စိမ်းတို့ကို ပါးပါးလှီးသည်။

အိုးဆူလာသောအခါ ခေါက်ဆွဲကို ပြန်ထည့်ပြီး လှီးထားသောပစ္စည်းများ ထည့်သည်။ မီးလုံတ်ကို ပိတ်ပြီးမှ စားတော်ပဲညွှန့်လေးများကို ထည့်လိုက်သောအခါ သင်းပျံ့သော ခေါက်ဆွဲနံ့သည် မီးဖိုခန်း တစ်ခန်းလုံး ကြိုင်လှိုင်သွားလေ၏။

"ဒီလို ရပ်ကြည့်တော့လည်း လွယ်လွယ်လေးပဲနော်"

"ကိုကို မြည်းကြည့်ဦးမလား"

"အင်း . . . မြည်းတာပေါ့"

ဟု သူကဆိုလာသောအခါ ရေဝတီသည် ခေါက်ဆွဲဟင်းရည်ကို ဇွန်းဖြင့်ခပ်ပြီး သူ့ထံလှမ်းပေးလေ၏။ ရင်ထဲတော့ တစ်မျိုးကြီးခံစားရသော်လည်း ရေဝတီ ကျွေးသော ဟင်းရည်ကိုသောက်လိုက်၏။

"အင်း . . . ကောင်းသားပဲ။ သူက မနက်ခင်းနဲ့ပါ လိုက်တယ် ထင်တယ်"



Book Sharing

Scanned by CamScanner

"ကိုကို့ . . . ဘွားဘွားကို သွားခေါ်လိုက်တော့လေ။ ကျွန်မ ပြင်ဆင်ထားလိုက်မယ်"

"အမယ်လေး . . . ခေါ်စရာမလိုပါဘူး။ ရောက်နေပါပြီ"

ဟု အသံပေးလာသောအခါ သူရော ရေဝတီပါ အံ့အားသင့်သွားလေသည်။ ဟင်းရည်ထဲ အာရုံရောက်နေသဖြင့် ဘွားဘွား၏ ခေါက်ဖိနပ်သံကို သတိမမူမိလိုက်ချေ။

"ဘယ်တုန်းကတည်းက ရောက်နေတာလဲ"

"ရေဝတီ ချက်ပြုတ်တာကို မင်းငေးနေကတည်းကပဲ"

အဘွားက ပြောင်ပြောင်တင်းတင်း ပြောချလေသောအခါ သူသည် မျက်နှာမထားတတ်အောင် ရှက်သွားလေသည်။ သူဘယ်တုန်းက ရေဝတီကို ငေးကြည့်မိလို့လဲ။ ဘယ်တုန်းကလဲ မငေးပါ။ သူ မငေးကြည့်ပါ။ အဘွားက အသက်ကြီးနေ၍ လိုချင်ရာကို မြင်ယောင်မိတာပဲ ဖြစ်မှာပါဟု သက်သာလို သက်သာငြား တွေးပစ်လိုက်သည်။

သို့သော် မလုံသည့်စိတ်ကြောင့် ရေဝတီထံ လှမ်းကြည့်မိလေသည်။ သို့သော် ရေဝတီမှာမူ အဘွား၏ စကားလုံးကို နည်းနည်းမျှ မခံစားရပုံမျိုးဖြင့် အိုးထဲမှ ခေါက်ဆွဲဟင်းရည်ကိုသာ ပန်းကန်ထဲ ပြောင်းထည့်နေလေသည်။

"ဘာရပ်လုပ်နေတာလဲ။ မိုးတိုးမတ်တတ်နဲ့ . . . ထိုင်ပါ"

ဟု အဘွားက ဆိုတော့မှသာ သူက ယောင်နနဖြင့် အဘွား ဘေးမှခုံကို ဆွဲထိုင်လိုက်သည်။



"နောင်တဆိုတာ နောင်မှရတဲ့ သဘောမျိုးရှိတယ်။ မင်းဘာလို့နောင်တရချင်နေရတာလဲ နက္ခတ် . . . ဟွန်း"

"အစမရှိ . . . အဆုံးမရှိတာတွေ ပြောပြန်ပြီလဲ"

"ရေဝတီ အခန်းက အဲယားကွန်းကို မပြင်ပါနဲ့တော့"

"ဗျာ"

"မင်းအကောင်း ကြိုက်သလို၊ သူလည်း အကောင်းကြိုက်မယ်လို့ ဘာလို့မတွေးတာလဲ။ ဘာလဲ . . . မင်းက ခွဲနေဖို့ပြောလို့ ဟိုက အလိုက်တသိ ပြောင်းရွှေ့ပေးတာလား"

သူ့မှာပြောစရာ စကားမရှိပါချေ။ ရေဝတီ အိပ်ရာကို သေသေချာချာ သိမ်းခဲ့ပါလျက်နဲ့ ဘွားဘွားက သိသွားသည့်အဖြစ်ကိုတော့ ရှောင်လွှဲလို့မရမှန်း သူခန့်မှန်းမိသည်။

"လက်ထပ်ဖို့ ကျွန်တော်က တောင်းဆိုခဲ့လို့လား"

"ကောင်းမယ်ထင်လို့ စီစဉ်လိုက်တာလေ။ မလိုက်နာချင်ရင် မငြင်းပါလား။ ခုတော့ ကောင်မလေးကို ဘယ်လောက် သနားဖို့ကောင်းသလဲ"

"ငြင်းဖို့ အခွင့်အရေး ရလို့လား။ လက်မထပ်ရင် ဆိုင်အပ်ပြီး နိုင်ငံခြားမှာ ကျောင်းဆက်တက်ဆိုတာက မငြင်းထန်ဘူးလား။ ကျွန်တော် လိုချင်တာ တိုက်ခန်းကိုသော့ဖွင့်ပြီး ဝင်ရတဲ့အဖြစ်မျိုး မဟုတ်ဘူး။ မိသားစုတွေ စုညီတဲ့အိမ်ပါ။ နွေးထွေးတဲ့ အိမ်ပါ"

Scanned by CamScanner

"အဲဒီလို အိမ်မျိုး ဖန်တီးဖို့ မင်းကိုအခွင့်အရေး ပေးထားပြီးပြီလေ"

"အဲဒီ အခွင့်အရေးကို ကျွန်တော်မှ မလိုချင်တာ"

"မင်း . . တာဝန်မဲ့လှချည်လား နကွတ် . . . ဟမ်"

"တာဝန်ယူစရာကိစ္စ ကျွန်တော် ဘာမှ မလုပ်ထားဘူး"

"ကောင်းပြီလေ။ ဒါဆိုရင်တော့ မင်းသိအောင်ပြောရတာပေါ့။ ငါတို့တွေ အသိအမှတ်ပြုတဲ့ ငါတို့အိမ်ရဲ့ ချွေးမက ရေဝတီပါ။ ရေဝတီ ကလွဲရင် ကျန်တဲ့ မိန်းကလေးက ငါတို့အိမ်အတွက် ဆန်ကွဲနဲ့ဖွဲပဲ။ မင်းကိုသာ စွန့်လွှတ်ချင် စွန့်လွှတ်မယ် ရေဝတီကိုတော့ ငါတို့မိသားစုရဲ့ မိသားစုဝင်အဖြစ်က မစွန့်လွှတ်နိုင်ဘူး"

သူ့ရင်ထဲ မွန်းကျပ်သွားလေ၏။ အဘွားသည် လူတစ်ဦးကို လွယ်လွယ် စိန်မခေါ်တတ်မှန်း သူကောင်းစွာသိ၏။ သို့သော် သူ့အပေါ် ထိုသို့ပြောသည့်အတွက်တော့ ဝမ်းနည်းမိသည်။

"ဘွားဘွား ရပါပြီ"

ဟုဆိုကာ စားပွဲဝိုင်းသို့ ရေဝတီရောက်လာတော့မှ သူနှင့် အဘွားတို့၏ တီးတိုးရန်ပွဲ အဆုံးသတ်သွားလေသည်။

"အိုး . . မွှေးကြိုင်နေတာပဲ။ ဟွန်း . . . ပျားရည်ဆမ်းခရီးက ပြန်လာတော့ မင်းတို့ရဲ့ အဖေနဲ့အမေကိုလည်း ဒီလိုခေါက်ဆွဲမျိုး ချက်ကျွေးဦးပေါ့"



"ပျားရည်ဆမ်း ခရီး ဟုတ်လား အဘွား"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"ဟာ . . . ခက်ပြီဗျာ။ ဘာလုပ်ရအောင်လဲ"

သူက ညည်းညူလေသောအခါ အဘွားသည် လက်ကိုင်အိတ်ထဲမှ လေယာဉ်လက်မှတ် နှစ်စောင်ကိုထုတ်လာပြန်သည်။

"ဟိုတယ်မှာ ဘိုကင်ချိတ်ပြီးပြီ။ ဒီနေ့ညနေပဲ ခရီးထွက်ရမယ် ဟုတ်ပြီနော်။ ဘာမှစောဒက မတက်နဲ့။ မင်းက အရေးမကြီးပေမယ့် မိန်းကလေးအတွက်တော့ တစ်သက်မှ တစ်မင်္ဂလာပဲရှိတာ။ သွားကို သွားရမယ်။ ဒါက မင်း အဘွားဒေါ်စိန်ရင်ရဲ့ အမိန့်ပဲ"

ဟုဆိုကာ ခေါက်ဆွဲကို အားပါးတရ စားနေသော အဘွားကြောင့် စိတ်ညစ်သွားလေသည်။ ထို့ကြောင့် မွှေးကြိုင်သော ခေါက်ဆွဲရနံ့ကိုပင် မုန်းချင်လာသည်။ အဘွားရှေ့မှာ ဆက်နေလိုစိတ်မရှိတော့ပေ။ ထို့ကြောင့် စားပွဲနှင့်ဝေးရာသို့ ထွက်လာမိသည်။

"ကိုကို . . မစားတော့ဘူးလား"

"မစားဘူး။ ဘယ်တော့မှ မစားဘူး"

"မစားလည်း နေပေါ့။ သွားမခေါ်နဲ့သမီး။ သူ့အစား အဘွားက တစ်ပွဲပိုစားပေးမယ်။ ဗိုက်ဆာရင် သူ့ဘာသာ သူဆင်းစားလိမ့်မယ်။ စားပါ"

အဘွားကို သူလုံးဝ မကျေနပ်ပါ။ အဘွားထက် ရေဝတီဆိုသော တောသူမကို ပို၍မကျေနပ်ဖြစ်ရသည်။

အဘွားက ဘယ်လောက်ပဲ ထိုင်စားလို့ ပြောနေပါစေဦး သူက ဒေါ်သထွက်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်မို့ ဇနီးသည်ပိပိ သူ့အနောက် သို့ ပြေးလိုက်လာရမည်ဟု ထင်သည်။

ယခုတော့ ဘာခြေသံမှ မကြားရချေ။ သူ့ထက် လက်လုပ်ခေါက်ဆွဲ တစ်ပွဲက ပိုအရေးကြီးရသည်တဲ့လား။ သူက ရေဝတီ အတွက် လက်လုပ်ခေါက်ဆွဲ တစ်ပွဲလောက်တောင် အရေးမပါဘူးတဲ့လား။

ဒေါ်သသည် သွေးကြောမှတစ်ဆင့် ငယ်ထိပ်ရောက်ရှိသွားသောအခါ တွေ့ကရာကို ဆွဲရမ်းပေါက်ခွဲ ချင်လာသည်။ သို့သော် ကွဲရှကုန်မည်စိုးသောကြောင့် ဝတ်ထားသော ညဝတ်အင်္ကျီကိုသာ ဆွဲချွတ်ပစ်ပေါက်ပြီး ရေဝင်ချိုးလိုက်တော့၏။

● ● ●





## အခန်း(၆)

''ဟန်းနီးမွန်း မသွားချင်ဘူးလို့ အဘွားကို ပြောလိုက်တယ်''

စာဖတ်နေသော သူ့အနီးသို့ မဝံ့မရဲ တိုးကပ်လာသော ရေဝတီကို သူတစ်ချက်မျှ လှည့်မကြည့်မိအောင် စိတ်ကိုထိန်းချုပ်ထားလိုက်သည်။

''ကျွန်မ စိတ်မပါတော့လည်း အဘွားက ဘွတ်ကင်ဖျက်လိုက်မယ်လို့ ပြောသွားတယ်''

''အဲဒီလို ပြောပေးလို့ ငါက မင်းကို ကျေးဇူးတင်လိမ့်မယ်လို့ ထင်နေသလား''

''ကိုကို့ . . . ကျွန်မကို စိတ်ဆိုးနေတာလား။ ကျွန်မ ကိုကို့အပေါ် အမှားတစ်ခုခု လုပ်မိလို့လား''

ဟုဆိုသောအခါ သူသည် ဖတ်လက်စ စာအုပ်ကို စားပွဲပေါ် ပစ်တင်လိုက်လေ၏။ သူပုံက ဒေါ်သပါနေသောကြောင့် ရေဝတီသည် သေးသော ခန္ဓာကို ပို၍ကျုံ့ထားမိလေသည်။

"မင်းနဲ့ငါ ဒီနေ့ဒီအကြောင်းတွေကို ဆွေးနွေးမှုဖြစ်မယ်"

ဟုဆိုကာ သူ့ဘေးတွင် ရေရှိအဝတ်ဖြင့် ဖုန်သုတ်နေသော ရေဝတီ့လက်မောင်းကို ဆွဲကာ သူ့ဘေးတွင် ထိုင်စေလိုက်၏။

"မင်း . . . ငါ့ကို ဘယ်လိုသဘောထားလဲ"

သူက မေးသော်လည်း အဖြေကိုရမှာ မဟုတ်မှန်း သူရိပ်မိပြီးသားဖြစ်၏။

"အဘွားက မင်းနဲ့ငါနဲ့ကို ညီဖို့အရောက်ပို့ပေးနေတယ်ဆိုတာ မင်း . . . သဘောပေါက်တယ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"အဲတော့ . . . ငါ့အပေါ်ထားတဲ့ မင်းရဲ့သဘောထားကို ငါ သိချင်တယ်"

"ကျွန်မ . . . ဟိုလေ . . . ဟို . . ."

"ဟိုမနေနဲ့ တည့်တည့်ပြော . . ."

"ကျွန်မက ကိုကို့အပေါ် ဘယ်လိုသဘောထားရမှာလဲ"

"ငါ့ကို ပြန်မမေးနဲ့။ ငါက မင်းကို မေးနေတာ"

"ကျွန်မ . . . မပြောတတ်ဘူး"

"ကျွတ် . . ."

သူစိတ်ပျက် သွားလေသည်။ သူ့ခေါင်းထဲမှာလည်း ရှုပ်ထွေး





မှုန်းကျပ်နေလေ၏။ ပြီးပြီးရောဆိုပြီး မိန်းမကို အလွယ်ယူခဲ့မိပြီးကာမှ အရှုပ်နှင့် ကြုံရ၏။

ထိုအရှုပ်သည်လည်း ရေဝတီ ရှုပ်နေခြင်းမဟုတ်။ သူ့စိတ်သူသာ ရှုပ်နေခြင်းဖြစ်သည်။

"ငါ . . . ဒီနေ့ပြောတဲ့စကားကို မင်းစဉ်းစားထား ဟုတ်လား။ ဒီနေ့တော့ ငါအပြင်မှာ အိပ်မယ်"

ဟုဆိုကာ သူက ထရပ်လိုက်၏။

"ကိုကို . . ."

ခေါ်သံကြောင့် ထွက်ခွာလှ ခြေလှမ်းများ ရပ်တန့်သွားသည်။

"မိုးတွေက မှောင်နေတယ်။ မိုးရွာမယ်နဲ့ တူတယ်"

"မိုးရွာတာက ပြဿနာလား"

"ဟိုလေ . . . ကျွ . . . ကျွန်မ . . . မိုးရွာရင်ကြောက် . . . ကြောက်လို့ပါ"

"ကျွတ် . . ."

ထိုအနှောင်အဖွဲ့မျိုးကို သူမုန်းသည်။ တခြားလူကို အလေးထား ဂရုစိုက်နေရသည့် အခြေအနေမျိုး သူမနှစ်သက်ပေ။ ထိုကြောင့် သိမ်ငယ်စွာ ပြောဆိုနေသော မျက်နှာလေးကို လျစ်လျူရှုကာ ထွက်လာခဲ့လေသည်။

ဒေါသဖြစ်ဖြစ်နှင့် ထွက်လာခဲ့သော်လည်း ဘယ်သွားလို့ သွား



Scanned by CamScanner

ရဖုန်းမသိပေ။ အားနေရှုလား၊ မသိ။ သူ့အချိန်တွေက ပိုနေသလို ခံစားရပါသည်။ မိုးရွာလိုက်စေချင်သည်။ မိုးကြိုးတွေ ပစ်လိုက်စေချင်သည်။ လောကကြီးကို အရွဲ့တိုက်ပြီး နေလိုက်ချင်သည်။

သူမှားသွားပါပြီ။ သူသိပ်ကို မှားသွားပြီဖြစ်၏။ အဘွားတို့ကို အနိုင်ယူမယ်လို့ ဆုံးဖြတ်ပြီး လက်ထပ်ခဲ့မိခြင်းကို နောင်တရမိသည်။ ဘာပဲဖြစ်ဖြစ် ဖွတ်မိုတ်ကာ နိုင်ငံခြားထွက်သွားလည်း ဖြစ်ရဲ့နဲ့ နောက်ဆုတ်မရတဲ့လမ်းကို သူဘာလို့ ရွေးချယ်ခဲ့မိပါလိမ့်။ သူမှားခဲ့ပါပြီ။

ယခုတော့ မိမိတို့ရဲ့ မိသားစုရွေးမကာ ရေဝတီတစ်ဦးတည်း ရှိသည်တဲ့။ သူထွက်သွားမယ်ဆိုရင်တောင် ကြည်ဖြူမယ့် သဘောမှာ ရှိနေသည်။ အဘွား၏မျက်နှာပေါ်ကို ရင်ထဲက ကလိကလိနှင့် ခံရခက်လှသည်။

ထို့ကြောင့် ဒီညတော့ အမူးသောက်ပစ်လိုက်မယ်ဟု စိတ်ကူးမိသည်။ သူသည် အပေါင်းအသင်း မင်သည်ဆိုငြား ဒီညတော့ မည်သူ့ကိုမှ အဖော်ညှိလိုစိတ်မရှိပေ။ ထို့ကြောင့် တစ်ကိုယ်တော် မိုက်ခဲရန်အတွက် ကောတီဇီသို့ ဦးတည်လိုက်သည်။

သူတို့အမြဲသွားနေကျ ကြယ်ဖြူ ကောတီဇီသို့သာ လာခဲ့မိ၏။ သူရောက်သောအခါ သူ့ကိုမှတ်မိနေပုံရသော ဧည့်ကြိုများက နွေးထွေးစွာ ကြိုလေသည်။ ပြီးနောက် Tiolet ပါသော အခန်းတစ်ခန်းကို ပေးသည်။ ပြီးနောက် ချောမေ့ဆိုသော မိန်းကလေးနှစ်ယောက်ကို အခန်းထဲသွင်းပေး၏။

သူသည် မိန်းမတွေနှင့် ပျော်ပါးခြင်းကို မကြိုက်ပေ။ သို့သော်





အဘွား၏ စကားလုံးများအပေါ် ခံပြင်းလှပါသည်။ ထို့ကြောင့် သူ့ပေါင်ပေါ်လာထိုင်သော ကောင်မလေးများကို မတွန်းဖယ်မိချေ။ သူ့ရင်ခွင်ထဲဝင်လာသော ကောင်မလေးများကိုသာ အလိုက်သင့်ပွေ့ဖက်မိသည်။

သို့သော် ထိုမိန်းကလေးများ၏ မျက်နှာပေါ်တွင် တောသူ ရေဝတီမျက်နှာကြီး ရောက်ရှိနေခြင်းမှာ ခက်လှသည်။ ထို့ကြောင့် ရေဝတီ မျက်နှာကြီး ထင်ပေါ်မလာစေရန် အာဓာနည်သီချင်းများကို အော်ဟစ်ကာ သီဆိုသည်။ သီချင်းသုံးမှတ်ခန့်ဆိုပြီးသောအခါ နဂိုအသံ မအောင်သော သူ့လည်ချောင်းသည် ကွဲရှလာပြီဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်သီချင်း မြူးမြူးများကိုဖွင့်ပြီး ကောင်မလေးများကို ကခေ သည်။ ကောင်မလေးများက သူ့ကိုပါဆွဲခေါ်သဖြင့် သူကပါ အားပါးတရ ကလိုက်လေသည်။

ရေချိန်ကိုက်နေပြီမို့ မိန်းကလေးနှစ်ယောက်ကို လေးယောက်ဟုမြင်နေပြီ ဖြစ်လေသည်။ ဝှေ့ဝိုက်နေသော ရောင်စုံမီးလုံးများကြောင့် မိမိရောက်နေသည်မှာ ကောတီဇီလား။ ကလပ်လားပင် မခွဲခြားနိုင်တော့ပေ။

ထိုစဉ် ပိတ်ထားသော အခန်းတံခါးကြီး ပွင့်သွားလေသည်။

"ဟင်.... ဟာ.. ဟား"

အလုပ်များပါတယ် ဆိုသော တက်တူးတို့ သုံးကောင်ကို အပြုလိုက်တွေ့လိုက်ရသောကြောင့် သူရယ်မိခြင်း ဖြစ်လေသည်။

"ဟာ... ဟောကောင်တွေ။ နောက်ကျလှချည်လား။ ဒီမှာ ပွဲက ကောင်းနေပြီကွ"



Book Sharing

Scanned by CamScanner

"ဒီကောင် ထူးထူးဆန်းဆန်းပဲ။ ငါတို့ကိုတောင် ဖုန်းမဆက်ဘဲ တစ်ပွေတည်း ကြမ်းနေတယ်"

"မူးလည်းမူးနေတယ်။ ဘာတွေ ညစ်လာသလဲ မသိဘူး"

"ဟာ. .. ဟေ့ကောင်တွေ ဘာရပ်ကြည့်နေတာလဲ။ လာလေကွာ. . . လာပါ"

သူသည် တက်တူး၏ လက်ကိုဆွဲခေါ်လေသည်။ ထိုအခါ တက်တူး၏ လက်မှစိုထိုင်းထိုင်း အထိအတွေ့ကို ခံစားလိုက်ရ၏။

"ဟာ. . . မင်းလက်က ရေတွေစိုနေပါလား။ ဘာလဲ မင်း အိမ်သာထဲဝင်ခဲ့တာလား။ ညစ်ပတ်တယ်ကွာ"

"အပြင်မှာ မိုးရွာနေတယ်။ လက်ပဲစိုတာ မဟုတ်ဘူး။ တစ်ကိုယ်လုံး ရွှဲနစ်နေပြီ"

"ဟုတ်ပါ့ကွာ။ မိုးကလည်း အခုမှ လာကောင်းနေသေးတယ်။ အချိန်အခါလည်း မဟုတ်ဘဲနဲ့။ မိုးကြိုးပါ ပစ်ချနေတယ်"

"မိုးကြိုး ပစ်တယ် ဟုတ်လား"

မူးနောက်နောက် ဖြစ်နေသော သူ့စိတ်တွေက ရုတ်တရက် ကြည်လင်သွားသလို ခံစားရသည်။

"ဟာ. . ဟေ့ကောင်၊ ဘာဖြစ်သွားတာလဲ. . . လာလေ"

ဟု တက်တူးက သူ့ကိုဆွဲခေါ်သော်လည်း သူသည် တက်တူး၏လက်ကို ပုတ်ချလိုက်မိသည်။



"ကျွန်မက မိုးရွာရင် ကြောက်လို့ပါ"

ဆိုသော မဝ့်မရဲ ပြောဆိုသံလေးသည် သူ့နားထဲ ပဲ့တင်ထပ်လာလေသည်။ တက်တူးတို့ သုံးယောက်သည် အပေါ်ဝတ်အင်္ကျီများကို ချွတ်ပြီး အခန်းထဲ သောင်းကျန်းနေကြသော်လည်း သူ့နားထဲတော့ ဆူညံသော ဂီတသံတွေအစား ကျွန်မ မိုးရွာရင်ကြောက်တယ် ဆိုတာပဲ ကြားယောင်နေမိတော့သည်။ ထို့ကြောင့် ရိမုမ်ကိုဆွဲယူကာ သီချင်းသံကျယ်ကြီးကို ပိတ်ချလိုက်လေသည်။

ပြီးနောက် ထိုင်ခုံပေါ်တွင် ငေးမှိုင်စွာ ထိုင်ချလိုက်၏။ မီးကို ရေဖြင့်ငြိမ်းလိုက်သလို ငြိမ်ကျသွားသော အခန်းထဲတွင် အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်သွားတော့သည်။

"ဘာဖြစ်လို့လဲ နကွတ်။ ဘာဖြစ်သွားတာလဲ"

သူခေါင်းရမ်းပြသည်။ ဘာဖြစ်လို့လည်း ဆိုတော့ သူ့ထံ ပြောစရာ စကားမရှိ၍ဖြစ်၏။ သူ့အာရုံထဲ ကျွန်မဆိုတဲ့ မိန်းကလေးကိုသာ မြင်ယောင်နေမိသည်။

"အပြင်မှာ မိုးတကယ်ပဲ သည်းနေတာလား"

"အင်း. . . မိုးရော၊ လေရောပဲ။ မသိရင် မုန်တိုင်းဝင်သလားလို့ထင်ရတယ်"

ဟု နေယံက ဝင်ပြောသောအခါ သူသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါဘဲ စားပွဲပေါ်မှ ကားသော့ကိုသာ အဆောတလျင် ဆွဲယူလိုက်သည်။

"ဒီ. . . အိမ်ပြန်မှဖြစ်မယ်"

"ဟာ. . . နေပါဦးကွာ။ ငါတို့တောင် အခုမှရောက်တဲ့ ဟာကို ပွဲပျက်တော့မလို့လား"

"သူ မိုးရွာရင် ကြောက်တတ်တယ်"

"သူ. . . ဟုတ်လား။ ဟား. . . ဟား မိန်းမကိုပြောတာလား။ ဟား. . . ဟား. . . ဒီကောင်တော့ သွားပြီ"

"ဆွဲမထားပါနဲ့ကွာ။ လွှတ်ပေးလိုက်ပါ။ ညားကာစ ဆိုတာ မျိုးက ဒီလိုပဲကွာ"

ဟု သူ့ကိုဝိုင်းစနေသော်လည်း သူမရှက်နိုင်တော့ပေ။ အခန်း ထဲမှသာ ပြေးထွက်လာခဲ့မိ၏။

"ထို. . ."

အပြင်ရောက်သည်နှင့် တစ်ပြိုင်နက် မိုးနှင့်လေသံသည် ကြောက်ခမန်းလိလိ ထွက်ပေါ်လာလေသည်။ မိုးရောလေပါ ချနေ သဖြင့် ပတ်ဝန်းကျင်သည် မှောင်မည်း၍ နေလေ၏။

"ညည်းသည်. . . ခဏနေပါဗျာ။ မိုးအရမ်းကြီးနေတယ်"

"ကျွန်တော်. . . . အိမ်ပြန်မှဖြစ်မယ်"

"ဒီအချိန်ကြီး ပြန်သွားရင် ကားပါကင်မရောက်ခင် တစ်ကိုယ် လုံး ရွှဲနစ်သွားလိမ့်မယ်"

ဟု ဝန်ထမ်းက ဆိုသော်လည်း သူသည် ဝန်ထမ်းစကားကို



နားမထောင်နိုင်ပေ။ နံရံတွင် ထောင်ထားသော ထီးကြီးကိုဆွဲယူပြီး ဖွင့်လိုက်လေ၏။

မှန်တံခါးကို တွန်းဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် တိုက်ခတ် လာသောလေသည်။ သူ့ကိုယ်ခန္ဓာကြီး လွင့်ပါသွားမလားဟုပင် ထင် မှားရလောက်ပါသည်။ ဒုက္ခပဲ၊ ဒီလောက် လေရောမိုးပါ ကြီးနေမှတော့ မိုးရွာရင် ကြောက်တတ်တဲ့ ရေဝတီက အိမ်မှာဘယ်သူမှ အဖော်မရှိ ပါဘဲ ဘယ်လိုနေမလဲ မသိနိုင်ပါ။

"ညည်းသည်. . . ညည်းသည်"

ဝန်ထမ်းတွေ တားနေသည့်ကြားမှ အပြင်ဘက်သို့ ထွက် လိုက်သောအခါ တိုက်ခတ်လာသော လေသည် သူ့ဆီကိုဆွဲယူလေ သည်။ သူကလည်း အရှုံးမပေးပါဘဲ ထီးကိုခိုင်မြဲစွာ ဆွဲထားလေ၏။

သို့သော် သဘာဝနှင့် သူ၏အားပြိုင်ပွဲတွင် သူသည် သဘာဝ ကိုရှုံးနိမ့်သွားလေသည်။ အရှုံးကြေးအဖြစ် ထီးတစ်လက်ကို လက်ဆောင် ပေးလိုက်ရ၏။

မိုးရေစက်များသည် သူ့ကိုယ်လုံးပေါ် နေရာလပ်မကျန် နေရာ ယူစပြုလာလေသည်။ သို့သော် သူသည် နောက်မဆုတ်ဘဲ ရှေ့တိုး လာမိသည်။ တစ်ကိုယ်လုံး မိုးရေတို့နှင့် ရွှဲရွှဲနစ်သွားသောအခါ သူသည် ကားပေါ်သို့ရောက်နှင့် လေပြီဖြစ်သည်။

ကားပေါ်သို့ ရောက်ရောက်ချင်းမှာ ကားစက်နှိုးပြီး ဂယ် ကွေ့ကွေ့ကာ မောင်းထွက်လာမိသည်။ သည်းထန်သော လေနှင့်မိုး ကြောင့် သွယ်တန်းထားသော ဓာတ်ကြိုးများ လှုပ်နေပေသည်။

သစ်ပင်ကြီးများမှာ ယိမ်းထိုးနေလေသည်။ လေနှင့်မိုးကြိုးပါက အပြင်မသွားရန် သတိပေး တားမြစ်ချက်များကို သူဖတ်ဖူးသည်။ ပြီးနောက် သစ်ပင်ကျိုးကျ၍ ဓာတ်ကြိုးပါပြတ်ပြီး ဓာတ်လိုက် သေဆုံးသူများအကြောင်းလည်း ဂျာနယ်ထဲ၌ ဖတ်ဖူးသည်။

သူသည်လည်း လူထဲကလူမို့ သေမည့်အရေး တွေးပူမိသော်လည်း ယခုနေချိန်တွင် သေရေးထက် ရေဝတီက စိုးမိုးနေလေသည်။

"ထိ . . ."

ရေအိုင်များကို ဖြတ်ကာ မောင်းလိုက်လေသည်။ မိုးသည် ကြီးသောကြောင့် ရှေ့ကိုက်တစ်ရာကိုပင် သဲသဲကွဲကွဲ မမြင်ရချေ။

"ထိ . . ."

မိုးသည် အောင်းထားသမျှ အတိုးချပေရော့သလား မသိပါ။ သဲကြီးမည်းကြီးပင် ရွာလေတော့၏။

"ထိ . . ."

လေသည် ပြင်းထန်လာသည်ဟု ခံစားရသည်။ ဘာကြောင့်လဲ။ မုန်တိုင်းများ ရှိနေသလား။

"ဂိုမ်း . . . ဂူလိမ်း"

မိုးသိမ်သည်းနေလျှင် မိုးကြိုး မချပေ။ သို့သော် မိုးကြိုးပစ်သံသည် မိုးသံကို ဖောက်ထွက်၍ လာပေသည်။ သူ့အာရုံထဲ မိုးသံ



ရော၊ မိုးကြိုးပါ မရှိချေ။ ချောင်တစ်ချောင်တွင် ငြိမ်ကုတ်နေမည့် ရေဝတီ၏ ပုံသာလွှမ်းမိုးနေလေတော့သည်။

ပိတ်ထားသော ခြံတံခါးကို ဆင်းဖွင့်ရလေသောအခါ မိုးရေကြောင့် သူသည် ကြွက်စုတ်ရေမွှမ်း ဖြစ်သွားရလေသည်။

"ဂိုမ်း . . ."

မိုးကြိုးသည် သူ့ခေါင်းပေါ်တည့်တည့်ပင် ပစ်ချလိုက်သည် ဟုထင်မှားရလောက်သည်။ မလန့်တတ်သော သူပင် ကြောက်ချင်ချင် ဖြစ်လာသည်။ ကားကို အိမ်ထဲသွင်းပြီး တံခါးကို သော့ပြန်ခတ်ကာ အိမ်ထဲသို့ သွက်လက်မြန်ဆန်သော ခြေလှမ်းများနှင့် ပြေးဝင်လာမိသည်။

"ရေဝတီ . . . ရေဝတီ"

အိမ်ကြီးသည် မီးဖွင့်မထားဘဲ မှောင်မည်း၍ နေလေသည်။ ထို့ကြောင့် မီးခလုတ်ကို ဖွင့်လေ၏။ မီးပျက်နေသည်ကို သူတန်းသိလိုက်လေသည်။

"ရေဝတီ . . . ရေဝတီ . . . ဟော . . . ရေဝတီ"

သူ ပို၍စိုးရိမ်လာမိသည်။ ထို့ကြောင့်ပင် ရေဝတီ၏ အိပ်ခန်းတံခါးကို မခေါက်တော့ဘဲ တွန်းဖွင့်သည်။ သို့သော် တံခါးသည် ဖွင့်မရချေ။ သူ့စိုးရိမ်စိတ်က ပိုကြီးသွားလေ၏။

"ဂိုမ်း . . . ဂူလိမ်း"

မိုးခြိမ်းသံသည် ဆင့်ကဲဆင့်ကဲ ထွက်ပေါ်လာလေသည်။

"ရေဝတီ . . . ရေဝတီ . . . တံခါးဖွင့်ပါ။ ရေဝတီ . . . "

ထူးသံကို နားစွင့်သော်လည်း ဘာသံမှ ထွက်ပေါ်မလာသောအခါ သူသည် တံခါးကို အားရှိအားကုန် ဆောင့်ကန် ပစ်လိုက်သည်။ တံခါးကြီး ဂုန်းခနဲ ပွင့်သွားလေ၏။

"ရေဝတီ . . "

သူထပ်၍ ခေါ်လိုက်သောအခါ . . .

"ကိုကို . . . ကိုကို . . . "

မှောင်မည်းနေ၍ မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရသော်လည်း လျှပ်ရောင်ကြောင့် ရိုးတိုးရိပ်တိတ်လေး တွေ့နေရသည်။ ကုတင်ပေါ်မှာ ငြိမ်သက်နေရှာသော ရေဝတီ။

"ကိုကို . . . "

သူ့ကို အားကိုးတကြီး ခေါ်နေရှာသည်။ သူ့ရင်ထဲ ဝမ်းနည်းခြင်းတို့ တိုးဝေ့ဝင်ရောက်လာလေ၏။

"ကိုကို . . "

အားနည်းသော ထိုအသံကို ထပ်မံကြားရလေသောအခါ သူသည် ရေဝတီ ကိုယ်လေးကိုဆွဲပွေ့ကာ ရင်ခွင်ထဲ ပွေ့ဖိုက်ထား လိုက်မိသည်။

"ကိုကို . . . "



နှစ်သိမ့်ချင်သော်လည်း ဘာစကားမှ ထွက်ပေါ်မလာတော့ပေ။ ရေဝတီ ကိုယ်လေးကိုသာ နွေးထွေးစွာ ပွေ့ဖိုက်ထား လိုက်မိသည်။

ရေဝတီသည် ကြောက်လွန်း၍ထင်သည် အသားလေးများပင် ဆတ်ဆတ်တုန်နေရှာလေ၏။ သူ့ကျောပြင်မှ ရေဝတီ၏ လက်များလေးကို ဘယ်လိုဆုပ်ကိုင်ရမှန်းပင် မသိနိုင်တော့ချေ။

သူ့ရင်ထဲ နာကျင်ရတာကိုသာ သူသိ၏။ စိတ်မကောင်းခြင်း။ ဝမ်းနည်းခြင်းတို့သည် သူ့ရင်ထဲ ပျံ့နှံ့စွာ ကြဲပျံ့နေလေသည်။

● ● ●

## အခန်း(၇)

"ဒီလောက် ကြောက်နေတာကို ဘာလို့ဖုန်းဆက်ပြီး မခေါ်တာလဲ"

"ကိုကို့အတွက် အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့ပါ"

မထင်မှတ်သော အဖြေမို့ ရင်ထဲတုန်ခါသွားသည်မှာ အမှန်ပါ။ ထို့ကြောင့် ပျက်ယွင်းသွားသော သူ့မျက်နှာကို ရေဝတီ မမြင်စေရန် ကျောခိုင်းထားမိသည်။

"ရော့. . . ကော်ဖီပူပူ သောက်လိုက်ဦး။ ချမ်းနေတယ် မဟုတ်လား"

ဆိုကာ ကော်ဖီခွက်ကို လှမ်းပေးသောအခါ ရေဝတီက မဝံ့တရဲလေး ဆွဲယူရှာသည်။

"ဘာလို့ မိုးရွာတာကို အဲဒီလောက်ကြီး ကြောက်နေရတာလဲ"





မေးခွန်းနှင့်အတူ ရေဝတီရှေ့တွင် သူဝင်ထိုင်လိုက်လေသည်။ ရေဝတီက တစ်ခုခု ပြောမှာပဲဟု မျှော်လင့်သဖြင့် ရေဝတီထံ မငုံ့မရဲ လှမ်းကြည့်သည်။ ရေဝတီသည် နံရံကိုငေးကြည့်ရင်း ကော်ဖီကို တစ်ငုံ မျှသောက်လေသည်။

"ကျွန်မ ရှစ်နှစ်သမီးလောက်မှာ အဖေနဲ့အမေ ကားတိုက်ခံရပြီး ဆုံးသွားတယ်။ အဲဒီနေ့က မိုးတွေ အရမ်းရွာနေတယ်။ မိုးရွာကြီးထဲမှာ ကျွန်မ တစ်ယောက်တည်းပဲရှိတယ်။ အမေ့ ကိုယ်ပေါ်က သွေးတွေက မိုးရေနဲ့အတူ ကျွန်မကိုယ်ပေါ်ကို စီးကျနေတယ်။ အမေက ကျွန်မလက်ကို ဆုပ်ကိုင်ထားတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျွန်မ ကိုထားပစ်ခဲ့တယ်။ ကျွန်မ မိုးတွေကို အရမ်းကြောက်တယ်။ မိုးတွေ ရွာတိုင်း ကျွန်မ တစ်ခုခုဖြစ်တော့မလို ခံစားရတယ်"

သူ့ရင်ထဲ နွမ်းလျသွားလေသည်။ ရေဝတီ့ကို ငေးစိုက်ကြည့်ချင်သော်လည်း အသံအက်အက်နှင့် ပြောနေရှာသော ရေဝတီ့ မျက်နှာလေးကို မကြည့်ရဲချေ။

"ဘွားဘွားကလည်း ကျွန်မကို မိုးရေထဲမှာပဲ ထားပစ်ခဲ့တယ်။ အဲဒီနေ့က ဘွားဘွားသောက်ဖို့ ကျွန်မ ကော်ဖီဖျော်ခဲ့တယ်။ ဒါပေမယ့် ဘွားဘွား အခန်းထဲ ကျွန်မရောက်တော့ ဘွားဘွားက ကျွန်မရဲ့ခေါ်သံကို မထူးတော့ဘူး။ ကျွန်မ ဘာလုပ်ရမှန်း မသိဘူး။ ဘွားဘွားကို ဖက်ပြီးငိုခဲ့တယ်။ ဒါပေမယ့် မိုးသံတွေကြောင့် ကျွန်မအသံကို ဘယ်သူမှမကြားခဲ့ဘူး"

သူက မငုံ့မရဲ ကြည့်လိုက်သောအခါ ရေဝတီ့ ပါးပြင်မှ မျက်ရည်စီးကြောင်းလေးများကို တွေ့ရလေသည်။ ထို့ကြောင့် သူသည်

Book Sharing

မရည်ရွယ်ထားပါဘဲ ရေဝတို့ အနီးတိုးကပ် သွားလေသည်။ ပြီးနောက် တစ်သျှူးဘူးထဲမှ တစ်သျှူးစကို ဆွဲယူပြီး ယုယစွာသုတ်ပေးမိသည်။

"နောက်ဆို. . . မိုးရွာရင်. . . ဝါ့ကိုခေါ်နော်။ ငါနဲ့ဖုန်း ပြောနေရင် မင်းအကြောက် နည်းနည်းပေါ့မှာပေါ့"

"ဒါပေမယ့် ကျွန်မ ကြောက်တယ် ကိုကို"

"ဘာလို့လဲ"

"ကိုကို. . . ကျွန်မကို ထားသွားမှာ ကြောက်တယ်"

ဟုဆိုသောအခါ သူသည် ရေဝတီ၏ ပခုံးစွန်းလေးကို ဆွဲကာ သူ့ရင်ခွင်ထဲ ထွေးပိုက်ထားမိသည်။

"ငါက အသက်ငယ်သေးတယ်လေ။ ပြီးတော့ ဒီလောက် ကျွန်းမာရေးကောင်းတာ ဘာလို့ မင်းကို ထားပစ်ခဲ့ရမှာလဲ"

"ကျွန်မ ချစ်တဲ့လူတွေတောင် ထားပစ်ကြသေးတာပဲ။ ကိုကိုက. . . ကိုကိုက. . . ကျွန်မကိုမှ. . ."

စကားလုံးများသည် နှုတ်ခမ်းဖျား၌ ဗျောင်းကျနေသလို ကြားနေရသူ နက္ခတ်မှာလည်း ဆက်မကြားဝံ့ချေ။ အကယ်၍သာ ကျွန်မကို မချစ်တာဟု ဆိုပါက သူဘာပြောရမလဲ။ မဟုတ်ပါဘူးဟု ငြင်းမြန် လျှင်လည်း ချစ်တယ်ဟုပြောရာ ရောက်သွားလိမ့်မည်။ မငြင်းဘဲ ငြိမ် နေပြန်လျှင်လည်း ဝမ်းနည်းနေသော ရေဝတီကို အားပေးရာ မရောက် ဘဲ စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်နေလိမ့်မည်။





"မဖြစ်သေးတဲ့ အကြောင်းအရာကိုသာ တွေးပူနေရင်း မင်းရဲ့တန်ဖိုးရှိတဲ့ အချိန်တွေက နှမြောဖို့ကောင်းနေမှာပေါ့။ ဖြစ်လာမှ ဖြစ်လာသလို ကြည့်ပြီး ဖြေရှင်းတာ မကောင်းဘူးလား"

"ကျွန်မကို ကြိုတင် ပြင်ဆင်ထားဖို့များ သတိပေးနေတာ လား. . . ကိုကို"

သူနားမလည်ပေ။ ရေဝတီက ဘာဆိုလိုချင်မှန်း မသိပါ။

"ကိုကိုက. . . ကျွန်မကို မလွဲသာ မရှောင်သာလို့ လက် ထပ်ခဲ့ရတယ်ဆိုတာ ကျွန်မ သိပါတယ်"

တည့်တည့်ကြီး ပြောချလာပြန်တော့လည်း အားနာရပြန် သည်။ သို့သော် ရေဝတီက သူ့အပေါ် ဘယ်လိုသဘောထားသလဲ ဆိုတာကိုတော့ သူသိချင်လှ၏။

"သိသိချည်းနဲ့ မင်းဘာလို့ ငါ့ကိုလက်ထပ်ခဲ့တာလဲ"

"ကျွန်မ ဒီမေးခွန်းကို မဖြေချင်ဘူး ကိုကို"

ဟုဆိုသောအခါ ကပ်ထိုင်နေသော သူနှင့် ရေဝတို့ ကိုယ်ခန္ဓာ သည် အနည်းငယ်ကျဲသွားသလို ခံစားရလေသည်။

"ကောင်းပြီလေ။ မဖြေချင်လည်း မဖြေနဲ့ပေါ့။ ငါကလည်း အတင်းအကြပ် မမေးပါဘူး။ ညဉ့်လည်း အတော်နက်နေပြီ ငါတို့ အိပ်မှဖြစ်တော့မယ်"

မှန်ပါသည်။ ညဆယ့်တစ်နာရီကျော်နေပြီ ဖြစ်၏။ မိုးစဲသွား

သောကြောင့် ပတ်ဝန်းကျင်သည် ပုံမှန်ထက် ပို၍တိတ်ဆိတ်နေလေသည်။

မိုးသည်းထား၍ ထင်သည်။ ရာသီဥတုသည် အနည်းငယ်အေးနေလေသည်။

"ငါ့ အဝတ်အစားတွေကြောင့် မင်းရဲ့အိပ်ရာ ရေစိုသွားပြီ"

"ရပါတယ်။ အိပ်ရာကို ဖယ်ပြီး အိပ်လိုက်ပါ့မယ်"

"ကျောတွေနာမှာပေါ့။ ထားလိုက်ပါ။ ငါ့အခန်းထဲမှာပဲ အိပ်လိုက် . . "

"ဟင်း . . "

"ဟော့ . . ဟေ့ . . ဘာတွေ တွေးနေတာလဲ။ ငါပြောတာက မင်း . . . ငါ့အခန်းထဲမှာ အိပ်ပြီး ငါက ဒီဧည့်ခန်းထဲမှာပဲ အိပ်မယ်လို့ ပြောတာပါ"

"ရပါတယ်။ ကျွန်မ . . . ဟိုအခန်းထဲမှာပဲ အိပ်လိုက်ပါ့မယ်"

"ကလန်ကဆန် မလုပ်နဲ့။ ငါက လုပ်ဆိုလုပ်လိုက် ဒါပဲ"

"ဟုတ် . . ဒါဆို . . . ဟို . . ခေါင်းအုံးတွေက . . "

"ရပါတယ်။ တစ်ညတစ်လေပဲ . . "

ဟုဆိုကာ သုံးခုတွဲ ခုံရှည်ကြီးပေါ် လှဲချလိုက်၏။ ထိုအခါမှ ရေဝတီသည် ကော်ဇီနှစ်ခွက်ကို သိမ်းကာ ထသွားလေသည်။





ရေဝတီ ရှေ့မှာသာ မျက်စိမှိတ်၍ နေလိုက်ရသော်လည်း သူ အိပ်မပျော်ပါ။ အိပ်ချင်စိတ်လည်း မရှိပါ။ တုန်ယင်ကြောက်ရွံ့နေရှာသော ရေဝတီ၏ ပုံရိပ်ကသာ သူ့အတွေးထဲ ဝင့်ဝိုက်နေလေသည်။

ကုတင်ပေါ်မှာ ကျယ်ကျယ်ဝန်းဝန်း အိပ်လေ့ရှိသူမို့ ကျဉ်းမြောင်းသော ထိုဆိုဖာဆက်တီသည် သူ့အတွက် အချုပ်ခန်းလားဟု ထင်မှားရလောက်ပါသည်။

သူသည် ဆိုဖာပေါ်ထိုင်လိုက်၊ လှဲအိပ်လိုက်လုပ်နေဆဲမှာပင် ရေဝတီသည် ခေါင်းအုံးနှင့် စောင်ကိုပိုက်ကာ သူ့ထံလျှောက်လာလေ၏။

ရေဝတီ လျှောက်လာသည်ကို မြင်မြင်ချင်းမှာပင် သူသည် လှဲနေရာမှ ထလိုက်သည်။ အများအသိတွင် ရေဝတီသည် သူ၏ဇနီးသည် ဆိုသော်ငြား ရေဝတီနှင့် သူ၏ပတ်သက်မှုကို ကာယကံရှင်တွေကအသိဆုံးဖြစ်သည်။

ထို့ကြောင့် မိန်းမပျိုတစ်ဦးရှေ့တွင် အနေအထိုင် ဆင်ခြင်ရမည်မှန်း သူသိသည်။

"ခေါင်းအုံးနဲ့ စောင်လာပို့တာပါ"

ဟုဆိုကာ သူ့ထံလှမ်းပေးသဖြင့် သူကလည်း လှမ်းယူလိုက်သည်။

"မင်း . . . အိပ်ပျော်ရဲ့လား"



Scanned by CamScanner

''ကော်ဖီတွေ သောက်ထားလို့ထင်တယ်။ မျက်စိကြောင်နေတယ်''

''ဒါဆို ငါနဲ့စကားပြောပါလား''

သူက ဖိတ်ခေါ်လေသောအခါ ရေဝတီသည် သူ့ရှေ့တွင် ကျုံ့ကျုံ့လေး ထိုင်လေသည်။ ရေဝတီ၏ အင်္ကျီများသည် ခပ်နွမ်းနွမ်းလေးဖြစ်နေသောကြောင့် ထိုအင်္ကျီသည် ညအိပ်ဝတ်ဖြစ်လိမ့်မည်ဟုခန့်မှန်းမိသည်။

ရေဝတီကို သူအံ့ဩမိ၏။ မိန်းကလေးအများစုသည် ညအိပ်ဝတ်စုံကို ဂါဝန်ဖားဖား သို့မဟုတ် ဘောင်းဘီပွပွများကို အရောင်တောက်တောက်လေး ဝတ်တတ်ကြ၏။ ဘာလို့ ထိုအဝတ်မျိုး ဝတ်တာလဲဟု မေးမကြည့်ဖူးသော်လည်း လွတ်လွတ်လပ်လပ် ဖြစ်အောင် ဝတ်ဆင်တယ်ဟု သဘောပေါက်ထားလေသည်။

သို့သော် ရေဝတီမှကား၊ ရင်ဖုံးအင်္ကျီခါးတို လက်ရှည်လေးနှင့်လုံချည်ကိုလည်း၊ နွမ်းတယ်ဆိုသော်ငြား၊ ဖိဖိရိရိ ဝတ်ဆင်ထားလေသည်။ ရှည်သော ဆံပင်ကိုလည်း၊ သပ်သပ်ရပ်ရပ်ပင် ကလစ်ပြားနှင့် ညှပ်ထားလေသည်။

''အိပ်မရမယ့် အတူတူတော့ စကားလေး ဘာလေး ပြောရင်ကောင်းမလားလို့ပါ''

''ဟုတ်ကဲ့ ကျွန်မလည်း ပြောချင်ပါတယ်။ သေချာတွေးကြည့်ရင် ကျွန်မနဲ့ကိုကိုက သိပ်မရင်းနှီးကြဘူး''



''ယောက်ျားတစ်ယောက်ကို မရင်းနှီးဘဲ ဘာလို့လက်ထပ်ရတာလဲ။ တကယ်လို့ ငါက လူဆိုးတစ်ယောက်ဆို မင်းအတွက် မခက်ဘူးလား''

''ကိုကိုက လူဆိုးမဟုတ်ဘူးဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ တကယ်လို့ ဆိုးနေခဲ့ရင်တောင် ကျွန်မ သည်းခံမှာပါ''

''ဘာကြောင့်လဲ . . .''

''မေတ္တာပေးရင် မေတ္တာတွေ ပြန်ရတယ်လို့ ကျွန်မ ယုံကြည်တယ်''

''မင်းမှာ ရည်းစား မရှိဖူးဘူးလား''

''ဟင့်အင်း . . .''

''မင်းကို ကြိုက်တဲ့လူရော မရှိဘူးလား''

ထိုမေးခွန်းကြောင့် ရေဝတီသည် နကွတ်ကို အားတုံ့အားနာ ဖြစ်သွားလေသည်။

''ရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောပါ။ ငါ့မှာ သဝန်ကြောင်စိတ်လုံးဝ မရှိဘူး''

''ရှိပါတယ်''

''မင်းရော သူ့ကို မကြိုက်ဘူးလား''

''သူက ကျွန်မကို ချစ်တယ်လို့ မပြောဘူး''

Scanned by CamScanner

"မပြောဘဲနဲ့ သူက မင်းကိုသဘောကျတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ"

"ဒီလိုပဲ ခံစားမိတာပါ"

သဝန်မကြောင်ဘူးဟု ဆိုထားသော်လည်း တကယ့်လက် တွေ့တွင်မူ ဒီလိုပဲ ခံစားမိတာပါဆိုသည့် အဖြေကို သူမကြိုက်ပေ။

"ကိုကိုရေ့ . . "

"မင်းကို ပြောရမှာ အားနာပါတယ်။ ငါက ရည်းစား အရမ်း များတယ်။ ခုနတုန်းကလည်း ငါဘယ်က ပြန်လာတယ် ထင်သလဲ"

"ကိုကို အရက်တွေ သောက်ထားမှန်း ကျွန်မ သိပါတယ်"

"ဟုတ်တယ်။ ငါ့....... ကောင်မှာ သောက်ခဲ့တာ။ ကောင် မလေး နှစ်ယောက်နဲ့အတူပေါ့"

"အဲဒီလို မိန်းကလေးတွေဆိုရင်တော့ ရည်းစားဆိုတဲ့ အသုံး အနှုန်းမျိုးနဲ့ မပြောပါနဲ့ ကိုကို"

"မင်း . . . စိတ်မဆိုးဘူးလား။ ငါနဲ့မင်းက ဘာမှမဆိုင်ကြ သေးပေမယ့် ဥပဒေအရတော့ ငါက မင်းရဲ့ယောကျ်ားလေ။ ငါ့ . . . အဲဒီလိုတွေနေတာ မင်းရင်ထဲ ဘာမှ မခံစားရဘူးလား"

"ခံစားရပါတယ်။ ဒါပေမယ့် ကျွန်မက ကိုကို့စရိုက်ကို မကြိုက်ဘူးလို့ ပြောရင် ကိုကို စိတ်ရှုပ်မှာပေါ့။ ခင်ပွန်းသည်ကို ကျွန်မ စိတ်ရှုပ်အောင် မလုပ်ဘူးလို့ ဆုံးဖြတ်ထားတယ်"





"ဒါပေမယ့် ငါကတော့ မင်းကိုစိတ်ရှုပ်အောင် လုပ်ရင်လုပ် မိလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ကိုကို"

"ဟမ့် . . . ဘာလဲ။ ငါ့ကို ရွဲ့နေတာလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ ကျေးဇူးတင်တာလဲ"

"ကိုကို ညာပြောနေတယ်ဆိုတာ သိလို့ပေါ့"

"ငါက ဘာလို့ညာရမှာလဲ။ မညာပါဘူး"

သူက ခပ်တည်တည်နှင့် ပြောသောအခါ ရေဝတီသည် ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်ပြန်သည်။ ထိုအပြုံးကို မြင်ရသော အခါ သူ့စိတ်တွေ ကြည်လင်သွားသလို ခံစားရသည်။

ရေဝတီ ပြုံးသလို၊ သူလည်း ပြုံးလိုက်မိသည်။ ထိုတခဏ အတွင်း သူနှင့်ရေဝတီသည် သိပ်ကိုရင်းနှီးသွားသလို ခံစားရ၏။ အဘွား အပေါ် မကျေလည်ချင်သော်လည်း လက်ထပ်မိခြင်းကို အမှားကြီးဟု လက်မခံချင်တော့ပေ။ အဘွားအပေါ် အနိုင်လိုချင်တာမှန်သော်လည်း အနိုင်ရလိုစိတ်က ပြင်းထန်မနေတော့ချေ။

သူ . . . ရေဝတီကို သဘောကျနေမိပြီလား။ မဖြစ်ပါ။ သဘော ကျ၍ မဖြစ်ပါ။ ရေဝတီကို သဘောကျမိသည့်နေ့သည် မိသားစုကို အရှုံးပေးရသည့် နေ့ဖြစ်လိမ့်မည်။



Scanned by CamScanner

သို့သော် ဘယ်လို လုပ်မလဲ။ ဒီလိုနှစ်ရက်တာ အတော အတွင်းမှာပင် နှစ်သက်ချင်သလို ဖြစ်နေသော သူ့စိတ်က တစ်လလောက် တင်းမခံနိုင်ပါလားဟု သံသယဖြစ်လာလေသည်။ သူ့အာပြောပြော သူ့အပေါ် သည်းခံသည့် မိန်းကလေးအပေါ် ကရုဏာ သက်မိတာလည်း အမှန်ဖြစ်၏။

မိုးရေတွေ ရွှဲနေသော သူ့ရင်ခွင်ထဲ အားကိုးတကြီး တိုးဝင် နေရှာသော မိန်းကလေးကြောင့် မခံစားဖူးသည့် နူးညံ့သိမ်မွေ့မှုမျိုး ခံစားခဲ့ရလေသည်။

သူ့ကိုလည်း ကိုကိုဟု အားကိုးတကြီး ခေါ်နေရှာ သူလေး ကိုလျစ်လျူမရှုနိုင်သည်က အမှန်ပါ။ ဖြူစင်တဲ့ အပြုံးကလေးသည် လည်း သူ့စိတ်ကို အေးချမ်းစေသည်ကို သူခံစားမိ၏။

သူဘာလုပ်ရမလဲ။ အက်ပြီးဘဲ လျစ်လျူရှု နေရမှာလား။ သူ့ရင်ထဲ ရေဝတီအတွက် နေရာထားရခက်နေလေသည်။ သို့သော် ရေဝတီ့ကြောင့်တော့ သူ့ရင်ဘတ်သည် ရှုပ်ထွေးခြင်း အလျဉ်းမရှိ ပါပဲ။ ကြည်လင်နေသည်ကိုတော့ သူလုံးဝ ငြင်း၍မရသည်မှာ အမှန်ပါ။ ထို ကြည်လင်တိတ်ဆိတ်နေသည်....။

● ● ●



Book Sharing



## အခန်း(၈)

"အား..."

အော်သံ စူးစူးကြောင့် သူသည် အိပ်ပျော်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ရုတ်တရက်မို့ ခေါင်းထဲမိုက်ခနဲ ဖြစ်သွားရလေ သည်။ သို့သော် သူကြားလိုက်သော အသံမှာ ရေဝတီ၏ အသံဆို တာ လုံးဝသေချာလှ၏။ ထို့ကြောင့် ထိုင်ရာမှ ချက်ခြင်းထရပ် လေသည်။

"ရေဝတီ... ရေဝတီ... ဘာဖြစ်တာလဲ။ မင်း... ဘယ် မှာလဲ"

ရောက်တတ်ရာရာပင် ပြေးလွှားမိသော်လည်း သူ့ခြေလှမ်း များသည် တုံ့ဆိုင်းခြင်း အလျဉ်းမရှိပေ။

"ကိုကို... ကိုကို"

သူ့အား ခေါ်နေရှာသော အသံတွင် ကြောက်ရွံ့ခြင်းများ

ရောယှက်နေလေသည်။ အသံသည် မီးဖိုချောင်ထဲမှ လာသည်ဖြစ်၍ သူသည် အသံလာရာဆီသို့ ပြေးသွားမိသည်။

"ဟင့် . . . ဒါ . . ."

သူ့အံအား သင့်သွားလေသည်။ မြွေတစ်ကောင်သည် ရေဝတီ ထံသို့ ဦးတည်ပြီးသွားနေလေ၏။ ဘယ်က ဝင်လာတာလဲ။ ဘယ်က ရောက်လာတဲ့ မြွေလဲ။

သူသည် ဘေးဘီဝဲယာသို့ ကြည့်လိုက်သောအခါ ခပ်ဟဟ ပွင့်နေသော တံခါးချပ်ကို တွေ့လိုက်ရ၏။

"ကိုကိုရေ . . . လုပ်ပါဦး။ ကျွန်မဆီ လာနေပြီ"

သူသည် မွေးကတည်းကနေ ယခုအချိန်အထိ မြွေကို မဆို ထားနှင့် တီကောင်နှင့်ပင် မျက်နှာချင်း မဆိုင်ဖူးသူ ဖြစ်လေသည်။ မြွေကို ဘယ်လိုမောင်းထုတ်ရမလဲဆိုတာ သူမသိပေ။ မနေ့က မိုးရော လေပါချထားသဖြင့် တံခါးသည် ဟတတလေး ပွင့်နေ၏။ ထိုတံခါးမှ ဝင်လာခဲ့ခြင်း ဖြစ်သည်ကိုလည်း ခန့်မှန်းမိသည်။

သို့သော် ဝင်လာသော အပေါက်မှထွက်အောင် မောင်းထုတ် ဖို့ဆိုသည့် ကိစ္စက ထင်သလောက် မလွယ်ပေ။ ပြီးနောက် သူတွေ့ နေရသော တိရစ္ဆာန်သည် ယုန်တစ်ကောင် မဟုတ်ဘဲ။ အန္တရာယ်ရှိ သည့် မြွေတစ်ကောင်ဖြစ်သည်။

ပြီးနောက် ထိုမြွေသည် သူ့ဆီဦးတည်နေခြင်း မဟုတ်ဘဲ ရေဝတီထံသို့ ဖြစ်၏။ ရေဝတီသည် ကြောက်လန့်လွန်း၍ ထင်သည် နံရံဘက်သို့ တဖြည်းဖြည်း တိုးကပ်နေရှာ၏။





သူ့ထံ စဉ်းစားချိန် များများမရှိတော့ချေ။ တွေဝေနေရန်လည်း အခွင့်အရေးမရှိတော့ချိန်၌ သူသည် စီးထားသော ဖိနပ်ကိုချွတ်ကာ မြွေထံပစ်ပေါက်လိုက်၏။

ထိုအခါ မြွေသည် သူ့ထံသို့လှည့်ကြည့်လာလေသည်။ သူ လက်မောင်းတစ်ခုလုံး ကြက်သီးမွေးညင်းထောင်သွားလေ၏။ ကူကယ် ရာရစေခြင်းအလို့ငှာ ရိုက်စရာတုတ်တစ်ချောင်းကို အပြေးအလွှား ရှာ ဖွေမိတော့လည်း သူ့အမြင်အာရုံထဲ မည်သည့်တုတ်မျှ ဝင်မလာချေ။

ထို့ကြောင့် အလှပန်းအိုးတစ်လုံးကို ဆွဲယူလိုက်၏။ ပြီးနောက် သူ့အား ပါးပျဉ်းထောင်ကာ ကြည့်နေသော မြွေကိုပစ်ပေါက်လိုက် သည်။ သို့သော် ကံဆိုးချင်သောအခါ မြွေကိုမထိမှန်ဘဲ ကြမ်းပြင်ကို ထိမှန်ကာ ပန်းအိုးသည် မရှုမလှ ကျကွဲကျေသွားလေ၏။

မြွေသည် ဒေါသဖြစ်လာသည် ထင်ပါသည်။ သူ့ကိုသေချာ စွာကြည့်လာလေသည်။ ထိုအခါ ကြောက်စိတ်များသည် သူ့ကိုယ်ထဲ ပျံ့နှံ့သွားလေ၏။ သို့သော် အရှုံးတော့ မပေးလိုပေ။ နီးစပ်ရာ ဖန်ခွက် များကို ကမန်းကတမ်း ဆွဲကိုင်ထားလေသည်။

မြွေသည် သူ့ထံသို့ဦးတည် လာခဲ့ချိန်မှာတော့ သူသည် မျက်စိထဲ ဘာမှမြင်မနေတော့ပါဘဲ ဖန်ခွက်များကိုသာ တစ်လုံးပြီး တစ်လုံးဆွဲယူကာ ခဲလုံးသဖွယ် အသုံးပြုလိုက်တော့၏။

တစ်ခဏအတွင်း မီးဖိုခန်းထဲ ဖန်ခွက်ကျကွဲသံတွေ ဆူညံ သွားလေ၏။ ကြောက်အား လန့်အားနှင့် ပစ်ပေါက်နေသောကြောင့် ပစ်ချက်ကို ထိမှန်၊ မမှန်ဆိုတာ မဝေခွဲနိုင်ပေ။

သို့သော် သူ့ခြေထောက်အနီး မြွေ . . ရောက်လာချိန်မှာတော့ . .

"ဆလွမ့် . . "

မျက်စိကို စုံမှိတ်ပြီး ပန်းကန်တစ်လုံးဖြင့် ပစ်ပေါက်လိုက်လေ၏။ သွေးတို့သည် ဖြူလွှသော ကြွေပြားပေါ် ရဲခနဲ ဖြစ်သွားလေသည်။

မြွေကို ထိသွားပြီဆိုတာ သိ၏။ ငုံ့ကြည့်လိုက်သောအခါတွင်လည်း မြွေသည် ဖန်ခွက်အကွဲအရှများကြား ငြိမ်သက်၍နေလေပြီဖြစ်၏။

အသက်ရှူချောင်သွားသလို ခံစားရသည်။ အန္တရာယ်မြွေလည်း သေသွားပြီပို့ အသက်ဝဝရှူမယ် ကြံဆဲအချိန်တွင် . . . . .

"ဟင့် . . "

ကြမ်းပြင်ပေါ် အပုံလိုက် လဲကျနေသော ရေဝတီကြောင့် သူသည် မျက်လုံးများ ပြူးကျယ်ဝိုင်းစက် သွားလေသည်။ မြွေသေကို ဂရုမစိုက်နိုင်ဘဲ ရေဝတီ့ထံသို့ ပြေးသွားကာ ရေဝတီကို ပွေ့ချီလိုက်သည်။

"ရေ . . ဝတီ့ . . ရေဝတီ့ . . ဟေ့ . . ဟေ့ . . "

ဘာဖြစ်တာလဲဆိုတာ နားမလည်ပေ။ အကြောက်လွန်ပြီး မူးမေ့သွားသည်ဟု ထင်ကာ လှုပ်ကိုလှုပ်ခါလေ၏။ သို့သော် ခြေသလုံးမှ





အနီစက်ကလေးကို မြင်လိုက်သောအခါ သူ . . . ထိတ်လန့်သွားလေသည်။

ရင်ထဲ ဝမ်းနည်းခြင်းတို့ အပြေးအလွှား နေရာယူလာကြသည်။ ရေဝတီကို မြွေပေါက်သွားပြီ ဖြစ်သည်။ သူ ဘာလုပ်ရမလဲ။ သူ . . ဘာလုပ်ရမလဲ။

"ရေဝတီ . . . ရေဝတီ့ . . " .

ရေဝတီမှာမူ သူ့ခေါ်သံကို လျစ်လျူရှုကာ ပျော့ခွေခြင်းဖြစ်နေသည်။ သူအကြံ ရလိုက်ပြီဖြစ်၏။ ထို့ကြောင့် ခါးတစ်ဝိုက်မှ အကျီဝများကို ဆွဲဖြဲသည်။ ပြီးနောက် ရေဝတီ၏ ခြေသလုံးတွင် တင်းကြပ်နေအောင် စည်းနှောင်လိုက်လေသည်။

"ရေဝတီ့ . . ဟေ့ . . သတိထားပါဦး ရေဝတီ့ . . "

ပြန်ထူးသံ မကြားရသောအခါ သူသည် ယောက်ယက်ခတ်သွားလေ၏။

"ဟေ့ . . ဟေ့ . . ရေဝတီ၊ ဟေ့ . . . မင်းသေလို့ မဖြစ်ဘူးလေ။ ဟေ့ . . ရေဝတီ့ . . ဟေ့"

တဖြည်းဖြည်း ငိုသံပေါက်လာသည်။ လက်တွေလည်း တုန်ယင်လာပြီ ဖြစ်၏။

ရေဝတီသာ တစ်ခုခု ဖြစ်သွားခဲ့လျှင်ဆိုသော အတွေးသည် သူ့နှလုံးသွေးကို ရပ်တန့်လိုက်သလို ခံစားရလေ၏။ မဖြစ်ဘူး။ ရေဝတီ

မင်းသွားလို့ မဖြစ်ဘူး။ ငါကို နောင်တတွေနဲ့ မထားခဲ့နဲ့။ မင်း မသွားရဘူး။ မသွားရဘူး။

သူသည် ရေဝတီကို ရင်ခွင်ထဲ ပွေ့ပိုက်ထားသော်ငြား ရေဝတီသည် မလှုပ်မယှက်နိုင်အောင် ငြိမ်ကျ၍ သွားလေတော့သည်။

● ● ●



## အခန်း(၉)

"ငါ့ မြေးရယ် ဖြစ်မှဖြစ်ရလေ . . . "

အဘွားက သူ့ကိုကြည့်ပြီး တဟဲဟဲ ရယ်လေသောအခါ သူ့မှာ နေစရာ နေရာမရှိလောက်အောင် သေးကျုံ့သွားလေသည်။ ရှက်လည်း ရှက်မိသည်။

သူပစ်ပေါက်လိုက်သော အရှိန်နှင့် ဖန်ခွက်များ၏ အစအနများသည် ရေဝတီထံရောက်ရှိသွား လိမ့်မည်ဟု သူတွေးမကြည့်မိခဲ့သည်မှာ အမှန်ပင်။

ထို့ကြောင့်ပင် ရေဝတီ သေသွားပြီ အထင်နှင့် ငိုခဲ့ရလေသည်။ ယခု တွေးမိလျှင် ယခုရှက်မိသည်။ သို့သော် အဆိုးထဲက အကောင်းဟု ဆိုရလေမလားပင်။ ထိုတစ်ခဏအတွင်း၌ သူ့ကိုယ်သူ နားလည်လိုက်ပြီဖြစ်၏။

သူသည် ရေဝတီအပေါ် တွယ်တာနေမိပြီဖြစ်သည်။ ရေဝတီ သေဆုံးသွားမည်ကို နှမြောမိသည်။ ရေဝတီထက်ကောင်းတဲ့ လူမျိုး

ထပ်မတွေ့နိုင်တော့ဘူးဟုလည်း ယုံကြည်မိသည်။ ရေဝတီနှင့် စကားပြောရသည်က ရိုးရှင်းပြီး ကြည်နူးဖွယ်ကောင်းသည်။

ထိုအချိန်ကို သူမက်မောမိတာ အမှန်ဖြစ်၏။ ဒါ့ထက် ရေဝတီ ချက်ပြုတ်နေသည့် အနားတွင် သူသည် ရစ်သီရစ်သီ နေချင်မိပါသေးသည်။ ပြီးနောက် ရန်ကုန်မြို့ထဲရှိ ရေဝတီ မရောက်ဖူးသေးသော အထင်ကရ နေရာများကို လိုက်ပို့ပေးချင်မိသည်။

သူ့မှာ ဆန္ဒတွေများစွာ ရှိနေသည်ကို သိလိုက်ရ၏။ နောင်တက သူ့ကိုလှမ်းမျှော်ကြည့်ကာ ကိုယ်ယောင်ပြလိုက်ပြီ ဖြစ်လေသည်။ အဘွားဆိုလိုခဲ့တဲ့ နောင်တဆိုတာကို ဝါးတားတား သိမြင်ခံစားလိုက်ရပါပြီ။

ထို့ကြောင့် အဘွားရဲ့စိတ်သည် သူ့စိတ်နှင့်နီးစပ်လာသည်ဟုထင်လာမိသည်။

"ဖန်ကွဲစနဲ့ ခြေကိုက်ဒဏ်ရာကိုမှ မှားရတယ်လို့"

အဘွားကပြောလည်းပြောကာ မျက်လုံးလေး ကျဉ်းသည်အထိ ရယ်မောနေသောကြောင့် ဖေဖေရော၊ မေမေရော သူပါ အဘွားကို တအံ့တဩ စိုက်ကြည့်နေမိလေသည်။

ကုတင်ပေါ်မှ ရေဝတီကတော့ ထုံးစံအတိုင်းပင် မဝံ့မရဲလေး ရှိနေရှာသည်။

"အဘွား အဲဒီအတိုင်းပဲ တစ်နေကုန် ရယ်နေတော့မှာလား"

သူက ရွတည်တည်ဖြင့် ရန်တွေ့သော်လည်း အဘွားက စိတ်





ဆိုးသွားခြင်းမရှိသည့်အပြင် အပြုံးမပျက်နေဆဲ ဖြစ်လေသည်။ ပေါ့ပါးနေသော အဘွား၏ အမူအယာကြောင့် အမြဲရုပ်တည်ကြီးနှင့် နေတတ်သော ဖေဖေပင်လျှင် ပြုံးယောင်ယောင်လေး ဖြစ်လာသည်။

"ကိုယ့်မိန်းမကို စိုးရိမ်ရင် စိုးရိမ်တယ်ပေါ့။ ဘာရှက်စရာရှိလို့လဲ"

"ဟာဗျာ.. ဘာတွေ လာပြောနေတာလဲ"

"ကဲပါ... မေမေရယ်။ မေမေ့ ခြေးကာရှက်ပြီး မေ့လဲသွားပါဦးမယ်။ သွားကြရင်အောင်ပါ။ သမီးလေးလည်း သတိရနေပြီပဲ။ သူတို့ချင်း ပြောစရာစကား ရှိမှာပေါ့"

"ကျွန်မကြောင့် ဘွားဘွားရော၊ ဖေဖေရော၊ မေမေပါ ဒုက္ခများသွားပြီ ထင်တယ်။ တကယ် အားနာပါတယ်"

"ရပါတယ် သမီးရယ်။ ဒါတွေ စိတ်ထဲမထားပါနဲ့။ သားနဲ့ သမီးကို အခုတိုင်း တွေ့လိုက်ရတာပဲ ဝမ်းသာလှပါပြီ။ သမီးဖေဖေဆို သမီးခုလိုဖြစ်တယ်လဲ ကြားရော ဖိနပ်တောင် မစီးနိုင်ပါဘူး။ ကြည့်ပါလား။ ဒီကိုရောက်လာတာ ဖိနပ်တောင် မပါနိုင်ဘူး"

ဟု မေမေက နောက်တော့မှ သူက ငုံ့ကြည့်လိုက်မိသည်။ သူ အံ့အားသင့်သွားလေ၏။ သူသိသော ဖေဖေသည် စိတ်ခံစားချက်ကို အင်မတန် သိုဝှက်တတ်သူ ဖြစ်လေသည်။ ပြီးနောက် တည်ငြိမ်ပြီးလေးနက်သည်။ မည်သည့် အကြောင်းအရာနှင့်မှ ပျာယာခတ်ခြင်း မရှိပါချေ။

သို့သော် ယခုမူကား ရေဝတီကြောင့် ဖိနပ်ပင်မစီးနိုင်ဘဲ ပြေးထွက်လာသောအခါ မေမေ့ရင်ထဲမှ ရေဝတီအတွက် ပေးထားသော နေရာကို သူသိမြင် ခံစားလိုက်ရသည်။

သို့သော် မေမေသည် ရေဝတီ့ကို တိတိတာတာ စကားမပြောပါဘဲ စိတ်မကောင်းစွာပင် ငေးစိုက်ကြည့်လေ၏။ မေမေ့ မျက်လုံးထဲ မှကြင်နာရိပ်များကို သူသိမြင် ခံစားရလေသည်။ ဘာကြောင့်လဲ. . . ဘာကြောင့်လဲ။ သူ့မိသားစုက ရေဝတီ့အပေါ် ဒီလောက်လေးနက် နေရတာလဲ။ .

''မှုရင်လည်း မှုရောကိုး၊ သမီးရဲ့။ ဒင်းက ဖုန်း ဘယ်လို ဆက်သလဲ သိလား။ ငိုသံပါကြီးနဲ့ ရေဝတီ. . . ရေဝတီ. . . ။ သူ့ . သူပိုးထိပြီး ဆုံးပြီဆိုတော့ ငါတောင် တုန်နေတဲ့ ဒူးကို မနည်းထိန်း ထားရတယ်''

ဟုပြောပြီး အဘွားကရယ်ပြန်သည်။

''ဒီမှာ နေမကောင်းတဲ့လူကို ရှေ့မှာထားပြီး ဒီအတိုင်းပဲ ရယ်နေရင်တော့ အဘွားပဲ လူနာစောင့်နေခဲ့။ ကျွန်တော် ပြန်တော့ မယ်''

သူက ထိုသို့ငြိမ်းခြောက်တော့မှ အဘွားက ထိုင်နေရာမှ ထရပ်လေတော့သည်။

''ကပ်စေးကလည်း နည်းတာကွယ်။ ရပါတယ်။ မလာနဲ့ ဆိုလည်း မလာပါဘူး။ ဒါပေမယ့် မင်းတော့ အခု အိမ်ပြန်လို့မရ



သေးဘူး။ မင်းတို့အိမ်ကို ရှင်းလင်းဖို့ သန့်ရှင်းရေးဝန်ထမ်းတွေ လွှတ်ထားတယ်။ ဒီနေ့တော့ ဟိုတယ်မှာပဲ အိပ်ကြဖို့''

''ဟုတ်တယ်သား။ ဟန်းနီးမွန်းလည်း မသွားထားတော့ စိတ်ပြေလက်ပျောက် ဒီညတော့ ဟိုတယ်မှာပဲ အိပ်လိုက်ကြပါ။ သား မေမေရဲ့ ဟိုတယ်မှာ အခန်းပြင်ခိုင်းထားလိုက်မယ်။ ကဲ. . အစ်ကို၊ အစ်ကိုလည်း သားကို တစ်ခုခု မပြောတော့ဘူးလား''

''မင်းရဲ့ မေမေ ပြောတာပြည့်စုံနေပြီပဲ။ မရှိတော့ပါဘူး။ တစ်ခုပဲရှိတယ်။ ဟိုကောင်. . . မိန်းမတော့ ယူထားပြီးပြီ။ အဲဒီ မိန်းမကို စောင့်ရှောက်ဖို့ မင်းမှာ တာဝန်ရှိတယ်။ ဘာကြောင့်ပဲ ဖြစ်ဖြစ် သူတစ်ခုခု ဖြစ်ရင် အဲဒါ မင်းညံ့လို့ပဲ။ မင်းရဲ့ တာဝန်ပဲ။ ဒါကို ကောင်းကောင်း တွေးထား။ ကဲ. . . ကိုယ်တို့ပြန်ကြရအောင်''

ဟုဆိုကာ မေမေက ဦးဆောင်ပြီး ထွက်သွားသောအခါ မေမေက မေမေ့ နောက်မှလိုက်သွားလေ၏။

ပြီးနောက် ဘွားဘွားက ပြုံးစိစိလုပ်ကာ လိုက်သွားပြန်သည်။

''လူကြီးတွေကို ဘာလို့ ပြောလိုက်တာလဲ။ စိတ်အပူလွန်ပြီး တစ်ခုခု ဖြစ်သွားမှဖြင့်. . . ''

''မပြောလို့ ရမလားကွာ။ မင်းကိုမှ ခေါ်လို့မရတော့တာ''

''ကျွန်မ သေသွားပြီလို့ ကိုကို ထင်သွားတာလား''

''မင်းကို ခေါ်လို့မှ မရတော့တာ. . . ''

Book Sharing

Scanned by CamScanner

"ကျွန်မလည်း ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါဘူး။ တကယ်ကို အားနာပါတယ်။ ဖန်ကွဲစ စူးမိရုံနဲ့ ဆေးရုံရောက်ရတဲ့အတွက် ရှက်လည်းရှက်မိပါတယ်"

အမှန်က ရှက်စရာရှိသူက ဝိုရှက်ရမည့် အနေအထားမှာ ရှိသည်။ ဖန်ကွဲ စူးတာမှန်းမသိ၊ မြွေပေါက်ဒဏ်ရာမှန်းမသိ ခွဲခြားမရလောက်အောင် ထုပ္ပူခဲ့မိသည်။

စိတ်ပူသွား၍ မှားခဲ့ခြင်းဖြစ်၏။ တကယ်တမ်း သွေးအေးအေးနှင့် စဉ်းစားလျှင် မှားစရာ ဘာအကြောင်းမှကို မရှိပေ။

"မင်းက အဲဒီလိုပြောတော့ ငါ့မျက်နှာ ဘယ်နားထားရမှန်းကိုမသိတော့ဘူး။ ဒီလိုညအိပ် ဝတ်စုံကြီးနဲ့ငါ။ ဒီဆေးရုံမှာ ဘယ်လောက်တောင် ပျာယာခတ်ခဲ့တယ် ထင်သလဲ"

ရေဝတီသည် ရှက်ရှက်နှင့်ပြောနေသော သူ့မျက်နှာကို ငေးကြည့်၍ အာရုံစိုက် နားထောင်နေလေသည်။

"ပိုးထိတယ်ဆိုပြီး မင်းကိုပွေ့ချီလာတော့ ဆရာဝန်တွေ၊ နာ့စ်တွေရော ပျာယာခတ်သွားတယ်။ ငါ အဖေ့ကိုဖုန်းဆက်ထားတော့ ဖေဖေက ဘာလုပ်လိုက်မှန်း မသိဘူး။ ဆရာဝန်ကြီးက ကိုယ်တိုင်ဆင်းလာပြီး မင်းရဲ့ဒဏ်ရာကို ကြည့်ကြတယ်။ ပြီးတော့ ငါ့ကိုသူတို့ ပြုံးစိစိနဲ့ကြည့်တယ်။ အဲဒီ အကြည့်က ဘယ်လောက်ဆိုးတယ် ထင်သလဲ"

"ဘယ်လောက် ဆိုးလို့လဲ"

"နေရာမှာတင် အငွေ့ပျံပြီး ပျောက်သွားချင်တဲ့ အထိပဲ"



"ဘာလို့ သူတို့က အဲဒီလိုကြည့်ရတာလဲ"

"ဘာဖြစ်ရမှာလဲ။ သူ့မိန်းမကို ချစ်လိုက်တာ၊ စိုးရိမ်လိုက်တာဆိုတဲ့ အကြည့်ကြီးပေါ့။ ငါက နေရင်းထိုင်ရင်း ဟိုဟာကြီး. . . အဲ့. . ."

သူသည် စကားကို လမ်းတစ်ဝက်၌ ရပ်တန့်လိုက်လေသည်။ ဘာကြောင့်လဲဆိုတော့ သူ့စကားသည် စိတ်လွတ်ကိုယ်လွတ် နိုင်သွား၍ဖြစ်၏။

မိန်းမတွေရော၊ ချစ်တာတွေရော၊ ဇုံသွားလေသည်။ ပြဿနာပဲ ရှက်လိုက်တာ။

"အစ်ကိုလေး. . ."

ခေါင်းမဖော်ဝံ့လောက်အောင် ရှက်သွားမိသော်လည်း ထိုအစ်ကိုလေး ဆိုသောအသံကြောင့် အသက်ရှူ၍ ရသွားလေသည်။ သူလှည့်ကြည့်လိုက်သောအခါ ဖေဖေ့ ဟိုတယ်မှ ယူနီဖောင်းနှင့် လူတစ်ယောက်ဖြစ်၏။

"သူဌေးက အစ်ကိုလေးတို့ကို အကြိုလွှတ်လိုက်လို့ပါ"

မြန်လိုက်တာဟု စိတ်ထဲကတွေးမိသော်လည်း ကျေနပ်သည်။ ဘာကြောင့်မှန်း မသိ။ ဖေဖေက ရေဝတီကို လေးလေးနက်နက် ဆက်ဆံခြင်းအပေါ် သူကျေနပ်နေမိသည်။

"ဒါဆို ခဏစောင့်။ ဒီမှာ ဆေးသွင်းနေတုန်း။ ဆေးကုန်သွားမှ ထွက်လာခဲ့မယ်"

Scanned by CamScanner

"ဟို့ . . . ကိုကိုကလည်း အားနာစရာကြီး။ ဒီသေးက မကုန်လည်း ဘာမှမဖြစ်ပါဘူး။ ကျွန်မလည်း နေကောင်းနေပြီပဲ။ ဖန်ကွဲကလည်း ရှိရုံလေးပဲဟာကို . . ."

"မလိုအပ်ရင် ဆရာဝန်က လုပ်ပါ့မလား။ လိုအပ်လို့ လုပ်တာပေါ့။ ငြိမ်ငြိမ်နေပါ။ လှဲနေ . . ."

ဟုပင် ခပ်တည်တည်နှင့် အော်လွှတ်လိုက်သေးတော့။

"ဟုတ်ကဲ့"

နဂိုကတည်းကမှ မငုံ့မရဲနိုင်လှသော ဝန်ထမ်းသည် ဟုတ်ကဲ့ ဟုဆိုကာ တန်းနေအောင် ပြေးလေတော့၏။

"အားနာစရာတွေချည်းပဲ ဖြစ်ကုန်ပြီ။ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။ ကျွန်မကြောင့် ဟိုတယ်ခန်းပါ ငှားလိုက်ရပြီ။ ကျွန်မ မပါးနပ်တာပါ။ အမှန်က တံခါးကို အသာလေးဖွင့်ပြီး မောင်းထုတ်လိုက်ရင်လည်း ရတဲ့ဟာကို အခုတော့ မြွေလည်းသေရတယ်။ လူကြီးတွေလည်း ဒုက္ခများတယ်။ ပြီးတော့ ကိုကိုလည်း စိတ်ဒုက္ခဖြစ်ရတယ်။ တကယ်အားနာပါတယ်"

"မင်း . . . အဲ့ဒီ အားနာတာတွေကပြီးဦးမှာလား။ အားနာတဲ့အကြောင်းသာ မင်းဆက်ပြောနေဦးမယ်ဆိုရင် ငါ . . . မင်းကိုဒေါသဖြစ်လာတော့မယ်နော်။ ဘာကိုဘာလို့ ဒီလောက်တောင် အားနာနေရတာလဲ"

"ဟို့ . . . ကိုကိုတို့ စိတ်အနှောင့်အယှက် ဖြစ်ရလို့ပါ"





"အနှောင့်အယှက် ဟုတ်လား။ ငါတို့က သူစိမ်းတွေလား။ မိသားစုက မိသားစုဝင် တစ်ယောက်အတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရရင်လည်း အဲဒါက အားနာစရာလား။ မိသားစုကြားမှာ အားနာတာမျိုးက လိုအပ်လို့လား။ ပြောတော့သာ ခင်ပွန်း၊ အိမ်ဦးနတ်နဲ့၊ တကယ့်စိတ်ထဲမှာတော့ ငါ့ကိုပင်သူစိမ်းတွေး တွေးနေတာ မဟုတ်လား"

"မဟုတ်ပါဘူး။ အဲဒီလို မဟုတ်ဘူး"

"မဟုတ်ရင် မပြောနဲ့။ အဲ့ဒီ အားနာတယ်တွေ၊ စိတ်အနှောင့်အယှက်ဖြစ်ရမယ်တွေ ငါ မကြိုက်ဘူး"

"တောင်းပန်ပါတယ်။ ကိုကို မကြိုက်ရင် နောက်မပြောမိအောင် ဆင်ခြင်ပါ့မယ်"

"ငါ မကြိုက်တဲ့ စကားလုံးထဲမှာ အဲ့ဒီ တောင်းပန်ပါတယ် ဆိုတာလည်း ပါတယ်"

"ရှင် . . ."

"ပြောလိုက်ရင် တရှင့် . . . ရှင်နဲ့၊ တော်ပြီ မင်းလက်ကောက်ဝတ်က အပ်ကိုဖြုတ်လိုက်တော့ သွားမယ်။ ငါ ဗိုက်ဆာနေပြီ"

"ဟုတ် . . ."

သူ့အသံက အနည်းငယ် မာသွားသောကြောင့် ရေဝတီသည် ခေါင်းလေးငုံ့ကာ ဆေးသွင်းအပ်ကို ဖြုတ်ရှာသည်။ သို့သော် မကျွမ်းကျင်လှတာမို့ အပ်ဖြုတ်သော လက်ချောင်းကလေးတွေသည် တုန်ယင်၍နေရှာသည်။

သူက ဆက်ပြီးမကြည့်နိုင်တော့သဖြင့် အင်္ကျီကို ကူဖြုတ်ပေးလိုက်လေသည်။ ထိုအခါ သူလက်ဖမိုးပေါ်သို့ ကျလာသော မျက်ရည်တစ်စက်ကို သတိထားမိသွား၏။

သူ့ နှလုံးသား ဆတ်ခနဲ တုန်သွားလေသည်။ ရေဝတီ ငိုနေတာလား။ သူက ခပ်ကြမ်းကြမ်း ပြောလိုက်လို့ ဝမ်းနည်းသွားတာလား။ အားနာစိတ်သည် ရင်ထဲပျံ့နှံ့သွားလေရာ မသိမသာ အကဲခတ်မိသည်။

သို့သော် ရေဝတီသည် မျက်နှာကို သူမမြင်အောင် ခေါင်းကိုငုံ၍ ထားလေသည်။ ပြီးနောက် မျက်ရည်ကိုလည်း မသိမသာ သုတ်ရှာ၏။

သူ့ရင်ထဲ နုံးချိသွားလေသည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိလေ၏။ သူ့ကြောင့် ရေဝတီ ငိုရပြန်ပြီဖြစ်၏။ ရေဝတီရယ် . . . မင်းကို ငါအမှန်တကယ် စိတ်ဆိုးလို့ ငေါက်ငန်းနေတာ မဟုတ်ပါဘူးဆိုတာ မင်းသိအောင် ငါဘယ်လိုပြောရမလဲ။

အရှက်ပြေလေး လုပ်မိလုပ်ရာ လုပ်မိနေတာပါ။ တိတ်ပါတော့။ ငါမှားသွားပါတယ်။ ဒါကြောင့် မငိုပါနဲ့တော့။ မငိုပါနဲ့တော့နော်ဟု ရင်ထဲတန်းစီကာ ပြောနေမိသော်လည်း သူသည် တောမိနှင့် ဆွေမျိုးတော်ရလေပြီ ဖြစ်၏။

● ● ●



အခန်း(၁၀)

"ငါတို့ အကျီတော့ ဝယ်မှထင်တယ်"

ဟု ဆိုလိုက်လေသည်။ ထိုအခါ ရှေ့ခန်းမှ ဒရိုင်ဘာသည် သူနှင့်ရေဝတီ၏ အခြေအနေကို ဘယ်လောက်တောင်များ အာရုံစိုက်နေသည်မသိပါ။ ကားကို စင်တာရှေ့၌ အုန်းခနဲ ဆိုက်ရပ်လိုက်လေသည်။

သူပင်လျှင် အံ့အားသင့်သွားသည်။ သို့သော်လည်း မထူးတော့ပြီမို့ ကားပေါ်မှ ဆင်းလေ၏။

"အဝိုတွေ ဖြစ်သွားမယ်ထင်တယ်။ အိမ်မှာ ပြန်ယူရင်လည်း ရတာပဲ"

ဒီမိန်းကလေး ဘယ်လိုဟာလေးလဲ။ အခြားမိန်းကလေးတွေဆိုလျှင် စျေးဝယ်ထွက်ခြင်းကို ရူးသွပ်ကြသည်ဖြစ်၏။ ငွေကိုအချိန်ပြည့်ဖြုန်းလို့ သုံးလိုကြသည်။ ယခုတော့ ထိုမိန်းကလေးက ကားပေါ်မှာ ငုတ်တုတ်ထိုင်နေလေသည်။ ပုံစံကို အကဲခတ်တော့လည်း တကယ်ပဲ မဝယ်ဖို့ ဆုံးဖြတ်ထားတဲ့ပုံမျိုး ဖြစ်နေ၏။



Scanned by CamScanner

"အိမ်ပြန် မယူချင်လို့ ဝယ်တာပေါ့ကွ"

"မဟုတ်ဘူး။ ကျွန်မက ကိုကို ဝိုက်ဆံတွေ အပိုကုန်မှာ စိုးလို့ပါ။ ပြီးတော့ ဒီနေရာကြီးကို ကြည့်ရတာလည်း ဈေးတော်တော် ကြီးမယ့်ပုံပဲ။ တစ်သောင်းတန်ကို ငါးသောင်းဆိုပြီး တင်ရောင်းရင် ဘယ်လိုလုပ်မလဲ"

ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။ ဘာတွေ တွေးနေမှန်း မသိပေ။ သူကတော့ ထိုမိန်းကလေးတွေးသလို တစ်ခါမှ မတွေးခဲ့ဖူးပါ။ တကယ်တော့ကျသော အတွေးမျိုး ဖြစ်လေ၏။ အဘွားက တောသူဟုခေါ်တာ မကြိုက်၍သာ ရေဝတီဟု ပြောင်းလဲ သတ်မှတ်ရသည်။ တောစရိုက်သည် ရေဝတီ၏ဝိညာဉ်၌ စွဲညိ၍ နေလေသည်။ ထိုစရိုက်သည် စိတ်ပျက်ဖို့ကောင်းလိမ့်မယ်ဟု ထင်ခဲ့ သော်လည်း တကယ်တမ်းမှာမူ စိတ်ဝင်စားစရာ ကောင်းနေခဲ့သည်မှာ အမှန်ပါ။

"ငါးသောင်း ရောင်းတာက ငါးသောင်းတန်လို့နေမှာပေါ့။ ကဲပါ. . . လာပါ။ ဆင်းခဲ့။ အဲဒီငါးသောင်းလောက်ကို မဝယ်နိုင်ရအောင် ငါ့ကို မွဲများ မှတ်နေသလား"

"ဒါပေမယ့် သုံးတာနဲ့ ဖြုန်းတာမတူဘူးလေ။ အဲဒီဆိုင်ရှင်ကို အဲဒီလောက် အမြတ်ပေးဝယ်မယ့်အစား သင့်တာလေးပဲ ဝယ်ဝတ်ပြီး မိဘမဲ့ဂေဟာမှာ သွားလှူတော့ မပြည့်တဲ့နေရာကိုလည်း ဖြည့်ပြီးသား ဖြစ်တာပေါ့"

ရေဝတီသည် စကားကို ရင်ထဲက ဆန္ဒနှင့်ပြောနေမှန်း သိသာ





စွာပေါ်လွင်လေသောအခါ ထိုစကားလုံးသည် သူ့ရင်ကို ရိုက်ခတ် သွားလေသည်။ ရေဝတီပြောသည်မှာ မှန်သည်။ ထိုအမှန်တရားကို သူဘာလို့ တစ်ခါမှ စိတ်ထဲမထည့်ဖူးတာလဲ။

"မင်းက မိဘမဲ့ဂေဟာမှာ အလှူလုပ်ချင်လို့လား"

"ပိုတဲ့ငွေနဲ့မှပါ။ ဈေးဖိုးတစ်ရက် ငါးထောင်သုံးပြီး ကျန်တဲ့ ငါးထောင်စုတော့ တစ်လကို တစ်သိန်းကျော် ထွက်လာတယ်လေ။ အဲဒါက ပိုတဲ့ငွေပေါ့"

သူ့ရင်ထဲ ထိခိုက်သွားလေသည်။ ရေဝတီကို သူငေးကြည့် နေမိသည်။ ရေဝတီ၏ မျက်နှာလေးသည် ကြည်ဝင်ပြီး ရိုးသားနေ လေသည်။ ထိုမျက်လုံးတောက်တောက်ကလေးတွေ သူဘယ်မှာမှ မတွေ့ဖူးချေ။ ထိုသို့မျက်ဝန်းမျိုးကို ရေဝတီတစ်ယောက်တည်းက ပိုင်လိမ့်မည်ဟု ထင်သည်။

"လာပါ. . . အဝတ်အစားလည်း ဝယ်တာပေါ့။ ပြီးတော့ ငါတို့လည်း အိမ်ထောင်ဦး အလှူဖြစ်သွားအောင် ဂေဟာမှာလည်း သွားလှူကြတာပေါ့။ အချိန်ရှိပါသေးတယ်"

ဟုဆိုကာ ရေဝတီ၏လက်ကို ညင်သာစွာ ဆွဲခေါ်လိုက်သည်။ ထိုအခါမှ ကားပေါ်တွင် သံနှင့်ရိုက်သလို ထိုင်နေသော ရေဝတီ၏ ခြေထောက် မြေကြီးပေါ် နင်းလာ၏။

"ဒါ. . . ဘယ်နေရာလဲဟင် ကိုကို"

"တော်ဝင် စင်တာလို့ခေါ်တယ်။ နာမည်ကြီး ဈေးဝယ် စင်တာတစ်ခုပေါ့"



Scanned by CamScanner

"အော်... တော်ဝင်စင်တာလား။ ကျွန်မ အများကြီး ကြားဖူးခဲ့တဲ့နေရာပေါ့"

ရေဝတီသည် ငေးကြောင်စွာ ရပ်ကြည့်နေသဖြင့် သူက ရေဝတီ၏ လက်ကို ယုယစွာ ဆွဲပြီးခေါ်လာလေသည်။

"လူတွေ အများကြီးပဲနော် ကိုကို။ ဆိုင်တွေရောပဲ"

သူပြုံးမိသည်။ သူ့ရင်ထဲ ကြည်လင်နေလေ၏။ သူသည် အစားအသောက်ကို စိတ်ဝင်စားသော်လည်း ဈေးဝယ်ခြင်းကိုတော့ အင်မတန် မုန်းသူဖြစ်သည်။ ထို့ကြောင့် ရည်းစားဟောင်းတွေနှင့် မကြာခဏ ပြဿနာ ဖြစ်ကြရသည်။ မလွှဲသာမရှောင်သာ ဈေးဝယ်လိုက်ခဲ့ရလျှင်လည်း စိတ်မပါသောကြောင့် သူ့မျက်နှာသည် ထမင်းခုနစ်ရက်မစားရသလို ဖြစ်နေတတ်သည်။

သို့သော် ယခုမူကား ရေဝတီလက်ကို ကိုင်ကာ ရေဝတီမသိတာမှန်သမျှ ရှင်းပြနေရသည်ကို ကျေနပ်မိသည်။ သူရှင်းပြသမျှ ကိုခေါင်းလေး တညိတ်ညိတ်နှင့် နားထောင်နေရှာသော ရေဝတီကြောင့် ကြည်နူးမိသည်မှာ အမှန်ပါ။

သူသည် ရေဝတီအတွက် ရေဝတီနှစ်သက်မည် ထင်ရသော ရင်ဖုံးအင်္ကျီနှင့် ချိတ်လုံချည်ကို ဝယ်ပေးလေ၏။ ဈေးကြီးနေသောကြောင့် ရေဝတီသည် ငြင်းလေသည်။

သို့သော် သူက အခုအလှူသွားလုပ်မှာမို့ ဝတ်ရမည်ဟု ပြောကာ တစ်ခါတည်း ဝတ်နိုင်းတော့မှ ငြိမ်ကျသွားလေ၏။ ထိုဝတ်စုံကို ရေဝတီက ဝတ်ပြီးသောအခါ ကျွန်မနဲ့တန်ရဲ့လားဟု မေးသဖြင့် သူဒေါသ ထွက်ရသေး၏။



လုံချည်က သုံးသောင်းနှင့် တစ်သောင်းခွဲတန် အင်္ကျီကတန်ရဲ့လားဟုမေးသည်ကို သူစိတ်မဆိုးဘဲ မနေနိုင်တော့ပါ။ အမှန်က ဒီထက်ဈေးကြီးတဲ့ ဝတ်စုံကိုတောင် သူကဝယ်ပေးချင်လှသည်။ အဲဒီထက် မင်းကပိုပြီး တန်ဖိုးရှိပါတယ်ဟု အော်ငေါက်ချင်လေသည်။ သို့သော် သိမ်မွေ့ယဉ်ကျေးသော မိန်းကလေးသည် မျက်ရည်လည်း လွယ်တတ်သူမို့ အနိုင်ယူချင်စိတ်ကို မြိုချလိုက်ရ၏။

ရေဝတီသည် ချိတ်လုံချည်လေးနှင့် လှပနေသောအခါ သူကလည်း ရေဝတီနှင့်လိုက်ဖက်သွားအောင် ပုဆိုးနှင့်လည်ကတုံးလေးကိုဝယ်ယူဝတ်ဆင်လေသည်။

"ဘယ်လိုလဲ ဒီဝတ်စုံက အဆင်ပြေရဲ့လား"

ဟု သူကမေးသောအခါ သူ့ကိုမျက်ရည်တွေဝဲ၍ ကြည့်နေသော ရေဝတီမျက်ဝန်းကို သူရင်ဆိုင်ရပြန်သည်။

"ကိုကိုက ဒီပုံနဲ့ အလိုက်ဆုံးပဲ"

ဟု အားပါးတရပြောသောအခါ သူသည် မသိမသာကြိတ်ပြုံးရလေသည်။ ထိုအခါ ရေဝတီ၏အကြိုက်ကို သူရိပ်မိသွား၏။ ရေဝတီသည် မြန်မာဝတ်စုံကို နှစ်သက်သူဖြစ်ကြောင်း သိသွားသည်။ ထို့ကြောင့် အိမ်၌မဆင်မခြင် ဝတ်ဆင်ခဲ့မိသော ရှပ်ကျယ်နှင့်ဘောင်းဘီတို့အတွက် အားနာရပြန်သည်။

"ဪ... လက်မောင်းကို ကိုင်ထားပါ။ ဒီလောက် လူများနေတာ မင်းပျောက်သွားရင် ရှာဖို့လွယ်မှာ မဟုတ်ဘူး"

ဟုသူက ညစ်ကျယ်ကျယ်ပြောလျှင် ရေဝတီသည် သူ့လက်

Book Sharing

Scanned by CamScanner

မောင်းကို မရဲတရဲလေး ကိုင်ရှာသည်။ ထိုမဝံ့မရဲပုံလေးကို သူက သဘောကျမိသေး၏။

"ဘာလိုချင်သေးလဲ"

ဟုမေးတိုင်း ခေါင်းခါပြတတ်သော မိန်းကလေးကို သူ အသည်းယား မိသည်။ လက်ညှိုးညွှန်ပြတိုင်းဝယ် ပေးချင်လှသည်။ သို့သော် မိန်းကလေးများကို ပစ္စည်းဝယ်ပေးသည့် အလေ့အထ မရှိသောကြောင့် ထိုကိစ္စကို သူမကျွမ်းကျင်ပေ။ မိန်းကလေး တစ်ယောက်ကဘာတွေ အဓိက လိုအပ်သလဲဆိုတာလည်း သူမသိပေ။

တက်တူးတို့ကောင်တွေနှင့်တွေ့မှ မိန်းကလေးတွေရဲ့ လိုအပ်မှုအကြောင်း စပ်စုရဦးမယ်ဟု ရင်ထဲတေးမှတ်ထားလေသည်။

သူနှင့်ရေဝတီတို့သည် မိဘမဲ့ကလေးကျောင်း၌ အလှူလုပ်ဖြစ်ကြသည်။ ကလေးများ၏ တစ်နေ့လုံးစရိတ် လှူကြသည်။ သို့သော် အလှူရှင်များ ကိုယ့်ရှေ့တန်းစီနေသောကြောင့် အလှူရက်သည် နောက်အပတ်မှ အလှည့်ကျလေသည်။ မိဘမဲ့ကျောင်း၌ ထိုသို့အလှူရှင်တွေ များသောအခါ ပျော်နေရှာသော ရေဝတီကြောင့် သူ့ရင်ထဲထိရှ ခံစားရသည်။

"အလှူရှင်တွေများတော့ ကျွန်မ အရမ်းပျော်တာပဲ သိလား"

ဟုပြောသောအခါ ရေဝတီ၏ ရင်ထဲက ဖြူစင်မှုကို သူတွေ့လိုက်ရသလို ခံစားရ၏။

"ကလေးတွေကို သွားနှုတ်ဆက်ရအောင် . . ."



ဟု သူ့ကိုအဖော်ညှိသဖြင့် သူအံ့အားသင့်ရပြန်သည်။ ရွှေတိဂုံဘုရား၌ မျက်စိသူငယ်၊ နားသူငယ်ဖြင့် ဘယ်သွားရမှန်း မသိဖြစ်တတ်သော ရေဝတီသည် ဤမိဘမဲ့ကျောင်းမှာတော့ ကလေးတွေကို နှုတ်ဆက်ရကောင်းမှန်း သိလေသည်။ ပြီးနောက် ကျောင်းအုပ်နှင့် ကလေးတွေအကြောင်း အပြန်အလှန် ဆွေးနွေးနေပုံမှာ ကြောင်စီစီ ဖြစ်နေခြင်း အလျဉ်းမရှိပေ။

သူသည် ဒီအသက်အရွယ်အထိ မိဘမဲ့ကျောင်းသို့ ဒါက ပထမဆုံးရောက်မှုခြင်း ဖြစ်လေသည်။ အလှူလုပ်မယ်ဆိုလျှင် အလှူငွေထည့်ပြီး ပြန်ရမယ်ဟုထင်ခဲ့သည်။ အခုတော့ ကလေးတွေကိုပါ နှုတ်ဆက်ရသည်ဟု ဆိုနေလေသည်။

သူသည် ဘုမသိ ဘမသိပင် ရေဝတီနှင့် ဆရာမလေးနောက်မှ ကုပ်ချောင်းချောင်း လိုက်လာခဲ့လေသည်။ ရေဝတီသည် ပခက်ထဲတွင် ရှိနေသော ကလေးများကို နွေးထွေးစွာ နှုတ်ဆက်လေသည်။ ပြီးနောက် နို့စို့အရွယ်ကလေးများကို သားရင်းပမာ ပွေ့ချီလေသည်။ ပြီးနောက် နွေးထွေးစွာ အနမ်းပေးလေ၏။

ကလေးများသည် ပခက်ထဲ၌ အိပ်သူအိပ်၊ ထိုင်သူထိုင်နေကြသည်။ ဟောခန်းထဲ၌ ကလေးအယောက်လေးဆယ်ခန့် ရှိနေသော်လည်း ဆူညံခြင်းမရှိဘဲ တိတ်ဆိတ်၍ နေလေသည်။ ပခက်ထဲမှ ကလေးများသည် သူနှင့်ရေဝတီကို သိမ်ငယ်စွာ ငေးကြည့်နေလေသည်။

ထိုအကြည့်များမှတစ်ဆင့် ကလေးများ၏ရင်ထဲမှ မွတ်သိပ်မှုကို သူသိမြင်ခံစားရလေသည်။ သူ့ရင်ထဲ ထိခိုက်နာကျင်လာသည်။ ဤမျှ သနားစရာကောင်းသော ကလေးများကို စွန့်ပစ်ခဲ့သည့် မိဘ

များကိုလည်း မသိမသိုင် ဒေါသထွက်လာမိသည်။ မကျေးချင်ရင်၊ မစောင့်ရှောက်ချင်ရင် မမွေးပါနဲ့လားဟု ရန်တွေ့ချင်လာမိသည်။

"ကိုကို့ . . . ကျွန်မတို့ ဒီနေရာကိုလေ နောက်တစ်ခါလာကြရအောင်နော်"

ဟု ရေဝတီက တောင်းဆိုသောအခါ သူသည် လိုက်လိုက်လဲ့လဲ့ ခေါင်းညိတ်မိလေသည်။ ထိုကျောင်းမှ ပြန်လာသော လမ်းတစ်လျှောက်၌ သူနှင့်ရေဝတီ နှစ်ဦးကြား စကားသံများ တိတ်ဆိတ်၍ နေလေသည်။

ကလေးတွေအတွက်လည်း သူသည် စိတ်မကောင်းဖြစ်ရသလို ရေဝတီလည်း စိတ်မကောင်းဖြစ်နေမည်ဟု ထင်ပါသည်။

"ဘယ်သူတွေကများ အဲဒီလို စွန့်ပစ်နိုင်ကြသလဲ မသိဘူး။ တော်တော် ရက်စက်တဲ့ လူတွေပဲ"

"သူတို့မှာလည်း မလွှဲသာတဲ့ အခက်အခဲတွေ ရှိကြလို့နေမှာပါ။ သူတို့ကလေးတွေကို သူတို့လည်း ဘယ်လိုလုပ်စွန့်ပစ်ချင်ပါ့မလဲ။ လောကမှာ ကျွန်မတို့ မသိနိုင်တဲ့ အခက်အခဲတွေ အများကြီး ရှိနိုင်တာပဲ"

"အဲဒါဆိုရင် မမွေးနဲ့ပေါ့"

"ကိုကို့ . . . ကလေး ချစ်တတ်လား ဟင်"

"အဲဒီ မေးခွန်းမျိုး တစ်ခါမှ ကိုယ့်ကိုယ်ကို မေးမကြည့်ဖူးဘူး။ မင်းရော ချစ်တတ်သလား"



"တစ်ချိန်ချိန် ကျွန်မ ကလေးရခဲ့ရင် အဲဒီကလေးကို မိခင်တာဝန်မကျေမှာ ကျွန်မ အစိုးရိမ်ဆုံးကိစ္စပဲ။ စာတွေထဲမှာ ဖတ်ဖူးတာတော့ မိဘတွေက ချစ်တဲ့စိတ်နဲ့ ကလေးကို ထိန်းကျောင်းတဲ့နည်းစနစ်တွေ မှားကြရတယ်တဲ့။ ကျွန်မလည်း အဲဒီလို မှားမိမှာစိုးရိမ်တယ်"

"ဒါဆို ကလေး ချစ်တတ်တာပေါ့ ဟုတ်လား"

"သူများရဲ့ ကလေးတွေကိုတောင် ချစ်မှတော့ ကိုယ့်ရင်ကဖြစ်တဲ့ကလေးဆို အရူးအမူး ချစ်မိမယ် ထင်ပါရဲ့။ တစ်မျိုးတော့ တစ်မျိုးပဲနော်။ ကျွန်မ အတွေးလွန်နေပြီ ထင်တယ်"

ဟု ဆိုလာသောအခါ သူလည်း ပြုံးမိသွားလေ၏။ သူနှင့်ရေဝတီ အခြေအနေက ကလေးအကြောင်း ပြောနေခြင်းသည် နည်းနည်း မဖြစ်သင့်ဘူးဟု ထင်သည်။

"အလှူနေ့ရောက်ရင် ကိုကိုရော လိုက်မယ် မဟုတ်လားဟင်"

"အင်း . . . လိုက်မှာပေါ့။ လိုက်မယ် . . . ဆိုင်ကနေလည်း အလှူလုပ်လို့ရအောင် စည်းရုံးဦးမယ်"

"ကိုကို့ ဆိုင်က စားစရာတွေ ယူလာဖို့လား"

"အင်း . . ."

"ကိုကိုက ဘာဆိုင်ဖွင့်ထားတာလဲ"

သူ . . . ပြုံးမိပြန်သည်။ သူ့ကို ခင်ပွန်းပါဟု ပြောနေသူ မိန်း

ကလေးသည် သူ့အကြောင်း ဘာမှမသိသေးသည့်အတွက် ပြုံးမိခြင်း ဖြစ်လေသည်။ သူနှင့် လက်မထပ်ခင်ကတည်းက သူ့အကြောင်း သိအောင် ဘာလို့မကြိုးစားရတာလဲ။

"စားသောက်ဆိုင်က အီတလီ၊ ပြင်သစ်နဲ့ မြန်မာ အစားအစာ အချို့ရောင်းတဲ့ဆိုင်လေ"

"ဪ . . . ဒါဆို ဆိုင်ကကြီးတာပေါ့"

"ဟင်"

သူသည် ခေါင်းကို တဆတ်ဆတ် ညိတ်ပြလေသည်။

"မင်း . . . ဗိုက်မဆာ သေးဘူးလား"

"နည်းနည်းတော့ ဆာတယ်"

"ဒါဆို ငါ့ဆိုင်ကို သွားရအောင်လေ၊ ဘိုစာမကြိုက်လည်း မြန်မာ အစားအစာ စားပေါ့။ မြန်မာစာ ချက်တဲ့စားဖိုမှူးက လက်ရာ ကောင်းတယ်။ မြန်မာ အစားအစာဆိုပေမယ့် နိုင်ငံခြားသားတွေ လက်ခံ နိုင်အောင် တီထွင်ပြီး ချက်တတ်တယ်"

"ကျွန်မ လိုက်ရင် ကိုကို့အတွက် အနှောင့်အယှက် မဖြစ် ဘူးလား"

"ဘာကိစ္စနဲ့ ငါ့အတွက် အနှောင့်အယှက် ဖြစ်ရမှာလဲ"

သူက ဝေါက်ဆတ်ဆတ်ပြောလျှင် မိန်းကလေးသည် မျက် လွှာကိုချကာ ငြိမ်သက်သွားလေသည်။





"ဆိုင်ကို မောင်းပါ . . ."

ဖေဖေ လွှတ်လိုက်သော ဒရိုင်ဘာသည် သူနှင့်ရေဝတီကို အမြဲ အကဲခတ်နေသည်ဆိုတာ သဘောပေါက်သည်။ ထိုဒရိုင်ဘာ ကြောင့် စိတ်ထဲဘဝင်မကျ ဖြစ်ရသော်လည်း မရိုးသားတာ တစ်ခုမှ လုပ်မထား၍ လိပ်ပြာသန့်နေသည်။

"ဟာ . . . သူဌေး"

ကားပေါ်မှ ဆင်းဆင်းချင်းမှာပင် ညှော်ကြိုဝန်ထမ်းလေးသည် သူ့အား တရင်းတနှီး ဆီးကြိုလေသည်။ ပြီးနောက် သူ့ပုံကိုလည်း ထူးဆန်းစွာ ကြည့်လေ၏။ ပုဆိုးနှင့် လည်ကတုံးကိုဝတ်ပြီး ဆိုင်သို့ တစ်ခါမျှ မလာဖူးသောသူက ထိုအကြည့်ကြောင့် အနည်းငယ် အနေ ကျပ်သည်မှာ အမှန်ပါ။

သို့သော် သူ့ဘေးတွင် ရေဝတီဆိုသော မြန်မာမလေး ရှိနေ သည့်အတွက် အသက်ရှူချောင် သလိုခံစားရသည်။

"ဟာ . . . ဆရာ ကတော်လည်း ပါလာတာပဲ"

မင်္ဂလာပွဲ၌ ရေဝတီကို တွေ့ထား၍မှတ်မိနေသည်ဟု ထင် ပါသည်။

"ကိုကို့ ဆိုင်ကအကြီးကြီးပဲနော်"

ဟု သူ့အနားကပ်ကာ တိုးတိုးလေး ပြောလာသဖြင့် ထိုစကား လေးကို သူကကျေနပ်ပြုံးမိသည်။ ရေဝတီ၏ စကားလုံးထဲတွင် သူ့ အပေါ် အထင်ကြီးသွားချင်း ပါမည်ဟုထင်သည်။ ဘာပဲဖြစ်ဖြစ် ရေဝတီ အထင်ကြီးတာကိုတော့ ခံယူချင်သားပင်။



Scanned by CamScanner

"လှလည်းလှတယ်။ ဆိုင်ကိုကြည့်ရတာတော့ အစားအစာတွေက ဈေးကြီးမယ့်ပုံပဲ"

သူကြိတ်ပြုံးမိပြန်သည်။ သူက စားသောက်ဆိုင် ဖွင့်ထားတယ်ဟုဆိုခဲ့ချိန်က သူ့ကိုများ ဘယ်လိုလေး တွေးထားလေသလဲ မသိပါ။ သေးနုတ်ပြီး မီးခိုးတလူလူ ထွက်နေသော ဆိုင်ဟုတွေးခဲ့လေသလား။ လေးလေးနက်နက် အကျယ်ချဲ့တွေးပါက မကျေနပ်ချင်စရာ ကိစ္စလေးရှိသော်လည်း သူ့ဆိုင်ရှေ့ရောက်နေသည်ကို နန်းတော်ရှေ့ ရောက်နေသူလို တခမ်းတနား ငေးမောနေရှာသည့် ရေဝတီကြောင့် မကောင်းဘက်မှအမြင်ကို အလွယ်တကူ စွန့်လွှတ်လိုက်နိုင်ပါသည်။

"လာလေ . . . အထဲဝင်မှာ။ အထဲမှာ မင်း . . . မျက်လုံးကျွတ်သွားစေမယ့် မြင်ကွင်းတွေရှိတယ်"

"ဘာလို့ မျက်လုံး ကျွတ်မှာလဲ"

"အံ့ဩလွန်းလို့လေ။ အံ့ဩရင် . . . လူကမျက်လုံးပြူးတယ်မဟုတ်လား"

သူသည် ရေဝတီ့လက်ကိုဆွဲပြီး ခေါ်လာခဲ့လေသည်။ ရေဝတီသည် သူ့ဆိုင်ကို တအံ့တဩ ကြည့်ရင်း လိုက်ပါလာလေ၏။ သူသဘောကျသည်။ ပီတိလည်း ဖြစ်ရသည်။ သူနှင့်သက်ဆိုင်သူသည် သူ၏လုပ်ဆောင်မှုကို ချီးကျူးသော သဘောဖြင့် မှင်တက်ခဲ့သည် မဟုတ်ပါလား။

ဒီလိုမှန်းသိရင် ရေဝတီနှင့် ဒီထက်စောဆုံခဲ့ချင်ပါသည်။ သူက ထိုဆိုင်လေးကို စိတ်ရောကိုယ်ပါ နှစ်ပြီးပြင်ဆင်ခဲ့သည်။ ရှားပါးသော





ဒက်ကရေးရှင်း ပြင်ဆင်မှုလုပ်ခဲ့သည်။ သူ့ဆိုင်ကိုရောက်လာလျှင် စိတ်ကူးကမ္ဘာထဲရောက်သွားသလို မှင်တက်စေချင်၍ အားကျိုးမာန်တက် ပြင်ဆင်ထားခဲ့သော်လည်း ဆိုင်သစ်ဖွင့်ပွဲတွင် . . .

"မင်းလုပ်ခဲ့တာ ဒီလောက်ပဲလား" ဟူသော ဘွားဘွားရဲ့ စကားကြောင့် စိတ်ဓာတ်ဘုန်းဘုန်း ကျခဲ့ရဖူးသည်။

"မဆိုးပါဘူး . . . လှပါတယ်"

ဟု ဝတ်ကျေတမ်းကျေ ချီးကျူးပေးခဲ့သော မေမေ့စကားကြောင့် တိုင်နှင့်ခေါင်း ပြေးဆောင့်ချင်အောင် ခံစားခဲ့ရဖူးသည်။

"ဒီလောက်လေးနဲ့တော့ အစီရင်ခံစာမှာ အကြီးကြီး ပြောထားတာ လွန်တာပေါ့"ဟူသော ဖေဖေ့စကားသည် သူ့ကို လုံးဝအသုံးမကျဘူးဟု မပြောရုံ တမယ်သာရှိတော့သည်။

ခံပြင်းမိခဲ့သည်။ တစ်နေ့ကျရင် သူ့အရည်အချင်းကို လူကြီးတွေ ချီးမကျူးဘဲ မနေနိုင်အောင် လုပ်ပြမယ်ဟု အားတင်းခဲ့မိသည်။ ထို့ကြောင့် အရှုံးပေါ်နေသော သူ့ဆိုင်ကို သူမစွန့်လွှတ်ချင်ခဲ့ပါ။ အောင်မြင်သည်အထိ ကြိုးစားပြချင်ခဲ့သည်။ အကယ်၍ နိုင်ငံခြားမှာ ပညာဆက်သင်ရမယ် ဆိုရင်တောင် သူ့ရဲ့အောင်မြင်မှု မှတ်တိုင်ကို စိုက်ထူခဲ့ပြီးမှ ထွက်သွားချင်သည်။ ထိုစိတ်ကြောင့်ပင် ရေဝတီကို ဖွတ်မိုတ်လက်ထပ်ခဲ့ခြင်းဖြစ်သည်။

သူသည် ခေတ်လူငယ်ပီပီ လက်ထပ်ခြင်းကို အလေးအနက်မခံစားခဲ့ပေ။ လူကြီးတွေကို မလွန်ဆန်နိုင်၍ လက်ထပ်သည်။ လူကြီးတွေကြောင့်မို့ သူတို့အိမ်ထောင်ရေးသည် အချစ်မပါပေ။ အချစ်မပါ

သောအိပ်ထောင်ရေးသည် နိုင်မြဲမှာမဟုတ်မှန်းလည်း ရိပ်စားမိသည်။ နိုင်လည်း မနိုင်မြဲချင်ပေ။

တစ်ချိန်ချိန်တွင် သူတကယ် ချစ်ရမယ့် မိန်းကလေးတွေ့လာခဲ့လျှင် ကွာရှင်းမည်ဖြစ်၏။ ဒါမှမဟုတ် မိန်းကလေးဘက်မှစပြီး ချစ်သူရှိလာလျှင်လည်း သူက အသာတကြည် ကွာရှင်းပေးဖို့ ရင်ထဲ အသင့်တွေးထားပြီးသား ဖြစ်၏။

တစ်အိပ်တည်းထားလျှင် တစ်အိပ်တည်းနေမည်။ တစ်ခန်းထဲထားလျှင် တစ်ခန်းထဲနေမည်။ မိန်းကလေးက သူ့အားမြူဆွယ်လာလျှင်တော့ သူ့စိတ်တွေ ဖောက်လွဲဖောက်ပြန် ဖြစ်နိုင်သည်။ အကယ်၍ မိန်းကလေးဘက်က အနေမှန်လျှင်တော့ သူက မိန်းကလေးကိုစတင်ပြီးစိတ်ဝင်စားလိမ့်မည် မဟုတ်ပါ။

သူ့ရဲ့ရည်ရွယ်ချက်က လက်ရှိဖွင့်ထားသော ဆိုင်ကိုအောင်မြင်အောင်လုပ်ဖို့သာ ဖြစ်၏။ သူ့ရင်ထဲ ထိုဆန္ဒသည် အမြစ်တွယ်လေသောအခါ ဘယ်အရာမဆို ပေးဆပ်ဖို့ စိတ်ကူးခဲ့သည်။ သူ့ဘဝကိုပင် လောင်းကြေးထင်ခဲ့သည်။

အချိန်တန် အောင်မြင်သွားတော့လည်း ဒီမိန်းမကို မပေါင်းတော့ပါဘူးဟု ပြောကာ နိုင်ငံခြားထွက်သွားရုံပေါ့။ အနိုင်နှင့် ပိုင်းခဲ့ပြီမို့ လူကြီးတွေကလည်း သူ့ကိုထပ်ပြီး ချုပ်နှောင်တော့မည် မဟုတ်တော့ပေ။

သူ့အတွေးက ထိုသို့ ရိုးရိုးရှင်းရှင်းဖြစ်သည်။ သို့သော် လက်တွေ့မှာမူ အတွေးနှင့်ခြားနားခဲ့ရပြီ ဖြစ်၏။ မင်္ဂလာဆောင်ပြီးသည့်





နေ့မှစ၍ စက်ရုပ်ကမ္ဘာဟု တွေးခဲ့သော သူ့စိတ်ကူးသည် မှားမှန်းသိခဲ့ရလေသည်။ သိမ်ငယ်သော ထိုမျက်လုံးလေးကို ကရုဏာ ဖြစ်ခဲ့ရသည်။ ထူးဆန်းသော အပြုအမူများကြောင့် မှင်တက်ခဲ့ရသည်။ ရိုးသားသော စကားလုံးများကြောင့် ကျေနပ်ခဲ့ရသည်။

ထိုမိန်းကလေး သေသွားပြီလားဟု ထင်မှတ်ပြီး ငိုကြွေးခဲ့ရသည်။ ဝမ်းနည်းခဲ့ရသည်။ ခပ်တုံးတုံး အပြုအမူကြောင့် ပြုံးခဲ့ရသည်။ နေထွက်ချိန်ကို မြင်ဖူးခဲ့ရသလို၊ မိုးရွာချိန်၌ ပြေးလွှားလာခဲ့ရဖူးသည်။ မြွေလိုသတ္တဝါ တစ်ကောင်ကို သွေးအလိမ်းလိမ်း ပေအောင် သတ်ဖြတ်ခဲ့ဖူးသည်။

ဘယ်တုန်းကမှ တခြားလူတစ်ယောက်အပေါ် စိတ်မပူခဲ့ဖူးသော်လည်း ထိုမိန်းကလေးအတွက်တော့ စိတ်ပူခဲ့ရသည်။ ယခုလည်း ကြည်နူးနေမိသည်။ သူ့ဆိုင်လေးကို ငေးမောနေသော ထိုမိန်းကလေးကြောင့် ပီတိဖြစ်ရသည်။

"ငေးပဲ ငေးနေတော့မှာလား။ အစားအစာကို မမြည်းကြည့်တော့ဘူးလား"

"အစားစားဖို့တောင် မေ့သွားတယ်။ ဒီလောက်ကြီး ခမ်းနားနေတော့ ညည်သည်က အစားအစာကို အရသာခံဖို့ မေ့သွားမှာပေါ့"

ဟု ထိုမိန်းကလေးက အမှတ်တမဲ့ ပြောလာသောအခါမှာတော့ ထိုစကားကို သူလက်မခံနိုင် ဖြစ်သွားသည်။ သို့သော် သေသေချာချာ လေးလေးနက်နက် တွေးကြည့်တော့လည်း ထိုစကားသည် ယုတ္တိ ယုတ္တနှင့် ပြည့်စုံလေသည်။



Book Shaing

Scanned by CamScanner

''ဘာ အစားအစာ စားမလဲ။ ငါ စီစဉ်နိုင်းလိုက်မယ်''

''မြန်မာစာပဲ စားမှုထင်တယ်။ ကျွန်မက ဘိုစာတွေ သိပ်စားတတ်မှာမဟုတ်ဘူး''

ဟုဆိုသောအခါ သူပြုံးလိုက်မိသည်။ ပြီးနောက် စားဖိုဆောင်ကို သူကိုယ်တိုင်သွား၍ မှာယူမည် ကြံရိုက်တွင်. . . . .

''နက္ခတ်. . .''

ဒေါက်ဖိနပ်သံက ခွပ်ခွပ်နှင့် သူ့ထံသို့ လျှောက်လာနေသော မိန်းမလှလေး တစ်ယောက်. . .

သူသည် ထိုမိန်းကလေးကို မှင်တက်စွာ ငေးကြည့်နေမိသည်။ ထိုမိန်းကလေး၏ ခြေလှမ်းတိုင်းက အတိတ်ကို ပစ္စုပ္ပန်အဖြစ် သယ်ယူလာလေ၏။ သူသည် ပစ္စုပ္ပန်တည်တည်မှ လူဆိုသော်လည်း အတိတ်မှ လူတစ်ဦးပမာ. . .

''ပုန်းညက်''

ရင်းနှီးလှသော မိန်းကလေးတစ်ဦး၏ နာမည်ကို ချောမွေ့စွာခေါ်လိုက်လေသည်။

''ငါ. . . နင့်ကိုစောင့်နေတာ။ ဒီနေ့ရောဆိုရင် သုံးရက်မြောက်ပဲ''

ပုန်းညက်သည် သူ့ထံတစ်လှမ်းချင်း လျှောက်လာပြီး သူ့ရှေ့တွင်ရပ်သည်။ ပြီးနောက် ထုံးစံအတိုင်း သူ့အား ရင်ချင်းအပ် မွေ့ပျက်လိုက်လေသည်။





ဘယ်လောက်ကြာခဲ့ပြီလဲ။ ပုန်းညက်ကို အခုလို မြင်ခွင့်မရခဲ့သည်မှာ ဘယ်လောက်ကြာခဲ့ပြီလဲ။

''နင့်. . . သိပ်ဆိုးတာပဲ နက္ခတ်ရယ်။ ငါ့ကို ဘာလို့ ဖုန်းတစ်ချက်မှ မဆက်သွယ်တာလဲ''

''ပုန်းညက်''သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်တတ်သူပီပီ သူ့ရှေ့မှ ရေဝတီကို သက်ရှိဟုပင် မထင်ဘဲ သူ့ကိုသာစိုက်ကြည့်၍ နေလေသည်။

''နင့်. . . ငါ့ကို မလွမ်းဘူးလား။ ငါတော့ နင့်ကို အရမ်းလွမ်းတာပဲ''

''ပုန်းညက်''ကို ယခုလို တွေ့လိုက်ရခြင်းအပေါ် သူအံ့အားသင့်မိသည်။ ပြီးနောက် ''ပုန်းညက်''ကို သူလွမ်းတယ်၊ မလွမ်းဘူးဆိုတာ သူ့ကိုယ်သူပင် မေးမကြည့်ဖူးချေ။ ထို့ကြောင့် လွမ်း။ မလွမ်းဆိုတာကို သူကောင်းစွာ ဝေခွဲမရပါချေ။

''နင် . . . မပျော်ဘူးလား။ ငါကတော့ ငါ့ကိုတွေ့ရင် နင်အရမ်းပျော်သွားလိမ့်မယ်လို့ ထင်ထားတာ''

''ပျော်. . . ပျော်ပါတယ်''

ထိုစကားသည် ပုန်းညက်ကို ပြောတာမှန်သော်လည်း သူ့အကြည့်သည် ရေဝတီထံသာ ရောက်ရှိ၍နေလေ၏။ ရေဝတီသည် သူနှင့်ပုန်းညက်ကို ပြုံးကြောင်ကြောင် ငေးကြည့်နေရှာသည်။ ရေဝတီ့စိတ်ထဲ သူနှင့်ပုန်းညက်ကို ဘယ်လိုတွေ တွေးနေမှန်း မသိသော်လည်း သူကတော့ ရေဝတီ့ကို အားနာသွားသည်။



Scanned by CamScanner

ထို့ကြောင့်ပင် သူ့လက်ချောင်းလေးများကို ဆုပ်ကိုင်ထားဆဲဖြစ်သော ပုန်းညက်၏ လက်ကို မသိမသာ တွန်းဖယ်မိလေသည်။

"မိတ်ဆက်ပေးဦးမယ်။ သူက. . . ရေဝတီတဲ့"

သူ့အသံက တကယ့် မနို့တရို့လေး ဖြစ်လေသည်။ ထိုမနို့တရို့ထဲတွင် မရိုးသားခြင်းတွေ ပါနေသည်ကို ရိုးသားစွာ ဝန်ခံရလိမ့်မည်။

"နှင်း. . . မိန်းမ မဟုတ်လား"

သူ သက်ပြင်းချမိ၏။ သူ့ဒိမ်ထောင်ကျနေတာကို ပုန်းညက် သိနေလို့ တော်ပါသေးရဲ့ဟု အသက်ကို ဝဝရှူမိပေ၏။ သို့သော် ပုန်းညက်သည် သူ့အသက်ရှူ မှားလောက်သည့် စကားကို ဆိုလိုက်လေသည်။

"နှင့် မိန်းမဆိုသူကို ငါက ငါ့ထက်သာမယ့် လူလို့ထင်ထားခဲ့တာ။ ကြည့်တော့လည်း ဘာမှမထူးခြားပါလား။ ဘူးသီးမင်ကို အင်္ကျီဝတ်ထားတဲ့ အတိုင်းပဲ"

"ပုန်းညက်. . . ဟာ. . . ကျွတ်"

"နှင်တို့ မင်္ဂလာဆောင်တာ ဘယ်လောက်မှ မကြာသေးဘူးဆို"

"နှင် အားလုံး သိနေပြီ မဟုတ်လား"

"အင်း. . . . အားလုံးပဲ၊ နှင်က မလွဲမရှောင်သာ လက်ထပ်လိုက်





ရတယ်ဆိုတာရော၊ ဒီဆိုင်ကြီး အောင်မြင်ဖို့အချိန်အထိပဲ သူ့ကို နှင်က ခုတုံးလုပ်မယ်ဆိုတာရော၊ ပြီးတော့ သူကဒုက္ခသည်မို့ ဘွားဘွားရဲ့ သနားညှာတာမှုကို ရတယ်ဆိုတာရော၊ ပြီးတော့ အခု နှင်တို့လက်ရှိနေတဲ့နေရာရောပဲ အားလုံး ငါ့ကို နေယံ ပြောပြလိုက်တယ်"

ပွင့်လင်းတာကို သူကြိုက်သော်လည်း ယခုလို ပြောင်ကျမှုကိုတော့ စိတ်အနှောင့်အယှက် ဖြစ်ရလေသည်။ မင်္ဂလာညက မူးမူးနှင့်နေယံကို ဘာတွေပြောမိလိုက်မှန်း မမှတ်မိချေ။ သို့သော် မူးပြီးပြောသော သူ့စကားကို နေယံက အတည်ယူကာ ပုန်းညက်ထံပြန်၍ ဖောက်သည်ချသည်မှာ လွန်လွန်းသည်ဟု ထင်သည်။

ဒီ့ထက်လွန်သည်က ပုန်းညက်သည် နှုတ်စည်းမစောင့်နိုင်ခြင်းဖြစ်သည်။ ရေဝတီကို အရှေ့မှာ ငုတ်တုတ်ကြီးထားပြီး ထိုသို့ပြောခြင်းသည် နဂိုတည်းက သိမ်ငယ်တတ်သော ရေဝတီ့စိတ်ကို ဖိ၍နှိပ်ကွပ်လိုက်သလို ဖြစ်သွားလေ၏။

ရေဝတီသည် ငုံ့ထားသောခေါင်းကို ထပ်မော့မလာတော့ချေ။

"နေယံပြောတဲ့ စကားက ငါ့အခြေအနေရဲ့ သရုပ်မှန်ပါလို့ နှင်ထင်နေသလား"

"ထင်တယ်။ နှင့်ကို ကြည့်လိုက်တာနဲ့ နှင့်စိတ်ထဲ ဘာဖြစ်နေသလဲဆိုတာ သိတယ်။ အဲဒီလိုပဲ နှင်နဲ့သူ့ပုံက ဘယ်လိုမှ မအပ်စပ်ဘူး။ ငါ့ကို ညာလို့မရဘူး နကွတ်။ နှင်နဲ့ငါက မူကြိုထဲက ပေါင်းလာကြတာ။ နှင့်မျက်လုံးတွေကို ငါကောင်းကောင်း သိတယ်"

"ခဏ ပြန်လာတာလား"



Scanned by CamScanner

"အင်း ဟုတ်တယ်။ ဒါပေမယ့် အပျော်ပြန်လာတာတော့ မဟုတ်ဘူး"

"အလုပ်ကိစ္စနဲ့လား"

"အင်း . . . ဘဝနဲ့ချီပြီး အရေးကြီးတဲ့ကိစ္စတစ်ခုကို လုပ်မလို့"

"ဘာကိစ္စလဲ"

"နှင်လေ . . . နှင့်ကိစ္စပေါ့"

နကွတ်သည် ထိတ်လန့်သွားလေသည်။ ရဲရင့်ပြတ်သားလှသော ပုန်ညက်၏ပုံမှာ မကြာခင် ပြဿနာတွေ ပေါ်လာတော့မယ်ဟု သတိပေးနေသယောင် ရှိလေသည်။

"နှင့် . . . ငါ့ကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ပရိုပို့စ် လုပ်ထားတဲ့ ကိစ္စ။ အဖြေပေးမလို့ ပြန်လာတာ"

ရုတ်တရက် ကြားရသော စကားကြောင့် သူ့ရင်ဘတ် တစ်ခုလုံး ခြောင်းဆန်ကုန်သည်။ မှန်ပါသည်။ လွန်ခဲ့သော နှစ်နှစ်က ပုန်ညက်သည် နိုင်ငံခြားမှာ ပညာသွားသင်တော့မယ်ဟုဆိုတုန်းက သူသည် အရှုံးတစ်ယောက်လိုပင် မသွားဖို့ တားခဲ့ဖူးသည်။ တားမရသည့်အဆုံးတွင် ချစ်တယ်ဟု ပြောခဲ့လေသည်။

အမှန်တကယ်လည်း သူပုန်ညက်ကို ချစ်မိခဲ့သည်။ တွယ်တာမိခဲ့သည်။ ရည်းစားများသော်လည်း ပုန်ညက်ကလွဲလျှင် အခြား မိန်းကလေးများသည် သူ့အတွက် ပွဲ ဆန်ကွဲဖြစ်ရပါသည်။ ထိုအချိန်တုန်းက ပုန်ညက်၏ လက်ကိုဆွဲပြီး နိုင်ငံခြား မသွားရန် တားခဲ့ဖူး





သော်လည်း ပုန်ညက်သည် သူ့လက်ကိုဖြုတ်ပြီး လေယာဉ်ပေါ် ကျော့ကျော့လေး တက်သွားခဲ့သည်။

သူ ပုန်ညက်ကို စိတ်နာခဲ့သည်။ ထို့ကြောင့် မေ့ပစ်နိုင်အောင်ကြိုးစားခဲ့သည်။ ကြိုးစားသမျှ အရာထင်လေ၏။ အခြားရည်းစားတွေနှင့် ပျော်ပါးရင်းပင် ပုန်ညက်ကို သူမေ့သွားလေသည်။ ပုန်ညက်မှ သူ့ကိုမတွယ်တာတာ၊ သူလည်း တွယ်တာနေဖို့ မလိုဘူးဆိုသည့် ဟန်မျိုးနှင့် အားတင်းခဲ့သည် ထင်ပါရဲ့။

"ငါ့ကို မနောက်နဲ့ ပုန်ညက်။ ဒါ . . . နောက်စရာ ကိစ္စ မဟုတ်ဘူး။ ပြီးတော့ ဒီလိုမျိုး ရေဝတီ့အရှေ့မှာ မပြောသင့်ဘူး။ သူ့ကိုနှင် မရင်းနှီးတောင်မှ ငါ့ဇနီးတစ်ယောက်အနေနဲ့ လေးစားမှုလေးတော့ ရှိရမယ်"

"နှင့် . . . ဇနီးဟုတ်လား။ ယောကျ်ားနဲ့မိန်းမ ပတ်သက်မှုကို နှင်ဘယ်တုန်းက အလေးထားဖူးလို့လဲ"

ထိုစကားအဆုံးတွင် သူနှင့်ပုန်ညက်တို့၏ အကြည့်များသည် လမ်းခုလတ်၌ အားပြင်းစွာ ဆုံဆည်းမိကြလေသည်။

"ကိုကို . . ဟိုလေ . . . ဟို . . သူ့ဘယ်ချင်းနဲ့ ဆုံစကား လွတ်လွတ်လပ်လပ်ပြောပါ။ ကျွန်မ . . . ကျွန်မ အိမ်ကိုအရင်ပြန်နှင့်ပါ့မယ်"

"အိမ်က သိမ်းဆည်းရေး ဝင်နေတယ်ဆိုတာ မင်းမသိဘူးလား။ ပြီးတော့ မင်းက အိမ်ကို ဘယ်လမ်းက ဘယ်လိုပြန်ရတယ်ဆိုတာ သိလို့လား"



Scanned by CamScanner

''ရပါတယ်။ ဖေဖေ့ကို ဖုန်းဆက်ပြီး ပြန်ခွင့်တောင်းလိုက်မယ်။ စောစောက လူကိုပဲ ပြန်ပို့နိုင်းရတော့မှာပေါ့။ ကျွန်မ အိမ်ကို ပဲပြန်လိုက်ပါ့မယ်''

ဟုဆိုကာ ရေဝတီက ရုတ်တရက် ထရပ်လိုက်သောအခါ နကွတ်သည် ရေဝတီ၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်လေသည်။

''ငါက မင်းယောက်ျား။ မင်းရဲ့လုံခြုံရေးက ငါ့မှာ တာဝန်ရှိတယ်။ ဖေဖေက ငါ့ကို အပြစ်တင်တဲ့ မျက်လုံးနဲ့ ထပ်ကြည့်မှာကို မင်းလိုချင်လို့လား''

''အို. . . မဟုတ်ပါဘူး။ အဲဒီသဘောမျိုး မဟုတ်ပါဘူး။ ကျွန်မက. . . ''

''မဟုတ်ရင် မပြန်နဲ့။ မင်းပြန်ချင်ရင်လည်း ငါကိုယ်တိုင် လိုက်ပို့ပေးမယ်။ ပုန်းညှက် ငါတို့နောက်မှ တွေ့ကြတာပေါ့''

ပုန်းညှက်ကို နှုတ်ဆက်ပြီး ရေဝတီ၏လက်ကို ခပ်ကြမ်းကြမ်း ဆွဲကာခေါ်ခဲ့လေသည်။ ပြီးနောက် ရေဝတီ့ကို ကားထဲတွန်းတင်ကာ ကားကို ကိုယ်တိုင်မောင်းလိုက်၏။

ပုန်းညှက်ကို သူဒေါသဖြစ်သည်။ ချန်ထားခဲ့ချိန်တုန်းကတော့ နောက်ပင် လှည့်ကြည့်မသွားဘဲ ထွက်သွားခဲ့သည်။ သူမျှော်နေချိန် ကတော့ ဖုန်းတစ်ချက်မှ မဆက်ဘဲ စိမ်းကားခဲ့သည်။ ယခု သူမေ့



လိုက်ပြီဆိုမှ သူ့အရှေ့ ဘွားခနဲရောက်လာသည်။ သူက ဘာလုပ်ရမှာတဲ့လဲ။

အဆိုးဆုံးက ရေဝတီ့ရှေ့တွင် သူ့အပေါ် ပိုင်စိုးပိုင်နင်း ပြုမူပြောဆိုခြင်းများ ဖြစ်၏။ ရေဝတီကိုလည်း ထိမထင်ပြောဆိုသည်။ ရေဝတီကို အားနာတဲ့စိတ်ကြောင့်ရော၊ သူ့ကိုတစ်သျှူးလုပ်တဲ့ ကိစ္စပါ။ ပေါင်းပြီး ပုန်းညှက်ကို ဒေါသဖြစ်ဖြစ်နှင့် အော်လိုက်ချင်သည်။

သို့သော် ငယ်စဉ်ကတည်းက ပုန်းညှက်ကို စကားကြမ်းကြမ်း မပြောဖူး၍ ထွက်နေမိသော ဒေါသသည် ရေဝတီ့ထံ ပုံချရုံမှတစ်ပါး အခြားမရှိပြီဖြစ်၏။

ပုန်းညှက်ကိုလည်း ဒေါသထွက်သလို၊ ရေဝတီကိုလည်း စိတ်ဆိုးချင်သည်။ တစ်ဖက်က အပေါ်စည်းမှ ဗိုလ်ပြောနေခြင်းကို ခေါင်းငုံ့ကာငြိမ်ခံနေသည့် ရေဝတီ့ကို သူအသည်းယား၍ မဆုံးပါ။ သူက ကျွန်မ ခင်ပွန်းပါဆိုပြီး မဏ္ဍပ်တိုင်တက်ပြပြီး ပုန်းညှက်အပေါ် အနိုင်ယူစေချင်သည်။ ယခုတော့ နိုင်ငံတော်အလံကို အလေးပြုဖို့ သတိဆွဲနိုင်းထားသည့်အတိုင်း အသက်မရှူတမ်း ကျောက်ရုပ်လုပ်နေလေ၏။

ပြန်ပြောပါလား။ ဘာလို့ငြိမ်ခံနေသလဲဟု မြှောက်ပေးလျှင်လည်း သူကအရှုံးဖြစ်ပေဦးမည်။ ထို့ကြောင့် ထွက်နေသော ဒေါသကိုသာ ကရဏာကလေးနှင့် မြိုချနေမိတော့သည်။ မမြိုချ၍မရပါ။ သူက ဆက်ပြီးသာ ရှူးရှူးဒိုင်းဒိုင်း လုပ်နေပါက ငုံ့ထားသောခေါင်းမှာ ဘယ်တော့မှပြန်မော့ လာဝံ့တော့မည် မဟုတ်တော့ပေ။

ထို့ကြောင့် အကြောင်းအရင်း မသိနိုင်လုံစွာ ထွက်နေသော ဒေါသကို အဝေးသို့လွှင့်ထုတ်နိုင်အောင် ကြိုးစားရတော့သည်။ အဲဒီကလည်း ထိုမိန်းကလေးကြောင့်သာ ဖြစ်သည်။ သူ၏ မိန်းကလေးကတော့ ကားမှန်ဘောင်ကိုသာ ကြည့်ပြီး အရုပ်တစ်ရုပ်လို ငြိမ်သက်၍ နေလေတော့သည်။

● ● ●

Book Sharing



## အခန်း(၁၁)

"ငါ့ မြေးလေး လန့်နေသေးသလား။ သေသေချာချာ ဂရုစိုက်လိုက်နော်"

ဟု အဘွားက ဖုန်းဖြင့် အတန်တန်မှာကြား နေသဖြင့် ရှုပ်သောစိတ်မှာ နောက်ကျိုရှုံနေလေသည်။ မေမေကတော့ ဟိုတယ်မှာ သူတို့အတွက် အခန်းပြင်ထားသဖြင့် သူတို့က ဟိုတယ်သို့ ရောက်မလာသောအခါ စိတ်မကောင်းဖြစ်ရကြောင်း လှမ်းပြောသဖြင့် သူလည်း ရေဝတီကိုသာ လွှဲချပြီး ရေဝတီ မနေချင်၍ဟု အကြောင်းပြရလေသည်။

သူ့သဘောနှင့်သူ ငြင်းပါက မေမေသည် ပြဿနာလုပ်၍ ဆုံးတော့မည် မဟုတ်တော့ပေ။ သို့သော် ရေဝတီကာဟု ဆိုလျှင် အိမ်သားအားလုံး သူ့အပေါ် အလျှော့ပေးနေသည်ကို သူ သဲသဲကွဲကွဲတော့ ဖြစ်လာမိ၏။

အဘွားကလည်း သူနှင့်ရေဝတီတို့၏ နေထိုင်မှုကိုသိသော်လည်း သူ့ကိုပုံကြီးချဲ့ အပြစ်မပြောချေ။ ဒါ့ထက် သူ့အကြောင်းကို

သိသော မိဘများက သူနှင့်ရေဝတီတို့ကို လွတ်လွတ်လပ်လပ် အိမ်တစ်အိမ် ပေးထားခြင်းကို ပို၍နားမလည်နိုင် ဖြစ်ရပါသည်။

မိသားစုထဲမှ စီးပွားရေးသမား သုံးယောက်လုံး ရေဝတီကို လိုလိုလားလား ရှိလွန်း၍ ရေဝတီသည် ဘာကောင်ကြီးရဲ့ သမီးဟု တွေးရအောင်လည်း မိဘများက ငယ်စဉ်ကတည်းက ဆုံးသွားသည်ဟု ဆိုလေသည်။ ထို့ကြောင့် ဘာအကြီးအကဲနှင့်မှ မဆက်စပ်မှန်းလည်း သိသည်။ ပြီးနောက် စင်တာတွေကိုတောင် မရောက်ဖူးသည့် ရေဝတီ၏စီးပွားရေး အခြေအနေကိုလည်း သူခန့်မှန်းမိ၏။

ချမ်းလည်းမချမ်းသာ၊ အကြီးအကဲသမီးလည်း မဟုတ်သည့် ရေဝတီကို သူလိုတစ်ဦးတည်းသော အမွေဆက်ခံသူနှင့် လိုက်လိုက်လှဲလှဲ ဖြစ်စေချင်နေကြသည်မှာ သဘာဝမကျလှဟု ထင်သည်။

ရုတ်တရက် ဆိုသလို သူ. . . ရေဝတီ့အကြောင်း သိချင်လာမိသည်။ ရေဝတီက ဘာလဲဟူသော မေးခွန်းမျိုးက သူ့စိတ်ထဲ စုန်လိုက်၊ ဆန်လိုက် ဖြစ်နေလေသည်။

မင်းက ဘာလဲဟု ရေဝတီ့ကို တည့်တည့်ကြီး မေး၍လည်း မသင့်လျော်သည့် အခြေအနေတွင် ရေဝတီနှင့် သိပ်ရင်းနှီးပုံရသော အဘွားကို ဖျတ်ခနဲ မြင်ယောင်မိသည်။ သို့သော်လည်း မေးပါဆိုချိန်ကတော့ စိတ်မဝင်စားချင်ယောင် ဆောင်ခဲ့မိသူမို့ ဖုန်းထပ်ဆက်ဖို့လည်း မဝံ့ရဲတော့ချေ။

"တိတ်နေတာပဲ။ ဘာလုပ်နေလဲ မသိဘူး"

အိမ်ထဲ မြွေဝင်ထားသောကြောင့် သန့်ရှင်းရေး ဝန်ထမ်းများ





သည် ခြံထဲသန့်ရှင်းရေး လုပ်နေကြသည်။ ထိုလူတွေထဲ ရေဝတီ ရှိမလားဟု ချောင်းကြည့်သော်လည်း မတွေ့ချေ။

ထို့ကြောင့် အခန်းအပြင်သို့ အသာအယာထွက်ပြီး ဘုရားခန်းသို့လှမ်းကြည့်တော့လည်း မရှိချေ။ ခပ်ဟဟ ပွင့်နေသော ရေဝတီ၏အခန်းတံခါးမှ တစ်ဆင့်အထဲသို့ ချောင်းကြည့်မိပြန်သည်။

သို့သော် အရိပ်အယောင်ကို မတွေ့ရချေ။ ဒါဆို အောက်ထပ်မှာရှိမည်မှာ သေချာလှ၏။ သူသည် ခပ်ပိုင်ပိုင်ပင် တွေးကာ မီးဖိုချောင်ထဲဝင်လာသောအခါ အိုးကြီးအိုးငယ်တည်ကာ ချက်ပြုတ်နေသော ရေဝတီကို တွေ့လိုက်ရလေသည်။ သူအံ့အား သင့်သွားလေသည်။ ရေဝတီ ဘာတွေ ချက်နေတာလဲ။

"မင်း . . : ဘာတွေ လုပ်နေတာလဲ"

သူက တအံ့တသြဆိုသော်လည်း ရေဝတီသည် သူ့ကိုပြုံး၍ လှမ်းကြည့်သည်။ ပြီးနောက် ကြီးမားသော ထမင်းအိုး အဖုံးကိုဖွင့်ပြလေ၏။

များပြားသော ထမင်းဖြူကြီးကို အငွေ့တထောင်းထောင်း တွေ့ရလေသည်။

"ဒီလောက် အများကြီး ဘာလုပ်မလို့လဲ။ ငါ့ကို ဖုတ်သရဲများမှတ်နေလား။ ဒီလောက်အများကြီးကို ငါတို့နှစ်ယောက်ထဲ ဘယ်လိုစားမလဲ"

ဟု သူကပြောသောအခါ ရေဝတီသည် အိမ်အပြင်ဘက်သို့ လက်ညှိုးထိုးပြလေသည်။

"ညည့်သည်တွေ ရှိတယ်လေ။ တစ်နေကုန် အလုပ်လုပ်နေကြတာ ဆာတော့မှာပေါ့"

သူ့အံ့အား သင့်သွားလေသည်။ ရေဝတီကို မယုံနိုင်စွာ စိုက်ကြည့်မိလေ၏။ နိုင်းဖို့အခကြေးငွေပေးပြီး ခေါ်ထားသော အလုပ်သမားများကို အိမ်ရှင်က ထမင်းချက်ကျွေးတဲ့ အဖြစ်မျိုး ဤရန်ကုန်မြို့ကြီးတွင် ဒီတစ်ခါသာ ပထမဆုံး ကြားဖူးခြင်းဖြစ်လေသည်။

သူကတော့ ပုန်းညှက်၏ စကားများကြောင့် ရေဝတီစိတ်ထိခိုက်ခံစားနေရလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ရေဝတီကတော့ ထမင်းအိုးဟင်းအိုး ကြားမှာပြုံးပျော်လို့ ဆိုပါလား။

"မင်း. . . သူတို့တွေကို ဒီထမင်းတွေ ကျွေးမလို့လား"

"အင်းလေ။ ဘာလို့လဲ ကိုကိုက နှမြောလို့လား"

"မဟုတ်ပါဘူး။ မကြားဖူးလို့ပါ။ မင်း ဒါတွေ ဒီလောက်ချက်ပြုတ်နေတာ မမောဘူးလား"

"ဒါပေမယ့် သူတို့က အားရပါးရ စားလိုက်ရင် အဲဒီအမောက ပီတိ ဖြစ်သွားမှာပဲလေ"

"မင်း ချက်တာကိုရော သူတို့ကစားပါ့မလား။ ရန်ကုန်ကလူတွေက မင်းတို့တောကလူတွေနဲ့ မတူဘူး။ စေတနာနဲ့ကျွေးရင်တောင် ဝေဒနာဖြစ်အောင် တုန့်ပြန်တတ်ကြတယ်"

"မစားရင် သူတို့မဆာလို့ပဲ ဖြစ်မှာပါလို့ ကျွန်မ တွေးလိုက်မှာပေါ့။ ဒါပေမယ့် သူတို့စားမှာပါ။ ညစာ စားပြီးမှပြန်လို့ ကျွန်မ သွားပြောထားပြီးပြီ"



"ဘာလို့ ဒီလို ချက်ကျွေးရတာလဲ"

"ကျွန်မက အားနေတာပဲ။ သူတို့ကို ချက်ကျွေးရတာ အပျင်းလည်းပြေတာပေါ့။ အိမ်မှာ အငြိမ်းနေတဲ့ ကျွန်မက ဗိုက်မဆာပေမယ့် သူတို့ကတော့ ဆာမှာပေါ့"

"သူတို့အိမ်ရောက်တော့ စားမှာပေါ့"

"လိုအပ်တဲ့ နေရာကို ဖြည့်လိုက်တာက နှစ်ဖက်လုံး အကျိုးရှိမှာပါ"

ထိုစကားသည် သူဆက်မေးဖို့ စကားမရှိအောင် ပြည့်စုံသွားပြီဖြစ်၏။

"မိဘမဲ့ ကျောင်းကိုရော ဒီစိတ်နဲ့ လှူခဲ့တာလား"

"အဲဒါကြောင့်လည်း ပါသလို၊ တစ်ခုခုကိုလည်း သတိရလို့ပါ"

"တစ်ခုခု ဟုတ်လား"

"ကျွန်မ မိဘမဲ့ကျောင်းမှာ သုံးနှစ်လောက် နေခဲ့ဖူးတယ်"

"ဟင့် . . "

သူ့အံ့အားသင့်သွားသည်။ လန့်လည်းလန့်သွားမိသည်။ သူသည် မိဘမဲ့ဂေဟာ၌ ကြီးလာသူနှင့် ပတ်သက်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးချေ။

ဒါဆို. . . ရေဝတီလည်း တစ်ချိန်က ဂေဟာမှကလေးများ

Scanned by CamScanner

လိုပဲ အလှူရှင်ကို စောင့်မျှော်ခဲ့ဖူးမှာပေါ့။ သိမ်ငယ်စွာ ကြည့်ခဲ့ဖူးမှာပေါ့ ။

ဒီအကြောင်းတွေကို အဘွားတို့သိရဲ့လား။ မသိတော့ မရှိနိုင်ပါ။ စေ့စပ်သေချာသူများနှင့် ရေဝတီ၏ ဆက်နွယ်မှုမှာ လျှို့ဝှက်ချက်ဆိုတာ မရှိနိုင်မှန်း သူသိသည်။ ပိုပြီး သိနေတာက ရေဝတီကိုဖြစ်၏။ ရေဝတီသည် ရိုးရှင်းသော ဘဝပုံစံဖြင့်သာ နေထိုင်သည်။ သို့သော် သူလုံးဝ မထင်ထားခဲ့သည်က ရေဝတီသည် မိဘမဲ့ဂေဟာ၌ နေခဲ့ရဖူးသူ ဖြစ်ခြင်းဖြစ်သည်။ မိဘမဲ့ဂေဟာကို အထင်သေးခြင်း မဟုတ်သော်လည်း ရင်ထဲတစ်မျိုးကြီး ခံစားလိုက်ရသည်က အမှန်ပါ။ ရေဝတီကို သနားနေမိတာလား။

''အမေနဲ့ အမေဆုံးတော့ ရပ်ကွက်က လူကြီးတွေက ကျွန်မကို အဲဒီကို ပို့လိုက်ကြတယ်။ မနက်ပိုင်း ဘုရားရှိခိုးရတယ်။ အလှူရှင်တွေကို ဆုတောင်းပေးရတယ်။ ပုံပြင်တွေ နားထောင်ခဲ့ရတယ်။ ဘွားဘွားရောက်လာပြီး ကျွန်မကို လာခေါ်တာတောင် ကျွန်မ ဘွားဘွားနောက် မလိုက်ချင်ခဲ့ဖူး။ အဲဒီက လူတွေကို ကျွန်မ ခင်တွယ်နေတယ်''

ရေဝတီသည် ထူးဆန်းသောလူဟု မြင်မိသည်။ အများတကာက မိဘမဲ့ဖြစ်ရခြင်းကို ဝမ်းနည်းကြသော်လည်း ရေဝတီကတော့ ဘာလို့များ ဘဝကို ကျေနပ်နေရတာလဲ။

''မင်း . . . ဘဝမှာ လိုချင်တာ မရှိဘူးလား''

''ရှိတယ် . . ''





''ဘာလဲ''

အဲမှန်က သူသည် ရေဝတီ၏ဆန္ဒကို ဖြည့်ဆည်းပေးချင်သည်။ ရေဝတီက လိုချင်သော အရာဖြစ်ပါက ငွေကုန်သွားလည်း ဝယ်ပေးချင်မိသည်။ ထို့ကြောင့် မေးလိုက်ခြင်းဖြစ်၏။

''အိမ် . . . ကျွန်မ အိမ်ပဲလိုချင်တယ်''

''အိမ် . . . ဟုတ်လား။ ဘာများလဲလို့ ရေဝတီရယ်။ အိမ်ဆိုရင် မလိုတော့ဘူးလေ။ ငါတို့မှာ ရှိနေပြီပဲ''

''ကျွန်မ လောဘနည်းနည်း ကြီးလာတတ်ပြီ ကိုကို။ ကျွန်မမှာရှိနေတဲ့ အိမ်လေးပြိုကွဲ ပျက်စီးသွားမှာ စိုးရိမ်လာတယ်။ ဒါက ကျွန်မရဲ့ အိမ်အစစ်အမှန် မဟုတ်ဘူးဆိုတာ သိပေမယ့် ပိုင်ဆိုင်ချင်မိတယ်''

''စိတ်မပူပါနဲ့ မင်းနာမည်နဲ့ပဲ ငါကလွှဲပြောင်းပေးမှာပါ''

''ကျွန်မ ပျော်တယ် ကိုကို''

ရေဝတီသည် သူ့ကိုမကြည့်ဘဲ ပြောနေလေသည်။ ရေဝတီကပျော်နေတယ် ဆိုပါလား။ သူ့အမြင်မှာတော့ ရေဝတီသည် ပျော်ရွှင်ကြည်နူးနေပုံမရပေ။ သူကိုယ်၌ကလည်း ရေဝတီပျော်အောင် ဘာကိုမှ ဖန်တီးမပေးမိပါ။

''ကိုကိုနဲ့ ခုလိုနေရတာကို ပျော်ပါတယ်။ တစ်ခါတစ်ရံ ကျွန်မအပေါ် ဆူငေါက်တတ်ပေမယ့် ကျွန်မရင်ထဲ နွေးထွေးသလို ခံစားရတယ်။ တစ်ခါတစ်ရံ ကျွန်မကို လျစ်လျူရှုတတ်ပေမယ့် ဂရုစိုက်သလို

ခံစားရတယ်။ ဘွားဘွားကလည်း ကျွန်မကို ချစ်တယ်။ ဖေဖေကလည်း ကျွန်မကို အရိပ်လိုစောင့်ကြည့် ဂရုစိုက်ပေးတယ်။ မေမေကလည်း သမီးလို့ခေါ်ပြီး နွေးနွေးထွေးထွေး ပြုံးပြတယ်။ အဲဒီလိုအရာတွေက ကိုကိုရှိနေလို့ ကျွန်မပိုင်ဆိုင်ခွင့် ရတာပါ။ အဲဒီအရာတွေကို ဆုံးရှုံးမှာ ကျွန်မ ကြောက်တတ်လာပြီ ကိုကို။ ပြီးတော့ ကိုကိုလို့ မခေါ်ရတော့မှာလည်း ကျွန်မ စိုးရိမ်တတ်လာပြီ။ ကျွန်မ သိတတ်စအရွယ်ကစလို့ ဒီနေရာက ကျွန်မရဲ့ပထမဆုံး အိမ်ပါ။ ဒါပေမယ့် ကျွန်မ အိမ်မဖြစ်မှာ ကိုကြောက်တယ်''

ဟု မျက်ရည်လေးများ စီးကျကာ စကားကိုမသိမသာ ပြောနေရှာသော ရေဝတီ၏ ကျောပြင်ကြောင့် သူ့ရင်ထဲ ထိရှခံစားနေရသည်။ ရေဝတီလေးကို နှစ်သိမ့်ပေးချင်မိသည်။ ရေဝတီ ဆိုလိုသော အိမ် ဆိုတာကို နားလည်လာသည်နှင့်အမျှ သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားရလာသည်။

ရေဝတီသည် စကားနည်းသော်ငြား ရင်ဖွင့်မပြောသော်ငြား ပုန်းညက်၏ စကားများကို ခံစားနေရတယ်ဆိုတာ သူအလိုလို သဘော ပေါက်လိုက်ပါပြီ။

''ဘာလို့ ငိုနေတာလဲ။ မင်းချက်တဲ့ ဟင်းရည်တွေ မင်း မျက်ရည်တွေကြောင့် ဆားငန်သွားလိမ့်မယ်''

ဟုဆိုကာ သူသည် ရေဝတီ့ပါးပြင်မှ မျက်ရည်လေးများကို သုတ်ပေးမိသည်။

''မငိုပါနဲ့။ တော်ကြာ အလုပ်သမားတွေ တွေ့သွားရင် သူတို့ ကိုကျွေးရမှာ နမြောလို့ ငိုတယ် ထင်နေဦးမယ်''



သူက နောက်ပြောင်သောအခါ ရေဝတီသည် မျက်ရည်များ ကြားမှ ပြုံးလာပြန်သည်။ နှစ်သိမ့်ပေးခြင်းသည် ဝမ်းနည်းအောင် လုပ်နေသလိုဖြစ်မှန်း သူသိ၍ နောက်ပြောင်ဖို့အတွေးရမိခြင်းကို မှန် ကန်သည်ဟု ယူဆမိသည်။

''ယောက်ျားလေးတွေက အလှအပကြိုက်တယ်။ မင်းက ငိုနေရင် မလှဘူး။ ခဏခဏ မငိုနဲ့''

ဟု သူက မျက်လုံးလေး တစ်ဖက်မှိတ်ကာ နောက်ပြောင် လျှင် ရေဝတီသည် ဟက်ခနဲနေအောင် ရယ်လေသည်။

ကြည့်စမ်းပါဦး။ ဒီလိုကျပြန်တော့လည်း ဤကြွေရုပ်လေး မဟုတ်တော့ဘဲ ပီဘိကလေး တစ်ယောက်လိုပါပဲလား။ ရေဝတီရယ် မင်းကြောင့် ငါရူးတော့မယ် ထင်တယ်။ မင်းကြောင့် ငါ့အဘွားကို ရှုံးတော့မယ်ထင်တယ်။ မင်းကြောင့် . . . ဖိုးရဲ့အိမ်လေးက . . . ။

● ● ●

## အခန်း(၁၂)

"မနက်ဖြန်ကစပြီး မင်းဘုရား ရှိခိုးရင် ကျယ်ကျယ် ရှိခိုးတော့"

ဟု သူက ထမင်းစားရင်း ဆိုလျှင် ရေဝတီသည် သူ့ကို မျက်လုံးပြူးလေးနှင့် ကြည့်လေသည်။

"အသံတိတ် ပရိတ်ရွတ်ပြီး အသံတိတ် အမျှဝေတော့ ဘယ်သူကကြားနိုင်မှာ မို့လို့လဲ။ ပြီးတော့ အရိုးစွဲနေတဲ့ အကျင့်ကို ကြိုးစား ဖျောက်နေရတဲ့ မင်းလည်း ပင်ပန်းတယ် မဟုတ်လား"

"ဒါပေမယ့် ကိုကိုက အဲဒီအချိန် အိပ်နေတာလေ။ ကိုကိုက အသံတွေကြားရရင် အိပ်မရဘူး မဟုတ်လား"

"မင်း . . . တော်တော် စကားများတာပဲ။ ငါက လုပ်ဆိုလုပ်လိုက်ပေါ့။ လင်ကို ဘုရား၊ သားကို သခင်လို့ပြောတာ ဘယ်လောက်ကြာသေးလို့လဲ"

ဟု သူက ပွစိပွစိပြည့်တွန်တောက်တီး လုပ်သောအခါ





ရေဝတီသည် သူ့ထံလှမ်းမကြည့်နိုင်တော့ဘဲ ထမင်းကိုသာ ငုံ့စားနေလေသည်။

"မနက်ဖြန် ငါရုံးသွားတော့မယ်။ လုပ်စရာတွေ ပုံနေမှာ သေချာတယ်"

"ရုံးဆိုတာက ဟိုဆိုင်မှာလား . . ."

"အင်း . . . ဟုတ်တယ်။ အပေါ်ထပ်မှာ ရုံးခန်းလေး ဖွင့်ထားတယ်"

"ဪ . . . ဒီလိုလား"

"တစ်နေကုန် ရုံးမှာအချောင်းမိနေတော့ မနက်စောစော ထပြီးလေ့ကျင့်ခန်းလုပ်ရင် ကောင်းမလားလို့ပါ။ ငါက အသံတွေ တိတ်နေရင် တိတ်သလောက် အိပ်ပျော်နေတတ်တယ်။ မင်းအသံကြားတော့ နိုးတာပေါ့"

"ကိုကို အိပ်ရာထချင်တဲ့အချိန် ပြောလေ။ ကျွန်မ လာနှိုးပေးမယ်"

သူကြိတ် ပြုံးမိပြန်သည်။ ဘာကြောင့်မှန်းမသိ။ သူအိပ်ရာထထချင်း ရေဝတီမျက်နှာ မြင်ချင်သည်။ တစ်နေ့တာအတွက် ထိုမျက်နှာကို ပထမဆုံး မြင်ရလျှင် ကောင်းမယ်ဟုလည်း တွေးမိသည်။

"နေထွက်ချိန် အမိုးလောက်ဆို အဆင်ပြေမှာပါ"

"နေထွက်ချိန် . . . နေက . . . အဲ . . သိပ်တော့ ပုံမှန်မရှိဘူး။



Book Sharing

Scanned by CamScanner

မကြာခင်တောင် ဝင်တော့မှာဆိုတော့ နေထွက်ချိန်က နည်းနည်း နောက်ကျစ ပြုလာပြီ။ ရပါတယ်။ ကျွန်မ အချိန်ညှိပြီး နိုးလိုက်ပါ့မယ်''

သူ့အိပ်ရာထချိန်ကို အလေးအနက်ထားပေးမည့် လူရှိခြင်း သည် ကြည်နူးစရာကောင်းနေသည်မှာ အမှန်ပါ။ ထို့ကြောင့်လား မသိ။ ဒီနေ့စားနေသော ထမင်းဟင်းသည် အထူးပင် အရသာတွေ့ နေလေသည်။

''ကိုကို့ . . . ထမင်း ထပ်ထည့်ဦးမလား''

''အင်း . . . နည်းနည်းပဲ''

အရမ်းကြီး ပြည့်အင့်သွားမှာစိုး၍ ချွေတာစားလိုက်ရ သော်လည်း ရေဝတီ၏ ဟင်းချက်လက်ရာသည် ထပ်စားချင်အောင် သူ့ကိုဆွဲဆောင်နေဆဲ ဖြစ်၏။

''ဒါက ဘာဟင်းလဲ။ အရသာကောင်းတယ်''

''ပြောင်းဖူးကို ပလပ်နတ်ဘန့် ကြော်ပြီး အချည်ညှစ် ချက်ထား တာပါ''

''ပြောင်းဖူးလား။ ဒါကြောင့် အရသာက တစ်မျိုးဖြစ်နေပါ တယ်လို့ ထင်နေတာ။ ငါက တို့ဟူးမှတ်နေတာ''

ဟုဆိုပြီး ဟင်းရည်ထဲမှ ပြောင်းဖူးနှစ်ရည် တစ်တုံးကို ခပ်ယူကာ စားလိုက်ပြန်သည်။

''ချိုတယ်နော်။ သဘာဝအရသာပဲ။ ဒါမျိုးဟင်းလျာကို အထူးပြုပြီး ပြန်ပြင်ချက်ရင် ကောင်းမယ်''





''အထူးပြုတာက ဘာလဲ''

''ရောင်းချဖို့ ပြင်ဆင်တာကို ပြောတာ''

''ရှင့် . . . ရောင်းချဖို့ ဟုတ်လား''

''ငါ့ဆိုင်အတွက် စဉ်းစားကြည့်နေတာပါ။ နည်းစနစ်လေး နည်းနည်းပါးပါး လိုရင်တော့ မင်းကို စားဖိုမှူးနဲ့ ပေးတွေ့ရမှာပဲ''

''ကျွန်မနဲ့ . . . . ''

''မတွေ့ချင်ဘူးလား''

သူက ဆက်မေးလေသောအခါ ရေဝတီ၏ လက်ချောင်းလေး များတုန်ယင်နေသည်ကို သတိထားမိလိုက်၏။ ရေဝတီ ဘာဖြစ်သွား တာလဲ။ ဘာလို့ လက်တွေတုန်သွားရတာလဲ''

''ရေဝတီ မင်း . . . နေမကောင်းဘူးလား''

''ကောင်းပါတယ်။ ကောင်းတယ်''

''ဘာလို့ လက်တွေ တုန်နေရတာလဲ''

ဟု သူက ဆိုလေသောအခါ ရေဝတီသည် စားလက်စ ထမင်း ပန်းကန်ကို လက်စသတ်လိုက်ပြီး ရေကိုသောက်တယ်ဆိုရုံလေး သောက်လေ၏။

''ကျွန်မက မြန်မာစာ အဓိကနဲ့ အဝေးသင်တက်ပြီး ကျောင်း ပြီးပါတယ်။ အင်္ဂလိပ်စာလည်း ကောင်းကောင်း မတတ်ဘူး။ ရုပ်လည်း မချောဘူး။ ကွန်ပျူတာလည်း မနှိပ်တတ်ဘူး။ မိဘလည်းမရှိဘူး။

ပိုက်ဆံလည်း မရှိဘူး။ ဒါကြောင့် ကျွန်မ စိုးရိမ်ခဲ့တယ်။ နိုင်ငံခြားမှာ သင်တန်းတွေတက်ဖူးတဲ့ ကိုကိုနဲ့ ကျွန်မ အရမ်းကိုအလှမ်းကွာနေတယ်။ ကိုကိုက နိုင်ငံခြားဘာသာ တက္ကသိုလ်က အင်္ဂလိပ်စာ ဘာသာနဲ့ ကျောင်းပြီးတယ်။ မိဘလည်းရှိတယ်။ ပိုက်ဆံလည်းရှိပြီး ချမ်းသာတယ်။ ရုပ်လည်းချောပြီး အပေါင်းအသင်းလည်း ဆုံတယ်။ ဘွားဘွားက ကိုကိုနဲ့ကျွန်မကို လက်ထပ်ရမယ်လို့ ပြောတဲ့အချိန်က ကျွန်မ ငြင်းခဲ့ဖူးတယ်။ ဘာလို့ ငြင်းတာလဲလို့မေးတော့ ကျွန်မမှာ ပြောစရာ အကြောင်းအရာက ခိုင်ခိုင်လုံလုံမရှိခဲ့ဘူး။

တကယ်တော့ ကျွန်မလို မိန်းကလေးနဲ့ ကိုကို မလိုက်ဖက်ဘူးလို့ထင်ခဲ့တာပါ။ ကျွန်မ အကြောက်ဆုံးက ကိုကို့ အိမ်သူတစ်ယောက်ဖြစ်တဲ့အချိန် ကိုကို့အတွက် ပါရမီမပြည့်ပေးနိုင်မှာကိုပါ။ ဒါပေမယ့် အခုလို ကိုကိုက ကျွန်မကို့ . . ခုလို့ . . ခုလို့ . . ''

စကားပြောရင်းနှင့်ပင် အသံတို့ သိမ်ဝင်အက်ရှသွားသော ရေဝတီကြောင့် သူစိတ်ထိခိုက်သွားလေသည်။ ရေဝတီကို သူငေး ကြည့်မိလေသည်။

ရေဝတီသည် သူ့ရှေ့၌ချောင်ပိတ်မိနေသော ယုန်သူငယ်ပမာ ထရကောင်းနိုး၊ မျက်ရည်သုတ်ရကောင်းနိုး၊ ပန်းကန်သိမ်းရကောင်းနိုး ဖြစ်နေရှာသည်။

သူသည် မထင်မှတ်ထားပါပဲ ရေဝတီ၏ လက်ကိုဆုပ်ကိုင်လိုက်မိသည်။ ပြီးနောက် ရင်ခွင်ထဲ ပွေ့ပိုက်မိသည်။

''ဘာကြောင့် အဲဒီလို တွေးရတာလဲ။ တကယ်တော့ မင်းက ပြီးပြည့်စုံတဲ့ အိမ်ရှင်မကောင်းတစ်ယောက်ပါ။ အင်္ဂလိပ်စာတော်တော့



ရော ဘာလုပ်ရမှာလဲ။ ကွန်ပျူတာ တတ်တော့ရော ဘာလုပ်ရမှာလဲ။ ပိုက်ဆံက ငါရှိနေပြီပဲ။ မင်းမရှိလည်း ရတာပဲ။ မင်းကိုမင်း မချောဘူးလို့ ဘာကြောင့် တွေးရတာလဲ။ မင်း သိပ်လှတယ်ဆိုတာ မင်းကိုယ်မင်းမသိလို့ပါ။ မင်းက အရမ်းလှတဲ့ မိန်းကလေးပါ။ မင်းရဲ့အပြုံးတွေက လူတစ်ယောက်ရဲ့ စိတ်ကို ကြည်လင်လန်းဆန်းစေတယ်။ မင်းရဲ့ မျက်လုံးလေးတွေက နွေးထွေးနူးညံ့တယ်။ မင်းအသံလေးတွေက ချစ်စရာကောင်းတယ်လေ။ ဒီထက် ဘာတွေလိုအပ်ဦးမှာလဲ''

သူသည် စကားရှည်ကြီးကို ဆိုကာ ရေဝတီ၏ ခေါင်းလေးကိုဖွဖွပွတ်သပ်ပေးမိသည်။

''ငါက မင်းရဲ့ခင်ပွန်းလေ။ ငါရှိနေပြီပဲ။ မိဘ မရှိတာက အားငယ်စရာမှ မဟုတ်တော့တာ။ မင်းရှေ့မှာ ငါရှိနေပြီပဲ။ ပြီးတော့ ငါ့ရဲ့မိသားစုဝင်တွေက ငါ့ထက် မင်းကိုပိုချစ်နေကြတာပဲ။ ဘာလိုသေးလို့လဲ''

ဟု သူကဆက်၍ နှစ်သိမ့်သောအခါ ရေဝတီသည် ရှိုက်သံလေး ထွက်သည်ထိ ငိုကြွေးလေသည်။ ငိုလိုက်ပါ ရေဝတီရယ်။ ငါ့ရင်ခွင်ထဲမှာ အားရအောင် ငိုလိုက်ပါ။ ဒါမှ မင်းဘဝရဲ့ မပြည့်စုံခြင်းတွေ မျက်ရည်တွေနဲ့အတူ မျောပါသွားမှာပါ။ ငါလိုချင်တာက မင်းရဲ့ ရယ်သံလေးတွေပါ။ မင်းရဲ့အပြုံးလေးတွေ။ မင်းထပ်ပြီး မငိုစေရတော့ပါဘူး။

လောကကြီးမှာ မင်းတစ်ယောက်တည်း ရှိသလို အထီးမကျန်စေရတော့ပါဘူး။ မိသားစုမရှိဘူးဆိုပြီးလည်း ဝမ်းနည်းမနေပါနဲ့တော့။

ငါက မင်းရဲ့မိသားစုပဲလေ။ ပြီးတော့ ဒီအိမ်က မင်းပိုင်ဆိုင်တဲ့ မင်းရဲ့ အိမ်ပဲ။ ပြီးတော့ ငါ့အတွက် အိမ်ကလည်း မင်းပဲလေ။

အလုပ်တွေကို ဘဝလိုဖက်တွယ်ထားတဲ့ မိသားစုနေအိမ်မှာ ထမင်းပူပူလေး မစားခဲ့ရတာ ဘယ်လောက်ထိ ဝမ်းနည်းဖို့ ကောင်းမှန်း မင်းက သင်ပေးလိုက်ပြီလေ။ အိမ်မှာ ကိုယ့်ကိုအားကိုးတကြီး စောင့်မျှော်နေမယ့် မင်းကြောင့် ငါအပြင်မှာ အချိန်တွေကို မေ့ပြီး မနေနိုင်တော့ဘူး။

မိုးသားတွေ တက်လာရင်လည်း မင်းကိုငါက စိတ်ပူနေတတ်ပြီလေ။ ဒါကို မင်းသိရဲ့လား။ မင်းကို ငါဘယ်လောက်ထိ အလေးထားတယ်ဆိုတာ မင်းသိရဲ့လား ရေဝတီ။ ငါက မင်းရဲ့ မိသားစုပါ။ ဒါကြောင့် မင်း ဝမ်းမနည်းပါနဲ့တော့။ ငါက မင်းဘေးမှာ အမြဲတမ်းရှိနေမှာမို့ မငိုပါနဲ့တော့။ မငိုပါနဲ့တော့ ရေဝတီရယ်။ မငိုပါနဲ့တော့. . . ။

သူ့ရင်ထဲ ရေဝတီအတွက် စကားလုံးများစွာ ရှိနေလေသည်။ ထိုအသံတွေကို ရေဝတီ နလုံးသား ကြားနိုင်ပါစေဟု ဆုတောင်းမိသည်။ ကြားနေလိမ့်မည်ဟုလည်း ထင်သည်။ ဘာလို့လည်းဆိုတော့ ရေဝတီသည် သူ့ရင်ခွင်ထဲမှနေ၍ သူ့ကိုမော့ကြည့်၍ နေလေသည်။

မျက်ရည်စ လက်ကျန်လေးများနှင့် မျက်ဝန်းလေးသည် တခဏအတွင်း သူ့ကိုစကားလုံးများစွာ ဆိုလေသည်။ ထိုစကားလုံးများကိုလည်း သူက ခံစားနားလည်နေသည်။ ရေဝတီနှင့်သူသည် နှလုံးသားချင်း ပြောတဲ့ဘာသာစကား ရှိသွားပြီလား။

● ● ●



## အခန်း(၁၃)

လေ့ကျင့်ခန်းလုပ်ပြီး ရေချိုးလိုက်သောကြောင့် စိတ်သည် အထူးကြည်လင်၍နေလေသည်။ သူရေချိုးခန်းမှ ထွက်လာသောအခါ ကုတင်ပေါ်တွင် တင်ထားသော ဝတ်စုံကို တွေ့လိုက်ရ၏။

ဤအရာကို ကြည့်ခြင်းအားဖြင့် သူရေချိုးနေစဉ် ကာလအတွင်း ရေဝတီသည် အခန်းထဲသို့ ရောက်လာကာ သူဝတ်ရန် အဝတ်အစားထုတ်ပေးသွားခဲ့မှန်း သူသိလိုက်သည်။

ရေဝတီထုတ်ပေးသွားသော အင်္ကျီကိုသူပြန်၍ ကြည့်လိုက်၏။ ကော်လံပါသော အပြာရောင်တီရှပ်အင်္ကျီ စင်းလေးဖြစ်လေသည်။ အမှန်က သူသည် အပြာရောင်ကို မကြိုက်ပေ။ သို့သော် ရေဝတီ ထုတ်ပေးထားသော အင်္ကျီအပြာရောင်ကိုတော့ နှစ်သက်နေမိတာ အမှန်ပါ။

ထို့ကြောင့်ပင် လေကလေး တချွန်ချွန်ဖြင့် ကိုယ်ပေါ်မှ ရေစက်များကိုသုတ်ကာ အင်္ကျီကိုဝတ်လေသည်။ ပြီးနောက် ရေဝတီ ထုတ်ထားပေးသော စတိုင်လ်ပင်ကို ဝတ်လိုက်၏။

Scanned by CamScanner

မှန်ထဲတွင် သူ့ပုံက လူကြီးလုကောင်း ဆန်သွားလေ၏။ ဝတ်စားဆင်ယင်မှုနှင့် လိုက်ဖက်မှုရှိသွားစေရန်အတွက် ဆံပင်ကို နဖူးပေါ်တွင် မကျစေဘဲ အပြောင်သိမ်းလိုက်လေသည်။

ပြီးနောက် ခေါင်းလိမ်းဆီကို ခပ်ဖွဖွ ဖိလိမ်းသည်။ စမတ်ကျသော သူ့ပုံကိုမှန်ထဲ အပြည့်အဝကြည့်ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

ထမင်းစားခန်းထဲ ဝင်လိုက်သောအခါ ရေဝတီက သူ့ကို အသင့်စောင့်နေပုံနှင့် ရပ်နေလေ၏။ ရေဝတီ၏ ပုံသည်လည်း အထူးလန်းဆန်းနေသည်။ ချည်ထည် အဝါရောင်လေးကို အထက်အောက်ဆင်တူ ဝတ်ထားလေကာ ရှင်မတောင် သနပ်ခါးကို ပါးပြင်ထက် ပါးပါးလေး လိမ်းထားလေ၏။

"လက်လုပ် ခေါက်ဆွဲ လုပ်ထားတယ်"

ဟုဆိုကာ သူထိုင်ရန်ခုံကို စားပွဲအောက်မှ ဆွဲပေးလျှင် သူက သူ့လက်နှင့်သူ ခုံကိုပြန်သွင်းလိုက်သည်။

"နောက်ဆို ဒီလိုမလုပ်နဲ့ ခုံကို ကိုယ့်ဘာသာကိုယ်ပဲ ဆွဲထုတ်ပါ့မယ်"

ပြောပြောဆိုဆိုပင် သူက ဝင်ထိုင်လိုက်သည်။ သူထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ရှေ့သို့ လက်လုပ်ခေါက်ဆွဲ တစ်ပန်းကန် ရောက်လာလေ၏။

"ကိုကို့ . . . ရုံးသွားရင်းနဲ့ လမ်းကြုံရင် ကျွန်မ အဘွားတို့ အိမ်လိုက်ခဲ့ချင်တယ်"





"ဘာလုပ်မလို့လဲ"

"ခေါက်ဆွဲ သွားပို့ချင်လို့ပါ"

ဟုဆိုပြီး ငါးဆင့်ချိုင့်ကြီးကို ညွှန်ပြလျှင် သူပါအံ့အားသင့်သွားလေသည်။ ဘယ်အချိန်ကတည်းက ထလုပ်ထားခဲ့ပါလိမ့်။

"ရပါတယ်။ လမ်းမကြုံ ပေမယ့်လည်း လိုက်ပို့ပါ့မယ်"

"ကိုကို အလုပ်များနေရင် မပို့ပါနဲ့။ ဘွားဘွားက လိုအပ်ရင် ဖုန်းဆက်တဲ့ ကားလွှတ်ပေးမယ်လို့ ပြောထားတယ်"

"ငါ ပို့ပေးမယ်လို့ ပြောနေပြီ မဟုတ်လား။ ဘယ်သူ့ကို ဆက်ဦးမလို့လဲ"

ဟု သူက အသံမာမာနှင့် ပြောလိုက်တော့မှ ငြိမ်ကျသွားလေတော့သည်။

"အဘွားကို ခေါက်ဆွဲ ပို့ပြီးရင် မုန့်ဖိုးပြန်တောင်းခဲ့"

"မဟုတ်တာ။ အားနာစရာကြီး လူကြီးကို . . . "

"အဘွားက ငါတို့အားလုံးထက် ချမ်းသာတယ်။ မိသားစုချင်း ဘာကအားနာစရာ ရှိဦးမှာလဲ။ များများတောင်းခဲ့။ မငြင်းခဲ့နဲ့။ မပေးရင် နောက်ဘာမှလာမပို့ဘူးလို့ ပြောပစ်ခဲ့"

"မပြောရဲပါဘူး။ ကြောက်တယ်"

"မင်း မပြောရဲရင် ငါပြောမယ်။ ဘာကြောက်စရာ ရှိသလဲ။ ဘာလုပ်မှာကို ကြောက်တာလဲ။ ရိုက်မှာကိုလား။ ဆူမှာကိုလား။ ရိုက်



Scanned by CamScanner

တော့လည်း ဘာဖြစ်လဲ တစ်အိမ်လုံးနဲ့အောင် ပတ်ပြေးလိုက်မယ်။ မင်းလောက် သန်မာတဲ့လူ တစ်အိမ်လုံး တစ်ယောက်မှမရှိဘူး။ ဆု တော့လည်း ဘာဖြစ်သလဲ ဟိုဖက်နားထင် ဒီဖက်နား ထွက်ပေါ့"

"ကိုကို အမြဲတမ်း အဲဒီလို နေခဲ့တာလား"

"အင်းလေ. . . အဲဒီလိုမနေရင် နားရောဂါနဲ့ သေပြီးနေတာ ကြာပေါ့။ သူများတွေကသာ အဘွားကို လေးစားကြောက်ရွံ့နေကြ တာ။ တကယ်တော့ အဘွားကလည်း သာမန် အဘွားအိုပဲ ဘာမှ မထူးဘူး။ သူ့နားမှာနေရင် ဖျစ်တောက်ဖျစ်တောက်နဲ့ တောက်တဲ့နဲ့ အမျိုးတော်သလား ထင်ရတယ်"

"ဘွားဘွားက ချစ်ဖို့ကောင်းပါတယ်။ စကားပြောနိုင်ပေမယ့် တန်ဖိုးရှိတဲ့ စကားတွေပဲ ပြောတာပါ။ ဘွားဘွားရဲ့စကားတွေထဲမှာ မှတ်သားစရာတွေ အများကြီးပဲ ပါတဲ့ဟာကို"

"လောကကြီးမှာ အဘွားကို အကောင်းပြောတာ မင်းတစ် ယောက်တည်း ရှိမယ်ထင်တယ်"

"ပြော် . . . ကိုကို ဒါနဲ့ဘွားဘွားက အသီးဖျော်ရည် သောက် လို့ရသလား"

"သောက်နေတာ တွေ့မြင်ဖူးပါတယ်။ ဘာလို့လဲ"

"သစ်တော်သီးတွေ ရေချိုလို့ အများကြီးဝယ်ထားတာ။ အဲဒါ အသီးဖျော်ရည်လုပ်ပြီး သိမ်းထားတယ်။ ဘွားဘွားအတွက် တစ်ပုလင်း လောက်ယူသွားချင်လို့"

BookSharing





"သစ်တော်သီး ဖျော်ရည် ဟုတ်လား"

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"အဲဒါဆိုရင် ငါ့ကိုလည်း တစ်ဘူးထည့်ပေးလိုက်။ ငါလည်း သစ်တော်သီးကြိုက်တယ်"

"ဟုတ်ကဲ့ ကျွန်မ ထည့်လိုက်ပါ့မယ်"

သူပြုံးမိလေသည်။ သူသည် ယခုလက်ရှိအခြေအနေကို နှစ်သက်မိ၏။ နွေးထွေးသည်ဟု ခံစားရသည်။ အခြားလူအတွက်လည်း ပူပင်နေရသည်။ အခြားလူက ပြုစုပေးသမျှလည်း ခံယူနေရသည်။

"ညနေ ငါ. . . ရုံးကပြန်လာရင် ဝင်ကြိုမယ်လေ။ အဲဒီမှာပဲ စောင့်နေ။ အိမ်ကို တစ်ယောက်တည်း ပြန်မလာနဲ့။ ဟိုတစ်ခါတုန်း ကလို မြွေဝင်နေရင် ခက်မယ်"

"မဝင်တော့ပါဘူး။ ဟိုတစ်ခါကတော့ မိုးရွာလို့ပါ"

"အခုလည်း မိုးရွာလာရင် ဘယ်လိုလုပ်မလဲ"

"ရွာမယ်လို့တော့ မထင်ရပါဘူး"

"စောင့်ဆိုစောင့်နေပေါ့။ ဘာတွေ စောဒက တက်နေသေး တာလဲ။ ကဲ. . . စားပြီးပြီ သွားမယ်"

ဟုဆိုသောအခါ ရေဝတီသည် ချိုင့်ကြီးကို မနိုင်မနင်း မနေ သဖြင့် သူကပဲ ထိုချိုင့်ကို ကူဆွဲလိုက်လေသည်။ သူနှင့် ရေဝတီသည် ဘာမှ မသက်ဆိုင်ကြသေးသော်လည်း တကယ်ချစ်၍ လက်ထပ်ထား

ကြသော ကြင်စဉ်းဝနီးမောင်နှံနှင့် တူနေလေသည်။ သူသည် ရေဝတီကို အဘွားတို့အိမ်ရှေ့တွင် ချပေးပြီး ရုံးသို့သာ တန်းလာမိ၏။

"ဟာ. . . သူဌေး အတော်ကြီးပဲ"

ဟု လုံခြုံရေးဝန်ထမ်းကဆိုလျှင် သူက ပြုံးစိစိ နှုတ်ဆက်မိလေ၏။ သူသည် ဆိုင်ပိုင်ရှင်ဆိုသော်ငြား ဝန်ထမ်းများကို မိသားစုသဖွယ် ဆက်ဆံသောကြောင့် ဝန်ထမ်းများ၏ ရင်းနှီးမှုကို ရရှိလေသည်။

"ဟာ. . . ကျွန်တော့်ထက် စောတဲ့သူ ရှိနေတာပဲ"

မီးဖိုခန်းထဲ ဝင်ဝင်ချင်းပင် မြန်မာအစားအစာချက်နေတဲ့ စားဖိုမှူးကိုတွေ့ရသဖြင့် တအံ့တဩ ဖြစ်သွားကာ နှုတ်ဆက်လိုက်လေသည်။ သူ့ပုံက အရမ်းမြူးကြွနေသောကြောင့် စားဖိုမှူး၏ စူးစမ်းစွာကြည့်ခြင်းကို ခံရလေသည်။

သူ့အပေါ်နောက်ပြောင်လာလိမ့်ဦးမည်ဟု ထင်သော်လည်း ဆက်မပြောဘဲ ဟင်းအနှစ်ရည်ကိုသာ စပ်နေသဖြင့် သူက စားဖိုမှူး လုပ်သမျှကို အသာရပ်ကြည့်နေမိသည်။

"ဘာတွေ ဒီလောက်တောင် ချိန်ဆနေရတာလဲ"

"အရသာ ချိန်နေတာ သူဌေးရဲ့။ မြန်မာဟင်းက အနှစ်စပ်လွဲရင် ပွမ်းတာပဲ။ အဲဒါနဲ့ သူဌေးလက်ထဲက ဘာလဲ"

"ဘာမှမဟုတ်ပါဘူး။ သစ်တော်သီး ဖျော်ရည်ပါ"

"ဝယ်လာတာလား။ ပုံစံကတော့ ဝယ်လာပုံမျိုးနဲ့ မတူပါဘူး"





"မဝယ်ဘူး။ အိမ်က ယူလာတာပါ"

"သူဌေးကတော်ရဲ့ လက်ရာပေါ့လေ"

သူက ပြုံးလိုက်ခြင်းဖြင့် ဝန်ခံလေသည်။

"သူဌေးကို ကြည့်ရတာ ခါတိုင်းထက် လန်းဆန်းနေသလိုပဲ။ ဘယ်လိုလဲ။ အိမ်ထောင်သည် အရသာကို သိသွားပြီ မဟုတ်လား"

"ဟာ. . . . ဘာတွေပြောနေတာလဲ"

"ရှက်မနေပါနဲ့ဗျာ။ အချင်းချင်းတွေပဲ။ ကျွန်တော်လည်း မိန်းမရှိပါတယ်။ ကလေးနှစ်ယောက်တောင် အပိုထွက်လာပြီ။ မိန်းမတွေက မကောင်းပါဘူးဗျာ။ မင်္ဂလာဦးကာလ လောက်ပဲ ပျော်စရာကောင်းတာ။ ကြာလာတော့ မိန်းမ ဇာတိကပြလာတာပဲ"

"ဘယ်လို ဇာတိပြတာလဲ"

"ဘာဖြစ်ရမှာလဲဗျ။ ကိုယ်ဝန်လေး နှစ်လရလာရင် ယောက်ျားကို သံပတ်ပေးထားသလို မရပ်မနား ခိုင်းတော့တာပဲ။ အဲဒီအချိန်က ကိုယ်ဝန်နဲ့မို့ အလိုလိုက်ပေးမိပါတယ်။ အကျင့်ပါသွားတော့ တာပါပဲဗျာ။ အခုဆို အိမ်မှာ ထမင်းတောင် မချက်ချင်တော့ဘူး"

"ကျွန်တော့် မိန်းမကတော့ စားဖိုမှူးကြီး မိန်းမလို ဖြစ်မှာမဟုတ်ပါဘူးဗျာ။ သူက အချက်အပြုတ် ဝါသနာပါတယ်။ အဲ. . . အခုမှသတိရတယ်။ စားဖိုးမှူးကြီးကို ရေဝတီနဲ့တွေ့ပေးရမယ်ဗျို့။ သူက မြန်မာစာတော့ ပိုင်ပိုင်နိုင်နိုင် ချက်တတ်တယ်။ ပြီးတော့ အဆန်းအပြားတွေ တီထွင်တတ်တယ်။ သူနဲ့စားဖိုမှူးကြီးနဲ့ ဆုံသွားရင်တော့ ဟင်းလျာတွေ ဖြစ်လာနိုင်တယ်"



Scanned by CamScanner

"ကောင်းသားပဲဗျာ တွေ့တာပေါ့။ အဲဒါနဲ့ သူဌေးရဲ့ အမျိုးသမီးနာမည်က ရေဝတီလား"

"အင်း. . . . ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"သူဌေးက သူဌေးကတော်ကို ရေဝတီလို့ပဲ ခေါ်တာလား"

"အင်းလေ. . . သူ့နာမည်က ရေဝတီပဲ ဥစ္စာကို"

"ဟာ. . . ဗျာ ဒါတွေခက်တာပဲ။ ထားပါ။ သူဌေးကတော်ကရော သူဌေးကို ဘယ်လိုခေါ်သလဲ"

"သူကတော့ ကျွန်တော့်ထက် နည်းနည်းငယ်တော့ အစ်ကိုတို့ဘာတို့ ခေါ်တာပေါ့ဗျာ"

"အဲဒါဆို သူဌေးမတရားဘူး။ သူက နူးညံ့မှတော့ သူဌေးလည်း သူ့ကိုပြန်ပြီး နူးနူးညံ့ညံ့ ခေါ်သင့်တာပေါ့"

"ဟာဗျာ. . . မခေါ်တတ်ပါဘူး။ ဘယ်လိုခေါ်ရမလဲ"

"အချစ်လေးလို့ ခေါ်လိုက်။ ကျွန်တော့် မိန်းမဆို ကျွန်တော်ကသူ့ကို တစ်ခါတစ်ရံ အဲဒီလိုခေါ်ရင် တစ်ခါချစ်လေး. . . တစ်ခါ အသွားပဲ. . ဟင်း. . . ဟင်း. . "

"ဟာဗျာ အတည်ပြောတယ် မှတ်လို့။ တကယ်နောက်တာပဲ"

သူသည် ရှက်သွားမိသောကြောင့် နားရွက်ဖျားလေးများပင် နီရဲ၍လာလေသည်။



"သူဌေး စည်သည်ရောက်နေပါတယ်"

ဟု ဝန်ထမ်းတစ်ဦးက လာပြောလျှင် သူအံ့အားသင့်သွားလေ၏။

"ဘယ်သူလဲ"

"ပုန်းညက်တဲ့။ ခပ်ချောချော အစ်မတစ်ယောက်ပဲ"

သူ့ရင်ထဲ လေးပင်သွားလေသည်။ မှန်တာပြောရလျှင် သူ ပုန်းညက်ကို မတွေ့ချင်ပေ။ သို့သော် သူရှိနေသောနေရာကို ပုန်းညက်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသောအခါ အခြေအနေကို သူ ရှောင်လွှဲဖို့ မစဉ်းစားတော့ချေ။

တစ်ချိန်က ပုန်းညက်ကြောင့် သူရယ်ခဲ့ဖူးသည်။ ပုန်းညက် အနားမှာ နေရချိန်၌ ကြည်နူးပျော်ရွှင်ခဲ့ဖူးသည်။ သို့သော် ထိုစိတ်များသည် အတိတ်မှာသာ ကျန်ရစ်ခဲ့ပြီဖြစ်၏။ ယခုမူကား သူ့စိတ်များသည် လေးလံထိုင်းမှိုင်းစွာ. . . . .။

Scanned by CamScanner

## အခန်း (၁၄)

"နာရီ တကြည့်ကြည့်နဲ့ ဘာဖြစ်နေတာလဲ"

ပုန်ညာက်သည် သူ့အပေါ် စိတ်အလိုမကျဖြစ်သလို ပြောသဖြင့် သူ့မှာ မချိသွားဖြဲ ပြုံးပြလိုက်ရပြန်သည်။

"ဟိုကောင်တွေနဲ့ ချိန်းထားတယ်ဆို . . ."

"လာမှာပေါ့"

ယနေ့သည် သူ၏ပထမဆုံး အလုပ်တက်သည့်နေ့ဖြစ်သော်လည်း ပုန်ညာက်သည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြီး သူ့ကိုခေါ်ထုတ်ခဲ့သောကြောင့် သူ့မှာဆိုင်တွင် မျက်နှာပြရုံသာနေခဲ့ရလေသည်။

အခြားသူတစ်ဦးဆိုပါက မလိုက်ဘူး၊ မအားဘူးဟု ငြင်းမိမှာမလွဲပေ။ သို့သော် ယခုမူကား ပုန်ညာက်ဖြစ်နေ၍ မငြင်းသာပါ။ ပုန်ညာက်ကို သူနားမလည်နိုင်ပါ။ ရုတ်တရက် ဘွားခနဲပေါ်လာပြီး မလုပ်ဖူးတဲ့ အပြုအမူတွေ လုပ်နေသည်။ အနှစ်နှစ်ဆယ်ခန့် ရင်းနှီးခဲ့ကြ



သော သူငယ်ချင်းများဖြစ်သော်လည်း ပုန်ညာက်သည် သူ့ကိုအရင်စမခေါ်သောသူဖြစ်သည်။ ဖုန်းပင် အရင်စမဆက်သူသည် သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာဖို့ဆို ဝေးရောပေါ့။

ယခုတော့ ရောက်လာရုံတင်မက သူ့ကိုပါခေါ်ထုတ်လာပြီး ရစ်ရှင်လိုက်ပြနိုင်းသည်။ ပြီးနောက် သူနှင့်တစ်နေကုန် အချိန်ဖြုန်းသည်။ တစ်ချိန်တုန်းကတော့ ပုန်ညာက်နှင့် ခုလို အတူရှိနေပါက ပျော်လိမ့်မည်ဟု ထင်ခဲ့ဖူးသည်။ သို့သော် ယခုမူကား သူ့ရင်ထဲ တစ်ခုခု လိုအပ်နေသလို ခံစားရသည်။

"နင့် . . . သိပ်ကိုပြောင်းလဲသွားတယ် နကွတ်"

ပုန်ညာက်သည် အဆက်အစပ်မရှိ ဆိုလာသောအခါ သူသည် ပုန်ညာက်ကို အားနာရပြန်သည်။

"လူတစ်ယောက်ရဲ့ တန်ဖိုးကို အဲဒီလူ အနားမှာမရှိတော့ချိန်မှ နားလည်မယ်လို့ အခြားလူတွေပြောခဲ့တာ ငါမယုံခဲ့ဘူး။ ဒါပေမယ့် ငါ . . . ကိုယ်တွေ့ခံစားခဲ့ရတယ်"

ပုန်ညာက် ဘာကို ဆိုလိုချင်မှန်း သူရိပ်မိသည်။ ထို့ကြောင့် ပုန်ညာက်၏ ရှေ့ဆက်စကားတွေကို သူ မကြားရဲတော့ပေ။

"ငါ . . . အရမ်း အထီးကျန်နေတယ် နကွတ်"

ပုန်ညာက် အမေသည် နောက်အိမ်ထောင်ပြုသွားပြီဆိုတဲ့ သတင်းကို သူလည်းကြားသည်။ ဒါကလည်း တစ်နှစ်ကျော်ခဲ့ပြီ ဖြစ်၏။ ပြီးနောက် ပုန်ညာက်ကလည်း အမေကို တွယ်တာသူမဟုတ်မှန်း သူငယ်ချင်း တစ်အုပ်စုလုံး သိပြီးသားဖြစ်၏။

ပြီးနောက် ပုန်ညွှာက်သည် ထက်မြက်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသူဖြစ်၏။ မိသားစုကို ခင်တွယ်စိတ်မရှိပေ။ သို့သော် ယခုသူ့ရှေ့မှ ပုန်ညွှာက်သည် သူသိခဲ့သော ပုန်ညွှာက် မဟုတ်သလို ခံစားရသည်။

"ဖေဖေ့ မိန်းမမှာ ကိုယ်ဝန်ရှိနေပြီတဲ့"

ပုန်ညွှာက်၏ စကားထဲတွင် စိတ်ပျက်ခြင်း ပါဝင်နေသည်။

"အဲ့ဒီကိုယ်ဝန်ကို ဖေဖေက သည်းသည်းလှုပ်ဖြစ်နေတယ်။ ငါ့မေမေကို ငါသိုဝ်သတိရတာပဲ"

ပုန်ညွှာက် ထွက်မသွားခင် တစ်နှစ်အလိုတွင် ပုန်ညွှာက်မေမေသည် ကင်ဆာဖြင့် ဆုံးသွားမှန်း သူသိ၏။

"အိမ်မှာ ငါ့အတွက် နေစရာမရှိဘူး။ မေမေ့ အရိပ်အငွေ့တွေ အိမ်မှာမရှိတော့သလို ခံစားရတယ်။ ပြီးတော့ ငါ့အိမ်မဟုတ်တော့သလို ခံစားရတယ်။ တစ်ချိန်က နင်မေးခဲ့ဖူးတယ်လေ။ နိုင်ငံခြားမှာ နေရတာ ငါပျော်မှာလားတဲ့။ ဒါပေမယ့် အခု ငါအဲဒီမေးခွန်းကိုဖြေနိုင်ပြီ။ ငါမပျော်ဘူး နကွက်။ ငါတော်ရာကို ရွေးချယ်ခဲ့တာပဲ။ ဟိုမှာနေရတဲ့ တစ်လျှောက်လုံး ဘယ်လောက်အထိ အထီးကျန်ခဲ့သလိုဆိုတာ ငါ့ကိုငါ အသိဆုံးပါ။

ငါနေတဲ့ နေရာက တကြည့်တိုက်ပဲ။ မိုးချုပ်လို့ အခန်းပြန်ရမယ့်အချိန်က ငါအကြောက်ဆုံး အချိန်ပဲ။ ဒါပေမယ့် ငါ ပညာမတတ်ရင် ငါ့ကို ဖေဖေ လုံးဝ ဂရုစိုက်မှာ မဟုတ်မှန်း ငါသိလို့ကြိုးစားခဲ့



တယ်။ ဒါပေမယ့် ငါဘယ်လောက် ကြိုးစား . . . ကြိုးစား အချည်းအနှီးပါပဲ"

"နင် . . . ပြန်သွားမှာလား"

"နင် . . . ငါနဲ့အတူ မလိုက်ချင်ဘူးလား"

"ဟင် . . "

သူအံ့အားသင့်သွား၏။ မလိုက်ချင်ဘူးလား ဆိုသော မေးခွန်းက သွေးရိုးသားရိုး မဟုတ်မှန်း သိသည်။

"ငါ . . . နင့်ကို လိုအပ်တယ် နကွက်"

ပုန်ညွှာက်၏ မျက်နှာသည် အထူးပင်သိမ်မွေ့နူးညံ့နေသည်။ မီးရောင်ကြောင့်လား။ နေဝင်ဆည်းဆာကြောင့်လား မသိ။ ပါးမို့မို့လေးများသည် ပန်းရောင်သမ်းနေလေ၏။ ပုန်ညွှာက်သည် ကျော့ရှင်းပြီးလှပသူလေးဖြစ်သည်။

သွယ်လျသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ပြီး မျက်နှာကိုချိုမော့ထားသဖြင့် လှတကာ ငေးကြည့်ယူရသည်။

"နင် . . . သူ့ကို မချစ်ဘူးဆိုတာ ငါသိတယ်။ တခြား မိန်းကလေးတွေကိုလည်း အပျော်တွဲခဲ့တယ်ဆိုတာ ငါသိတယ်"

"ဒါပေမယ့် . . . သူနဲ့ငါက လက်ထပ်ပြီးပြီ"

"အဲဒီ စည်းမျဉ်း စည်းကမ်းတွေကို ငါမသိချင်ဘူး။ ပြီးတော့ အဲဒါတွေကို နင်က အလေးအနက်ထားသူမှ မဟုတ်တာ"

"ငါ . . . သူ့ကို တာဝန်ယူပေးရမယ် ပုန်ညက်"

"တာဝန်ယူရအောင် နင်တို့က ကျူးလွန်ထားလို့လား။ ကျူးလွန်တယ်ပဲ ထားပါတော့။ အဲဒါ သူ့ဘက်ကပါလို့ ဖြစ်ရတာလေ။ နင့်အမှားချည်းသက်သက် မဟုတ်တာ။ နင့်အပေါ် အပြစ်ပုံချလို့ ဖြစ်ပါ့မလား"

"မဟုတ်သေးဘူး ပုန်ညက်"

"နင် . . . ငါ့ကို မချစ်ဘူးလား"

ပုန်ညက်က ထိုသို့မေးလျှင် သူ့ရင်ထဲ ဟာတာတာဖြစ်သွားသလို ခံစားရသည်။ ပုန်ညက်ကိုလည်း ရဲရဲမကြည့်ရဲသလို၊ ဖြေစရာ အဖြေလည်းမရှိ။

"နင် . . . ငါ့ကိုချစ်တယ်ဆိုတာ အလကား အလျှင်းပြောပြော ခဲ့တာလား"

"အဲလို မဟုတ်ပါဘူး။ နင့်ကို ငါက အဲဒီလိုသဘောထား ပါ့မလား"

"အဲဒီ မိန်းမနား နင်ရှိနေတာက နင် . . . အောင်မြင်အောင် လုပ်ဖို့ မဟုတ်လား။ နင့်ကို ငါကူညီနိုင်တယ်ဆိုရင် နင် . . . သူ့အနား ကထွက်လာနိုင်မလား"

"ဘယ်လို ပုန်ညက်။ နင် ဘာတွေပြောနေတာလဲ"

"ငါ . . . နင့်အတွက် အကောင်းဆုံး စားဖိုမှူးရှာထားတယ်။ သူနဲ့ငါ စကားတွေ ပြောထားတယ်။ နင့်ဘက်ကသာ အဆင်သင့်ဖြစ်ရင် သူ့ကိုဆက်သွယ်ပြီး မြန်မာပြည်ကို ခေါ်လိုက်ရုံပဲ။ သူသာရောက်လာရင် နင့် ဆိုင်ရောင်းအားတက်မှာတော့ သေချာတယ်"



"နင့် စေတနာကို ငါနားလည်ပါတယ်။ ဒါပေမယ့် အဲဒီလို ငါ လက်မခံဘူး။ အဲဒီ စားဖိုမှူးကြောင့် လက်ရှိငါ့ဆိုင်က စားဖိုမှူးကို ငါက အလုပ်ဖြုတ်လိုက်ရမှာလား။ အဲဒါက အောင်မြင်ဖို့နည်းလမ်း ဆိုရင် အဲဒီနည်းလမ်းကို ငါမလျှောက်ဘူး ပုန်ညက်"

"အဲဒါ . . . ငါ့အတွက် အဖြေလား နက္ခတ်"

ပုန်ညက်သည် ရုတ်တရက် တည်ငြိမ်သွားလေသည်။

"လက်ရှိလူကို သံယောဇဉ်ရှိနေတာက ငါ့အတွက် အဖြေလား"

သူမဖြေနိုင်။ မှင်တေတေပင် ရေခွက်ကို စိုက်ကြည့်၍ နေမိသည်။

"နင် . . . ငါ့မေးခွန်းတွေကို မဖြေဘူးနော်။ ကောင်းပြီလေ။ နင်က မဖြေတော့ ငါကလည်း ငါ့ဘာသာ ငါ့အဖြေရှာရတာပေါ့"

ဟုဆိုကာ ပုန်ညက်သည် ထရပ်ပြီး ဒေါသနဲ့ထွက်သွားသည်။

"ပုန်ညက် . . . ပုန်ညက်"

ပုန်ညက်အတွက်နှင့် နေယံတို့ သုံးယောက်အဝင် ဆုံလေသည်။ သူက ပုန်ညက်၏လက်ကို ဖမ်းဆွဲထားချင်သော်လည်း ခြေလှမ်းတို့က မရွေ့မိပေ။ တုံဏှိဘာဝေပင် ငြိမ်နေမိသည်။

"ဘာဖြစ်သွားတာလဲ"

နေယံ အမေးကို ခေါင်းခါပြလိုက်သည်။

"ပုန်ညှက်ကို ကြည့်ရတာ တစ်ခုခုပဲနော်"

"အေးလေ တစ်ခုခုဖြစ်နေပါတယ် ဆိုတာကို။ ဒီကောင် နေယံလေ အချွန်နဲ့သွားမသေးတယ်"

"ဘာဖြစ်နေတာလဲကွာ။ မင်းမျက်နှာကြီးကလဲ"

သူငယ်ချင်း သုံးယောက်လုံးက တစ်ယောက်တစ်ပေါက် ပြောနေကြသော်လည်း သူ့မှာတော့ ကြက်ကြီးလည်လိမ် ခံထားရသလို ခပ်အစ်အစ် ဖြစ်နေလေသည်။

"မင်း . . . သူ့ကို ဘယ်လောက်အထိ ပြောပစ်လိုက်လဲ"

"အကုန်လုံးပဲ။ အဲဒီညက မင်းမူးမူးနဲ့ မှားထားတာတွေ အိတ်သွန်ဖာမှောက် ပြောပစ်လိုက်တယ်"

နေယံသည် တစ်ခါတစ်ရံ ခြောက်တောက်တောက်နိုင်သော်လည်း၊ တစ်ခါတစ်ရံမှာ ရဲရင့်ပြတ်သားပြီး ပွင့်လင်းလွန်းပြန်သည်။

"ကျွတ် . . . မင်းတော့ ပြဿနာပဲ။ မှုပြီးပြောတဲ့စကားက အမှန်ဖြစ်မလားကွ"

"ဘာက မှားနေလို့လဲ။ အဲဒီ မိန်းမကို အိမ်ကပေးစားလို့ ယူတာ။ အဲဒီဆိုင်ကြောင့် ယူတာဆိုတာကို ငါတို့ အားလုံးသိနေတာပဲ။ ဒါ့ထက်ပိုသိတာက မင်းအဘွားကြောင့် . . ."





"ငါ့အဘွား ဟုတ်လား။ ငါ့အဘွားက ဘာဖြစ်လို့လဲ"

"မင်းစိတ်ကို သိချင်လို့ မင်းတို့ကို အဲဒီအိမ်ကြီးမှာ နှစ်ယောက်တည်းလွှတ်ထားတာတဲ့။ ဒါကြောင့် ငါတို့ကိုတောင် အဲဒီမှာ သွားမရှုပ်နဲ့လို့ အားမနာ လျှာမကျိုး တားမြစ်ထားတာပဲ"

"ငါ့စိတ်ကို သိချင်တယ် ဟုတ်လား"

"ဟုတ်တယ်။ ငါ့ကိုလည်း အဲဒီအတိုင်း လာပြောသွားတယ်။ သူတို့က အတင်းထိုးပေးလို့ ယူရတာထက် အဲဒီကောင်မလေးကြောင့် မင်း စိတ်ယိမ်းယိုင်လာတာကို လိုချင်တာတဲ့။ ဘယ်လိုလဲ ယိမ်းယိုင် လာပြီလား"

"ကျွတ် . . . အဘွားတို့ကလည်း ဘယ်လိုလုပ်လိုက်တာလဲ ကွာ။ ရေဝတီဘက်ကိုလည်း မတွေးပေးဘူးလား။ ငါက ယောက်ျား လေးမို့ ပြဿနာမရှိပေမယ့် သူက မိန်းကလေး။ အကယ်၍ ငါက စိတ်မယိမ်းယိုင်ခဲ့ဘူးဆို ဘယ်လိုလုပ်မလဲ။ သူ့ဘဝမှာ အမည်းစက်ကြီးဖြစ်သွားမှာလေ။ ပြဿနာပဲကွာ"

"ဟာ . . . ဟုတ်ကောင်"

သူ့ကို တအံ့တဩ ကြည့်နေကြသော မျက်လုံးများကို သူ ရင်ဆိုင်လိုက်ရလေသည်။ သူ့စကားက ဘာမှားသွားလို့ သူ့ကိုအဲဒီလို ပြူးပြဲကြည့်နေကြတာလဲ။

"ဘာလဲကွာ။ စိတ်ရှုပ်ရတဲ့အထဲ။ အဲဒီ အကြည့်တွေနဲ့ ပဟေဠိဖွဲ့မနေနဲ့"

"အံ့ဩလို့ပါကွာ။ မင်းကို အံ့ဩလို့"

"အေးလေ. . . ဘယ်ကဘယ်လိုလုပ် အဲဒီ မိန်းကလေး အတွက် စိတ်ပူပေးနေရတာလဲ။ မင်း. . . အရင်က အဲဒီလိုမဟုတ်ပါဘူး။ မိန်းမ၊ ယောကျ်ားဆိုတဲ့ ဝါဒီလည်း မဖွဲ့ကိုင်ဖူးပါဘူး။ ဘယ်လို ဖြစ်ရတာလဲ"

"ဘုရားတွေ လိုက်ပို့ပြီး စားသောက်ဆိုင်တွေ လိုက်ပို့ပုံ ထောက်ရင်တော့ မင်း. . . အဲဒီ ကောင်မလေးကို ကြွေနေပြီလား"

တက်တူးက ပြုံးစိစိ စနောက်သော်လည်း သူက အငြင်းဝါကျ မသုံးဘဲ ငြိမ်နေလိုက်သည်။ ဘာကြောင့် ငြိမ်နေမိသလဲဆိုတော့ ထိုအဖြေကို သူလည်း မသိရှိဖြစ်၏။

"တကယ်ကြီးလား ဟေ့ကောင်"

"ငါလည်း မသိဘူး"

"မသိတာက အဖြေပဲ။ မင်းသူ့ကို ကျိန်းသေပေါက် ကြွေ ရပြီလေ။ မြန်လိုက်တာကွာ။ မင်းကို ဘယ်လိုပြုစားလိုက်တာလဲ။ ဒါမှ မဟုတ် မင်းတို့. . . ဟိုဟာ ဟိုဒင်းဖြစ်ကြလို့လား"

"ဟာ. . . ဟေ့ကောင်တွေ မယုတ်မာနဲ့။ ငါတို့က ဘာမှ မဟုတ်ဘူး။ နိုးနိုးလေးပဲ။ ငါ့စိတ်က ယုတ်မာခဲ့ရင်တောင် သူကကျွန်ခြေ ရတယ်။ ငါတို့ ဘာမှမဆိုင်သေးဘူး"

ဟု သူကအကြောက်အကန် ငြင်းလျှင် တက်တူးတို့က ပြုံးစိစိ ဖြစ်ရုံမက ဝါးလုံးကွဲအောင် ရယ်ကြပြန်သည်။





"နကွတ်. . . နကွတ်. . . မ်တော့. . ."

"ကိုယ့်လူကြီး အိမ်ထောင်သည်သက် တစ်ပတ်ကျော်အတွင်း တော်တော်ပြောင်းလဲသွားပါလား. . . ဟမ်"

"ဟုတ်တယ်။ ဒီကောင် တော်တော်ပြောင်းလဲသွားတယ်။ ရည်းစားထားပြီးရင် ဖက်တယ်၊ နမ်းတယ်ဆိုတာ ဒီကောင်က တဖွဲ့ နေတဲ့ကောင်မျိုးမှ မဟုတ်တာ။ အခုတော့ တစ်အိမ်တည်း အတူနေတဲ့ မိန်းမကိုတော့ နိုးနိုးလေးတဲ့။ ဟား. . . ဟား. . . မင်းတော့သွားပြီ ဟေ့ကောင်။ မင်းအဘွားဆင်တဲ့ ဂွင်ထဲ ဝိတ်မိသွားပြီ"

နေယံကဆိုသောအခါ သူ့ကိုယ်ထဲ ငုတ်လျှိုးနေသော မာန သည် ဘွားခနဲပေါ်လာလေ၏။

"ဘာလို့ အဘွား ဂွင်ထဲဝင်ရမှာလဲ။ အဝေးကြီးပါကွာ"

"ကောင်လေး. . . မင်းအဘွား ဂွင်ထဲဝင်မှာ စိုးတာနဲ့ပဲ မင်း ရင်ဘတ်ကို ဥပေက္ခာပြုတော့မလို့လား။ နောင်တ ရမယ်နော်"

"ငါလည်း အဲဒါပြောချင်တာပဲ။ မင်း နောင်တရမယ် နကွတ်။ မင်းမပြောပါနဲ့ကွာ။ ငါသာ မင်းနေရာမှာဆိုလည်း အဲဒီ မိန်းကလေး ကိုကြွေမိမှာပါပဲ။ ပုံစံလေးက ရှားရှားပါးပါးလေးကွာ။ အိမ်နိုင်မယ့် မိန်းမမျိုး။ ကြည့်လိုက်တာနဲ့ အပျိုစင်ကလေးဆိုတာ လုံးဝ သိနိုင် တယ်"

"ဒါဆိုရင် ပုန်ညှာက်ကို ဘယ်လိုလုပ်မလဲ"

နေယံသည် ပုန်ညှာက်ကို သံယောဇဉ်ကြီးသူမို့ ပုန်ညှာက် နေရာမှ ဝင်တွေးလေသည်။

"ပုန်ညှာက်ကလည်း သူ့ရင်ဘတ်ကို သူသိလို့ပြန်လာခဲ့တာ။ သူ့. . . မင်းကို အဆုံးအရှုံး မခံနိုင်ဘူးထင်တယ်"

နေယံ စကားအဆုံးတွင် သူတို့စားပွဲသည် တိတ်ဆိတ်သွားလေသည်။

"ဘာလုပ်လို့ ရတော့မလဲကွာ။ သူက လက်ထပ်ပြီးနေပြီပဲ"

"ဘာမှလုပ်လို့မရတဲ့ ကိစ္စတွေကို ပုန်ညှာက်က ဘာလုပ်တတ်သလဲဆိုတာ မင်းတို့အသိဆုံးပဲ"

မှန်ပါသည်။ ပုန်ညှာက်သည် ထက်မြက်သူပီပီ ပြဿနာကို အစခွဲထုတ်တတ်၏။ သူတို့အဖွဲ့က ရှာထားသော ပြဿနာ မှန်သမျှကို လိုက်ရှင်းတတ်သူမှာ ပုန်ညှာက် ဖြစ်လေသည်။

ထို့ကြောင့် သူတို့လေးယောက်လုံးကို ပုန်ညှာက်က ညြဖာ ညောင်းခဲ့သည်မှာ ငယ်စဉ်ကတည်းက ဖြစ်၏။

"ဟုတ်တယ်။ ငါလည်း ဒါကိုပဲ စိုးရိမ်နေတာ နကွတ်။ ပုန်ညှာက် အခု အရမ်းခံစားနေရတယ်။ သူအဖေကြောင့် သူ့မှာနေရာ ပျောက်သွားသလို ခံစားနေရတယ်"

"မင်း ကောင်မလေးဆီ ပုန်ညှာက် ဒေါသ ရွေ့သွားနိုင်တယ်"

ဟု မိုးမင်းကဆိုသောအခါ သူသည် ရေဝတီကို စိုးရိမ်သွားလေသည်။

"ပုန်ညှာက်က မင်းကောင်မလေးကို တစ်ခုခုပြောခဲ့ရင်တောင် ပုန်ညှာက် အမှားမဟုတ်ဘူး နကွတ်။ မင်း . . . အမှားပဲ"



"ငါက ဘာကိစ္စ မှားရမှာလဲ။ အခုအချိန်ထိ ပုန်ညှာက်ကို ငါလွန်ကျူးတဲ့စကားမျိုး မပြောဖူးဘူး"

"ဒါပေမယ့် မင်း. . . သူ့ကို ချစ်တယ်လို့သွားပြောတယ်လေ။ မင်းစကားတစ်ခွန်းကြောင့် ပုန်ညှာက် ဘယ်လောက်ထိ နောက်ဆံတင်းခဲ့သလဲဆိုတာ ငါတို့အားလုံး အသိပဲ"

"ဒါဆို သူကနှစ်နှစ်လုံးလုံး ဘာလို့မဆက်သွယ်ဘဲ နေခဲ့ရသလဲကွာ"

"အဲဒါ သူ့ရင်ထဲ မင်းရှိနေလို့ပေါ့ကွ ရှင်းနေတာပဲ"

"ကဲ. . . ဒါတွေ ထားလိုက်ပါကွာ။ ငါသိချင်တာ နကွတ်။ မင်း ဘာဆက်လုပ်မလဲ။ ပုန်ညှာက်ကို ဥပေက္ခာပြုမှာလား။ ရေဝတီကို ဥပေက္ခာပြုမှာလား"

သူငြိမ်သွားလေသည်။ ဘာလုပ်၍ ဘာလုပ်ရမှန်းလည်း မသိပါ။ သူ့ကိုသာ အာရုံစိုက်နေကြသော သူငယ်ချင်းများကို သူအဖြေ မပေးနိုင်ပါချေ။

ပုန်ညှာက်သည် သူငယ်စဉ်ကတည်းက အရေးထားခဲ့ရသော မိန်းကလေးဖြစ်သည်။ ရဲရင့်ပြတ်သားပြီး ထက်မြက်သောကြောင့် သူ့ဘဝရဲ့ ဟီးရိုးကြီးဖြစ်လေ၏။ ထို့ကြောင့် သူပိုင်ဆိုင်ချင်ခဲ့ဖူးသည်။ ပုန်ညှာက်၏ချစ်သူအဖြစ် ရင်ကော့ကာ လျှောက်ဖူးချင်ခဲ့သည်။

"ကဲပါ။ တွေးမရလည်း တွေးမနေပါနဲ့တော့။ ငါတို့ မသောက်ရတာ ကြာပြီ။ ဆိုင်ပြောင်းရအောင်"

"ဟာ . . . မဖြစ်ဘူး။ ရေဝတီကို အဘွားအိမ် ပို့ထားတာ သွားကြိုရဦးမယ်"

"ဟာ . . . ရင်ထဲရှိ မရှိ မသေချာတဲ့ မိန်းမတစ်ယောက်အတွက် ငါတို့သူငယ်ချင်းတွေကို ဥပေက္ခာပြုဦးမလို့လား"

"အေးပါကွာ။ နက္ခတ် မင်းကလည်း ငါတို့ ဒီလိုမဆုံတာ ဘယ်လောက်ကြာနေပြီလဲ။ ပြီးတော့ မင်းအဘွားအိမ်မှာရှိတာပဲ တခြားမှာရှိတာမှ မဟုတ်တာ။ လာပါကွာ"

"ဒီပုံအတိုင်းဆို နက္ခတ်။ ဒီကောင်ကြီး ရေဝတီကို ဥပေက္ခာမပြုနိုင်ဘူးထင်တယ်"

"ငါ့အထင်တော့ ဒီကောင် ပုန်ညက်ကို စွန့်လွှတ်နိုင်မယ် မထင်ဘူး။ ပုန်ညက်ကို ရည်းစားဖြစ်ရဖို့ အရှုံးအမှုး ဖြစ်ခဲ့ဖူးတဲ့ကောင်က အောက်ကျို့ပြီး လိမ့်ဝင်လာတဲ့ ပုန်ညက်ကို ရက်ရက်စက်စက် ကန်ထုတ်ပါ့မလား"

"လာပါကွာ။ ဒါတွေ တွေးမနေပါနဲ့။ ဆိုင်ပြောင်းမယ်။ လာပါ"

နောက်ဆုံးတွင် နေယံဆွဲခေါ်ရာနောက်သို့ သူလိုက်ပါလာခဲ့သည်။ မလွှဲမရှောင်သာ လိုက်ခဲ့သည်ဆိုသော်ငြား သူ့စိတ်သည် ရေဝတီထံသာ ရောက်နေလေသည်။ ရေဝတီသည် သူလာကြိုမည့်အချိန်ကို စောင့်နေလိမ့်မည်။ မျှော်နေလိမ့်မည်။ သူ့ကို စိတ်ပူနေလိမ့်မည်။

● ● ●



အခန်း (၁၅)

သူငယ်ချင်းတွေနှင့် လမ်းခွဲသောအချိန်သည် ညဆယ့်တစ်နာရီကျော်နေပြီမို့ သူသည် အဘွားအိမ်သို့ မဝင်ဘဲ သူ့အိမ်သို့သာ ပြန်ခဲ့သည်။

ရေဝတီ ရှိမနေ၍လားမသိ။ အိမ်သည် အထူးတိတ်ဆိတ်နေသည်ဟုထင်သည်။

ကားကို ပေါ်တီကိုတွင်ရပ်ပြီး အိမ်ထဲသို့ ကိုယ့်ဘာသာကိုယ် သော့ဖွင့်ဝင်လာခဲ့သည်။ သို့သော် အိမ်ထဲတွင် မီးရောင်မှိန်မှိန်လေး ထွန်းထားသောအခါ သူ့စိတ်ထဲ တစ်စုံတစ်ယောက် ရှိနေသလို ခံစားရ၏။

ထို့ကြောင့် လင်းသောမီးကို ဖွင့်ပြီး ထင်ထင်ရှားရှား မြင်သာအောင်ကြည့်လေသည်။

"ဟင် . . "

ဆိုဖာဆက်တီပေါ် ခွေခွေကလေး အိပ်နေသော ရေဝတီဖြစ်

Scanned by CamScanner

သည်။ ရေဝတီသည် သူ့ကိုစောင့်ရင်း အိပ်ပျော်သွားပုံပေါ်သည်။ ရေဝတီ အိပ်နေပုံလေးကို ကြည့်ပြီး သူ့ကိုယ်သူအပြစ်မကင်းသလို ခံစားရသည်။

ပြီးနောက် ပီတိဖြစ်သလို ခံစားရသည်။ အိမ်တွင် သူ့ကိုစောင့်နေမယ့် လူရှိပါလားဆိုသည့် ခံစားချက်သည် သူ့မျက်ရည်ကို ချူယူလိုက်သလို ခံစားရသည်။

အိပ်ပျော်နေသော ရေဝတီ့ မျက်နှာလေးကို သူငေးကြည့်နေမိသည်။ နှုတ်ခမ်းလေး ခပ်ဟဟဖွင့်ကာ အိပ်ပျော်နေသော ရေဝတီသည် ချစ်ဖို့ကောင်းသော ကလေးငယ်တစ်ဦးနှင့် တူညီနေလေ၏။

သူ့လက်ချောင်းလေးများသည် ရေဝတီ၏ ပါးပြင်ကိုခပ်ဖွဖွ တို့ထိမိသည်။ ရေဝတီ့ အသားကိုကိုင်မိသည်နှင့် တစ်ပြိုင်နက် သူ့ရဲ့ ဘယ်ဘက်ရင်အုံသည် တုတ်လိုက်သလို ခံစားလိုက်ရ၏။

"ဟင့် . . . ကိုကို ပြန်ရောက်နေပြီလား"

အမှန်က အိပ်ပျော်နေသော ရေဝတီကို ပွေ့ချီကာအိပ်ရာ၌ သိပ်ပေးဖို့ စဉ်းစားနေဆဲ ဖြစ်လေသည်။ သို့သော် သူ့ရဲ့ရေဝတီက ရုတ်တရက် နိုးလာသောကြောင့် သူ့အစီအစဉ် ပျက်သွားရပါပြီ။

"အင်း . . . ပြန်ရောက်ပြီ"

"ထမင်းရော စားပြီးပြီလား ဟင်။ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်"

"မင်းကို ဘယ်သူပြန်ပို့ပေးတာလဲ"





"ဘွားဘွားပဲ ပြန်ပို့ပေးတာပါ။ ဘွားဘွားက ကိုကို့အတွက် ကြာဇံချက်တွေ ပေးလိုက်တယ်။ ကိုကို့ ကြိုက်တယ်ဆို ကိုကို စားချင်ရင် ကျွန်မ သွားနွေးလိုက်မယ်လေ"

"နေပါစေတော့။ မစားတော့ဘူး။ ဒီ . . . အပြင်က စားလာပြီ"

"ကိုကို အရက် သောက်လာတာလား"

"အင်း . . ."

"ကျွန်မ သံပရာရည် ဖျော်ပေးမယ်လေ"

"ရတယ်။ မဖျော်နဲ့တော့။ သွားအိပ်တော့"

ဟု နှင်ထုတ်ကာ သူ့ကိုယ်၌တော့ ဆိုဖာခုံပေါ်မှ ချလိုက်လေသည်။

"နောက်ဆို . . . ငါအပြန် နောက်ကျရင် စောင့်မနေနဲ့။ အိပ်နှင့်ပါ . . ."

"ဟင့်အင်း။ အဲဒါကိုတော့ ကျွန်မ မလိုက်နာပါရစေနဲ့"

"လိုက်နာမယ်လို့ ပြောထားတာရော။ မင်းက လိုက်နာလို့လား။ အဘွားအိမ်မှာ စောင့်နေပါ။ ငါလာကြိုမယ်လို့ မင်းကို မပြောခဲ့ဖူးလား။ ဘာလို့ ငါ့စကားကို နားမထောင်ရတာလဲ"

"ကိုကို့ . . . ကိုယ့်ဘာသာကိုယ် တံခါးဖွင့် ဝင်နေရမှာ စိုးလို့ပါ"



BookSharing
Scanned by CamScanner

ထိုအဖြေစကားလေးသည် သူ့ရင်ကို ထိနိုက်စေတာ အမှန်ပါ။ ရန်တွေ့လိုက်ပါလား ရေဝတီရယ်။ ကိုကိုက နောက်ကျပြီး လာမခေါ်လို့ ကိုယ့်ဘာသာကိုယ် ပြန်လာခဲ့ရတာပါ။ လာပြီး အပြစ်မတင်ပါနဲ့လို့ ပြောလိုက်စမ်းပါ။

"ပြီးတော့ အပြင်သွားတဲ့ ခင်ပွန်းသည် အပြန်ကို ကျွန်မ အိမ်မှာ စောင့်နေသင့်တယ် ထင်လို့ပါ"

"မင်း . . . အိမ်မှာတစ်ယောက်တည်း ရှိတုန်း မိုးတွေရွာလာရင် ဘယ်လိုလုပ်မလဲ။ ဟိုတစ်ခါလို ဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"ကျွန်မ မကြောက်တော့ပါဘူး။ ကိုကို ကျွန်မကို ဂရုစိုက်ပေးနေလို့ ကျွန်မ မကြောက်တော့ပါဘူး။ မိုးရွာလာရင် ကိုကို ပြေးလာခဲ့မယ်ဆိုတာ ကျွန်မသိတယ်။ ကိုကို ကျွန်မကို ပစ်မထားဘူးဆိုတာ ကျွန်မ သိတယ်။ ကိုကိုပြန်လာမယ်ဆိုတာ ကျွန်မ သိတယ်။ ကိုကို ပြန်လာမှာ သေချာနေတာပဲ ကျွန်မ ဘာကိုမှ မကြောက်တော့ပါဘူး"

သူ့ရင်ထဲ ထိရှသွားလေ၏။ သူကတော့ သူ့ကို ရေဝတီ ဒီလောက်မျှော်နေမှန်း မသိဘဲ သူငယ်ချင်းများနှင့် သောက်စားမူးရူးနေခဲ့သည်။ ရေဝတီကတော့ . . .

သူသည်ထိုင်ရာမှ ထရပ်ကာ ရေဝတီ့ကို ပွေ့ဖက်ထားမိသည်။

"အကယ်၍ အကြောင်းတစ်စုံတစ်ရာရှိလို့ ငါပြန်မလာနိုင်ရင် မင်း ဘာလုပ်မလဲ။ အကယ်၍ ငါပြန်မရောက်ရင် မင်း ဘယ်လိုလုပ်မလဲ"





"ဒါပေမယ့် ကိုကို ပြန်ရောက်မှာပါ။ အရင်တုန်းက ဘယ်သူမှပြန်မလာမယ့် အိမ်မှာတောင် ကျွန်မက ပြန်မလာနိုင်သေးတဲ့ သူတွေကိုစောင့်မျှော်ခဲ့သေးတာပဲ။ အခု ကိုကိုက သေချာပေါက် ပြန်လာမှာပဲဟာကို။ ကျွန်မ စောင့်နိုင်ပါတယ်"

"ရေဝတီရယ် . . . "

သူ့မှာ ပြောစရာ စကားမရှိလောက်အောင် ရှုးပါးသွားလေသည်။ ထို့ကြောင့် ရေဝတီ့ကိုသာ တင်းကြပ်နေအောင် ပွေ့ဖက်ထားလိုက်၏။

"နောက်ဆို ငါအမြဲတမ်း စောစောပြန်လာပါ့မယ်။ မင်းဘေးနားမှာပဲ နေပေးပါ့မယ်။ သောင်း . . . တကယ်ကို စိတ်မကောင်းပါဘူး"

သူ့ရင်ခွင်ထဲတွင် ရေဝတီသည် ငြိမ်သက်စွာရှိနေလေသည်။

"ကိုကို ရေချိုးဦးမလား။ ကျွန်မ ဝင်ပေးမယ်လေ"

"မချိုးချင်သေးဘူး"

"အဲဒါဆိုရင်လည်း ခြေလက် မျက်နှာဆေးလိုက်လေ။ လန်းသွားအောင်လို့"

"ငြိမ်ငြိမ်နေပါ"

ရေဝတီ့ကို ခုလိုလေး ပွေ့ဖက်နေချင်မိသောကြောင့် ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ စကားတတွတ်တွတ် ပြောနေသော ရေဝတီသည် ငြိမ်၍ကျသွားပြန်သည်။



Scanned by CamScanner

"မင်းကို အဘွား မုန့်ဖိုးပေးလိုက်သေးလား"

"အင်း . . . ပေးလိုက်တယ်လေ။ ဒါပေမယ့် မုန့်ဖိုးတော့ မဟုတ်ဘူး။ လက်စွပ်နှစ်ကွင်း ပေးလိုက်တာ"

"လက်စွပ် ဟုတ်လား"

သူက မေးသောအခါ ရေဝတီသည် စားပွဲပေါ်မှ ရတနာဘူးလေးကို လှမ်းယူကာ သူ့ထံပေးၐ၏။ သူက ထိုဘူးကို ဖွင့်ကြည့်လိုက်သောအခါ ပုံစံတူ ပတ္တမြားလက်စွပ်လေးကို တွေ့ရလေသည်။

သူအံ့အား သင့်သွား၏။ ထိုလက်စွပ်ကို သူကောင်းစွာသိသည်။ အဘိုးနှင့်အဘွားတို့ရဲ့ မင်္ဂလာလက်စွပ်ကလေး ဖြစ်သည်။ တန်ဖိုးနည်းသော်ငြား အဘွားက သိပ်မြတ်နိုးသောပစ္စည်းလေး ဖြစ်လေ၏။

"ကျွန်မက ဝတ်ကြည့်မယ်လို့ပြောတာကို အဘွားက မဝတ်ကြည့်နဲ့တဲ့ ကိုကို့ကိုပဲ ဝတ်ခိုင်းတဲ့။ ကိုကို တစ်ကွင်း။ ကျွန်မ တစ်ကွင်း လို့ပြောတယ်"

သူနှင့်ရေဝတီတို့ လက်ထပ်စဉ်က လက်ထပ်လက်စွပ် ဆင်မြန်းခဲ့လေသည်။ သို့သော် သူကစိတ်မပါလှတာကြောင့် လက်စွပ်ကို အံဆွဲထဲထည့်ထားခဲ့သည်။

"မင်း . . . ဝတ်ချင်လို့လား"

"ကိုကို မကြိုက်ရင် မဝတ်ချင်ပါဘူး"

ဟုဆိုသောအခါ သူက လက်စွပ်အသေးလေးကို ဘူးထဲမှ





ယူလိုက်ပြီး ရေဝတီ့လက်ကိုဆွဲကာ လက်သန်းကြွယ်တွင် ဝတ်ပေးလေသည်။

ထိုအခါ ပြုံးသွားသော ရေဝတီကြောင့် ထိုလက်စွပ်ကို ရေဝတီ ဝတ်ချင်နေပါတယ်ဆိုတာ သူသဘောပေါက်သွားလေ၏။

"ရော့ . . . ငါ့ကိုလည်း ဝတ်ပေးလေ"

ဟုဆိုကာ သူက လက်စွပ်အကြီးကို ပေးလိုက်သောအခါ ရေဝတီသည် ပြုံးစိစိကလေး လှမ်းယူပြီး သူ့ရဲ့လက်သန်းကြွယ်တွင် ဝတ်ပေးလေသည်။

"စုံတွဲ လက်စွပ်ဆိုတာက ဒါမျိုးကိုပြောတာထင်တယ်"

"လက်ထပ်တုန်းက လက်စွပ်ရော ဘယ်နားချွတ်ထားသလဲ"

"ခုနတုန်းကမှ ချွတ်ပြီးသိမ်းထားလိုက်တာ"

"ဒီလက်စွပ်ကို ပိုကြိုက်လို့ပေါ့"

"အဘွားကပြောတယ် ဒီလက်စွပ်ဝတ်ထားရင် သစ္စာတွေ့နိုင်မြဲတယ်တဲ့"

မဝံ့မရဲပြောနေသော ရေဝတီ့ကို သူငေးကြည့်မိသည်။ ပတ်ဝန်းကျင်သည် အထူးတိတ်ဆိတ်နေလေ၏။ ကြည်လင်စွာ ပြုံးနေသော ရေဝတီသည် မီးရောင်အောက်တွင် ဘုရင်မတစ်ဦးနှယ် တင့်တယ်နေလေသည်။

ပြုံးနေသော ရေဝတီ့ နှုတ်ခမ်းများသည် ကောက်ကြောင်း

ညီညာပြီး ဖူးနေနေလေသည်။ မို့ဖောင်းနေသော ပါးပြင်လေးမှာ ဝင်းမို့ပြီးပြောင်လက်နေလေသည်။

"ရေဝတီ . . "

"ရှင် . . ကိုကို"

"မင်း . . ငါ့ကို ဘယ်လိုသဘောထားသလဲ"

"ရှင် . . "

"ဒီ . . ဒီ . . ဒီ . . "

မိုက်မှားချင်နေသော စိတ်ရိုင်းကို ဘယ်လိုမောင်းထုတ်ရမှန်း မသိပါချေ။

"ငါ . . သွားအိပ်တော့မယ်"

"ကျွန်မ သံပရာရည် လာပို့ပါ့မယ်"

"မလာခဲ့နဲ့။ မလာနဲ့ . . . ငါ့အခန်းထဲ ဝင်မလာနဲ့။ ငါ အိပ်ချင်နေပြီ။ အိပ်တော့မယ်။ မလာနဲ့နော်"

"ရေမချိုးတော့ဘူးလား။ ကျွန်မ ရေနွေးစပ်ပေးမယ်လေ"

"ရတယ်။ မစပ်ပေးနဲ့။ ငါ့ဘာသာ လုပ်မယ်"

သူသည် လွတ်ချင်မိနေသော စိတ်တို့ကို ထိန်းချုပ်ကာ အပေါ်ထပ်သို့ ပြေးတက်လာမိသည်။

"ကိုကို . . . ကျွန်မ တစ်ခုခု အမှားလုပ်မိလို့လား"



"အေး . . . လုပ်တယ်။ မင်းလည်း အိပ်တော့။ ညဉ့်နက်နေပြီ"

သူသည် မပြေးရုံတမယ်ပင် အခန်းထဲသို့ ဝင်လာမိသည်။ အခန်းထဲသို့ ရောက်သောအခါ သူ့ခေါင်းကိုသာ သူလက်နဲ့ထုနေမိသည်။

"ဘာဖြစ်နေတာလဲ နကွတ်။ မင်းဘာဖြစ်သွားတာလဲ . . . ဟူး . . . ငါတော့ ရူးနေပြီလား မသိဘူး"

ဟုဆိုကာ သူ့ရင်ဘတ်ကို သူပြန်စမ်းမိလေသည်။ ယခုအချိန်ထိ တဒိတ်ဒိတ်ခုန်နေသော သူ့ရင်ဘတ်ကြောင့် အခက်တွေ့နေရသည်။

မျက်လုံးမှိတ်လိုက်တိုင်းလည်း ရေဝတီ မျက်နှာလေးကို မြင်ယောင် မိပြန်သည်။ ပြီးနောက် နှုတ်ခမ်းလေးတွေ၊ ပါးပြင်လေးတွေ . .

"ဟူး . . ငါ . . . ရူးနေပြီ ရူးနေပြီ"

ကိုယ့်ကိုယ်ကို သတိပေးနေသည့်ကြားမှ မျက်နှာလေးသည် သူ့အာရုံထဲ ဝင်လာခဲ့ပြန်သည်။ ကုတင်ပေါ်ပြေးတက်ပြီး စောင်ကို ဆွဲခြုံလေသည်။

"ကိုကို . . "

သူ့နားထဲ ထွက်ပေါ်လာသောအသံ . . ရေဝတီ ခေါ်နေတာလား။ သူနားစွင့်လိုက်ပြန်သည်။

"ကိုကို့ . . "

မဟုတ်ပါ။ သူ့အာရုံနဲ့သူကြားနေရခြင်း ဖြစ်လေ၏။ သူပြုံးမိသွားသည်။ ကိုကိုဟု ခေါ်သော ထိုအသံလေးကို သူနှစ်သက်မိ၍ ဖြစ်လေသည်။

● ● ●





## အခန်း(၁၆)

"သူဌေး ညှိသည်ရောက်နေတယ်"

ဟု ဝန်ထမ်းက လာခေါ်သောကြောင့် သူသည် အင်တာနက်ထဲ၌ စားသောက်ဖွယ်ရာများကို ရှာဖွေနေရာမှ လှမ်းကြည့်လိုက်သည်။

"ဘယ်သူလဲ လွှတ်လိုက်လေ"

"အမျိုးသမီးပါ ဆရာ။ လွှတ်လိုက်မယ်နော်"

သူစိတ်ပျက်သွားလေသည်။ အမျိုးသမီး ဆိုမှတော့ ပုန်ညက်ပဲဖြစ်မယ်ဆိုတာ သူက ရိပ်မိပြီးသားဖြစ်၏။ ပုန်ညက်ကို ပြောစရာစကား သူ့ထံမရှိပေ။ ငါ အိမ်ထောင်ကျနေပါပြီ။ ငါသူ့အပေါ် သစ္စာမဖောက်ချင်ဘူး။ ဒါကြောင့် ငါ့ကိုလွှတ်ထားပေးပါဟုလည်း ပစ်ပစ်ခါခါ ပြောမထွက်ပေ။

"ဒေါက် . . . ဒေါက်"

"ဝင်လာပါ"

သူက အသံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ဝင်လာသော လူကြောင့် သူအံ့အားသင့် သွားလေသည်။

"ဟင့် . . ရေဝတီ"

သူသည် ထိုင်ရာမှ ထရပ်ပြီး ရေဝတီထံ လျှောက်သွားလေ၏။

"မင်း . . . ဘယ်လိုလုပ်ရောက်လာတာလဲ"

"ဘွားဘွား ခေါ်လာတာ"

"ဘွားဘွား ဟုတ်လား"

"ဟုတ်တယ် အနောက်မှာ ပါတယ်။ ဝန်ထမ်းတွေနဲ့ စကားပြောနေလို့။ ကျွန်မက ကိုကို့ဆီ ဝင်လာတာ"

"ဘွားဘွားက ဘယ်လိုလုပ် မင်းနဲ့တွေ့သွားတာလဲ"

"ဗိုက်ဆာလို့တဲ့။ ကျွန်မတို့အိမ်မှာ နေ့လည်စာ လာစားတာ"

"ဘွားဘွားက ဟုတ်လား"

"အေး . . ဟုတ်တယ်။ ဘာလဲ မင်းက အိမ်ခွဲနေတယ်ဆိုတိုင်း ဒီအဘွားကြီးကို ထမင်းတစ်နပ်တောင် မသထားတော့ဘူးလား"

ဘွားဘွားသည် ပြောပြောဆိုဆိုပင် ဝင်လာကာ ဆက်တီပေါ် ဝင်ထိုင်လေ၏။



"မိန်းမတစ်ယောက် ယူထားပြီး အဲဒီ မိန်းမကို အိမ်ထဲ သော့ပိတ်ထားတဲ့ မင်းကိုယ်မင်း တရားတယ်ထင်လား"

"ဟာ . . . ဘာမှာ သော့ပိတ်ထားလို့လဲ။ သူ့မှာလည်း သော့ရှိတာပဲ သွားချင်တဲ့ဆီ သွားလို့ရနေတာပဲ"

"တော်စမ်း၊ ပြောလိုက်ရင် ခြေပါသားချည်းပဲ။ မင်းဆိုင်က နာမည်မကြီးတဲ့အကြောင်းအရင်းကို မင်းသိရဲ့လား"

"ဘွားဘွား . . . အဲဒါတော့ လွန်ပြီ။ ဘာနာမည်မကြီးရမှာလဲဗျာ ရှိသင့်သလောက်တော့ ရှိပါတယ်"

"မင်း . . . အဓိက ပစ်မှတ်ထားတော့ နိုင်ငံခြားသား ဧည့်သည်တွေ မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး . . . ဆိုင်အပြင်အဆင်ကတော့ ရှေးရှေးနန်းဟန် ပြင်ဆင်တာ ဘယ်လိုလုပ်အောင်မြင်မလဲ။ နိုင်ငံခြား အစားအစာတွေကို ဖြုတ်ပြီး မြန်မာအစားအစာ သီးသန့်ရောင်း . . ."

"ဗျာ . . ."

"မင်းရော . . . အီတလီနိုင်ငံရောက်ရင် ဘာအစားအစာ စားမလဲ။ အီတလီစာပဲ စားမှာမဟုတ်လား။ အားလုံးကို ကိုယ့်စိတ်နဲ့ နှိုင်းပြီးတွေးပါလား"

ဘွားဘွားသည် တစ်ချိန်က သိပ်ကိုအောင်မြင်ခဲ့သူမို့လားမသိ၊ ယခုအချိန်ထိ အတွေးအခေါ်သည် လတ်ဆတ်ဆဲဖြစ်သည်။

Book Sharing

Scanned by CamScanner

"မင်းရဲ့ဆိုင်မှာ ငါ့မြေးလေးကို တွဲဖက်စားဖိုမှူးအဖြစ် အလုပ်ခန့်လိုက်။ မင်းဆိုင် နှစ်လအတွင်း မအောင်မြင်ရင် ငါ့ပါးကို ရိုက်လို့ရတယ်"

"ဗျာ. . . "

သူသည် မယုံကြည်နိုင်စွာပင် ရေဝတီကို စောင်းငဲ့ကြည့်လေသည်။ ရေဝတီသည် အဘွားနှင့် သူ့ကိုတစ်လှည့်စီ ကြည့်နေလေ၏။

"ဒါပေမယ့် အကြာကြီး မခန့်နဲ့။ သုံးလလောက်ပဲခန့်။ ငါ့မြေးလေး ပင်ပန်းနေမယ်"

"ဟာ. . . ဒါတွေ ကျွန်တော် စီစဉ်ထားပါတယ်။ အဘွား စိတ်ပူတာထက် ကျွန်တော်က ပိုတောင် ပူတတ်သေးတယ်"

သူသည် ပြောမိပြောရာပြောပြီးကာမှ သူ့ကိုပြုံးစိစိကြည့်နေသော အဘွားကြောင့် မှားသွားမှန်း သိလိုက်ရသည်။

"တစ်မျိုး မထင်နဲ့။ ဒီဆိုင်မှာက ယောက်ျားလေး ဝန်ထမ်းတွေချည်းများတော့ သူ့ပုံစံက ပျော့တီးပျော့ဖတ်နဲ့။ ယောက်ျားတွေနဲ့ယှဉ်ပေါင်တန်းပြီး မလုပ်နိုင်မှာစိုးတာပါ"

"သူ့ယောက်ျား မင်းရှိနေတာပဲ။ ငါက ဘာလို့ပူရဦးမှာလဲ။ ကဲပါ. . . ရှည်မနေနဲ့။ ငါ့မြေးလေးကို ထားခဲ့ပြီနော်"

ဟုဆိုကာ ရေဝတီ့ကို ပေါ်တင်ကြီး အပ်သွားပြီး အဘွားက ပြန်သွားလျှင် သူ့မှာပြုံးမိလိုက်သေးသည်။ သို့သော် ထိုအပြုံးကို ရေဝတီ မြင်သွားမှာ စိုး၍ဟန်ဆောင်လိုက်ရပါသည်။





"ဘွားဘွားကသာ ပြောတာ။ ကျွန်မတော့ အဲဒါမျိုးတွေ လုပ်တတ်မယ် မထင်ပါဘူး"

"ဘာမှ မခက်ပါဘူး။ အိမ်မှာ မင်းချက်နေကျ ဟင်းပုံစံကို နည်းစနစ်လေး စားဖိုမှူးကို ပြောပြပေးရုံပဲ။ စားဖိုမှူးက လုပ်လိမ့်မယ်။ ပြီးတော့ စားဖိုမှူးချက်ထားတဲ့ဟင်းကို မြည်းကြည့်ပေးရမယ်။ ဒါလောက်ပါပဲ"

"အော်. . . သိပ်မခက်ဘူးပဲ"

"ကဲ. . . ငါတို့ မီးဖိုခန်းဘက် သွားရအောင်"

ဟုဆိုကာ သူနှင့်ရေဝတီတို့က အခန်းထဲမှထွက်ဖို့ ပြင်စဉ်–

"နက္ခတ်. . . "

ပုန်ညာက်သည် အခန်းထဲ မပြောမဆိုဘဲ ဝင်ချလာလေသည်။ သူ့အံ့အား သင့်သွားသည်။ ဖြစ်နိုင်လျှင် ရေဝတီနှင့် ပုန်ညာက်ကို ထိပ်တိုက်မဆုံစေချင်ပါ။

"အော်. . . ရေဝတီလည်း ရောက်နေပါလား"

"အင်း. . . ဟုတ်တယ်။ လာလေ. . . ပုန်ညာက် ထိုင်ပါ"

ရေဝတီသည် ထွက်ပြေးဖို့ ကြိုးစားနေသောအခါ သူသည် ရေဝတီလက်ကို ဆွဲထားလိုက်လေသည်။ ထို့ကြောင့် ရေဝတီသည် သူ့ဘေး၌ ငုံ့လျှိုးကာ ထိုင်လိုက်ရ၏။

"ဒီ. . . နင့်ကို ဝမ်းသာစရာ စကားပြောဖို့ လာခဲ့တာ"



Scanned by CamScanner

"ပြောလေ..."

"ငါ နာမည်ကြီး စားဖိုမှူးကို နင့်အတွက် လှမ်းခေါ်လိုက်တယ်။ သူက ငါနဲ့ဟိုမှာ အရမ်း ခင်ခဲ့ကြတာလေ။ သူရှိတဲ့ဆိုင်ဆိုလူသိပ်စည်တာ။ အစားအစာတွေက သူ့လက်နဲ့ထိရင် နတ်သုဒ္ဓါဖြစ်ကုန်တယ်လို့တောင် မီဒီယာတွေက ညွှန်းကြရတဲ့အထိပဲ။ သူ... နင့်ဆိုင်ရောက်လာခဲ့ရင် နင်... သေချာပေါက် အောင်မြင်မယ်လို့ ငါပြောရဲတယ်"

ဟု ပုန်းညက်က ခိုင်မာစွာ ပြောသောအခါ ရေဝတီသည်–

"ဒါဆို ကိုကိုနဲ့... မ... ပုန်းညက် စကားပြောကြပါဦး။ ကျွန်မ မီးဖိုခန်းမှာ ကိစ္စရှိနေလို့ ခွင့်ပြုပါ...."

သူက ရေဝတီကို ဆွဲလိုက်ချိန်ပင် မရပေ။ ရေဝတီသည် အခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

"တွေ့တယ် မဟုတ်လား နကွတ်။ သူက နင့်အသိုင်းအဝိုင်းမှာ ဘယ်လိုမှ ဝင်ဆံ့မှာ မဟုတ်ဘူး"

"ဒါပေမယ့်... သူက ငါလက်ထပ်ထားတဲ့ မိန်းကလေးပါ ပုန်းညက်"

"ငါသိပါတယ်။ ဒါထက် ပိုသိတာက နင်တို့က အမည်ခံလင်မယား ဆိုတာပဲ"

"နင့်ကို ဟိုကောင်တွေ ပြောလိုက်ပြန်ပြီလား"

"ငါ့တစ်ယောက်တည်းကိုပဲ နင်က လျှို့ဝှက်ထားဦးမလို့လား။





နင်သူ့ကို သနားနေလို့ဆိုလည်း သင့်တင့်သလောက် ပေးလိုက်လေ။ နင့်မှာ ရှိတာမလောက်ရင် ငါ့မှာရှိတာကို ပေါင်းပေးလိုက်မယ်"

ပုန်းညက်ကို သူချစ်ခဲ့တာ မှန်သော်လည်း ပုန်းညက်က ထိုသို့ပြောတာကိုတော့ သူမကြိုက်ပေ။ ရေဝတီသည် ငွေမက်သော မိန်းကလေးမဟုတ်မှန်း သိသည်။ ပြီးနောက် သူကိုယ်၌ကလည်း ရေဝတီကို ငွေနှင့်မပိုင်းဖြတ်ချင်ပေ။

"အဲဒါတွေ ထားပါ။ အလုပ်ကိစ္စပဲ ပြောကြတာပေါ့"

"နင့်... စားဖိုမှူး မလာသေးရင် ပြန်ပြီးကယ်ဆယ် လုပ်လိုက်ပါ"

"ဘာလို့လဲ။ သူ... မြန်မာပြည်ကို လာချင်အောင်တောင် ငါက သူ့ကိုတစ်ပတ်လောက် စည်းရုံးထားရတာ"

"ငါ့အတွက် မလိုတော့ဘူး။ အီတလီစာနဲ့ ပြင်သစ်စာကို ဖြုတ်ပြီး မြန်မာစာ သီးသန့်ပဲရောင်းဖို့ ငါ... အခုလေးတင် ဆုံးဖြတ်ပြီးသွားပြီ"

"ဘာကြောင့်လဲ။ ရေဝတီ ကြောင့်လား..."

"စီးပွားရေးကို ဘာလို့ လူမှုရေးနဲ့ နှယ်ချင်ရတာလဲ ပုန်းညက်"

"နင်... သိပ်ပြောင်းလဲသွားပြီ နကွတ်။ အရင်တုန်းကလို ငါ့စကားပဲ နားထောင်တတ်သူ မဟုတ်တော့ဘူး"

"လောကမှာ နင်တစ်ယောက်တည်း ပြောင်းလဲတတ်တာ

Scanned by CamScanner

မဟုတ်ဘူး ပုန်းညက်။ ငါလည်း နှလုံးသားနဲ့လူပဲ။ ပြောင်းလဲနေတာ မဆန်းပါဘူး''

''အေး. . . နင်ထပ်ပြောင်းလဲအောင် ငါလုပ်ပေးရမှာပေါ့။ ငါ့မှာ နင်ကလွဲပြီး တွယ်တာစရာ မရှိတော့တာပဲ။ ဆုံးရှုံးစရာလမ်း မရှိတော့ဘူး။ ငါမလုပ်ရဲတာ ဘာမှမရှိဘူး နကွတ်''

ဟုဆိုကာ ပုန်းညက်သည် ဆတ်ခနဲ ထထွက်သွားလေသည်။ ဘာကြောင့်မှန်းမသိ ပုန်းညက်၏ မျက်လုံးတွေကို သူကြောက်နေမိသည်။

ကြောက်နေမိသည့်အတိုင်းပင် ပုန်းညက်သည် ပြဿနာကို ဖန်တီးတော့၏။

● ● ●



## အခန်း(၁၇)

''မနေ့က ပုန်းညက် အိမ်ကိုလာသွားတယ်''

ဟု မေမေက ဖုန်းဆက်သဖြင့် သူသည်ထိတ်လန့်သွားလေသည်။ ပုန်းညက်က သူ့မိသားစုနှင့် ခင်မင်ရင်းနှီးမှုန်း သိသော်လည်း အိမ်သို့တကူးတက လိုက်မလည်ဖူးချေ။ ပြီးနောက် ပုန်းညက်သည် သူ့အပေါ်လည်း မကျေမနပ် ဖြစ်နေသောကြောင့် စိုးရိမ်နေမိသည်။

''မင်း ညနေအလုပ်က ပြန်ရင် အိမ်ဝင်ခဲ့ပါ''

ဟုဆိုသဖြင့် သူပို၍ လန့်သွားလေသည်။ လန့်သွားခဲ့တဲ့အလျောက်ပင် ပို၍ထိတ်လန့်စရာကောင်းတဲ့ ကိစ္စက သူ့ကိုဆီးကြိုလိုက်သည်။

ပုန်းညက်မှာ ကိုယ်ဝန်ရှိနေပြီတဲ့။ အဘွား၏ မျက်လုံးစူးစူးရဲရဲဒဏ်ကို သူအလူးအလဲ ခံစားလိုက်ရသည်။ ဖေဖေရော မေမေရော ဘွားဘွားကပါ သူ့ကိုစိုက်ကြည့်နေကြသဖြင့် ထိုအကြည့်များအောက်တွင် သူ့မှာ မလူးသာမလွန့်သာ ဖြစ်နေ၏။



Scanned by CamScanner

"မင်းဘာတွေ လျှောက်လုပ်ထားတာလဲ နကွတ်"

သူမသိပါ။ ပုန်းညှက် ဘာသာ ကိုယ်ဝန်ရှိတာ သူနှင့်ဘာဆိုင်လို့လဲ။ ပုန်းညှက်ကိစ္စသည် သူနှင့်မဆိုင်သော ကိစ္စဖြစ်လေသည်။

"ကျွန်တော် ဘာမှ မလုပ်ဘူး"

"မင်း မလုပ်ထားဘဲနဲ့ ဟိုက မိန်းကလေးတန်မဲ့ မျက်ရည်ခံ ထိုးပြီး ပြောပါ့မလားကွ"

ဖေဖေသည် ဒေါသတကြီး ဆိုလာသောအခါ သူ့မှာပြောစရာ မရှိတော့ပြီဖြစ်၏။

"မင်း. . . . ဘယ်လိုလုပ်မလဲ ဟမ်။ မင်း ဒီလောက်အထိ တာဝန်မဲ့ရသလားကွာ။ အခု ပုန်းညှက်ရဲ့ ကိုယ်ဝန်ကို ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲ သားရယ်။ အမေတို့ပဲ တာဝန်ယူရမှာပေါ့"

"ဒါဆို ရေဝတီကို ဘယ်လိုလုပ်ကြမလဲ"

"မဟုတ်ဘူး မေမေ။ မေမေတို့ အထင်မှားနေပြီ။ ပုန်းညှက်နဲ့ ကျွန်တော် ဘာမှမဆိုင်ပါဘူး"

"မဆိုင်ဘဲ ဟိုက အိမ်တိုင်ရာရောက် လာပြောပါ့မလားကွ။ တော်တော့ နကွတ်။ မင်းနဲ့ပုန်းညှက် ဘာတွေ ပတ်သက်သလဲဆိုတာ ငါတို့ မသိဘူးမထင်နဲ့။ မသိချင်ယောင်ဆောင်နေခဲ့တာ။ ပုန်းညှက်ရဲ့





မိသားစု စရိုက်ကို မကြိုက်လို့။ မင်း ပုန်းညှက်နဲ့ ရှုပ်နေလို့ ရေဝတီလေးနဲ့ စိတ်ညစ်ပေးခဲ့တာကွ။ မိဘက အမြင့်ကိုရောက်စေချင်လို့ တွန်းတင်ပေးခဲ့တာ ခေါင်းမူးတယ်ဆိုပြီး ခုန်ချချင်တဲ့ သားမိုက်"

"ဟာ. . . မဟုတ်ဘူး မေမေ"

"မဟုတ်ရင် မင်းရှင်းလေ. . . ရှင်း"

မထင်မှတ်တဲ့ ပြဿနာမို့ ဘာကဘယ်လို ရှင်းပြရမှန်း မသိချေ။ ထို့ကြောင့် ပုန်းညှက်ကိုသာ ဖုန်းဆက်လိုက်လေသည်။ သို့သော် ပုန်းညှက်မှာ ဖုန်းပိတ်ထားသဖြင့် သူ့မှာအခက်ဖြစ်ရလေသည်။

ငါ့ကို ထပ်ပြောင်းလဲအောင် လုပ်မယ်ဆိုတာ. . . ဒါလား ပုန်းညှက်ရယ်. . .

"ရေဝတီ့ကို ဒီအိမ်ကို ပြန်ပို့လိုက်ပါ။ မင်းနဲ့ မထားနိုင်တော့ဘူး"

"ဟာ. . . မေမေ. . . ဘာလို့ပို့ရမှာလဲ။ မပို့ဘူး။ ရေဝတီက ကျွန်တော့် မိန်းမလေ"

"အေး. . . ဟုတ်တယ်။ မင်း မိန်းမ။ မင်းနဲ့မတန်လို့ပြော နားလည်လား"

"တန်တာ မတန်တာ ကျွန်တော့်ဘာသာ ဆုံးဖြတ်မယ်။ ကျွန်တော်တော့ မပို့နိုင်ဘူး"



Scanned by CamScanner

''အေး . . . ကောင်းပြီလေ။ မင်းလက်ထဲမှာ နေရင်းနဲ့သာ ရေဝတီလေး တစ်ခုခုဖြစ်သွားလို့တော့ မင်း သေပြီသာမှတ်''

မေမေသည် တစ်သက်လုံး သူ့ကိုစကားသံမာမာနှင့်ပင် မပြောဖူးသူဖြစ်၏။ ယခုတော့ ရေဝတီကြောင့် သူ့ကိုသေပြီသာမှတ်တဲ့။ စိတ်မကောင်းဖြစ်ရသော်လည်း ရေဝတီကို ချစ်ပေးကြသောကြောင့် ကျေနပ်မိပါသည်။

အိမ်ပြန်လာသော သူ့အပြန်လမ်းတစ်လျှောက်လုံးသည် ပဟေဠိတွေသာ ကြီးစိုးနေလေသည်။ ပုန်းညက်က ဘာလို့လုပ်ရတာလဲ။ ဘာကိစ္စနဲ့ လိမ်ပြောရတာလဲ။ အဖြေကို သိရန် နေယံဆီ ဖုန်းခေါ်မိသည်။

''ဟလို . . နေယံလား။ မင်း . . . ပုန်းညက်နဲ့ အဆက်အသွယ် ရသေးလား''

''မင်း . . . ပြဿနာ တက်နေပြီ မဟုတ်လား''

''မင်း . . . သိနေတာလား''

''ပုန်းညက်က မင်းမပါဘဲ နိုင်ငံခြားကို မပြန်ဘူးလုပ်နေတယ်ကွာ။ ငါတို့လည်း ညစ်နေပြီ''

ဟု နေယံက ဆိုသဖြင့် သူစိတ်ရှုပ်သွားသည်။ နေယံ စကားကြောင့် ပုန်းညက်သည် ပြဿနာကြီးကို ဖန်တီးလိုက်ပြီဆိုတာ သူရိပ်မိလိုက်၏။

ထို့ကြောင့် သူသည် သူ့အိမ်လေးဆီသို့ အပြေးအလွှား

Book Sharing



ရောက်ရှိသွားလေသည်။ သူ့ရင်ထဲမှာ ပူလောင်နေသော်ငြား သူ့ အိမ်လေးသည် အေးချမ်းတိတ်ဆိတ်စွာ ရှိနေသည်။ သူက ဘဲလ်တီးလိုက်သည်နှင့် တစ်ပြိုင်နက် တံခါးပွင့်သွား၏။ ရေဝတီသည် သူ့ဝင်အလာကို စောင့်ကြို့ရှိနေလေ၏။

''ကိုကို့ . . . ဒီနေ့စောတယ်နော်''

အမှန်က ရေဝတီ့ကို စိုးရိမ်ပြီး သူကပြေးလာခဲ့ခြင်း ဖြစ်သည်။ ပုန်းညက်က ရေဝတီကို လာရှာကာ မဟုတ်တာတွေ ပြောမှာစိုးရိမ်၏။ သို့သော် သူစိုးရိမ်လွန်နေပြီ ဖြစ်ကြောင်း ရေဝတီ့ကို မြင်လိုက်ရသောအခါ သဘောပေါက်သွားလေ၏။

''အင်း . . . ''

''ခဏလေးနော် ကိုကို။ ကျွန်မ ရေယူလာပေးမယ်''

ဟုဆိုသဖြင့် သူသည် ဂဏ္ဍာမငြိမ်စွာပင် ဆက်တီပေါ် ထိုင်စောင့်လိုက်လေသည်။ ရေဝတီသည် ကြည်လင်သောရေကို သူ့ထံ လှမ်းပေးလိုက်သောကြောင့် သူသည် လှမ်းယူကာ သောက်လိုက်လေ၏။

''စားဖိုမှူးကြီးနဲ့ တိုင်ပင်ဆွေးနွေးခဲ့တယ်။ စားဖိုမှူးကြီးက အရမ်းတော်ပါတယ်။ ကျွန်မက နည်းစနစ်လေး ပြောပြရုံနဲ့ အရသာ အရမ်းကောင်းအောင် ဖန်တီးနိုင်တယ်။ ရှေ့အပတ်မှာ ဟင်းလျာတွေ ရောင်းချနိုင်တော့မယ်ထင်တယ်''

''မင်း . . . ပင်ပန်းနေပြီလား''

"ဟင့်အင်း။ လုံးဝ မပင်ပန်းပါဘူး။ အဲဒီလို လုပ်ရတာကို ပျော်ပါတယ်။ ကိုကို့အတွက် တစ်ခုခု လုပ်ပေးခဲ့ချင်တာက ကျွန်မရဲ့ ဆန္ဒပါ"

"လုပ်ပေးခဲ့ချင်တယ် ဟုတ်လား"

"ကိုကိုနဲ့ ကျွန်မ မလိုက်ဖက်ဘူးဆိုတာ ကျွန်မ သိပါတယ်"

"ရေဝတီ . . . မင်းဘာတွေ ပြောနေတာလဲ"

"ကျွန်မဆီ အစ်မ ပုန်းညက် လာသွားတယ် ကိုကို"

"ဟင် . . "

"ကျွန်မတို့ရဲ့ အခြေအနေမှန်ကို ကိုကိုက သူ့ကိုပြောပြထားတယ်လို့ပြောပါတယ်။ ပြီးတော့ သူ့ကိစ္စကိုလည်း ကျွန်မကို ပြောပြသွားတယ်"

"ဘာတွေ ပြောသွားတာလဲ"

"သူ . . . ကိုယ်ဝန် လေးလတ်ရှိပြီဆိုတဲ့ အကြောင်းပေါ့"

"သူ . . . အဲဒီလိုပဲ ပြောသလား"

"ဒီနေရာက ကျွန်မ နေရာမဟုတ်မှန်း ကျွန်မ အစောကြီးကတည်းက သိပါတယ်။ ဒါပေမယ့် အခုလို မြန်မြန်ကြီး နေရာဖယ်ပေးရလိမ့်မယ်လို့တော့ မထင်ခဲ့ဘူး"

"ရေဝတီ . . . မင်းဘာတွေ တွေးနေတာလဲ"





"ကျွန်မကို အားမနာပါနဲ့ကိုကို။ ကိုကို လုပ်စရာရှိတာကိုပဲ လုပ်ပါ။ အခုဆို ကိုကို့မှာ စိတ်ညစ်စရာတွေ များနေမယ်လို့ ထင်ပါတယ်"

"မဟုတ်သေးဘူး ရေဝတီ။ မင်းကို ငါ . . . ဘယ်လို ရှင်းပြရမှန်းတောင် မသိတော့ဘူး"

"ကျွန်မအတွက်နဲ့တော့ ကိုကို စိတ်ရှုပ်မခံပါနဲ့။ ကျွန်မက ရပါတယ်။ ကိုကိုသာ အဆင်ပြေအောင်နေပါ"

"ဘာလဲ . . ရေဝတီ . . . . မင်းက ငါ့ကိုအထင်သေးတာလား"

"ဟင့်အင်း။ မသေးပါဘူး"

"မသေးဘူးဆို မင်းရဲ့အပြုအမူက ဘာလဲကွာ။ ငါယူထားတဲ့ မိန်းမတစ်ယောက်ကိုတောင် ငါကမစောင့်ရှောက်နိုင်ရင် ငါဘာဖြစ်သွားမယ်ထင်သလဲ"

"ဒါပေမယ့် ကျွန်မထက် မပုန်းညက်က ပိုအရေးကြီးနေတယ်လေ"

"ပုန်းညက် ဟုတ်လား။ မင်း . . . ငါ့ကို မယုံဘူးလား ဟမ်။ ရေဝတီ . . . . ငါက အဲဒီလို အပေါစား ယောကျ်ားလို့ ထင်နေသလား"

"ဟင့်အင်း။ မဟုတ်ဘူး ကိုကို"

"မင်းအတွက် ငါက ဘာမှမဟုတ်တဲ့ကောင်လား။ ဒီလောက် အတူနေလာခဲ့ပြီးမှ မင်းရင်ထဲ ငါကနည်းနည်းလေးမှတောင် နေရာမယူနိုင်ဘူးလား"



Scanned by CamScanner

"ဟင့်အင်း . . . မဟုတ်ဘူး ကိုကို"

"ဟုတ်တယ်။ မင်း . . . ငါ့ကို နည်းနည်းမှ မချစ်ဘူး။ ငါကတော့ မင်းအတွက် မွှပင်လိုက်ရတာ။ စိုးရိမ်လိုက်ရတာ။ ဒါပေမယ့် မင်းဆီက ငါရလိုက်တာက အဲဒီလို အေးစက်စက် စကားလုံးတွေလား"

"မဟုတ်ဘူး၊ ကိုကို။ ကိုကို အထင်လွဲနေပြီ။ ကိုကို့ကို မချစ်လို့မဟုတ်ပါဘူး။ ကျွန်မကို အဲ့ဒီလို အထင်မလွဲပါနဲ့။ ကျွန်မ . . . ကျွန်မ . . ."

"မချစ်လို့ မဟုတ်ရင် ဘာလဲကွာ။ ဘာလဲ . . ."

"ကိုကို့ကို ချစ်လို့ပါ။ ကျွန်မကြောင့် ကိုကို စိတ်ဆင်းရဲမှာ စိုးလို့ပါ။ စိတ်ဆင်းရဲရတာ များရင် ကျွန်မကို ကိုကိုစိတ်ပျက်သွားမှာ စိုးလို့ပါ။ ကိုကို့ အချစ်ကို ကျွန်မ မမွှေ့လင့်ရဲခဲ့ပါဘူး။ ဒါကြောင့် ကျွန်မကို ကိုကို မမုန်းသေးခင် ကောင်းတဲ့ အမှတ်တရတွေပဲ ထားခဲ့ချင်တယ်။ ကိုကို ကျွန်မကို မုန်းမှာစိုးလို့ပါ"

"ငါက မင်းကို ဘာလို့မုန်းရမှာလဲ ဟမ် . . . ။ ဘာလို့ ငါ့အချစ်ကို မင်းမမွှေ့လင့်ရဲရတာလဲ"

"ကျွန်မက ကိုကိုနဲ့ မလိုက်ဖက်တဲ့ မိန်းကလေးမို့ပါ။ မ . . မ . . ပျိုစင်ကာသာ . . ."

သူသည် ရေဝတီ့ကို မလွတ်စတမ်း ဖက်ထားလိုက်လေသည်။ ပြီးနောက် ရေဝတီ့မျက်နှာ အနှံ့နမ်းရှိုက်မိလေသည်။

"ကိုယ့်စိတ်ကို မင်းမသိဘူးလားကွာ။ မင်းကို ကိုယ့်ရင်ထဲမှာ ဘယ်လောက်ထိ တန်ဖိုးထားနေသလဲဆိုတာ မင်း မသိဘူးလား"





ရေဝတီသည် မျက်ရည်များကြားမှ သူ့ကိုသိမ်ငယ်စွာ ကြည့်လာသည်။

"မိဘမဲ့ ကျောင်းကို အလှူသွားလုပ်မယ်လို့ ချိန်းတဲ့နေ့ကို ကိုကို မေ့နေတယ် မဟုတ်လား။ ပြီးတော့ အသွားအိမ်မှာ လာကြို မယ်ပြောပြီးလဲ မပုန်းညှက်နဲ့ ထွက်သွားခဲ့တယ်။ ကျွန်မက ကိုကို့အတွက် ဘာမှမဟုတ်တဲ့ လူဆိုတာ သိပြီးသားပါ"

"ဟင် . . . . . မိဘမဲ့ကျောင်းက အလှူကတစ်ခေါက်တည်း ပြီးသွားတာ မဟုတ်ဘူးလား။ အဲဒါဆိုရင်တော့ မင်းမှားသွားပြီ။ ကိုယ်က အဲဒါကို နှစ်ခါလုပ်ရမယ်လို့ တကယ် မသိခဲ့တာပါ။ မင်းက သတိပေးမှပေါ့"

"ကျွန်မကို လျစ်လျူရှုထားတာ မဟုတ်ဘူးလား"

"ရေဝတီရယ် မင်းဘာလို့ ကိုယ့်ကို အဲဒီလိုတွေးရတာလဲ။ မင်းက ကိုယ့်ရင်ထဲမှာ မရှိခဲ့ဘူးဆိုရင် မိုးရွာကြီးထဲ မင်းဆီကိုယ်ပြေးလာပါ့မလား"

"ဒါဆို ကိုကို့ရင်ထဲ ကျွန်မ ရှိနေတာလား"

"တုံးလေး . . . အဲဒါကြောင့်လည်း မင်းကို ကိုယ်စိုးရိမ်တာပေါ့"

"ကျေနပ်ပါတယ် ကိုကို။ ဒီလောက်လေး သိခွင့်ရတာနဲ့တင်ပဲ ကျွန်မအတွက် လုံလောက်ပါပြီ"



Scanned by CamScanner

''နောက်ဆို မင်းရင်ထဲမှာ ခံစားနေရတာတွေ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ။ အရာအားလုံးထက် ကိုယ့်ကိုယုံကြည်ပေးပါ''

''ယုံပါတယ်။ ကျွန်မ ဘဝမှာ ကိုကိုက ကျွန်မ အတွယ်တာ ရဆုံးလူပါ''

''ဒါနဲ့များ ဘာလို့ထွက်သွားမယ့် လူလိုပြောနေရတာလဲ''

''ကျွန်မချစ်တဲ့ လူတွေကို ကျွန်မ ဘယ်တော့မှ စိတ်ဆင်းရဲအောင်မလုပ်မူလို့ စိတ်ကူးထားတယ်။ ကျွန်မ. . . ကျွန်မ. . .''

''ကဲ. . . ကဲ. . . ဘာမှပြောမနေနဲ့တော့ ထမင်းစားတော့ ကိုယ်ဗိုက်ဆာသွားပြီ''

သူ့ရင်ထဲ ကြည်လင်သွားသလို ခံစားရသည်။ သူတွေးသည်က မိသားစုတွေ ဘာပြောနေနေ ရေဝတီနှင့်သူ အဆင်ပြေသွားရင်ပြီးပြီဟု ထင်ခဲ့သည်။

ပုန်းညှက်ကိစ္စသည် ပုန်းညှက်နှင့် မျက်နှာချင်းဆိုင် တွေ့ပြီးပြောလျှင် ပြီးပြီဟု ထင်ခဲ့သော်လည်း. . .။

● ● ●



## အခန်း(၁၈)

''တကယ်ပဲ ပုန်းညှက်မှာ ကိုယ်ဝန်ရှိနေတာ နက္ခတ်''

နေယံစကားကြောင့် သူလန့်သွားလေသည်။ ပုန်းညှက်က သွေးရှူးသွေးတန်း လျှောက်ပြောနေသည်ဟု ထင်ခဲ့သော်လည်း နေယံက ယခုလိုပြောသောအခါ သူသည် တုန်ယင်ချောက်ချားသွားလေသည်။

''ငါ့ အစ်ကိုသေးခန်းမှာ ပုန်းညှက် ကိုယ်တိုင်လာ စစ်သွားတယ်လို့ ငါ့အစ်ကိုပြောတယ်။ တကယ်ပဲ အဲဒီကိုယ်ဝန်က မင်းနဲ့လား''

''ဘာတွေ လျှောက်ပြောနေတာလဲ။ ငါက ဘာကြောင့်။ ဟာ မဟုတ်တာတွေ''

''ငါလည်း ထင်တော့ ထင်သားပဲ။ ပုန်းညှက် မြန်မာပြည် ပြန်ရောက်တာမှ တစ်လမပြည့်သေးတာပဲ။ သူဟိုမှာ ဘာဖြစ်ခဲ့သလဲ မသိဘူး''

နေယံထံမှ အမှန်တရားကို သိရလေသောအခါ သူ့ရင်

Scanned by CamScanner

တစ်ခုလုံး လေးလံထိုင်းမှိုင်းသွားလေသည်။ ပုန်းညက်ကို လိုက်ရှာပြီး အဖြေမှန်ကို မေးကာ ဖြေရှင်းရအောင်ကလည်း ပုန်းညက်သည် ဖုန်း ပိတ်ထားပြီဖြစ်၏။

"ကျွတ် . . . ပြဿနာပဲ"

"ငါတို့ ဘယ်လိုလုပ်ကြမလဲ နက္ခတ်"

"ဘယ်လိုလုပ်ရမလဲ။ ဒီကိစ္စက ပုန်းညက်ကို တွေ့မှ ဖြစ် မှာလေ"

"ပုန်းညက်ကွာ။ ဘာတွေလျှောက်လုပ်နေမှန်း မသိဘူး"

"တူ . . တူ . . "

သူနှင့်နေယံသည် ပုန်းညက်ကို စိတ်ပူနေကြစဉ်တွင် သူ့ဖုန်း သည် တတူတူ မြည်လာသည်။

"အိမ်က ဖုန်းပဲ ခဏနော် . . "

ဟုဆိုကာ သူကဖုန်းကိုဖွင့်ပြီး နားထောင်လိုက်၏။

"ဟလို . . အဘွား ပြောပါ"

"ခုချက်ချင်း အိမ်ကိုလာခဲ့ နက္ခတ်"

အဘွားအသံသည် အေးစက်ပြတ်သား လှပေသည်။ ထို့ကြောင့် သူသည် အချိန်မဆိုင်းနိုင်ဘဲ အပြေးရောက်သွားလေ၏။ အိမ်ရောက်ရောက်ချင်းမှာပင် ဖေဖေ့ လက်သီးက သူ့မျက်နှာကို ဆီး ကြိုလိုက်လေ၏။





"ခွင့် . . . ဝကောလောက်မှ ဖောက်မနက်တဲ့ကောင်"

"ဖေဖေ . . "

"မင်းကို ယုံကြည်ပြီး ပုံအပ်ခဲ့တာကိုက ငါတို့မှားတာပဲ"

သူ နားမလည်ပေ။ ဖေဖေ ဘာပြောနေတာလဲ။ ဘာလို့ မေမေနဲ့အဘွားက သူ့ကို မီးတောက်သော မျက်လုံးများနှင့် ကြည့်နေ ကြတာလဲ။

"ရေဝတီက သူ့ကိုရှမ်းပြည် ပြန်ခွင့်ပေးပါလို့ တောင်းဆို လာတယ်"

"ဗျာ . . ရေဝတီက . . "

"သူက ဘာကြောင့် ခုလို မိဘမဲ့ ဖြစ်ရသလဲ သိလား။ ငါတို့လင်မယားကြောင့်ကွ သိရဲ့လား။ မင်းကြောင့် . . . မင်းကြောင့် ခုလိုဖြစ်ရတာ"

"ဗျာ . . . "

"ဟုတ်တယ် မြေးလေး။ အဲဒီတုန်းက အဘွားတို့ ရှမ်းပြည် ဘက်ခရီးထွက်ခဲ့တယ်။ မိုးတွေကလည်း သည်းနေတော့ မြင်ကွင်းတွေ ကမရှင်းဘူး။ အဲဒီမှာ မင်းကဆတ်ဆော့ပြီး မင်းအဖေ ကားမောင်းနေ တဲ့ဆီ ဝင်ထိုင်ပြီး၊ စတီယာတိုင်ကို လှည့်လိုက်တယ်"

"ဟင် . . "

သူ အံ့အားသင့်သွားလေသည်။ သူ မှတ်မိပါသည်။ သူထို

သို့လုပ်ခဲ့မှန်း မှတ်မိသည်။ ထိုအချိန်က သူ့သိပ်ကို ငယ်သေးသည်။ ကြောက်စရာကိစ္စကြီးတစ်ခု ဖြစ်ခဲ့လေသည်။ အဲဒီအချိန်က သူမေ့သွားခဲ့သည်။ သို့သော် သူသတိရသော အချိန်တွင် သူသည် ဆေးရုံပေါ်ရောက်နေခဲ့ပြီဖြစ်၏။

ပြီးနောက် သူ့ဘေးတွင် ငိုယိုနေရှာသော မိန်းကလေးတစ်ဦး ရှိလေသည်။ ထို မိန်းကလေးက ဘာကြောင့် အဲဒီလောက် ငိုနေမှန်း သူမသိခဲ့ပါ။

"အဲဒီတုန်းက ဆုံးသွားခဲ့တာက ရေဝတီရဲ့ အမေနဲ့အဖေပဲ"

"ဗျာ. . ."

"ဘွားဘွားတို့ဘက်က ပေါ့လျော့မှုကြောင့် ရေဝတီလေး မိဘမဲ့ကျောင်းမှာ သုံးနှစ်လောက် နေခဲ့ရတယ်။ ဒီအကြောင်းတွေကို နောက်မှ သိခဲ့ရတာပဲ။ ဝမ်းနည်းလွန်းလို့ မွေးစားဖို့ ခေါ်ပေမယ့် ကလေးက မလိုက်ချင်ဘူးလို့ ငြင်းတယ်။ ဒါကြောင့် သတင်းအစအန ရတဲ့ သူ့အဘွားဆိုတာကိုပဲ စုံစမ်းပြီးခေါ်ခဲ့တယ်။ ရေဝတီလေးက သိပ်ကိုပြုံ့ဝင်းသား သူလေးပါ။ ဘာသာတရားလည်း ကိုင်းရှိုင်းတယ်။ ရောင့်ရဲတယ်။ ငါတို့မိသားစုကြောင့် သူ့အဖေနဲ့အမေ သေသွားမှန်း သိတာကိုတောင် ငါတို့ကို စိတ်မနာခဲ့ဘူး။ အဲဒီလို ပြည့်ဝတဲ့ မိန်းကလေးမျိုးက မင်းနဲ့လိုက်ဖက်မယ်ထင်လို့ မင်းလိုအလေအလွင့်ကို ပြုပြင်ပေးမယ်လို့ ယုံကြည်လို့ မင်းနဲ့ပေးစားခဲ့တာ။ ငါတို့ သိပ်မှားသွားပြီ။ မင်းက ပုန်ညက်လို မိန်းကလေးနဲ့မှတန်တာ. . ."

"မဟုတ်သေးဘူး အဘွား။ အဘွားတို့ တစ်ခုခုကို အထင်လွဲနေပြီ"





"ရေဝတီက မင်းနဲ့ကွာရှင်းခွင့်ပေးဖို့ ပြောသွားတယ်"

"ဗျာ. . ."

"မဗျာနဲ့။ မင်းထိုက်နဲ့ မင်းကံပဲ။ ရေဝတီလေးကိုတော့ မင်းတို့ပြဿနာ ကြားမှာအညှပ် မခံနိုင်ဘူး"

"မဟုတ်သေးဘူး အဘွားရယ်။ အဘွားကို ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး"

"ဟိုကောင်မလေးဆိုလည်း မရှက်မကြောက်ဘဲ မင်း အိမ်ပေါ် ဒီအတိုင်းတက်နေတော့မယ်လို့ ပြောတယ်"

"ဗျာ. . ."

"အဲဒီလို မိန်းကလေးနဲ့ ရေဝတီက ဘယ်လိုနေမှာလဲ။ စကားမများနဲ့တော့ ရေဝတီကိုခေါ်ပြီး ခုချက်ချင်း အိမ်ကိုလာဖို့ပါ"

သူဒေါသ ထွက်သွားလေသည်။ တစ်ဆက်တည်းမှာပဲ ပုန်ညက်ကိုလည်း ဒေါသထွက်မိသည်။ သူ့စိတ်ထဲ ရှိသည့်အတိုင်းဆိုလျှင် ပုန်ညက်ကို မြေလှန်ရှာပြီး ပြဿနာလုပ်လိုက်ချင်ပါသည်။ သို့သော် ပုန်ညက်သည် ဘယ်ရောက်လို့ ရောက်နေမှန်း မသိချေ။

ထို့ကြောင့်ပင် အိမ်အသေအချာရှိနေမည့် ရေဝတီ့ထံသို့သာ လာခဲ့လေသည်။ ပြဿနာသည် မထင်မှတ်ဘဲ ကြီးသွားပြီဖြစ်သော ကြောင့် ရေဝတီ့ကို အဘွားတို့အိမ်၌ ထားခြင်းသည် စိတ်အချရဆုံး ဟုထင်လေသည်။ ထို့ကြောင့် ရေဝတီကို ခေါ်ရန် သူကအိမ်တံခါးဖွင့်



Book Sharing

Scanned by CamScanner

ဝင်လေသောအခါ ဘွားခနဲ တွေ့လိုက်ရသည့် ပုန်းညက် မျက်နှာကြောင့် လန့်သွားလေသည်။

''ပုန်း. . . ညက် မင်း ဘာလုပ်တာလဲ''

''နင်. . . . . ကတိတည်တတ်အောင် လေ့ကျင့်ပေးလိုက်တာလေ''

''ဘာ''

''နင်. . . ငါ့ကို တစ်ချိန်က ပြောခဲ့ဖူးတယ် မဟုတ်လား''

''ဘာလဲ''

''ငါ့မှာ အခက်အခဲရှိချိန်ဆို နင်က အဆင်သင့်ပဲဆို။ အခု ငါ. . . အခက်အခဲ ဖြစ်နေပြီ နကွတ်''

''ကျွတ်. . . . . ပုန်းညက်။ မင်းကို ငါ တကယ်စိတ်ပျက်တယ် သိလား။ မင်းရှာခဲ့တဲ့ ပြဿနာကြောင့် ငါ့ကို ငါ့မိသားစုရော၊ ရေဝတီပါအထင်သေး သွားလိမ့်မယ်လို့ မင်းတွေးမပေးဘူးလား ဟမ် . . . . ''

''အထင်သေးလည်း ခဏပေါ့။ ဘဝက ပိုအရေးကြီးတာပဲ။ အဲဒီတောသူမဆီမှာ နင့်ဘဝကို အပ်နှံတော့ မလို့လား''

''ဒါ. . . မင်းကိစ္စ မဟုတ်ပါဘူး''

''နင့် ကိစ္စက ငါ့ကိစ္စပဲပေါ့။ စိတ်မပူပါနဲ့. ငါ့မှာ တကယ် ကိုယ်ဝန်မရှိပါဘူး။ နေယံ့ အစ်ကိုကို ငါ လာဘ်ထိုးပြီး လိမ်ခိုင်းခဲ့တာပဲရှိတယ်''



''ဘာ. . . ''

''ဒီလိုရှင်းလိုက်တော့လည်း ပြဿနာက ပြီးသွားတာပဲ မဟုတ်လား။ မိဘတွေကလည်း ကိုယ်ဝန်ရှိနေတဲ့ ငါ့ကိုဥပေက္ခာပြုနိုင်မှာမဟုတ်ဘူး။ တောသူမကိုလည်း တစ်ခါတည်း ရှင်းထုတ်ပြီးသားဖြစ်တာပေါ့''

''မင်း. . . စကားကို အဲဒီလိုလွယ်လွယ် မပြောပါနဲ့. ပုန်းညက်။ ငါ့သိက္ခာကို မင်းထည့်မတွက်ဘူးလား။ ငါ့ဘက်ကို မင်းနည်းနည်းမှ မကြည့်တော့ဘူးလား။ မင်း အဲဒီလိုလုပ်တော့ ငါ့ကို ရေဝတီ ဘယ်လို ထင်သွားမလဲ''

''ခံစားမနေပါနဲ့။ အဲဒီတောသူမ မရှိတော့ဘူး။ နင်နဲ့လည်း နောက်ဆုံတော့မှာ မဟုတ်ဘူး''

''ဘာ. . . ပုန်းညက်။ မင်း. . . သူ့ကို ဘာလုပ်လိုက်တာလဲ''

''ဘာမှမဟုတ်ပါဘူး။ သူ့အခြေအနေ သူသိပြီး သူ့လမ်းသူ ရွေးချယ်သွားတာပါ''

''ဘာ. . ''

သူ့ရင်ထဲ ဒေါသတို့ ဆူညံသွားလေသည်။ ပုန်းညက်ကို စိတ်ရှိလက်ရှိ ပြောပစ်လိုက်ချင်သည်။

''ငါ့ကို အဲဒီလို မကြည့်နဲ့. နကွတ်''

''သူဘယ်မှာလဲ။ ရေဝတီ. . . အခု. . . ဘယ်မှာလဲ''

Scanned by CamScanner

"နကွတ် . . "

"မင်း အထင်မှားနေပြီ ပုန်းညက်။ မင်းကို ငါချစ်တယ်လို့ ပြောခဲ့တာမှန်တယ်။ ဒါပေမယ့် အဲဒါ တစ်ချိန်တုန်းကပါ။ အဲဒီ စကား တစ်ခွန်းကို မေ့ပစ်လိုက်တာလည်း ကြာပြီ။ အခု ငါ့ရင်ထဲမှာ ရှိနေတာက ရေဝတီ။ ငါ . . ရေဝတီကို ချစ်တယ်"

"ဟြန်း . . . မချစ်နဲ့"

သူ့ပါးတစ်ခြမ်းမှာ ပူရှိန်းမြန်းသွားလေသည်။

"မချစ်နဲ့. . . . မချစ်နဲ့"

"ချစ်တယ်။ ငါ့ရဲ့အိမ်မှာ ရေဝတီက တံခါးမှူးပဲ၊ တားဖိုမှူး၊ အိမ်ရှင်မ၊ ပွဲကိုင်ရှင်။ အဲ့ဒီလိုလူမျိုးမရှိရင် ငါ့အိမ်က ဘာအဓိပ္ပာယ်ရှိမှာလဲ။ နင်ကွာ. . . သူငယ်ချင်း သံယောဇဉ်မှမထောက် နင်မို့လုပ်ရက်တယ်။ သူမရှိရင် ငါ့ဘဝလည်း မရှိတော့ဘူး။ သူမရှိရင် ငါဘယ်လိုနေမလဲ။ ငါ . . သူ့ကိုချစ်တယ်။ သူ့ကြောင့် ငါပျော်ခဲ့ရတယ်။ ဝမ်းနည်းခဲ့ရတယ်။ သာယာခဲ့ရတယ်။ သူက ငါ့ကမ္ဘာ။ သူမရှိရင် ငါ့ကမ္ဘာလည်း မရှိတော့ဘူး။ သူမရှိဘဲ ဘယ်လိုနေမလဲ"

မျက်ရည်များသည် အလိုလိုစီးကျလာလေသည်။

"နကွတ် . . နင်"

"ငါ. . . သူ့ကို အရမ်းချစ်တယ် ပုန်းညက်ရယ်။ ချစ်လို့ချစ်နေမှန်းမသိအောင်ကို ချစ်မိနေတယ်။ အမြဲတမ်း သိမ်ငယ်နေတတ်တဲ့





သူက နင့်ကြောင့် ဘယ်လောက်ထိများ ဝမ်းနည်းသွားလိမ့်မလဲ။ သူ့ကို မင်းမို့ကွာ။ မင်းလုပ်ရက်တယ်"

"နကွတ်ရယ့် . . ဖိလေ . . ဝိ . . ဟင့် . . . ရေဝတီ"

နကွတ်နောက်တွင် ရှိနေသော ရေဝတီကို ပုန်းညက် မြင်သွားလေသည်။ ပုန်းညက် နှုတ်များမှ နာမည်ကြောင့် သူသည် နောက်သို့လှည့်ကြည့်လိုက်ရာ ခရီးဆောင်အိတ်လေးနှင့် ရေဝတီကို အူတူအင်းတမ်းလေး တွေ့ရလေသည်။

"ဟိုလေ . . လက်စွပ် . . . ဒီလက်စွပ်ကလေး ပေးဖို့ပြန်လာတာပါ"

ဟုဆိုကာ လက်သန်းကြွယ်မှ လက်စွပ်ကို လှမ်းပေးလေသောအခါ သူသည် ရေဝတီ့ကို တင်းကြပ်အောင် ပွေ့ဖက်ထားလိုက်လေသည်။

"ငါ . . . မင်းကို မတွေ့ရတော့ဘူးလို့ ထင်ထားတာ။ မင်း ဘယ်သွားမလို့လဲ။ ငါ့ကိုပစ်ပြီး ဘယ်သွားမလို့လဲ . . . ဟင်။ ငါ . . . မင်းကိုချစ်နေတာ မင်းမသိဘူးလား။ မင်း မရှိရင် ငါမနေနိုင်ဘူးဆိုတာ မင်းမသိဘူးလား။ မင်းကွာ. . . ငါ့ကို မင်းမို့ထားခဲ့ရက်တယ်"

"ဟိုလေ . . ကိုကို . . ကျွန်မ . . "

"ဘာမှမပြောနဲ့။ မင်းကို ငါသွားခွင့်မပြုနိုင်ဘူး။ ဘယ်မှ မသွားရဘူး။ မင်း အသက်ရှင်နေသ၍ ငါ့နားမှာပဲ နေရမယ်။ ငါ့မိန်းမ ပဲလုပ်ရမယ်။ ဘယ်မှ မသွားရဘူး။ ငါ့နားမှာပဲ နေရမယ်"



Scanned by CamScanner

ဝမ်းပမ်းတနည်း ပြောနေရှာသော နက္ခတ်၏ အသံများသည် ပုန်းညှက်၏ ရင်ကိုအရှိန်ပြင်းပြင်း ရိုက်ခတ်လာလေသည်။ နက္ခတ်က သိဝ်ကိုပြောင်းလဲသွားခဲ့ပါပြီ။

အရမ်းကို ပြောင်းလဲခဲ့ပါပြီ။ အချစ်က နက္ခတ်ကို သိဝ်ပြောင်းလဲစေခဲ့ပါသည်။ ပုန်းညှက်၏ ခြေလှမ်းများသည် ထိုအိမ်ကြီးနှင့် ဝေးသည်ထက်ဝေးစွာ. . . ။

● ● ●



## အခန်း(၁၉)

ထွက်ခွာသွားသော ဝေလယာဉ်ပျံကြီးကို ကြည့်ရင်း ဇနီးသည်၏ပခုံးလေးကို ခပ်ဖွဖွ ဖက်လိုက်လေသည်။

''ကိုကို့ကို အစ်မ ပုန်းညှက်က သိဝ်ချစ်ပုံရတယ်''

''ပုန်းညှက်ကို မင်း . . . စိတ်မဆိုးဘူးလား''

''ဟွန့်အွန်း . . . မဆိုးပါဘူး။ အစ်မက ကိုကို့ကို မုန်းတာမှ မဟုတ်ဘဲ ချစ်တာပဲကိုး''

ဟုဆိုလေသောအခါ ရိုးသားဖြူစင်သော ချစ်ဇနီး၏ပါးကို ယုယစွာ ငုံ့မွှေးလေသည်။

''အို့ . . . ကိုကိုကလည်း ဘေးမှာ လူတွေနဲ့''

''ဘာဖြစ်လဲ။ ကိုယ့်မိန်းမပါ။ ကိုယ်မွှေးတာပဲ။ ဘယ်သူ့ ဂရုစိုက်ရမှာလဲ''

''အို့ . . . ရှက်စရာကြီး''

''လာပါ ကားပေါ်တက်။ ပြန်ကြမယ်''

''ကိုကို့ ရင်ထဲ ဝမ်းနည်းနေသလား ဟင်''

''ဘာကိုလဲ''

''မပုန်းညက် ကြောင့်ပေါ့''

''နည်းနည်းတော့ ဝမ်းနည်းတယ်။ ကိုယ့်ကြောင့် ရောက်လာတဲ့သူက ကိုယ်မပါဘဲ ပြန်သွားရတယ်''

''ကျွန်မ နားလည်ပါတယ်''

''ရေဝတီ့ . . ''

''ပြောလေ ကိုကို''

''ကိုယ့် . . . မင်းကို အရမ်းအားနာပါတယ်''

''ဘာဖြစ်လို့လဲ''

''မင်း . .  မိတဲ့ အကြောင်း ကိုယ်သိခဲ့တယ်''

''ဩော် . . . ''

''မင်းကိုယ့်ကို စိတ်မနာဘူးလား''

''ဟွန့်အွန်း . . . . မနာပါဘူး''

''ဘာလို့လဲ''

''မေမေနဲ့ ဖေဖေမှာ နေဖို့က ဒီလောက်ပဲပါလာတာလေ။



လူတစ်ယောက်ရဲ့ သေဆုံးခြင်း၊ ရှင်သန်ခြင်းဆိုတာ ဘယ်သူမှပန်တီးလို့ရတာ မဟုတ်မှန်း ကျွန်မ သိပါတယ်။ ဖြစ်ချိန်တန်ဖြစ် သွားခဲ့တာပဲ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ပဲ မှတ်ပါတယ်။ အပြစ်တင်တဲ့စိတ်နဲ့ကြည့်ရင် အရာအားလုံးကို အပြစ်မြင်နေမှာပေါ့။ အဲဒီလိုဆိုကိုယ်က ပူလောင်နေတယ်လေ။ ကျွန်မ ဘယ်သူ့ကိုမှ အပြစ်မမြင်ပါဘူး''

''ရေဝတီရယ် . . ''

သူသည် ရေဝတီ ပခုံးလေးကို ယုယစွာ ပွေ့ဖက်ထားမိသည်။ ပြီးနောက် သိပ်ကိုရိုးသားဖြူစင်သူလေးကို ရှုမဝနိုင်အောင် ငေးကြည့်နေမိသည်။

မနောလှသော ရေဝတီသည် ကြည့်လေလှလေဟု ခံစားရသည်။ ဤမျှလှသော ရေဝတီကို သူသည် ထာဝရပိုင်ဆိုင်ခွင့်ရပြီမို့ ထာဝရမြတ်နိုးစွာ ငေးကြည့်ဦးမည် ဖြစ်လေတော့သည်။ ။

ရသတို့နှင့်ပြည့်စုံပါစေ။

**မယ်နိုင်**

Book Sharing

Scanned by CamScanner